
# မင်းလူ

# သူငယ်ချင်းတစ်ယောက်အကြောင်း



www.myanmarcupid.net

# သူငယ်ချင်းတစ်ယောက်အကြောင်း

မင်းလူ

MYANMAR CUPID
Myanmar e-Books Library
Commercial Use of This Book will be at Your OWN RISK

ပထမအကြိမ် ရိုက်နှိပ်ခြင်း (၂၀၀၃၊ မေလ) အုပ်ရေ (၅၀၀)
စာမူခွင့်ပြုချက်အမှတ် [၅၄၈/၂၀၀၃ (၅)] နှင့်
မျက်နှာဖုံးခွင့်ပြုချက်အမှတ် [ ] တို့အရ
ဦးခင်မောင်သိန်းဆွေ (၀၇၄၇) သလ္လာဝတီစာပေ၊ တိုက် ၂၄၀၊ အခန်း (၃)၊
၂၅- ရပ်ကွက်၊ ဇေယျသုခလမ်း သုဝဏ္ဏမှ ထုတ်ဝေပြီး
မျက်နှာဖုံးကို ဦးကျော်စိန် (၀၂၉၀၉) ကျောက်စိမ်းအော့ဖ်ဆက်၊ ၁၇၁/၃၃
လမ်း၊ ရန်ကုန်၌ ပုံနှိပ်ကာ
အတွင်းစာသားများကို ဦးမြသိန်း (၀၁၄၂၇) သိန်းမြင့်ဝင်း ပုံနှိပ်တိုက်၊
၉၆/၁၁ လမ်း၊ ရန်ကုန်၌ ပုံနှိပ်သည်။

[redacted]

တန်ဖိုး (၈၀၀) ကျပ်

Commercial use of this book will be at your OWN RISK

**zeta** မှ မြန်မာ့မျှားနတ်မောင်ဖိုရမ်းတွင်
(၁၄၊ ၀၈၊၂၀၀၈) မှ (၁၆၊ ၁၂၊၂၀၀၈) ထိ စဆုံး ကူးယူတင်ပြသည်။
မျက်နှာဖုံးစကန် **zeta**
pdf by sideeffect
မြန်မာ့မျှားနတ်မောင် ဖိုရမ်းမှထုတ်ဝေသည်။
မြန်မာအီးဘွတ်အဖြစ်
ပထမအကြိမ်
ဒီဇင်ဘာလ၊ ၂၀၀၈

မှတ်ချက်။ ။ ကိုထက်၊ ကိုဘောင်း၊ ကိုနိုင် နှင့် ကျွန်တော့် ထင်မြင်ချက်အရ ဒုတိယအကြိမ် ထုတ်ဝေခဲ့သောစာအုပ်ဟု ယူဆပါသည်။

## အခန်း ( ၁ )

ကျွန်တော်သည် လူတစ်ယောက်အကြောင်းကို ပြောပြပါမည်။ သူ အလုပ်ကြိုးစားပုံမှာ အတုယူဖွယ် ကောင်းသည်။ သူ စီးပွားရေးလာဘ် မြင်ပုံမှာ အားကျဖို့ကောင်းသည်။ စီးပွားရေးသမား အချင်းချင်း လူလည်ကျတတ်ပုံ ကတော့ ချီးကျူးရမလား၊ ရှုတ်ချရမလား မပြောတတ်။ တစ်ခါတစ်ရံ သူသည် အလွန် အမြင်ကတ်ဖို့ကောင်းသည်။ တစ်ခါတစ်ခါကျတော့လည်း သူ စေတနာကောင်းပုံကြောင့် လေးစားစရာ ဖြစ်၏။

ခုကာလလို စီးပွားရေးကို အကြီးအကျယ် လိုက်စားနေကြသော အချိန်တွင် သူ့အကြောင်းသည် စိတ်ဝင်စားဖို့ ကောင်းလိမ့်မည်ဟု ထင်ပါသည်။

သူသည် စာရေးဆရာက စိတ်ကူးယဉ်ပြီး ဖန်တီးထားသော ဇာတ်ကောင် မဟုတ်။ အပြင်မှာ တကယ်ရှိသူ ဖြစ်၏။ ထို့ကြောင့် ဤဇာတ်လမ်းကို ဝတ္ထုပါဟု ဆိုရန်လည်း ခက်သည်။

ထို့အတူ သူသည် ထင်ရှား ကျော်ကြားသူတစ်ယောက် မဟုတ်သော သာမန်လူမျှသာ ဖြစ်သဖြင့် အတ္ထုပတ္တိ ဟူ၍လည်း မဆိုနိုင်ပြန်ပါ။ ဘာပဲဖြစ်ဖြစ် သူ့အကြောင်းသည် ဝတ္ထုတစ်ပုဒ်သဖွယ် ဖတ်၍ ကောင်းလိမ့်မည်ဟု ယုံကြည်ပါသည်။

သူသည် ကျွန်တော်နှင့် အလွန်ရင်းနှီးသော သူငယ်ချင်း ဖြစ်သဖြင့် . . .

'မင်းအကြောင်း ငါ တစ်နေ့နေ့ ရေးမယ်ကွာ' ဟု ဆိုသောအခါ သူက မကန့်ကွက်သည့်အပြင် . . .

'မင်းရေးရင် ဟိုကိစ္စလေးပါ ထည့်ရေးလိုက်စမ်းပါ' ဆိုပြီး ကျွန်တော် မသိသေးသော အချက်အလက်များကိုပင် ဖြည့်စွက်ပြောပြခဲ့လေသေးသည်။

'မင်း သောက်ကျင့်ယုတ်တာတွေပါ ထည့်ရေးမှာနော်' ဟု ကျွန်တော် ပြောသောအခါ သူက . . .

'ဟ . . . ဒါမှလည်း ဖတ်လို့ကောင်းမှာပေါ့၊ အကောင်းတွေချည်းဆို ဘယ်ယုတ္တိရှိမလဲ၊ ဟိုးအရင်က မန္တလေးမှာ သတင်းစာထုတ်တော့ မင်းတုန်းမင်းကြီးက ပြောသလိုပေါ့၊ ငါမကောင်းရင် ငါ့မိဖုရားအကြောင်းရေး ဆိုတာ'

'ဟာ . . . မင်းကလဲ၊ ငါမကောင်းရင် ငါ့အကြောင်းရေးလို့ ပြောတာပါ'

'အေးကွာ . . . အဲဒီအတိုင်း ရေးပေါ့' ဟု သူက ခွင့်ပြုချက်ပေးလိုက်သည်။

Commercial use of this book will be at your OWN RISK !

# အခန်း ( ၂ )

ကျွန်တော် ၇ တန်းသို့ တက်သောနှစ်တွင် မြို့ထဲရှိကျောင်းမှ အိမ်နှင့်နီးသော ကျောင်းသို့ပြောင်းသည်။ ဒီမှာပင် သူနှင့် ဆုံမိခြင်းဖြစ်၏။ ကျွန်တော်က ကျောင်းသားသစ်ပီပီ ခပ်ကုပ်ကုပ်နေသည်။ အရင်ကျောင်းမှာ ယောကျ်ားလေးတွေချည်း နေရသည်။ ခုကျောင်းက မိန်းကလေးတွေပါ ရှိသဖြင့် မနေတတ်မထိုင်တတ် ရှိုးတိုးရှန့်တန့်ဖြစ်နေရ၏။

အတန်းထဲသို့ ကျောင်းသားသစ်တစ်ယောက် ရောက်လာသောအခါ ထုံးစံအတိုင်း စိတ်ဝင်စားကြသည်။ မိန်းကလေးတွေက ထိုကျောင်းသားသစ်သည် စာတော်သလား၊ ဘယ်ဘာသာတွေမှာ ထူးချွန်သလဲ သိချင်ကြသည်။ ယောကျ်ားလေးတွေကတော့ ဒီကောင် ဘောလုံးကန် ကောင်းသလား၊ လက်သီးပြင်းသလား၊ ရန်စရင် ပြန်ဆော် တတ်သလား စသည်ဖြင့် . . . ။

ကျွန်တော်သည် ကျောင်းရောက်ခါစတွင် အပေါင်းအသင်း မရှိသေးဘဲ ခပ်ယောင်ယောင် ခပ်ကြောင်ကြောင် ဖြစ်နေ၏။ တစ်ရက်တွင် ကျောင်းတက်ဖို့ အလာ ဝင်းတံခါးဝနားအရောက်တွင်

'ဟေ့ကောင်'

နောက်မှ ခေါ်သံကြားသဖြင့် လှည့်ကြည့်သည်။ သူက အနားသို့ လျှောက်လာပြီး . . .

'မင်း ကျောင်းပြောင်းပြီးသလား' ဟု မေးသည်။ သူ၏ ပထမဆုံး မိတ်ဆက်စကားပင်ဖြစ်၏။ ကျွန်တော်က ခေါင်းခါပြလိုက်၏။

'ဒီနေ့ ပြေးကြည့်ပါလားကွ၊ ပျော်စရာကောင်းတယ်'

Commercial use of this book will be at your OWN RISK !

'ဟေ့အေးကွာ'

ကျွန်တော်က ငြင်းသည်။

'တော်တော်ညံ့သေးတာပဲ' ဟု သူက မှတ်ချက်ပြုသည်။ သို့ရာတွင် ထိုနေ့မှစ၍ သူနှင့်ကျွန်တော် ခင်မင်သွားခဲ့ကြ၏။ သူ ဘာကြောင့် ကျောင်းပြေးလေ့ရှိကြောင်းကို နောက်ပိုင်းကျမှ ကျွန်တော်သိလာရသည်။

သူ့နာမည် စိန်ကြောင်ဟုခေါ်၏။ ခုခေတ်အနေနှင့် ဆိုလျှင် အတော်ရယ်စရာကောင်းသော နာမည် ဖြစ်သော်လည်း သူ့ကိုမွေးသည့် အချိန်တုန်းကတော့ အဓိပ္ပာယ် ပြည့်ဝလှသည်ဟု ဆိုနိုင်၏။

သူ့ကို မွေးခါနီး သူ့အမေ ဗိုက်နာနေသော အချိန်တွင် သူကြီးအိမ်မှ ဓာတ်စက်က စိန်ကြောင်နီလာ ပတ်ပျိုး သီချင်းကို ဖွင့်နေသည်။ ဒါကိုကြားမိသော သူ့အဖေက . . .

'ငါ့မိန်းမရဲ့ ဗိုက်ဟာ ခပ်ပြားပြားလဲရှိတယ်၊ အထိုင်အထလဲ နေးတယ်၊ မိန်းကလေးမွေးမှာ ဧကန်ပဲ၊ သမီးလေးကို နီလာလို့ နာမည်မှည့်ရမယ်' ဟု စိတ်ကူးမိသည်။

မွေးလာတော့ ယောကျ်ားလေး ဖြစ်နေ၏။ ထို့ကြောင့် နီလာဟု မှည့်လို့ မရတော့သဖြင့် စိန်ကြောင် ဖြစ်သွား ရခြင်းပင်တည်း။

စိန် ဆိုသည်မှာ အဖိုးတန်ကျောက်မျက်ရတနာ တစ်မျိုးဖြစ်သကဲ့သို့ ကြောင် ဆိုသည်မှာလည်း လာဘ်ကောင်းစေရန် အဆောင်အဖြစ် ထားရသော ရတနာ တစ်ပါးပင်ဖြစ်၏။ ထို့ကြောင့် အဖိုးလည်းတန် လာဘ်လည်းကောင်းသည့် အဓိပ္ပာယ် ဖြစ်သည်ဟု ဆို၏။

ဘာပဲဖြစ်ဖြစ် သူသည် နာမည်နှင့်လူ လိုက်ဖက်လှပေသည်။ သူ့ပုံပန်းမှာ အသားက မည်းမည်း။ အရပ်က မရှည်လှသော်လည်း ပိန်သောကြောင့် ကလန်ကလားနိုင်သည်။ ရုပ်က သိပ်မဆိုးလှသော်လည်း မျက်နှာမှာ အမြဲတန်း ဝက်ခြံထူလပျစ် ရှိနေတတ်သဖြင့် ကြည့်မကောင်းချေ။

စိန်ကြောင်သည် အလွန် ဗရုတ်ကျသူဖြစ်၏။ အတန်းထဲမှာ စီခနဲ ညံ့ခနဲ ဆိုလျှင် သူပဲဖြစ်၏။ ကျောင်းသူ မိန်းကလေးတို့၏ အော့ကြောလန်စာရင်းထဲမှာ ထိပ်ဆုံးကပါ၏။ မိန်းကလေးတွေ လျှို့လျှို့ဝှက်ဝှက် လုပ်တတ်သော ကိစ္စတွေကို အပင်ပန်းခံ စုံစမ်းပြီး သတင်းလိုက်ဖြန့်တတ်သောကြောင့် သူ့ဆိုလျှင် ရွံကြောက်ကြီး ဖြစ်နေကြလေသည်။

Commercial use of this book will beat your OWN RISK !

မိန်းကလေးတွေ ကျိတ်လုပ်ကြသည့် ကိစ္စထဲတွင် မင်းသား မင်းသမီးတွေဆီ မိတ်ဆက်စာ ရေးတာလည်း ပါသည်။ ထိုစဉ်က နာမည်အကြီးဆုံး ရုပ်ရှင်မင်းသားမှာ ညွှန့်ဝင်းဖြစ်၏။

တစ်ခါက ကောင်မလေးတစ်ယောက် ညွှန့်ဝင်းဆီရေးသော မိတ်ဆက်စာကို စိန်ကြောင်က ရအောင်ခိုးသည်။ ကောင်မလေးက မနက်ပိုင်း စာသင်ချိန် အတွင်းမှာ ခိုးရေးပြီး မုန့်စားဆင်းတော့ လွယ်အိတ်ထဲ ထည့်ထားခဲ့သည်။ ဒါကို လူအလစ်မှာ ဒီကောင်က အရယူလိုက်ခြင်း ဖြစ်၏။ ပြီးတော့ ကျောင်းပြန်တက်ခါနီး လူစုံသလောက် ရှိချိန်တွင် . . .

'အားလုံးနားထောင်' ဟု အော်၍ သတိပေးလိုက်ပြီး . . . .

'ငါ့ဆီကို ကောင်မလေး တစ်ယောက်ဆီက မိတ်ဆက်စာ လာတယ်၊ ငါဖတ်ပြမယ်၊ သို့ . . . ကိုဝင်းလို့ ခေါ်ရင် ကောင်းမလား၊ ကိုညွှန့်လို့ ခေါ်ရင် ကောင်းမလား၊ အို . . . ရှုပ်ပါတယ် ၊ အစ်ကိုကြီးလို့ခေါ်ရင် စိတ်ဆိုးမယ် မထင်ပါဘူးနော် . . . တဲ့ အဟိ' စသည်ဖြင့် တစ်တန်းလုံးကြားအောင် အော်ဖတ်ပြသည်။

'အခုလို ညီမရဲ့ စာကို ဆုံးအောင်ဖတ်တဲ့အတွက် ဝမ်းသာမိတာကတော့ ပြောမပြတတ်နိုင်အောင် ပါပဲ'

ကာယကံရှင် ကောင်မလေးမှာ ဒေါသထွက်သော်လည်း လူတွေ သိကုန်မည် စိုးသဖြင့် ကျိတ်ခံနေရသည်။ စိန်ကြောင်ကတော့ ဒီလောက်နှင့် မရပ်သေး။

'အစ်ကိုကြီးမှာ အလုပ်တွေများတယ်ဆိုတာတော့ သိပါတယ်၊ ဒါပေမယ့် မအားဖြစ်တဲ့ . . . အဲလေ မအားတဲ့ကြားကပဲ စာပြန်မယ်ဆိုရင်တော့ အတိုင်းထက် အလွန်ပေါ့လေ'

ကောင်မလေး ဆတ်ခနဲ ခေါင်းထောင်လာပြီ။ စိန်ကြောင်သည် အားလုံးကို ပိုမိုစိတ်ဝင်စားလာအောင် ခဏမျှ ရပ်ထားလိုက်ပြီးမှ . . .

'စာပြန်ရင် လိပ်စာကတော့ ဟဲ ဟဲ၊ လိပ်စာကတော့ . . .'

ထိုအချိန်တွင် စာရေးသည့် ကောင်မလေး စိတ်မထိန်းနိုင်တော့ဘဲ ထီးကို ကောက်ဆွဲပြီး . . .

'ဟင် . . . တော်တော် ယုတ်မာတဲ့ကောင်၊ သေပေတော့' ဆိုပြီး စိန်ကြောင့်ဆီ ပြေးသွားသည်။ စိန်ကြောင်က ခုံတန်းတစ်ခု နောက်ဘက် ခုန်ဝင်လိုက်ပြီး . . .

'ဟ . . . ဘယ်လိုဖြစ်တာလဲ၊ ငါ နင့်ကို ဘာလုပ်လို့လဲ၊ နင်နဲ့ ဘာဆိုင်လို့လဲ'

Commercial use of this book will be at your OWN RISK !

ကောင်မလေးမှာ ဒေါသလည်းဖြစ်၊ ရှက်လည်းရှက်ပြီး မစဉ်းစား မဆင်ခြင်နိုင်တော့ဘဲ . . .

'နင် ဘာလို့ အပိုတွေ လျှောက်ပြောသလဲ၊ စာထဲမှာ ငါ့လိပ်စာဖြင့် မပါဘဲနဲ့'

ဟု လွှတ်ခနဲပြောမိရာ တစ်တန်းလုံး ဆူပွက်သွားအောင် ရယ်မောသံတွေ ထွက်ပေါ်လာသည်။ ကောင်မလေးလည်း အကြီးအကျယ်ရှက်ပြီး စိန်ကြောင့် ခေါင်းကို ထီးနှင့် ရိုက်လိုက်သည်။ ထီးမှာ ထိုအချိန်က ခေတ်စားနေသော ဖန်တုံးလက်ကိုင်တပ် ထီးဖြစ်သဖြင့် ဒေါင်ခနဲ မြည်သွားသည်။ စိန်ကြောင့် နဖူးမှာ ကွမ်းသီး နှစ်လုံးစာလောက် အဖုကြီး ဖြစ်သွား၏။

နှစ်ယောက်စလုံးမှာ အပြစ်ရှိနေသောကြောင့် ဆရာမကိုတော့ မတိုင်ကြ။ သို့ရာတွင် ဆရာမက စိန်ကြောင်၏ နဖူးမှ ဒဏ်ရာကို မြင်သွားသည်။

'ဟဲ့ . . . စိန်ကြောင်၊ မင်းနဖူး ဘာဖြစ်တာလဲ' ဟု မေးသည်။ စိန်ကြောင်က ခပ်တည်တည်နှင့် . . .

'ဈေးရှေ့က အရူးမကြီးကို သွားစမိလို့ ထီးနဲ့ ရိုက်လွှတ်လိုက်တာပါ ဆရာမ'

ကောင်မလေးမှာ အောင့်သက်သက်နှင့် ငြိမ်ခံလိုက်ရလေသည်။

ရှေ့တန်းမှာ ထိုင်သော မိန်းကလေးများ ချွတ်ထားသည့် ဖိနပ်များကို ဝါးခြမ်းပြားထိပ်မှာ သံချိတ်တပ်၍ ခဲရာခဲဆစ် ခိုးယူပြီး ဝှက်ထားတာမျိုး၊ လွယ်အိတ် တစ်ခုနှင့်တစ်ခု စာအုပ်တွေ ပြောင်းထည့်ထားတာမျိုး၊ ကောင်မလေးတွေ ထမင်းဘူးကို ခိုးစားပြီး အမှိုက်တွေ ပြန်ထည့်ထားတာမျိုးက ရိုးနေပြီ။

ကျောင်းဆင်ဝင်အောက်က တိုင်ကပ်နာရီကြီးကို အလစ်မှာ သွားလှည့်ထားသဖြင့် ကျောင်းစာရေးက မသိဘဲ နာရီဝက်လောက်စောပြီး ကျောင်းဆင်းခေါင်းလောင်း ထိုးမိခြင်း၊ မုန့်စားဆင်းခါနီး အသာထွက်၍ ကြော်ငြာသင်ပုန်းမှာ ယနေ့ ကျောင်း နေ့တစ်ဝက်ပိတ်သည်ဟု ရေးထားသဖြင့် အတန်းထဲ လွယ်အိတ်ပြန်ယူပြီး အိမ်ပြန်ကုန်ကြသဖြင့် ကျောင်းအုပ်ကြီး ဗျာများသွားရခြင်းမျိုးကိုမှ သူက လုပ်ချင်သည်။

ကျောင်းတက်ချိန်ဆိုလျှင် ကျောင်းဝင်းတံခါး အားလုံး ပိတ်ထားသည်။ ဒီကြားထဲက ထွက်ပေါက်ကို သူပဲ ရှာလို့တွေ့ခဲ့သည်။

ယောကျ်ားလေးအိမ်သာ နောက်ဘက်မှာ ကာထားသော သွပ်ပြားတစ်ချပ်က သေးစားပြီး ပေါက်ပြဲနေသည်။ လူတစ်ကိုယ်စာ ကောင်းကောင်း ဝင်နိုင်သည်။

Commercial use of this book will be at your own RISK!

ထိုအပေါက်မှလျှိုထွက်လျှင် ကျောင်းဝင်း၏ ပျော့ကွက်အများဆုံး ဖြစ်သော ကြခတ်ဝါးရုံ ခြံစည်းရိုးကို တွေ့ရမည်။ အိမ်သာနောက်ဘက်ဖြစ်၍ ကောင်းစွာ ပြုပြင်ထားခြင်းမရှိ။

ခွေးတိုးပေါက်တစ်ခုခုကို ချဲ့ထွင်လိုက်သောအခါ လေးဘက်ထောက် ထွက်လို့ရသည့် အပေါက်တစ်ခု ဖြစ်လာ၏။ ထိုအပေါက်ကို အသုံးပြုပြီး အကြိမ် အတော်များများ ဒီကောင် ကျောင်းက လစ်ထွက်နိုင်ခဲ့သည်။ တော်တော်ကြီး ကြာမှ ဆရာကြီးသိသွားပြီး နောက်ဘက်ခြံစည်းရိုးကို ဝါးကပ်တွေနှင့် ပိတ်ကာ ပစ်လိုက်ရ၏။

ဒီလိုနှင့် ပြီးရောလားဆိုတော့ မပြီးသေး။ ကျောင်းနောက်ဘက်မှာ မလွယ် ပေါက်တစ်ခုရှိ၏။ အမြဲတမ်း သော့ခတ်ထားသည်။ ထိုသော့တူကို သူ မရမက လုပ်ယူသည်။ သူကား တစ်နှစ်အတွင်း ကျောင်းအုပ်ဆရာကြီး အရိုက်ခံရဆုံး ကျောင်းသားအဖြစ် မှတ်တမ်းတင်ခံရသူ ဖြစ်ခဲ့လေသည်။

ကျွန်တော်သည် သာမန်အားဖြင့် ကျောင်းပြေးလေ့ရှိသူ မဟုတ်။ ကျောင်း ပြေးပြီး လျှောက်သွားရလို့ ပျော်တာနဲ့ မိသွားမှာစိုးလို့ ရင်တထိတ်ထိတ် ဖြစ်ရတာ မကာမိဟု ထင်သည်။

ထို့ကြောင့် ကျောင်းမတက်ချင်လျှင် အိမ်မှာကတည်းက နေမကောင်းဘူး ဆိုပြီး အိပ်ရာထဲ ဝင်အိပ်နေသည်။ ဝတ္ထုစာအုပ်တွေ ဖတ်နေလိုက်သည်။ ကျောင်းရောက်မှ သို့တည်းမဟုတ်၊ ကျောင်းသွားမည်ဟု ထွက်လာပြီးမှ ကျောင်းပြေးတာမျိုး မလုပ်တတ်။ သို့ရာတွင် စိန်ကြောင်နှင့် ပေါင်းမိပြီး တစ်ခါတော့ ကျောင်းပြေးဖြစ်သွား၏။

ထိုနေ့က အောင်ဆန်းအားကစားကွင်းမှာ မာဒေးကားပွဲသွားမည့် မြန်မာ လက်ရွေးစင်နှင့် ညွန့်ပေါင်းအသင်းတို့ ခြေစမ်းဘောလုံးပွဲ ရှိသည်။

ကျွန်တော်သည် ဘောလုံးဆိုလျှင် သဲကြီးမဲကြီးပင် ဖြစ်၏။ စာမေးပွဲနီးလို့ ကိုယ်ပိုင်စာကြည့်ရက်အဖြစ် ကျောင်းပိတ်သည့် အချိန်မှာပင် ဘောလုံးကန် မပျက်ခဲ့။ ဘောလုံးပွဲကောင်းကောင်း ဆိုလျှင် မကြည့်ရ မနေနိုင်။

ထိုနေ့ကပွဲမှာလည်း ပွဲကြီးပွဲကောင်းဖြစ်မှာ သေချာသည်။ လက်ရွေးစင် ရွေးရာတွင် နောက်ဆုံးအဆင့်ထိပါပြီးမှ ပြုတ်ကျန်ခဲ့သူ ဘောလုံးသမား သုံးလေးဦးမှာ ညွန့်ပေါင်းအသင်းမှာ ပါနေသည်။ သူတို့သည် မခံချင်စိတ်ဖြင့် ရေကုန်ရေခန်း ကစားကြလိမ့်မည်။ လက်ရွေးစင်တွေကလည်း ရှုံးလျှင် သိက္ခာ ကျမည်ဖြစ်၍ အသေအလဲ ကစားကြလိမ့်မည်။

Commercial use of this book will be at your OWN RISK !

'ဒီနေ့ပွဲ သိပ်ကောင်းမယ်ကွာ၊ မကြည့်ရတာ နာလိုက်တာ' ဟု သူ့ရှေ့မှာ ကျွန်တော် ညည်းမိ၏။ သူက . . .

'ကြည့်ချင်ရင် အခုသွားမယ်လေကွာ၊ မီသေးတာပဲ'

'ဟာ . . . ကျောင်းကနေ ဘယ်လိုလုပ် လစ်ထွက်မလဲ'

'မင်းသွားမယ်ဆို မဖြစ်ဖြစ်အောင် ငါ လုပ်ပေးမယ်၊ ဘယ်လိုလဲ'

ကျွန်တော်သည် ဘောလုံးပွဲကို သိပ်ကြည့်ချင်နေသဖြင့် ခေါင်းညိတ်လိုက်မိ၏။ သူ့အစီအစဉ်အတိုင်း လွယ်အိတ်များနှင့် စာအုပ်များကို တခြားသူငယ်ချင်းတွေကို နည်းနည်းစီ ဝေငှတာဝန်ယူခိုင်းသည်။ ကျောင်းနောက်ဘက် မလွယ်ပေါက်ကို သော့တုနှင့်ဖွင့်ပြီး ထွက်သည်။

ဘောလုံးကွင်းထဲ ရောက်တော့ လူတော်တော်များသဖြင့် ထိုင်စရာနေရာ လိုက်ရှာရသည်။ တစ်နေရာမှာ ကျွန်တော့်ရင် ဒိတ်ခနဲဖြစ်သွား၏။ ကျွန်တော်တို့ အတန်းကို သင်္ချာသင်သော ဆရာကို တွေ့လိုက်ရသောကြောင့်ပင်။ ဆရာက လည်း ကျွန်တော်တို့ကို ဖျတ်ခနဲ ကြည့်သည်။

'ဟော့ကောင်၊ ဆရာကွ' ဆိုပြီး ကျွန်တော်က လူကြားထဲရှောပြီး ပုန်းဖို့ ကြိုးစားသည်။ စိန်ကြောင်ကတော့ လုံးဝတုံ့ဆိုင်းမနေဘဲ ဆရာ့ဆီ တန်းလျှောက်သွားပြီး

'ဆရာ၊ ဒီနေ့ပွဲ သိပ်ကောင်းမှာနော်၊ ကျွန်တော်တို့လဲ မကြည့်ဘဲ မနေနိုင်လို့ ဆရာရဲ့ . . ဟဲ ဟဲ . . .'

ဆရာ့ကို နှုတ်ဆက်သည်။ ဆရာက မျက်နှာတည်တည်ကြီးနှင့် . . .

'အေး . . . ကောင်းကောင်း ကြည့်ကြ' ဟု ခတ်ပြတ်ပြတ် ပြောသည်။ ဆရာ့ရှေ့မှ ထွက်လာကြပြီးနောက် ကျွန်တော်က . . .

'မင်း . . . တော်တော် အတင့်ရဲတဲ့ကောင်၊ ဆရာက ငါတို့ ကျောင်းလစ်ပြီး လာကြည့်တာကို တို့ဆရာမကို ပြန်တိုင်ရင် ဘယ်လိုလုပ်မလဲ'

'စိတ်ချနေစမ်းပါကွာ . . . မတိုင်ပါဘူး'

'ဒီလောက် ပေါ်တင်ကြီး တွေ့တာ မတိုင်ဘဲနေမလား'

'ဟော့ကောင် မင်းသေသေချာချာ စဉ်းစားစမ်း၊ အခု မင်းနဲ့ငါ အတူတူ လာကြတယ်နော်၊ တစ်ယောက်ကို တစ်ယောက် ဆရာမနဲ့တိုင်လို့ ဖြစ်မလား'

ကျွန်တော် ခေါင်းခါသည်။

Commercial use of this book will be at your OWN RISK !

'ဒီလိုပဲပေါ့ကွာ၊ ငါတို့ကျောင်းလစ်ပြီး ဘောလုံးပွဲ လာကြည့်သလို ဆရာလဲ ကျောင်းလစ်ပြီး လာတာပဲလေ၊ ဒါကြောင့်သာ ကျောင်းချိန်ကြီးမှာ ဘောလုံးကွင်းထဲ ရောက်နေတာပေါ့၊ ငါတို့ကို ဘောလုံးပွဲမှာ တွေ့ပါတယ်လို့ တို့ဆရာမကို သွားတိုင်ရင် သူလဲ ကျောင်းကလစ်ပြီး ဘောလုံးပွဲ လာကြည့်တာ ပေါ်သွားမှာပေါ့၊ မဟုတ်ဘူးလား'

စိန်ကြောင်ကား ထိုစဉ်ကတည်းက လူတစ်ယောက်၏ ပျော့ကွက်ကို မြင်တတ်သူ ဖြစ်၏။ ထိုအသိအမြင်က နောင် သူ စီးပွားရေးလောကထဲ တိုးဝင်သောအခါ များစွာ အသုံးတည့်ခဲ့လေသည်။

× × × × × ×

အရင်ကတော့ သူတို့မိသားစုသည် အုန်းနဲ့ဆိုသော ရွာကလေးမှာ နေကြသည်။ သူတို့အဘိုးအဘွားတွေ ဆုံးတော့ သူ့အဖေက လယ်တစ်ကွက်နှင့် နွားလေးငါးကောင် အမွေရခဲ့သည်။ သူ့အဖေသည် ရည်မှန်းချက် ကြီး၏။ သားသမီးတွေကို ရွာမှာပဲ လယ်ယာလုပ်ပြီး မနေစေချင်။

ထို့ကြောင့် လယ်နှင့် နွားအချို့ကို ရောင်းပြီး မြို့ပေါ် တက်လာသည်။ မြို့စွန်ရပ်ကွက်ရှိ ဈေးပေါသော မြေကွက်ကလေးတစ်ခုဝယ်၊ တဲထိုးပြီးနေသည်။ ပါလာသည့် နွားမလေး နှစ်ကောင်ကို အရင်းပြု၍ နွားနို့ ရောင်းစားသည်။

စိန်ကြောင်က သားအကြီးဆုံး ဖြစ်၏။ သူ့အောက်မှာ ညီမတစ်ယောက် ညီတစ်ယောက်ရှိသည်။ ထို့ကြောင့် နွားနို့ပို့သည့် အလုပ်တာဝန်ကို သူပဲယူရသည်။

ရန်ကုန်ကို သူတို့ ရောက်လာခါစတုန်းက အလွန် ဒုက္ခရောက်ရသည်။ ရန်ကုန် လူနေမှုစရိတ်က ရွာမှာထက် အဆမတန် မြင့်နေသည်။ နွားနို့ရောင်းသည့် ဈေးကွက်ကိုလည်း မကျွမ်းကျင်သေး။ ထိုအကြောင်းတွေကို တစ်ခါတစ်ခါ စိတ်လိုလက်ရ ပြောပြတတ်၏။

Commercial use of this book will be at your OWN RISK!

စိန်ကြောင်သည် ခုနစ်တန်း ကျောင်းသားဘဝမှာပင် လူကြီးတစ်ယောက်လို အလုပ်လုပ်ရသည်။ နွားစာစဉ်း၊ နွားကျောင်း၊ နွားနို့ညှစ်၊ နို့ပို့၊ ရေထမ်း စသည်ဖြင့် အစ်ကိုအကြီးဆုံးမို့ အိမ်အလုပ်မှန်သမျှ ဒိုင်ခံလုပ်ရသည်။

'အတန်းထဲမှာ ငါကမြင်းတာကို အပြစ်မပြောနဲ့ကွ၊ ငါ့မှာ ကျောင်းရောက်မှ ကမြင်းခွင့်ရတာ၊ အိမ်မှာဆိုရင် လုံးဝ နားရတာ မဟုတ်ဘူး၊ မုန့်စားဆင်းရင်တောင် အိမ်အမြန်ပြန်ပြေး ထမင်းစားပြီး ညနေအတွက် နွားစာနယ်ရ သေးတာ၊ ဒါကြောင့် တစ်ခါတစ်ခါ စိတ်လွတ်လက်လွတ် ကမြင်းချင်ရင် ကျောင်းပြေးရတာပေါ့ကွ'

သူ့ဘဝက တခြားကျောင်းသားတွေနှင့် ပြောင်းပြန်ဖြစ်၏။ သူများတွေက ကျောင်းဆင်းလျှင် အိမ်အမြန်ပြန်ပြီး ကစားကြသည်။ သူကတော့ အိမ်ပြန်လျှင် အလုပ်လုပ်ရသည်။ ကျောင်းရောက်မှ ကစားရသည်။

သူသည် အိမ်မှာ အလုပ်တွေ လုပ်ရသဖြင့် စာကျက်ချိန် အပြည့်အဝမရခဲ့။ သို့တိုင်အောင် သူက ဉာဏ်ကောင်းသည်ဟု ဆိုရမည်။ လပတ်စာမေးပွဲတွေမှာ တစ်ဘာသာလောက် ကျလေ့ရှိသော်လည်း ပထမအစမ်း၊ ဒုတိယအစမ်း တို့တွင် အဆင့်တစ်ဆယ် ဝန်းကျင်လောက် ချိတ်တတ်သည်။

တစ်ခုတော့ ရှိ၏။ စာမေးပွဲဖြေရာမှာ အကြံအဖန်လုပ်ပြီး ဉာဏ်ကူတာ ကလေးတွေတော့ ရှိသည်။ သူက တီထွင်ဉာဏ် ရှိသူဖြစ်၍ သူများတွေလို နည်းလမ်းဟောင်းကြီးတွေ မသုံး။ ပေါင်မှာ ရေးလာတာတို့၊ စာရွက်ကို အကျႌလက်ခေါက်ထဲ ထည့်ထားတာတို့မလုပ်။

ထိုအချိန်က ကျောင်းသားများသည် ဘောလ်ပင်သုံးလေ့ မရှိကြ။ ဘောပင်လ်နှင့်ဖြေလျှင် အမှတ်လျှော့ခံရနိုင်သည် ဟူသော အစွဲအလန်းတွေ ရှိကြတုန်းဖြစ်၏။ ဖောင်တိန်နှင့်ပင် ရေးကြရသည်။ ထို့ကြောင့် စာမေးပွဲဖြေလျှင် ကျောင်းသားတစ်ယောက်မှာ မင်အိုးတစ်လုံးတော့ ယူလာစမြဲ။

စိန်ကြောင်၏ မင်အိုးကတော့ မင်မပါသော အိုးအလွတ်ဖြစ်၏။ အထဲမှာ ကူးချဖို့ စာရွက်ပိုင်းကလေးတွေသာ အပြည့်အသိပ်ပါသည်။

နောက်တစ်မျိုးကတော့ ကတ်ပြား ထူထူ ကလေးတွေပေါ်မှာ ရေးထားခြင်းဖြစ်၏။ ကတ်ပြားတွေကို သားရေကွင်းနှင့် ချိတ်ထားသည်။ သားရေကွင်းကို တံတောင်ဆစ်နားမှာ ပတ်ထားသည်။

ကူးတော့မည်ဆိုလျှင် ကတ်ပြားတစ်ခုကို ဆွဲထုတ်၊ လက်ဝါးကြားမှာ အသာထိန်းပြီးကူးသည်။ အခန်းစောင့် ဆရာ ဆရာမလာတာမြင်လျှင် ကတ်ပြား

Commercial use of this book will be at your OWN RISK!

ကို လွှတ်လိုက်ရုံပင်။ သားရေကွင်း၏ ဆွဲအားကြောင့် ကတ်ပြားသည် ရှတ်ခနဲ ပြန်ဝင်ပြီး တံတောင်ဆစ်နားမှာ ပြန်ကပ်နေတော့သည်။ စာမေးပွဲရက်များတွင် အင်္ကျီလက်ရှည်ပွပွ (သူ့အဖေအင်္ကျီ) ဝတ်လာတတ်သည်မှာ ဒါအတွက်ပဲဖြစ်၏။

(ခုခေတ် ကျောင်းသားများအနေဖြင့် ထိုနည်းလမ်းများကို အသုံးမပြုသင့်ပါ။ အဘယ့်ကြောင့်ဆိုသော် စိန်ကြောင်၏ နည်းလမ်းများကို တစ်စတစ်စ လူသိများလာခဲ့ပြီး လိုက်အတုခိုးခဲ့ကြသည်။ ထိုသူများအနက်မှ အချို့မှာ ယခုအခါ ဆရာ၊ ဆရာမတွေ ဖြစ်နေကြသောကြောင့် ဒီနည်းတွေသုံးလျှင် မိမှာ သေချာသော ကြောင့်ပင်တည်း။)

× × × × × ×

ခြိုးခြံ ချွေတာတတ်ခြင်း၊ ရပေါက်ရလမ်းကို အမြဲရှာနေတတ်ခြင်း၊ အကွက်မြင်တတ်ခြင်း တို့သည် သူ၏ ဘဝပေးအခြေအနေအရ အလိုလို သိနေသော ကိစ္စများဖြစ်၏။

ထိုစဉ်က ဆံပင်ညှပ်ခမှာ ငါးမူးဖြစ်သည်။ သူကတော့ သုံးဆယ့်ငါးပြားနှင့် ရသော ဆိုင်မှာပဲ အမြဲညှပ်သည်။ ထိုဆိုင်သည် သူတို့ရပ်ကွက် အတွင်းပိုင်း ချောင်ကြားထဲမှာ ရှိ၏။

နွားနို့ကုလားများ၊ ဆိတ်ကုလားများသာ ညှပ်သောဆိုင်ဖြစ်၏။ ဆိုလည်း ကုလားထိုင်မရှိ။ ခွေးခြေပေါ်မှာ ထိုင်ပြီး အညှပ်ခံရသည်။ ပုံစံကလည်း နှစ်မျိုးသာရှိ၏။ အတိုဆိုလျှင် နောက်ပြောင်၊ ရှေ့တစ်လက်မ။ အရှည်ဆိုလျှင် အုန်းမှုတ်ခွက်ပုံ။

'မင်းကလဲကွာ၊ ဆယ့်ငါးပြားလေး ကွာတာများ၊ ပုံကောင်းကောင်းလေး ညှပ်စမ်းပါ' ဟု ကျွန်တော်တို့က ပြောသောအခါ . . . . .

'ဆယ့်ငါးပြားဆို ဘဲဥတစ်လုံးရတယ်ကွ နားလည်လား၊ ငါ ညမနက် စားလို့ရတယ်၊ နောက်ပြီးတော့ ဆံပင်ပုံ ကောင်းတော့ရော ဘာလုပ်ရမှာလဲ၊ မင်းတို့လို ကိုခင်အောင်ဆိုင်မှာ ညှပ်တော့ကော ငါ့သောက်ရုပ်က ဘာထူးလာမှာလဲ၊ ပိုလှလာလို့ ပိုက်ဆံရမယ်ဆိုရင်တော့ ဟုတ်တာပေါ့၊ ဆံပင်ပုံ ကောင်းကောင်းနဲ့ နွားနို့ညှစ်ရင် ပိုထွက်မယ်ဆိုလဲ ကောင်းသား၊ ငါ့မှာ ဆံပင်တစ်ခါ ညှပ်တိုင်း လူတွေမှာ ဆံပင်ရယ်လို့ ပေါက်မလာရင် သိပ်ကောင်းမှာပဲလို့ တွေးမိတယ်'

Commercial use of this book will be at your OWN RISK !

ထို့ကြောင့် သူ့ကို ကြည့်လိုက်လျှင် အမြဲတမ်း ခေါင်းတုံးဆံထောက်နှင့်သာ ဖြစ်၏။

သူနွားကျောင်းထွက်လျှင် ဘယ်တော့မှ လက်ချည်းသက်သက် မသွားတတ်။ သံပုံးစုတ်တစ်လုံးနှင့် သစ်သားပြားနှစ်ချပ်ကို အမြဲယူသွားသည်။ လမ်းမှာ နွားချေးပါချလျှင် ကျုံးပြီး သံပုံးထဲထည့်သည်။ သူများနွားတွေ ပါထားသော နွားချေးတွေကိုလည်း ကျုံးထည့်လာသည်။ နွားချေးတွေ အိမ်မှာ စုထားပြီး များလာလျှင် စိုက်ခင်းတွေမှာ သွားရောင်းသည်။ သူတို့အိမ် အနီးအနားက ကုလားတွေကလည်း နွားချေးခြောက်ကို လောင်စာပြုလုပ်၍ ထမင်းဟင်း ချက်တတ်သဖြင့် လာဝယ်ကြသည်။

သွားရင်းလာရင်း ပိန္နဲပင်တွေ့လျှင် အရွက်နုလေးတွေ တက်ခူးတတ်၏။ ပိန္နဲရွက်ကို ဆိတ်တွေ အလွန်ကြိုက်သဖြင့် ဆိတ်ကုလားတွေကို ရောင်းလို့ရသည်။

စိန်ကြောင်တစ်ယောက် ကျောင်းခန်းထဲ ဝင်လာပြီဆိုလျှင် ခုံဖိနပ်သံ တဂွမ်ဂွမ်ကို အရင်ကြားရလေ့ရှိ၏။ သာမန် ခုံဖိနပ်တို့ထက် ပိုပြီး အသံကျယ်သည်။ အကြောင်းမှာ သူ့ခုံဖိနပ်သည် အောက်ခြေ အစားသက်သာအောင် သံမှိုတွေ ရိုက်ထားသောကြောင့် ဖြစ်၏။

သူသည် ငယ်ငယ်ကတည်းက အိမ်အလုပ်တွေချည်း ကူလုပ်ခဲ့ရသဖြင့် ကစားခုန်စားမှုများကို သိပ်ဝါသနာ မပါတော့ချေ။ စွန်မလွှတ်တတ်၊ ဘောလုံး မကန်တတ်၊ ခြင်းမခတ်တတ်။ သို့ရာတွင် ကျွန်တော်တို့ ဘောလုံးကန်တာကိုတော့ အားပေးတတ်သည်။

ကျွန်တော်တို့အတန်းထဲ၌ ကျောင်းလက်ရွေးစင် ဘောလုံးသမားတွေ များသဖြင့် တောင့်တင်းသည်။ တခြား အတန်းတွေနှင့် ဘောလုံးချိန်းကန်လျှင် နိုင်တာများသည်။

ထိုအခါမျိုးတွင် စိန်ကြောင်က အဝတ်အစားတွေ ဖိနပ်တွေ စောင့်ပေးသည်။ ပြီးတော့ . . .

'မင်းတို့ ဒီနေ့ပွဲ နိုင်အောင်ကန်ရင် လက်ဖက်ရည်တိုက်မယ်' ဟု ပြော၏။

ထိုစဉ်က လက်ဖက်ရည်တစ်ခွက် တစ်မတ်ဖြစ်၏။ ကျွန်တော်တို့ တစ်နေ့စာ မုန့်ဖိုးပင်။ ထို့ကြောင့် ကျွန်တော်တို့ ကြိုးစားပမ်းစား အနိုင်ကန်ကြသည်။ နိုင်တဲ့အခါကျတော့လည်း သူ့ကတိအတိုင်း တကယ်ပဲ လက်ဖက်ရည်တိုက်သည်။ ကျောင်းနားက ပြားနှစ်ဆယ်တန်ဆိုင်မှာ။

Commercial use of this book will be at your OWN RISK !

အားလုံး ဆယ့်တစ်ယောက်။ နှစ်ကျပ်ပြားနှစ်ဆယ်ဖိုးကြီး များတောင်။ ဒီလောက် ကုတ်ကုတ်ကတ်ကတ် နေတတ်သူက ဘာကြောင့် ဒီလောက် အကုန်ခံပြီး စေတနာကောင်းနေရတာလဲဆိုတော့ စိန်ကြောင်သည် ဟိုဘက်တန်းက ကောင်တစ်ယောက်နှင့် ငါးကျပ်ကြေး လောင်းထားသောကြောင့်ပင်ဖြစ်၏။

နောက်ပိုင်းကျတော့ အပြင်ရပ်ကွက် ဘောလုံးအသင်းများနှင့်ပါ လိုက်ချိန်းပြီး ကန်ခိုင်းသည်။ သူက ငါးကျပ် တစ်ဆယ် လောင်းသည်။ ဤနည်းဖြင့် အပိုဝင်ငွေ ရှာတတ်၏။ ကျွန်တော်တို့ကလည်း လက်ဖက်ရည် သောက်ရ၊ ကြံရည်သောက်ရမို့ ကျေနပ်ကြ၏။

လက်ဖက်ရည်သောက်ကြရသည့် အခါတိုင်း ဖြစ်တတ်သည့် ကိစ္စတစ်ခု ရှိသည်။ ကျွန်တော်တို့မှာ လူပျိုပေါက်စလေးတွေ ဖြစ်၍ အစ်ကိုကြီးတွေကို အရာရာမှာ အတုခိုးတတ်ကြသည်။ ထို့ကြောင့် လက်ဖက်ရည်မှာလျှင် . . .

'အချိုပေါ့ကျ' ဟု မှာတတ်သည်။

ထိုအခါ စိန်ကြောင်က စားပွဲထိုးကို . . .

'သူတို့ခွက်ထဲမှာ လျှော့ထည့်ရမယ့် သကြားတွေအားလုံး ကျွန်တော့်ခွက်ထဲ ထည့်လိုက်' ဟု လှမ်းပြောသည်။ ပြီးတော့ . . .

'ဟုတ်တယ်လေကွာ၊ အလကားသက်သက်တော့ အရှုံးမခံနိုင်ဘူး၊ သကြားလျှော့ထည့်လို့ ပိုက်ဆံ လျှော့ပေးရတာမှ မဟုတ်တာ၊ တန်အောင်တော့ လုပ်ရမှာပဲ'

သူကား ထိုစဉ်ကတည်းက စီးပွားရေးအမြင် ရှိနေခဲ့ပြီ ဖြစ်လေ၏။

Commercial use of this book will be at your OWN RISK !

# အခန်း ( ၃ )

'ငါတို့ ရန်ကုန်ရောက်ခါစတုန်းက သိပ်ဒုက္ခရောက်တာပေါ့ကွာ၊ ဒီမှာ လူခံရှိတာလဲ မဟုတ်၊ ဆွေမျိုးသားချင်းဆိုတာ ဝေးရော၊ ကိုယ်ချည်း အစိမ်းသက်သက် တက်လာရတာကိုး၊ နွားနို့ရောင်းစားမယ် ဆိုတာက စိတ်ကူးပဲရှိတာ၊ ဘယ်ကနေ ဘယ်လို စရောင်းရမှန်းလဲ မသိ၊ ရွာကပါလာသမျှကလေးနဲ့ စိုက်စားနေတာလေးလဲ ကုန်ရော ပြဿနာ တက်တော့တာပဲ'

လက်ထဲမှာ ငွေမရှိတော့။ နောက်နေ့အဖို့ ဈေးဖိုးတောင်မရှိ။ ရောက်ခါစဖြစ်၍ ဘေးပတ်ဝန်းကျင် အိမ်တွေနှင့်လည်း မရင်းနှီးသေး။ ချေးဖို့ငှားဖို့ မဖြစ်နိုင်။ စိန်ကြောင်တို့အဖေ ဦးအေးမောင်ကတော့ တော်ရုံနှင့် လက်လျှော့တတ်သူ မဟုတ်ချေ။ ဒီမှာ ဟန်မကျလို့ ဟိုကလူတွေ ဘာပြောကြမလဲ။ ကိုအေးမောင်တို့ ရွာကိုပစ်ပြီး မြို့တက်သွားလိုက်တာ နောက်ဆုံးတော့ စားစရာတောင်မရှိလို့ ပြန်ပြေးလာရပြီ ဟု ကဲ့ရဲ့လိုက်ကြမည့်ဖြစ်ခြင်း။

ခုနေ ရွာပြန်လျှင် လယ်တွေလည်း မရှိတော့။ နွားလေးနှစ်ကောင်နှင့် ဘာသွားလုပ်မလဲ။ နေစရာအိမ်တောင် ပြန်ဆောက်နိုင်မှာ မဟုတ်။ ခေါင်းငုံ့အရှုံးပေးရမည့် အလုပ်မျိုးကို ဦးအေးမောင် ဘယ်တော့မှမလုပ်။ ရန်ကုန်မှာ မဖြစ်ဖြစ်အောင်နေမည်။ ဆားနဲ့ပဲ စားရစားရ။ ဆန်ပြုတ်ပဲ နပ်ကျော် သောက်ရသောက်ရ။

'ဒီလိုနဲ့ နောက်နေ့မနက်ကျတော့ ထမင်းကို ဆီနဲ့ဆားနဲ့နယ်၊ ငရုတ်သီးမှုန့်ဖြူး၊ ကြက်သွန်ကိုက်စားပြီး ငါတို့ သားအဖနှစ်ယောက် နို့တစ်ပုံးစီဆွဲပြီး လိုက်အော် ရောင်းကြတာပဲ'

Commercial use of this book will be at your OWN RISK!

ထိုအချိန်က နွားနို့လည်ရောင်းသည့် အလုပ်မှာ ကုလားတွေသာ လုပ်ကြသည်။ ခုလို ဗမာသားအဖ နှစ်ယောက်က နွားနို့လည်းရောင်းသဖြင့် အထူးအဆန်း ဖြစ်နေကြ၏။

'ငါတို့ကလဲ တောက ရောက်ခါစဆိုတော့ နွားနို့ထဲ ရေရောတာတွေ ဘာတွေ ဘယ်သိဦးမလဲ၊ ဒီတော့ သိပ်မကိုက်လှဘူးပေါ့၊ နပ်မှန်အောင် စားရုံလောက်ကလေးရတာ၊ ဒီကြားထဲ တို့နားက နို့ကုလားတွေက သူတို့ ဈေးကွက်ကို ဝင်လုရကောင်းလားဆိုပြီး ဝိုင်းညစ်ကြသေးတယ်၊ အဲ့ဒီတုန်းကများ ဘဲဥတစ်ခြမ်းနဲ့ ထမင်းစားရ တဲ့နေ့ဟာ အပျော်ဆုံးနေ့ကြီးပေါ့ကွာ'

သူတို့အနေဖြင့် ခုလို ကုလားတွေနဲ့ယှဉ်ပြီး လိုက်ရောင်းနေလို့ မဖြစ်။ ကြာလျှင် ဒုက္ခတွေ့မည်။ အတွေ့အကြုံက သင်သွားသဖြင့် ရေရောနည်းကို သိလာ၏။ ပြီးတော့ တစ်ချို့ ကုလားကြီးတွေ နို့ပုံးတွေနှင့် မြို့ထဲဘက် တက်သွားတာ တွေ့ရ၏။ သို့နှင့် တစ်ရက်တွင် စိန်ကြောင်က နောက်ယောင်ခံ လိုက်ကြည့်ရာ နို့ဈေးမှာ သွားသွင်းကြောင်း သိလာ၏။

နို့ဈေးမှာသွင်းလျှင် သူတို့နွားလေးနှစ်ကောင်မှ ရတာလောက်နှင့်မဖြစ်။ များများစားစား ရဖို့လိုသည်။ ထိုအခါ သူတို့သားအဖသည် လေးဒေါင့်ကန်တို့ သိမ်ချောင်းတို့ဘက်အထိ ဆင်းပြီး နွားနို့လိုက်ကောက်သည်။

စိန်ကြောင်သည် စပ်စပ်စုစု လုပ်တတ်သည်။ ဘယ်တော့မှ အလကားမနေ။ ပို၍ အလုပ်ဖြစ်မည့် နည်းလမ်းကို အမြဲရှာနေတတ်သည်။ နွားနို့သွားပို့ရင်းက အမြင်ကျယ်လာသည်။ နို့ဈေးမှာ သွင်းတာထက် လက်ဖက်ရည်ဆိုင် တွေနှင့် ဆက်သွယ်ပြီး တိုက်ရိုက်သွင်းတာက ပိုကိုက်ကြောင်း သိလာသည်။

လက်ဖက်ရည်ဆိုင်တွေ လိုက်ပို့လျှင် စက်ဘီးတစ်စီး ရှိဖို့လိုသည်။ သူတို့မှာ စက်ဘီးဝယ်ဖို့ ငွေမရှိ။ သို့ရာတွင် စိန်ကြောင်က အကြံပိုင်သည်။ သူ့အကြံကလည်း လှပပါပေသည်။

ကျွန်တော်တို့ဘောလုံးအသင်းက ဒိုင်းပွဲတစ်ခု ဝင်ကန်သည်။ အုပ်စုတွင်းမှာ ပွဲတိုင်းနိုင်သဖြင့် နောက်ဆုံးပွဲစဉ်မှာ နိုင်နိုင်ရှုံးရှုံး ကွာတား ဖိုင်နယ်တက်ဖို့ သေချာနေပြီ။

တစ်ဖက်အသင်းကတော့ ကျွန်တော်တို့ကိုနိုင်မှ တက်ခွင့်ရမည်။ ထိုအသင်း ခေါင်းဆောင်ကလည်း သူငယ်ချင်းပင်ဖြစ်၍ ဒီပွဲမှာ ကျွန်တော်တို့က အရှုံးကစားပေးဖို့ လာညှိသည်။ ကျွန်တော်တို့ သဘောတူလိုက်သည်။ ထိုအချက်ကို စိန်ကြောင်က အသုံးချသွားခြင်းဖြစ်၏။

Commercial use of this book will be at your OWN RISK!

ထိုပွဲတွင် တခြားလူတစ်ယောက်နှင့် နှစ်ရာကြေးလောင်းမည်။ သူက တစ်ဖက်အသင်းကနေမည်။ ကျွန်တော်တို့ အရှုံးကစားမည်ကို လုံးဝမသိရှာသော ဟိုလူက စိန်ကြောင်ကို အချဉ်ဟုမှတ်သည်။ သူ့မှာ ပိုက်ဆံတော့မရှိ။

'ကိစ္စမရှိဘူးလေ၊ ခင်ဗျား စက်ဘီးကို လောင်းကြေးထပ်လိုက်ပေါ့' ဟု စိန်ကြောင်က ပြော၏။ ထိုသူမှာ ရီလေး စက်ဘီးကလေး တစ်စီးရှိကြောင်း စိန်ကြောင်က သိပြီးသား။

အမှန်မှာ စက်ဘီးက နှစ်ရာ့ငါးဆယ်လောက် တန်သည်။ သို့ရာတွင် ကျွန်တော်တို့အသင်း ကျိန်းသေနိုင်မည်ဟု တွက်ထားသော ဟိုလူက သဘောတူလိုက်၏။

ကျွန်တော်တို့က ညှိထားသည့်အတိုင်း တမင် အရှုံးကစားလိုက်သောအခါ စိန်ကြောင်သည် စက်ဘီးတစ်စီး အချောင်ရလိုက်လေသည်။ ထိုစက်ဘီးသည် စိန်ကြောင်၏ဘဝတွင် ပထမဆုံးအကြိမ် တစ်ဖက်သားအပေါ် လူလည် ကျရာမှ ရရှိလိုက်သည့် ပစ္စည်းဖြစ်လေ၏။ ထိုနေ့က ကျွန်တော်တို့သည် ဘောလုံးပွဲရှုံးသော်လည်း စိန်ကြောင်က နို့ကြက်ဥ တိုက်သည်ကို ကောင်းကောင်းမှတ်မိနေ၏။

သူသည် ထိုစက်ဘီးကို အသုံးပြု၍ နို့ပို့သည့်အလုပ်ကို တွင်ကျယ်စွာ လုပ်နိုင်လာသည်။ သိမ်ချောင်းအထိ စက်ဘီးနှင့် သွားပြီး နို့ယူသည်။ လက်ဖက်ရည်ဆိုင်တွေ လိုက်ပို့သည်။

စိန်ကြောင်သည် အမဲသား မစားချေ။ နွားတွေက သူတို့ကို လုပ်ကျွေးနေခြင်း ဖြစ်သဖြင့် ကျေးဇူးရှင်၏ အသားကို မစားဟုပြောသည်။ ကျွန်တော်တို့က . . .

'ဒါဆို ရေလဲ မသောက်နဲ့ပေါ့ကွာ၊ ရေလဲ မင်းတို့ကျေးဇူးရှင်ပဲ' ဟု ဝိုင်းစကြသည်။ သူက . . .

'နွားနို့တစ်ခွက် ရေအသက်ဆိုတာ မကြားဖူးဘူးလား၊ ရေမရောတတ်ရင် နွားနို့ရောင်းစားမနေနဲ့တော့၊ အဲ . . . ရေရောတယ်ဆိုလို့ ငါချောက်ကျခဲ့တာလေး သတိရတယ်ကွာ' ဆိုပြီး . . .

'ငါ့စက်ဘီးက ကယ်ရီယာချဲ့ထားတယ် ဆိုပေမယ့် ပုံးကြီးတစ်ပုံး၊ အသေးတစ်ပုံးပဲ သယ်လို့ရတယ်လေ၊ ဒီတော့ အိမ်ကနေ နွားနို့စစ်စစ်တွေချည်းပဲ သယ်သွားပြီး မြို့ထဲရောက်မှ ရေရောရတယ်'

'ဟင် . . . လူတွေမြင်ကုန်မှာပေါ့'

Commercial use of this book will be at your OWN RISK !

'ဘယ်မြင်မလဲကွ၊ ဒီလိုလေ . . . မြို့ထဲမှာ ငါတို့လို နို့သမားတွေကို ရေရောင်းတဲ့ အိမ်တွေရှိတယ်၊ အစိတ်သား တစ်ခွက်ကို ငါးပြားပေးရတယ်၊ အဲဒီအိမ်မှာ အပ်ထားတဲ့ ပုံးတစ်ပုံးကိုပါ သုံးပြီး နှစ်ပုံးကို သုံးပုံးဖြစ်အောင် လုပ်ရတာပေါ့ကွာ၊ ဟား . . . ဟား'

တစ်နေ့တော့ ရေရောနေတုန်း တိုက်တိုက်ဆိုင်ဆိုင် သူ နွားနို့သွင်းနေကျ လက်ဖက်ရည်ဆိုင်မှ ပိုင်ရှင်သည် ထိုအိမ်ထဲ ဝင်လာသည်။ သူ့ကို တွေ့လျှင် အကုန်ပေါ်တော့မည်။ နို့ပုံးတွေက ရေတိုင်ကီဘေးမှာ ချထားတာကိုး။ အိမ်ပြင် ထွက်ဖို့လည်း အချိန်မရတော့။ သို့ဖြင့် ပုန်းစရာနေရာ ရှာသည်။ အိမ်သာထဲ ဝင်ပုန်းနေလိုက်သည်။

ဖြစ်ချင်တော့ လက်ဖက်ရည်ဆိုင် ပိုင်ရှင်ကလည်း သူ့ဆိုင်ကအိမ်သာ မအားသဖြင့် ဒီအိမ်မှာ လာတက်ခြင်းပင်။ စိန်ကြောင်ကလည်း မထွက်ရဲ။ ထိုလူကလည်း ဗိုက်ထဲက ရစ်နေသဖြင့် ညည်းညူနေသည်။ ထိုစဉ် အိမ်ရှင်က . . .

'ဟေ့ကောင်လေး . . . ကြာလှချေလား၊ ဒီမှာ လူစောင့်နေတယ်ကွ' ဟု အော်သဖြင့် မတတ်နိုင်ဘဲ ထွက်လာရ သည်။

'လက်ဖက်ရည်ဆိုင်ရှင်က ရိပ်မိမှာပေါ့'

'ရိပ်မိတာပေါ့ကွ၊ ဒါပေမယ့် ချက်ချင်းတော့ ဘာမှမပြောနိုင်ဘူး၊ သူလဲ အိမ်သာတက်ချင်ဇောနဲ့ ဝင်ပြေးရတာကိုး၊ သူ အိမ်သာထဲဝင်နေတုန်း ငါလဲ အစိတ်သားတစ်ခွက် ကမန်းကတန်းရောပြီး လစ်ရတာပဲ'

'အရေးထဲမှာတောင်ကွာ'

'မတတ်နိုင်ဘူးလေ၊ ရိပ်မိမှတော့ ဘာထူးမှာလဲ၊ ငါမရောလဲ သူက ရောတယ် ပြောတော့မှာပဲ၊ ဆိုင်ရောက်တော့ အလုပ်ရှုပ်နေကြလို့ ငါ့နို့ကို ချက်ချင်း မယူနိုင်ကြသေးဘူး၊ ဒီအချိန်မှာ ဆိုင်ရှင်ကလဲ ပြန်ရောက်လာတယ်၊ ပြီးတော့ ဟေ့ကောင်လေး . . . မင်း ဟိုအိမ်မှာ ရေဝင်ရောတယ် မဟုတ်လား မေးတာပေါ့၊ ဒီတော့ ဟာ . . . မဟုတ်ပါဘူး၊ အိမ်သာတက်ချင်လို့ ဝင်တာပါ၊ ကျွန်တော့်နို့က စစ်ပါတယ်၊ ဒီမှာကြည့်ဆိုပြီး နို့ထဲ လက်ခလယ်နှစ်ပြီး ထုတ်ပြ လိုက်တယ်၊ နွားနို့ကောင်းရင် လက်မှာ စေးပြီးဖြူနေရတယ်၊ ရေရောတာ များသွားရင် တောက်ခနဲ လျှောကျသွား ရော'

'မင်းမိသွားရောပေါ့'

Commercial use of this book will be at your OWN RISK!

'ဘယ်ဟုတ်မလဲ၊ ငါက ဆိုင်ထဲရောက်ကတည်းက မယောင်မလည်နဲ့ နံပြားဖိုက ဂျုံမှုန့်တွေ လက်မှာလူးပြီး လက်ခလယ်ကို ဝှက်ထားတာကိုး၊ ဒီတော့ နို့တွေ ဂျုံမှုန့်နဲ့ကပ်ပြီး စေးနေတာပေါ့'

'မင်း တော်တော်လည်တဲ့ကောင်'

'ဒါပေမဲ့ ကံဆိုးချင်တော့ကွာ၊ ဆိုင်ရှင်က ငါ့လက်ကို ကြည့်ရင်း၊ ဟေ့ကောင် . . . ဒါက ဘာလဲကွလို့ လက်ညှိုးထိုးပြတယ်၊ ဖြစ်ပုံများတော့ကွာ၊ ငါ့လက်ခလယ်မှာ နို့နဲ့အတူ ကပ်ပါလာတာက လှုပ်တုတ်လှုပ်တုတ်နဲ့ တွန့်လိမ်နေတဲ့ ပိုးလောက်လန်း တစ်ကောင်ကိုးကွ'

ကျွန်တော်တို့ ဝိုင်းရယ်ကြသည်။ သူက မရယ်ဘဲ . . .

'ငါတော့ နားရင်းအုပ်ခံရပြီလို့ ထင်တာ၊ ဒါပေမယ့် ဆိုင်ရှင်က ရယ်ပြီး လုပ်မဲ့လုပ်လဲ ပိပိရိရိ လုပ်မှပေါ့ကွာ၊ နွားနို့သမားတိုင်း ရေရောတယ်ဆိုတာ ငါလဲ သိပါတယ်ကွ၊ ဒါပေမယ့် လောဘတော့ သိပ်မကြီးနဲ့၊ မင်းချည်းပဲ ရေရောချင်လို့ ရမလား၊ ငါတို့ရောဖို့လဲ ချန်ထားဦးမှပေါ့ တဲ့ . . .'

စိန်ကြောင်က ခေါင်းတစ်ချက် ဆတ်လိုက်ပြီးတော့ . . .

'အဲဒီကတည်းက စီးပွားရေး လုပ်တယ်ဆိုတာ ကိုယ်တစ်ယောက်တည်း စားဖို့ မကြည့်ရဘူး၊ သူများကိုလည်း ပေးစားရတယ်ဆိုတဲ့ အသိပညာကို ငါရခဲ့တာပဲ' ဟု လေးနက်စွာ ပြောလေသည်။

Commercial use of this book will be at your OWN RISK !

# အခန်း ( ၄ )

စိန်ကြောင်သည် ဆယ်တန်းစာမေးပွဲကို နှစ်နှစ်ဆက်တိုက် ဖြေဆိုပြီးနောက် အောင်မြင်လေသည်။ ဒီမှာပဲ သူနှင့် သူ့အဖေ ပြဿနာတက်ကြသည်။ သူ့အဖေက သူ့ကို ဘွဲ့ရပညာတတ် ဖြစ်စေချင်သည်။ စိန်ကြောင်ကလဲ စီးပွားရေးလောကတွင် ပညာတတ်သူက ပို၍ တစ်ပန်းသာကြောင်း သိသည်။

သို့တိုင်အောင် . . . သူတို့ သားအဖ နှစ်ယောက်ကြားမှာ သဘောထားကွဲလွဲမှု တစ်ခုရှိနေ၏။ သူ့အဖေက ဝိဇ္ဇာသိပ္ပံ တက္ကသိုလ်တက်ပြီး ကျောင်းအားချိန်မှာမှ အိမ်အလုပ် ကူလုပ်စေချင်သည်။ သူကတော့ အလုပ်ထဲ ခြေစုံပစ်ဝင်ပြီး အလုပ်အားချိန်မှာ ကျောင်းတက်ချင်သည်။

'ဟော့ကောင် . . . ပညာရေးက အဓိကကွ၊ မင်းကို အလုပ်ပဲ လုပ်ခိုင်းချင်မှတော့ ဆယ်တန်းအောင်တဲ့အထိ ငွေအကုန်ခံပြီး စာသင်ပေးပါ့မလား၊ အရင်က မင်းကို ကျောင်းတက်ရင်း အလုပ်လုပ်ခိုင်းရတာက မတတ်သာလို့ အခြေအနေအရ ခိုင်းရတာ၊ အခု ငါ မင်းကို ကျောင်းထားနိုင်ပြီ၊ မင်း အလုပ်လုပ်ချင်လဲ ကျောင်းတက်ရင်း ကူလုပ်လို့ရတာပဲ'

'ကျွန်တော်က ကျောင်းတက်ရင်း အလုပ်လုပ်ချင်တာ မဟုတ်ဘူး၊ အလုပ်လုပ်ရင်း ကျောင်းတက်ချင်တာ အဖေရ'

သူတို့ သားအဖ ကိစ္စမှာ ထမင်းစားဖို့ စာရေးတာလား၊ စာရေးဖို့ ထမင်းစားတာလား ဆိုသော ပြဿနာလို ဖြစ်နေ၏။ စိန်ကြောင်သည် သူ့အဖေ

Commercial use of this book will be at your OWN RISK !

စကားကို အမြဲလိုလို နားထောင်ခဲ့ပြီး ဒီတစ်ခါကျမှ အချေအတင် ပြန်ပြောနေသဖြင့် သူ့အဖေ စိတ်တိုလာသည်။

'မင်းက အလုပ်သိပ်လုပ်ချင် နေတာက ဘာသဘောလဲ၊ မိန်းမ ယူချင်လို့လား ဟေ့ကောင်'

'ဟာ . . . ပေါက်ပေါက်ရှာရှာ၊ အဖေ့ကို ကြည့်ပြီး စိတ်ကုန်လွန်းလို့'

'ဘာပြောတယ်'

သူ့အဖေသည် သူ့အမေကို နည်းနည်း ကြောက်ရသဖြင့် ဒါကို ပြောတာလားဆိုပြီး အဖိုးကြီး နာသွားသည်။

'မင်းက ဘာကောင်လဲ၊ မင်း စီးပွားရေး မင်းလုပ်ပြီး တစ်စင်ထောင်မလို့ပေါ့လေ၊ ငါ့ကို ခြေရာတိုင်းတာလားကွ၊ ဟုတ်လား'

ဒီစကား စိန်ကြောင့် အမေ ကြားတော့ . . .

'အံမယ်တော် ကိုအေးမောင်၊ ခြေရာချင်းတိုင်းကြည့်ရင် ကျုပ်သားကြီးခြေရာက ကြီးတော့မပေါ့၊ မယုံရင် သားကြီးကို ရှင့်ဖိနပ် စီးခိုင်းကြည့်ပါလား၊ ဖနောင့် လက်တစ်ဆစ်လောက် ထွက်နေလိမ့်မယ်'

ဒီလိုနှင့် အဖိုးကြီး အလျှော့ပေးလိုက်ရသည်။ စိန်ကြောင်သည် လုပ်သားကောလိပ် တက်ခွင့်ရရန် သူ့နည်းသူ့ဟန်နှင့် ကြိုးစားလေတော့သည်။

× × × × × × ×

နွားနို့ ပို့သည့် အလုပ်မှာ အခြေအနေမဆိုးလှ။ သို့ရာတွင် ကြီးပွားတိုးတက်နိုင်သည့် အလုပ်တော့မဟုတ်။ တိုးတက်သည့် နိုင်ငံတွေမှာလို နွားနို့ပို့သည့်အလုပ်ကို ကုမ္ပဏီတစ်ခုထောင်ပြီး အကြီးအကျယ် လုပ်လို့ရသည်မဟုတ်။

နောက်တစ်ချက်ကတော့ နွားနို့ကောက်ပြီး ဆိုင်တွေ လိုက်ပို့ရသည့်ကိစ္စမှာ သူတို့အတွက် လွယ်ကူလွန်းသည်။ သူတို့သားအဖ၏ လုပ်ရည်ကိုင်ရည် ကြံရည်ဖန်ရည်နှင့် ဆိုလျှင် နွားနို့အလုပ်မှာ အသေးအဖွဲသာ ဖြစ်၏။

သားအဖ နှစ်ယောက် တိုင်ပင်ကြသည်။

Commercial use of this book will be at your OWN RISK !

'ပုံနှိပ်စက်ကလေး တစ်လုံးလောက် ထောင်ရရင် မကောင်းဘူးလား အဖေ' ဟု စိန်ကြောင် အကြံပြုသည်။

'မင်းက ဘယ်လိုက ဘယ်လို စိတ်ကူး ရလာလို့လဲ'

'တစ်လောက သူငယ်ချင်းတစ်ယောက်ရဲ့ အစ်ကို မင်္ဂလာဆောင်တော့ ဖိတ်စာရိုက်ဖို့ မြို့ထဲလိုက်သွားဖူးတယ်၊ ကျွန်တော်တို့ဘက်မှာ ပုံနှိပ်စက် တစ်လုံးမှ မရှိသေးဘူး၊ ရိုက်စရာရှိရင် မြို့ထဲထိ သွားသွားနေရတယ်၊ အဲဒါနဲ့ စိတ်ကူး ရတာပဲ'

'အေး . . . မင်းအကြံ မဆိုးဘူး၊ ဒါပေမယ့် ငါတို့က ပုံနှိပ်စက် အကြောင်း ဘာမှ နားမလည်တာက ခက်တယ်'

'ပုံနှိပ်စက် တစ်ခုမှာ ကျွန်တော် အလုပ်သင်ဝင်လုပ်ရင်း လေ့လာမယ်လေ'

'ပုံနှိပ်စက်တစ်လုံး ဘယ်လောက်ပေးရမလဲ'

'ဒါတော့ ကျွန်တော်လဲ မသိဘူး'

'အေးကွာ . . . ဖြစ်အောင် ကြံကြတာပေါ့'

ဒီလိုနှင့် စိန်ကြောင်သည် ပုံနှိပ်စက်တစ်ခုမှာ ပညာသင်အလုပ်သမား ဝင်လုပ်သည်။ သူက ဖင်ပေါ့ပြီး သွက်သွက်လက်လက် ရှိသဖြင့် ပိုင်ရှင်က သဘောကျသည်။ သို့ရာတွင် တတ်လွယ်လွန်းသဖြင့် စက်ဆရာက သူ့နေရာ ဝင်လုမည်ကို စိုးရိမ်လာသည်။ ထို့ကြောင့် စိန်ကြောင်ကို ပညာစုံမပေးဘဲ လျှို့ထားပြီး ညစ်လာသည်။

ပုံနှိပ်စက်ပညာမှာ အရေးအကြီးဆုံးက 'ရယ်ဒီ' လုပ်သည်ဟု ခေါ်သော ချိတ်ကွင်းသွင်းခြင်းနှင့် ပင်ချိန်ခြင်း တို့ပင်ဖြစ်၏။ (သူလုပ်ရသော စက်မှာ လက်ထိုးစက် အမျိုးအစား ဖြစ်သည်။) ရိုက်မည့် စာရွက်များကို တစ်ရွက်ချင်း လက်နှင့် ယူထည့်ပေးရသည်။

လက်ထိုးစက်မှာ ပင်ချိန်ရခြင်းသည် အလွန်လက်ဝင်သည်။ ပလင်ခေါ် စက္ကူထည့်ရမည့် နေရာတွင် ပင်အပ်ကလေးတွေ ဟိုရွှေ့ဒီရွှေ့စိုက်ပြီး ချိန်သား ကိုက်အောင် လုပ်ရသည်။ လိုသလိုရပြီဆိုမှ ခဲတုံးကလေးများနှင့် အသေကပ်ပြီး ချိန်ရသည်။

ပြီးတော့ ရိုက်နှိပ်ရာတွင် မင်သားညီစေရန် ကတ်ပြားလေးတွေ ခုရတာ ကလည်း အလွန်အသေးစိတ်သည်။ တစ်ခါတစ်လေ ခဲစာလုံးလေး တစ်လုံး လောက် နိမ့်ကျနေတာမျိုးကို စိတ်ရှည်လက်ရှည် ပြုပြင်ရတတ်သည်။

Commercial use of this book will be at your OWN RISK !

‘ငါ့စက်ဆရာက ငါ့ကို ညစ်ပုံကတော့ ပင်ချိန်တော့မယ်ဆိုရင် ဆေးလိပ်ဝယ်ခိုင်းရော၊ သူလုပ်တာကိုင်တာ ငါ ကြည့်လို့မရအောင်လို့ ပေါ့ကွာ၊ သူသောက်တာကလည်း ကွမ်းသီးဖက်ဆေးလိပ်ကွ၊ နီးနီးနားနားကဆိုင်မှာ မရှိဘူး၊ အဝေးကြီး သွားဝယ်ရတာ၊ ဆေးလိပ်ဝယ်ပြီး ပြန်လာရင် ပင်ချိန်လို့ပြီးနေပြီ၊ ဒီလိုချည်းပဲ လုပ်နေတော့ ငါလဲ ကြံရဖန်ရတာပေါ့’

နောက်တစ်ခါ ဆေးလိပ်ဝယ်ခိုင်းသောအခါ သွားချင်ယောင်ဆောင်၍ ထွက်သွားပြီးမှ တကယ်မသွားဘဲ ပြန်လှည့်ပြီး ချောင်းကြည့်ရသည်။ ပင်ချိန်လို့ပြီးလောက်မှ ဆေးလိပ်ဝယ်ရာက ပြန်လာသလိုလိုနှင့် ပြန်ဝင်လာသည်။

‘ဒါဆို ဆေးလိပ်ကကော’

‘သူသောက်တဲ့ ကွမ်းသီးဖက်ဆေးလိပ်ကို မနက်အလုပ်ကို လာကတည်းက ဝယ်လာပြီး ဝှက်ထားတာ၊ သူ ဆေးလိပ်သွားဝယ်ခိုင်းပြီဆိုမှ စွပ်ကျယ်အင်္ကျီကြားထဲ အသာလျှိုထည့်သွားတာပေါ့၊ ဒီတော့ သူကလဲ ငါတကယ် ဆေးလိပ်သွားဝယ်တယ်ပဲ ထင်နေတာ’

စိန်ကြောင်သည် သူ့ကိုညစ်သူကို နည်းနည်းဖြစ်ဖြစ် ပြန်ထစ်ရမှ ကျေနပ်သူဖြစ်၏။

သို့ဖြင့် တစ်ရက်တွင် စက်ဆရာအလစ်မှာ ချိတ်ကွင်းထဲ ထည့်၍ အဆင်သင့် ပြင်ထားပြီးဖြစ်သော မက်တာ (ခဲစာလုံးများ စီထားသော စာစု) ၏ နှစ်နေရာ သုံးနေရာလောက်ကို တူနှင့် ခပ်ဆတ်ဆတ် ထုထားလိုက်၏။ သာမန်မျက်စိဖြင့် ကြည့်လျှင် မသိသာသော်လည်း ခဲစာလုံးများမှာ လက်သည်းခွံလောက်ကလေး ပြားသွားလျှင်ပင် ပုံနှိပ်ရာမှာ အခက်အခဲ ဖြစ်တော့သည်။ စက်ဆရာကလည်း ချွေးပြန်ရလောက်အောင် ဒုက္ခများသွားတော့သည်။

‘ဘာပဲဖြစ်ဖြစ်လေ၊ ဒီစက်ဆရာကို ကျေးဇူးတော့ တင်ပါတယ်၊ ပညာတစ်ခုကို လွယ်လွယ်ကူကူရရင် တန်ဖိုးထားချင်မှ ထားမယ်၊ ခုလို ခက်ခက်ခဲခဲ ယူခဲ့ရတာဆိုတော့ ဒီပညာကို အထင်မသေးရဲတော့ဘူး၊ သူလုပ်ပုံကိုင်ပုံ ခိုးကြည့်ရတာ လွယ်တာမဟုတ်ဘူးကွ၊ အပေါ်စီးကကြည့်မှ ထင်ထင်ရှားရှား မြင်ရမှာမို့ ခေါင်မိုးနားက လေဝင်ပေါက်ထိ ကုတ်ကတ်တက်၊ ထုပ်တန်းကိုခွပြီး ဖက်ထားပြီးမှ ကြည့်ရတာ’

သူက ခုလို ပညာကို ကြိုးစားသင်ယူနေတုန်း သူ့အဖေကလည်း ပုံနှိပ်စက်တွေအကြောင်း လေ့လာသည်။ လုပ်ငန်းသဘာဝကို စနည်းနာသည်။ ဒီလိုနှင့် ပုံနှိပ်စက်ထောင်နိုင်ဖို့ အဆင်သင့်ဖြစ်လာသည်။

Commercial use of this book will be at your OWN RISK!

နွားနှစ်ကောင်ကိုရောင်း၊ စုဆောင်းထားသမျှ ထပ်ဖြည့်တာတောင် စက်ဝယ်ဖို့မလုံလောက်သေး။ သို့ရာတွင် စိန်ကြောင် ပညာသင်ခဲ့သည့် ပုံနှိပ်စက်ပိုင်ရှင်က သူ့လုပ်ရည်ကိုင်ရည်ကို သဘောကျသဖြင့် ကူညီသည်။ စက်တစ်လုံး ငှားလုပ်နိုင်အောင် စီစဉ်ပေးသည်။

ထို့နောက်ပိုင်းတွင် စိန်ကြောင် နွားကျောင်းတာကို မတွေ့ကြရတော့။ သူ့စက်ဘီး ကယ်ရီယာမှာလည်း နွားနို့ပုံးတွေ မတွေ့ရတော့။ စက္ကူထုပ်တွေ၊ ပုံနှိပ်မင်ဘူးတွေသာ တွေ့ရတော့သည်။

သူတို့အိမ်သည် ခုထိ တဲကြီးတစ်လုံးသာ ရှိသေးသည်။ ပုံနှိပ်စက်အတွက် စပေါ်တင်ရခြင်း၊ လျှပ်စစ်မီးရအောင် ကြိုးစားရခြင်းတို့ကြောင့် အိမ်ကို ပြုပြင်ဖို့ မစဉ်းစားနိုင်သေး။

အိမ်၏ အရှေ့ဘက် တစ်ခြမ်းကို သီးသန့်ကာ၍ ပုံနှိပ်စက်ခန်း လုပ်ထားသည်။ ထိုအခန်းထဲ ဝင်သွားလျှင် ပုဆိုးစုတ်ခပ်တိုတို၊ လေးကွက်ကျား စွပ်ကျယ်၊ ခုံဖိနပ်၊ သို့တည်းမဟုတ်၊ ရာဘာဖိနပ် မြီးတိုတို့ကို ဆင်မြန်းထားသော စိန်ကြောင်တစ်ယောက် ပုံနှိပ်စက် တဂျောင်းဂျောင်း ရိုက်နေတာ တွေ့နိုင်၏ ။

သူဝတ်သော စွပ်ကျယ်မှာ လေးနံစပ်ဖြစ်၏။ စွပ်ကျယ်စက်ရုံက ရက်လုပ်ပြီး အပေါက်အပြဲ ပါနေသော စွပ်ကျယ်များကို လေလံတင် ရောင်းလေ့ရှိသည်။ အကွက်မြင်သူများက လေလံဆွဲဝယ်ယူပြီး ပြန်ချုပ်သည်။ ဥပမာ စွပ်ကျယ်တစ်ထည်က အောက်ပိုင်းစုတ်၍ အထက်ပိုင်း ကောင်းသည်။ နောက်တစ်ထည်က အောက်ပိုင်းကောင်းပြီး အထက်ပိုင်းစုတ်သည်။ ထိုနှစ်ထည်မှ ကောင်းသည့် အပိုင်းနှစ်ခုကို ဖြတ်ထုတ်၍ ပြန်ဆက်လိုက်သောအခါ ချုပ်ရိုးရာ ထင်ခြင်းကလွဲ၍ အကောင်းတစ်ထည် ဖြစ်လာသည်။

တစ်ချို့ကျတော့ လေးပိုင်းဆက်ရသည်။ စွပ်ကျယ်အကောင်း အသစ်တစ်ထည်ကို ၇ ကျပ် ဖြစ်နေချိန်တွင် နှစ်ပိုင်းစပ်က ၄ ကျပ်၊ လေးပိုင်းစပ်က ၃ ကျပ် ဖြစ်၏။ စိန်ကြောင်က ၃ ကျပ်တန်ကို ဝယ်ဝတ်သည်။ ထို့ကြောင့် သူ့စွပ်ကျယ်ကို ကျွန်တော်တို့က လေးကွက်ကျားဟု ခေါ်ကြသည်။

သူသည် ကတ္တီပါကြိုးတပ် သားရေဖိနပ်ကို ဘယ်တော့မှ မစီးချေ။ လက်ဝါးတံဆိပ် ပြည်တွင်းဖြစ် ရာဘာဖိနပ်ကိုသာ စီးသည်။ သည်းကြိုးပြတ်တိုင်း လဲစီးရာ နောက်ဆုံး ဖိနပ်မြီးတိုအဖြစ်သို့ ရောက်သည်အထိပင်။

Commercial use of this book will be at your OWN RISK !

သူ၏ ထူးခြားချက် တစ်ခုမှာ ငယ်ငယ်ကတည်းက အဝတ်အစား နွမ်းပါးစုတ်ချာမှုအတွက် ဘယ်တော့မှ ရှက်ခြင်း၊ သိမ်ငယ်ခြင်း မရှိ၊ တောမှာတုန်းက အင်္ကျီတောင် ဝတ်တာမဟုတ်ဘူးဟု သူက ပြောတတ်သည်။

သူနှင့်တူတူ သွားသည့်အခါတိုင်း သတိပြုမိတာ တစ်ခုရှိ၏။ သွားရင်းလာရင်း လမ်းပေါ်မှာ သံချောင်းကလေးတွေ၊ သံကွင်းကလေးတွေ အစရှိသဖြင့် တွေ့လျှင် အမှတ်တမဲ့ ကျော်ဖြတ်သွားခြင်းမရှိ။ ကောက်ယူပြီး အိတ်ထဲ ဂရုတစိုက် ထည့်ထားတတ်သည်။

'မင်းနဲ့ သွားရလာရတာ တော်တော်အောက်တယ်ကွာ၊ ဟိုဟာကုန်းကောက် ဒီဟာကုန်းကောက်နဲ့၊ ပလတ် စတစ်ကောက်တဲ့လူ ကျနေတာပဲ' ဟု ကျွန်တော်ပြောသောအခါ . . . .

'အမယ် . . . ဟေ့ကောင်၊ ဒီဝါရှာလေးတစ်ကွင်း သွားဝယ်ရင် တစ်မတ်လောက် ပေးရတာ၊ တစ်မတ်ထက် အရေးကြီးတာက အသုံးလိုတဲ့အချိန်ကျရင် သိပ်အဖိုးတန်တယ်၊ တစ်ခါတစ်လေ ညကြီးမင်းကြီး ဆိုင်တွေ ပိတ်ချိန်ကျမှ လိုချင်လိုတတ်တာ၊ သံကွင်းလေးတစ်ကွင်း မရှိလို့ ပုံနှိပ်စက်ကြီး တစ်ခုလုံး ရပ်ထားရတာ ဘယ်လောက် နစ်နာသလဲ၊ ဒါ ငါ့အဖေဆီက ရတဲ့အကျင့်ကွ၊ ရန်ကုန်ရောက်တဲ့ အချိန်ကစပြီး တို့သားအဖ နှစ်ယောက် လမ်းမှာတွေ့လို့ ကောက်ကောက်ပြီး စုထားတဲ့ သံတိုသံစလေးတွေ နို့မှုန့်ဘူးနဲ့ တစ်ဘူးလောက် ရနေပြီ'

တစ်ခါတော့ ကျွန်တော်ကိုယ်တိုင်ပင် သူ့အကျင့်၏ အသုံးဝင်မှုကို တွေ့လိုက်ရသည်။ သူက တွယ်ချိတ်ကလေးတစ်ခု ကျနေတာ တွေ့သဖြင့် ကောက်ယူလာသည်။ ကျွန်တော်က သူ့ကိုဟားသည်။ ခဏကြာတော့ ကျွန်တော့်ဖိနပ် ပြတ်သွား၏။ ထိုအခါ သူကောက်လာသော တွယ်ချိတ်ကို အသုံးပြုခြင်းဖြင့် ဆက်စီးသွားလို့ရသည့် အခြေအနေ ဖြစ်သွားသည်။ ထို့နောက်ပိုင်းတွင် သူ ပစ္စည်းကောက်သည့် ကိစ္စကို ကျွန်တော် မလှောင်ပြောင်မိတော့။

သူ့အတွေးအခေါ်တွေက တစ်ခါတစ်လေ လူအများနှင့်မတူဘဲ ဖြစ်နေတတ်၏။ ကျွန်တော်တို့ မိတ်ဆွေတစ်ယောက် နာတာရှည်ရောဂါ ဖြစ်ရာမှ အခြေအနေဆိုးလာသဖြင့် ဆေးရုံတင်ရသည်။ ကျွန်တော်တို့ သတင်းသွားမေးကြသည်။ ကျွန်တော်က လိမ္မော်သီးတို့ မုန့်တို့ ဝယ်သွားချင်သည်။ စိန်ကြောင်က . . .

'ဘာမှ ဝယ်မသွားနဲ့ဦး၊ လူနာက စားလို့ရမရ မသေချာဘူး၊ စားလို့မရဘူးဆိုရင် လူကောင်းတွေက အုပ်ပစ်လိမ့်မယ်၊ ဒါဆို ဝယ်သွားရတာ အကျိုးမရှိဘူး'

Commercial use of this book will beat your OWN RISK !

သူပြောသလို လူနာ၏ အခြေအနေက မကောင်း။ အစာလည်း လုံး၀ မ၀င်တော့။ ရက်ပိုင်းအတွင်း သေဖို့ ကျိန်းသေသလောက် ဖြစ်နေသည်။ ကျွန်တော်တို့ တတ်နိုင်သလောက် စုပြီး လူနာမိသားစုကို ထောက်ပံ့ဖို့ စီစဉ်ကြသည်။ စိန်ကြောင့်ဆီ ငွေသွားကောက်တော့ သူက . . .

'လူနာက သေတော့မှာပဲကွ၊ ခုချိန် ပိုက်ဆံပေးလဲ ဘာမှမထူးဘူး၊ သေပြီးတော့လဲ ကူငွေထည့်ရဦးမှာဆိုတော့ နှစ်ခါပေးနေရမယ်၊ အသုဘကျမှ တစ်ခါတည်း ပေးတော့မယ်' ဟု ဆို၏။ ကျွန်တော်တို့ စိတ်ထဲမှာ နာရေးကိစ္စမှာတောင် ဒီကောင်က စီးပွားရေးတွက် တွက်နေတယ်ဆိုပြီး စိတ်ဆိုးမိကြသည်။

လူနာတကယ် သေဆုံးသွားသည့် အခါကျတော့ ကျွန်တော်တို့က ငါးကျပ်စီလောက်ပဲ ကူငွေထည့်နိုင်သည်။ စိန်ကြောင်ကတော့ အသုဘရှု့ တရားနာဖိတ်စာကို အခမဲ့ ရိုက်ပေးခြင်း၊ သင်္ဂြိုဟ်ရေးကိစ္စမှာ အကုန်အကျ သက်သာအောင် စီစဉ်ဆောင်ရွက်ပေးခြင်း စသည်ဖြင့် အကုန်အကျခံကာ ကူညီတတ်ပြန်သည်။

သူက ပြော၏။

'နာတာရှည် လူမမာ တစ်ယောက် ဆုံးပြီဆိုရင် ဆေးကုတဲ့စရိတ် ထောင်းခဲ့လို့ ကျန်ရစ်တဲ့မိသားစုမှာ ဖြူခါ ပြာခါကျပြီး ကျန်ခဲ့တတ်တယ်၊ သင်္ဂြိုဟ်စရိတ်အခက်အခဲဖြစ်ဖို့ ကျိန်းသေပဲ၊ လူနာဆုံးလို့ စိတ်မကောင်းဖြစ်ရတာက တစ်မျိုး၊ ငွေမရှိလို့ ရှာရတာက တစ်ဒုက္ခ၊ သိပ်စိတ်ဆင်းရဲရတယ်၊ အဲဒီလို အခါမျိုးမှာ ကူညီရတာမှ တကယ်ထိုက်တန်တာကွ'

သူ့အတွေးအခေါ်များသည် တစ်ခါတစ်ခါ နားလည်ရခက်လေသည်။

× × × × × × ×

သူသည် မင်္ဂလာဆောင်တို့ မွေးနေ့ပွဲတို့ သိပ်သွားလေ့မရှိခဲ့။ အစတုန်းကတော့ အ၀တ်အစားကောင်းကောင်း မရှိသောကြောင့် ဖြစ်၏။ နောက်ပိုင်းကျတော့ ထိုအကျင့်ကစွဲသွားပြီး တော်တော်ရင်းနှီးသည့် သူငယ်ချင်း မင်္ဂလာဆောင်ကိုတောင် သွားချင်မှသွားသည်။

Commercial use of this book will be at your OWN RISK!

'သူတို့က လုပ်စရာမရှိဘဲအားနေလို့ မိန်းမယူကြ၊ မင်္ဂလာဆောင်ကြတာကွ၊ ငါ့မှာ လုပ်စရာအလုပ်တွေ အမြဲရှိတယ်၊ မုန့်လေးစားလိုက်၊ ဟိုလူ့ရယ်ပြလိုက် ဒီလူ့ရယ်ပြလိုက်နဲ့ အလဟဿ အချိန် မဖြုန်းနိုင်ဘူး'

'ဒါကတော့ကွာ၊ တစ်သက်မှာတစ်ခါ မင်္ဂလာဆောင်ရတာပဲ၊ အသိအမှတ်ပြုတဲ့ အနေနဲ့တော့ သွားဖို့သင့်တာပေါ့'

'ငါမသွားလဲ အဲဒီမင်္ဂလာဆောင်က ဖြစ်မှာပဲ မဟုတ်လား၊ မင်္ဂလာဆောင်ကို လူအလာနည်းလို့ သတို့သားနဲ့ သတို့သမီး မယူဖြစ်ဘူးရယ်လို့ ရှိလို့လားကွ' ဟု ဆင်ခြေပေးတတ်သည်။ မင်း အလကား လူတောမတိုးရဲလို့ပါဟု ကျွန်တော်တို့က နှိမ်သော်လည်း သူက မမှု။

သူငယ်ချင်း တစ်ယောက်ယောက်က သူ့ပုံနှိပ်စက်မှာ မင်္ဂလာဆောင်ဖိတ်စာ အပ်လျှင် ဘယ်တော့မှ အလကား ရိုက်ပေးလေ့ မရှိချေ။

'ဘယ့်နှယ်ကွာ သူများသားသမီးကို သွေးမတော် သားမစပ်ဘဲ လုပ်ကျွေးတဲ့ ကောင်လောက်မိုက်တာ ဘယ်ရှိမလဲ၊ အဲဒီလို ကောင်မျိုးကို ငါက ဖိတ်စာ အလကားရိုက်ပေးရရင် ကျွန်ဝယ်ရာ အဆစ်ပါသလို ဖြစ်နေမှာပေါ့' ဆိုပြီး ခပ်ပြောင်ပြောင်ပင် ကျသင့်ငွေ တောင်းတတ်သည်။

သူသည် မင်္ဂလာဆောင်တို့ မွေးနေ့တို့သာ မသွားဘဲနေသည်။ နာရေးကိစ္စ ဆိုလျှင်တော့ ဘယ်လောက် အလုပ်များများ မဖြစ်မနေ သွားတတ်သည်။ အားတက်သရော ကူညီတတ်သည်။ အသုဘကိစ္စမှာတောင် ဒီကောင် လာဘ်မြင် ပုံကို မကြာခဏ တွေ့ကြရ၏။

ရင်းနှီးသော သူငယ်ချင်းတစ်ယောက်၏ အိမ်သူအိမ်သားတစ်ဦးဦး သေဆုံးလျှင် သူက အသုဘရှုဖိတ်စာ အလကား ရိုက်ပေးလေ့ရှိသည်။ ထိုသူမျိုး တစ်ယောက်ယောက် အသည်းအသန်ဖြစ်ပြီး မျှော်လင့်ချက် မရှိသော အခြေအနေ၊ ရက်ပိုင်းအတွင်း ဖိတ်စဉ်တော့မည့် အခြေအနေမျိုးမှာ ရှိနေပြီဆိုလျှင် စိန်ကြောင်သည် အသုဘရှု့ ဖိတ်စာအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်လေတော့သည်။

ဖိတ်စာရိုက်ဖို့ စက္ကူရှာထားသည်။ တစ်ခါတစ်ရံ စက္ကူအဆင်သင့် မရှိလျှင် အခက်အခဲ တွေ့ရတတ် သောကြောင့် ဖြစ်၏။ ထိုအခါမျိုးတွင် ရှိသောစက္ကူက အရွယ်ကြီးဖြစ်နေ၍ ဖြတ်ပစ်ရတာမျိုး၊ စက္ကူအကောင်းစား ဖြစ်နေ၍ တန်ဖိုး ပိုတက်တာမျိုး ကြုံရတတ်သည်။ အလကားရိုက်ပေးရခြင်းဖြစ်၍ သူ့အတွက် ငွေကုန်ကြေးကျ ပိုများသည်။ ထို့ကြောင့် ပိသချိန်နှင့်ရောင်းသော စက္ကူဖြတ်စ

Commercial use of this book will be at your OWN RISK!

တွေ ဝယ်ထားသည်။ ပြီးတော့ သေမည့်သူ၏ အမည်၊ မိဘ၊ သားသမီး၊ တူ၊ တူမ၊ ညီအစ်ကို၊ မောင်နှမ စသည်ဖြင့် သူမှတ်မိသလောက် ခဲစာလုံး စာစီထားနှင့်သည်။ တကယ်သေပြီဆိုသောအခါ ဘယ်နေ့ ဘယ်အချိန် ဆုံး၍ ဘယ်နေ့ ဘယ်အချိန် သင်္ဂြိုဟ်ပြီး ဘယ်နေ့ရက်လည် ဆိုတာလောက်သာ ဖြည့်ဖို့ လိုတော့သည်။

ဤသို့ အဆင်သင့် ပြင်ဆင်ထားသဖြင့် နာရီပိုင်းလေး အတွင်းမှာ ဖိတ်စာ ရိုက်ပြီးသွားသည်။ အသုဘရှင် အတွက်လည်း ဖိတ်စာဝေဖို့ အချိန်ပိုရသဖြင့် အဆင်ပြေသည်။ သူ့အတွက်လည်း အချိန်ကုန် သက်သာသဖြင့် အလုပ်မရှုပ်တော့။ သေဆုံးသူကတော့ မသေခင်ကပင် ဖိတ်စာရိုက်ဖို့ စီစဉ်ထားနှင့်တာ သိလျှင် အောင့်သက်သက် ဖြစ်ရပေလိမ့်မည်။

ဒါ့ထက်ဆိုးတာ ရှိသေးသည်။ တစ်ခါက သူငယ်ချင်း တစ်ယောက်၏ အမေဆုံးသည်။ ထိုသူငယ်ချင်းမှာ အတန်ငယ် နွမ်းပါးသဖြင့် တတ်နိုင်သမျှ ဝိုင်းကူကြရ၏။ စိန်ကြောင်က ဦးဆောင်သည်။ ခေါင်းသွားမှာသောအခါ ကျွန်တော်လည်း ပါသွားသည်။

ခေါင်းတွေက ဈေးကြီးလှသည်။ ဒါမျိုးဆိုတာကလည်း ကျဈေးစောင့်ပြီး ဝယ်လို့ရသည်မဟုတ်။ ကြို၍ဝယ်ထားလို့ ဖြစ်တာလည်းမဟုတ်။ ဝယ်သူဘက်က တင်းလို့ရနိုင်သော ပစ္စည်းမျိုးမဟုတ်။ သို့တိုင်အောင် စိန်ကြောင်က မရမက ဈေးဆစ်နေသည်။ ဆိုင်ရှင်ကလည်း သူ့ဆိုင်က ခေါင်းများမှာ အသားကောင်း ကြောင်း၊ ခိုင်ခံ့ကြောင်း ပြောနေသည်။

'ဟာဗျာ . . . အသားကောင်းတာ ဘာလုပ်ရမှာလဲ၊ မီးရှို့ပစ်မယ့်ဟာပဲ၊ အိမ်မှာ အလှထားမှာမှ မဟုတ်တာ'

ဆိုင်ရှင်က ဈေးမလျှော့နိုင်။ ခေါင်းမှာ သေသူ၏ အမည်နှင့် အသက်ကို ငွေရောင်စက္ကူဖြင့် ပြုလုပ်ပေးမည်ဟု ဆို၏။ နောက်ဆုံးတွင် စိန်ကြောင်က . . .

'ငါးဆယ်တော့ လျှော့ဗျာ၊ နှစ်လုံး ယူမယ်' ဟု ပြောလိုက်၏။ ကျွန်တော့် နှုတ်မှ ဟာခနဲ အသံထွက်သွားသည်။ ဒီကောင် ပေါက်ကရ လုပ်ပြီဟု တွေး သည်။ ဆိုင်ရှင်လည်း မျက်လုံးပြူးသွားသည်။ စိန်ကြောင်ကတော့ အတည်ပင် . . .

'ဟုတ်ပြီလား၊ ရော့ . . . စရန် ယူထားလိုက်'

ဆိုင်ရှင်သည် မယုံတစ်ဝက်၊ ယုံတစ်ဝက်နှင့်ပင် ပြေစာရေးပေးလိုက်သည်။ ဆိုင်ထဲက ထွက်လာကြတော့ . . .

Commercial use of this book will be at your OWN RISK !

'ဟော့ကောင် . . . မင်း ဘာတွေလျှောက်လုပ်တာလဲ၊ မလုပ်ကောင်းဘူးကွ'

ကျွန်တော်က ပြောရာ သူက . . .

မင်းဘာသိလဲ၊ ငါတို့ရပ်ကွက်ထဲမှာ အသည်းအသန်ဖြစ်နေတဲ့ လူမမာ တစ်ယောက် ရှိတယ်ကွ၊ ဆရာဝန်က နေ့တောင်မကူးဘူးလို့ ပြောထားတယ်၊ ဒီညသေမှာ ကျိန်းသေပဲ၊ သူ့ကိစ္စလဲ ငါပဲလိုက်လုပ်ပေးရမှာ၊ ဒါကြောင့် မထူးဘူး ဆိုပြီး ကြံုတုန်း မှာခဲ့ရတာပဲ၊ အခုကြည့်လေ ခေါင်းနှစ်လုံးအတွက် ငွေတစ်ရာ သက်သာသွားပြီ မဟုတ်လား'

'တတ်လဲ တတ်နိုင်ပါပေ့ကွာ၊ ခေါင်းတွေ ဈေးကျနေတဲ့အချိန်ဆိုရင် ဝယ်ပြီး လှောင်ထားမလားတောင် မသိဘူး'

'အံမယ် မလုပ်ကောင်းလို့ ကြည့်နေတာ ကိုယ့်လူ၊ ဒီအလုပ်လောက် စားသာ တာမရှိဘူး၊ ပရိဘောဂထဲမှာ ဈေးအကြီးဆုံးက ခေါင်းပဲ၊ နာရီနဲ့ငှားတဲ့ တက္ကစီထဲ မှာ ဈေးအကြီးဆုံးက အသုဘကားပဲကွ၊ ဒီမှာ . . . ဟော့ကောင်၊ လူတွေက မစားဘဲ နေလို့သာရချင်ရမယ်၊ မသေဘဲ နေလို့တော့မရဘူးကွ၊ မှတ်ထား'

သူက မလုပ်ကောင်းလို့ကြည့်နေတာ ဆိုသည့်တိုင် နာရေး ကိစ္စကို စီးပွားရေးဆန်ဆန် လုပ်ခဲ့သည့် သာဓကတွေတော့ ရှိခဲ့သည်။ တခြားတော့ မဟုတ်။ အသုဘ ကန်ထရိုက်ဆွဲခြင်းပင် ဖြစ်လေသည်။

ငွေကြေးချို့တဲ့သူ တစ်ဦးဦးသေဆုံး၍ သင်္ဂြိုဟ်စရိတ် အခက်အခဲ ဖြစ်နေ လျှင် သူက စိုက်ထုတ် အကုန်အကျခံ ဆောင်ရွက်ပေးသည်။ စေ့စေ့စပ်စပ် လုပ်တတ်သဖြင့် အကုန်အကျ သက်သာသည်။ တင့်တင့်တယ်တယ်လည်း ဖြစ်သွားသည်။ အသုဘရှု့ဖိတ်ကြားသင့်သူတွေကိုလည်း တစ်ယောက်မကျန် စာရင်းချ ဖိတ်နိုင်သဖြင့် စည်ကားသည်။ ကူငွေလည်း ပိုရသည်။

ဒါ့အပြင် သက်ဆိုင်ရာ ရပ်ကွက်လူကြီးဆီသွားပြီး ယခု သေဆုံးသူမှာ အလွန်ဆင်းရဲသဖြင့် သင်္ဂြိုလ်စရိတ်ပင် မတတ်နိုင်ကြောင်း၊ ထို့ကြောင့် အကောက်အစားကလေးရမှ အသက်ရှုချောင်မည် ဖြစ်ကြောင်း သနားလောက် အောင်ပြော၍ ကစားဝိုင်းလုပ်ခွင့် နားလည်မှုယူလိုက်သည်။

ရပ်ကွက်ထဲမှ ဝါသနာအလျောက် အပျော်ကစားသူတွေအပြင် ဒါမျိုးရှာပြီး လုပ်စားနေသူတွေကို တစ်ဝိုင်းသက်သက် ထောင်ပေးသည်။ ရသည့်အကောက်ကို သူက သိမ်းသည်။ ကူငွေကိုလည်း သူကပဲ တာဝန်ခံသိမ်းသည်။

Commercial use of this book will be at your OWN RISK !

ရလာသည့်အထဲမှ သူစိုက်ထုတ်ထားသည့်ငွေကို ပြန်နှုတ်သည်။ သူက အကွက်စေ့စေ့ လုပ်တတ်သဖြင့် အမြဲလိုလို ကုန်ကျစရိတ်ထက် ပိုပြီးရတတ်သည်။ ပိုငွေကို အသုဘရှင်အား ပေးသည်။

တစ်ခုတော့ရှိသည်။ ယင်းပိုငွေကို သူက အသုဘအတွက် ကူသည့်ငွေအဖြစ် ပေးခြင်းဖြစ်၏။ ထို့ကြောင့် အသုဘရှင်တွေက သူ့ကို ကျေးဇူးတောင် တင်ကြသေးသည်။

တကယ်ဆိုတော့ ထိုငွေမှာ အသုဘရှင် ရကိုရသင့်သည့် ငွေများပင်ဖြစ်၏။ တစ်ဖက်ကကြည့်တော့ သူတို့ဘာသာဆိုလျှင် မလုပ်တတ်၊ မကိုင်တတ်နှင့် ဒီလောက်ရမည်မဟုတ်။ ကြွေးတောင် တင်နိုင်သည်။ စိန်ကြောင်က ကြားဝင်ဆောင်ရွက်ပေးသဖြင့် ငွေပိုရလာသည်။ စိန်ကြောင်အနေနှင့် ငွေကြေးအရှင်းအနှီး စိုက်ထုတ်ပြီး အမြတ်အစွန်းကို လုံးဝမကြည့်တာ ဒီကိစ္စတစ်ခုတော့ ရှိလေသေးသည်ဟု ဆိုရပေလိမ့်မည်။

သူ ကျောင်းတက်သည့် ကိစ္စကိုလည်း ပြောပြရပေဦးမည်။

အမှန်အားဖြင့် သူသည် အစိုးရအလုပ် မလုပ်သဖြင့် လုပ်သားများကောလိပ်မှာ တက်ရောက်သင်ကြားခွင့်မရှိ။ သို့ရာတွင် သူ့နည်းသူ့ဟန်ဖြင့် ဘယ်လိုကြံသည်မသိ။ တက်ရောက်ခွင့် ရခဲ့သည်။

သူ့အနေဖြင့် ကျောင်းမှန်မှန်တက်နိုင်ဖို့ ကြိုးစားသော်လည်း အလုပ်ကများသဖြင့် အတန်းတော်တော်များများကို လွတ်ခဲ့ရသည်။ အထူးသဖြင့် စနေ၊ တနင်္ဂနွေနေ့ နေ့လယ်ပိုင်းတွေမှာ ရန်ကုန်တက္ကသိုလ်မှာ တက်ရသော လက်တွေ့သင်တန်းချိန်များကို သိပ်မတက်ဖြစ်။

ထို့ကြောင့် စာမေးပွဲနီးပြီဆိုလျှင် သူ ဒုက္ခများတော့သည်။ အတန်းဖော်သူငယ်ချင်းတွေဆီမှာ အောက်ကျ နောက်ကျခံပြီး စာအုပ်ငှားကူးရသည်။

'ငါတို့လဲ မင်းလိုပဲ အလုပ်တစ်ဖက်နဲ့ ကျောင်းတက်ရတာပဲကွ၊ သူများတွေ တစ်နှစ်လုံး ပင်ပင်ပန်းပန်း သင်ထားရတဲ့ မှတ်စုကို မင်းက အချောင်လိုချင်လို့ ဘယ်ရမလဲ' ဆိုပြီး ဒီကောင့်ကို ဝိုင်းဟောက်ကြသည်။

ထိုအခါမျိုးမှာတော့ သူသည် မျက်နှာငယ်လေးနှင့် တော်တော်သနားစရာကောင်း၏။ တစ်ယောက်က ဟောက်လွှတ်လျှင် နောက်တစ်ယောက်ဆီ သွားပြီး တောင်းပန် တိုးလျှိုးရသည်။ လက်ဖက်ရည်တိုက်၊ အရက်တိုက်နှင့် လိုက်ဖားရသည်။

Commercial use of this book will be at your OWN RISK !

လက်တွေ့ခန်းမှာ တာဝန်ယူသည့် သရုပ်ပြဆရာ၊ ဆရာမများကိုလည်း ရှိခိုးတောင်းပန်ပြီး လက်တွေ့သင်ခန်း စာများကို ရှင်းပြခိုင်းရသည်။

'ဟ ကောင်ရ လက်တွေ့ပါဆို၊ တကယ်လုပ်တတ်မှ တတ်မှာပေါ့၊ ပါးစပ်က ရှင်းပြတော့ ဘာထူးမှာလဲ'

'ရှင်းသာရှင်းပြပါ ဆရာရယ်၊ ကျွန်တော့်မျက်စိထဲမှာ တကယ်လုပ်သလို မြင်ယောင်ကြည့်ပါမယ်'

'ခက်တော့တာပဲ၊ စာမေးပွဲမှာ လက်တွေ့လုပ်ရတော့ မင်း ဘယ်လိုလုပ်မလဲ'

'သူများလုပ်တာကြည့်ပြီး လိုက်လုပ်သင့် လုပ်ရမှာပဲဆရာ'

ဘယ်လိုပင် ကြံဖန်သော်လည်း စာမေးပွဲတွင် နှစ်ဘာသာလောက်တော့ မဖြေနိုင် ဖြစ်တတ်စမြဲပင်။ ထိုအခါ ကျတော့လည်း သက်ဆိုင်ရာ ဆရာတွေကို သွားတွေ့ပြီး ငိုပြရတော့သည်။

'ဆရာရယ် . . . ကျွန်တော့်မှာ ရုံးကရတဲ့ လခလေးနဲ့ မစားလောက်လို့ အပြင်အလုပ်လဲ လုပ်ရသေးတယ်၊ ကြံ့သလို အရောင်းအဝယ်လေး လုပ်ရတာပေါ့ ဆရာ၊ တစ်ခါတစ်လေလည်း နယ်ထွက်ရတာ ရှိသေးတယ်၊ ကျွန်တော့်မှာ ကလေးကလဲ ငါးယောက်၊ အဖေကလဲ တော်တော်မမာဘူးဆရာ၊ ဒီဘွဲ့ရပြီးမှ ရာထူးလေး တစ်ထစ်တိုးမှာပါ ဆရာရယ်၊ ဆရာမှ မကယ်ရင်တော့ ကျွန်တော့် ဘဝ ရေစုန်မျောပါပြီ'

စသည်ဖြင့် ပါးစပ်ထဲတွေ့ရာတွေ လျှောက်ပြောသည်။ နှစ်တိုင်းလိုလို သူ့မှာ ကလေး လေးယောက်ဖြစ်လိုက်၊ ငါးယောက်ဖြစ်လိုက်၊ မှဆိုးဖိုဖြစ်လိုက်ဖြစ်။ သူ့အဖေကလည်း တစ်နှစ်တစ်မျိုး၊ လေဖြတ်တဲ့နှစ်မှာ ဖြတ်၊ နောက်တစ်နှစ် ကျတော့ နှလုံးရောဂါဖြစ်၊ နောက်တစ်နှစ် သွက်ချာပါဒ စသည်ဖြင့် သန်သန် မာမာကြီးနှင့် ရောဂါအမျိုးမျိုး အတပ်ခံနေရရှာ၏။

လုပ်သားကောလိပ်က ဆရာတွေ ဆိုတာကလည်း များသောအားဖြင့် နားလည်မှု ရှိတတ်ကြသည်။ လုပ်သားကောလိပ်မှာ အခြားတက္ကသိုလ် ကောလိပ် များနှင့် မတူ။ အလုပ်သမားတွေချည်း ဖြစ်၏။ အတော်များများ ကလည်း အိမ်ထောင်သည်တွေ ဖြစ်ကြသည်။

သူတို့မှ တက္ကသိုလ်ကျောင်းသား ကျောင်းသူဆိုပြီး ကြော့ကြော့မော့မော့ နေခွင့်ရသည်မဟုတ်။ တစ်နေ့လုံး အလုပ်လုပ်ရသည်။ အလုပ်ဆင်းလို့ သူများ တွေ အနားယူချိန်မှာ ကျောင်းကို အပြေးအလွှား လာတက်ကြရသည်။

Commercial use of this book will be at your OWN RISK!

ပြီးတော့ ဒီအချိန်က ဗိုက်အဆာဆုံးအချိန်။ ညနေစာ ထမင်းစားချိန်။ တစ်ချို့မှာ မုန့်ဟင်းခါးလေး တစ်ပွဲ။ အသုပ်ကလေး တစ်ပန်းကန်။ တစ်ချို့က ဗယာကြော်လေး နှစ်ခုသုံးခုဖြင့် ဝမ်းဖြည့်ကြရသည်။ တစ်ချို့ဆိုလျှင် ငွေအပို မသုံးနိုင်သဖြင့် ဘာမှ မစားဘဲ အဆာခံကြရသည်။ ရှစ်နာရီ၊ ရှစ်နာရီခွဲ၊ အတန်းပြီး အိမ်ပြန်ရောက်တော့ ကိုးနာရီခွဲ၊ ဆယ်နာရီ။ ထိုအခါကျမှ ထမင်းစားကြရသည်။

ပညာကို လိုချင်လွန်းသဖြင့် ဆင်းရဲဒုက္ခခံပြီး ကျောင်းတက်နေရရှာသူတွေ၊ သားသမီးမျက်နှာ၊ မိန်းမမျက်နှာတောင် ဝအောင်မကြည့်နိုင်ဘဲ ရုန်းကန်လှုပ်ရှား နေရသူတွေ။ တစ်ချို့ဆိုလျှင် ရုံးမှာ လုပ်သက်တော်တော် များနေပြီ။ ရာထူး တက်ဖို့ အချိန်တန်သော်လည်း ဘွဲ့မရသေးသဖြင့် တစ်နေရသည်။ ဒီလိုလူမျိုး တစ်နှစ်လောက် ကျလိုက်လျှင် ဘယ်လောက် နစ်နာရှာမလဲ။

ဆရာတွေက ဒီလိုတွေး၊ ဒီလိုစာနာပြီး အလွန်သက်ညှာစွာ ဆောင်ရွက်ပေး တတ်၏။ ဒီလိုလူတွေကြားမှာ စိန်ကြောင်လိုကောင်ကလည်း ရောယောင်ပြီး အခွင့်အရေးတွေ ရခဲ့တော့သည်။ သို့ဖြင့် သူ တစ်နှစ်တစ်တန်း မှန်မှန် အောင်ခဲ့ သည်။

စိန်ကြောင်ကား ကျေးဇူးကန်းတတ်သူ တစ်ယောက် မဟုတ်ချေ။ သူ့ကို ကူညီစောင်မခဲ့သော ဆရာများကို နှစ်စဉ် ပုဆိုးတစ်ထည်စီနှင့် ကန်တော့လေ့ ရှိ၏။ သူကတော့ ရခိုင်ပုဆိုးဟု ပြောသည်။ အမှန်မှာ ရခိုင်မဟုတ်။ ဝမ်းတွင်း ဘက်က ရက်သော ရခိုင်ဆင် ချည်လုံချည်များသာဖြစ်၏။

ထို့ကြောင့် ကျွန်တော်တို့က သူရရှိခဲ့သော ဘွဲ့ကို ဘီအက်စ်စီ (ဝမ်းတွင်း) ဟု ခေါ်ကြလေသည်။

သူသည် အကျီစားလည်း အလွန်သန်သည်။ လူတစ်ဖက်သားကို နောက် ပြောင်ပြောဆိုရာတွင် စည်းကမ်းမထား၊ ကာလဒေသကို မကြည့်။ သူနှင့် ပတ်သက်နေသူတို့မှာ သူနောက်ပြောင်သည့်ဒဏ်ကို အတော်ခံကြရသည်။

ကျွန်တော်တို့ သူငယ်ချင်းတွေကြားတွင် ပြောစမှတ်ပြုရသည့် အချက် တစ်ချက်ရှိသည်။ အကယ်၍ တစုံ တယောက်သည် ချစ်သူရည်းစား ရပြီဆိုပါစို့၊ သူ ပထမဆုံး ပြောရမည့်ကိစ္စမှာ စိန်ကြောင် အကြောင်းပင်ဖြစ်၏။

စိန်ကြောင်သည် အလွန် ပေါက်ကရ ပြောတတ်ကြောင်း။ မဟုတ်က ဟုတ်က လုပ်ဇာတ်တွေ ခင်းတတ်ကြောင်း။ သူ့စကားကို မယုံဖို့ အကြောင်း များပင် ဖြစ်၏။ ဒီလိုမှ မဟုတ်လို့ သူ့စက်ကွင်းထဲ ဝင်သွားလျှင် မလွယ်။

Commercial use of this book will be at your OWN RISK!

သူနဲ့ မတွေ့အောင် ရှောင်ဖို့ကလည်း တော်တော်ခက်သည်။ သူက နေရာအနှံ့ လျှောက်သွားနေတတ်သူဖြစ်၍ တစ်ကွေ့မဟုတ် တစ်ကွေ့ ဆုံရသည်သာဖြစ်၏။ သူနှင့် ဆုံမိလို့ မမြင်ချင်ယောင်ဆောင်သွားလျှင် ပိုဆိုးသည်။ နောက်ကအတင်းလိုက်ပြီး တကြော်ကြော် ခေါ်တတ်သည်။ အမိခံရပြီဆိုလျှင်လည်း ပေါက်ကရတွေပြော၊ ငယ်ကျိုး ငယ်နာတွေ ဖော်လိုဖော် လုပ်တတ်သည်။

ရည်းစားအသစ်စက်စက်နှင့် သွားလာရင်း စိန်ကြောင်နှင့် ပက်ပင်းတိုးမိ၍ မလွှဲမရှောင်သာ မိတ်ဆက်ပေးရသော အခါ . . .

'ဒါပေါ့၊ ကိုယ်မကြာခဏ ပြောနေတဲ့ စိန်ကြောင်ဆိုတာ' ဟု ပြောတတ်ကြသည်။

ဒီကောင်ကလည်း သူ့အကြောင်း ကြိုပြောထားနှင့်ပြီဆိုတာ သိလိုက်ပြီ။ ထိုအခါ သူက အလွန် လေးလေးစားစား တည်တည်တံ့တံ့ပုံဖြင့် နှုတ်ဆက်ပြီးမှ စကားတစ်လုံး ပစ်သွင်းလိုက်၏။

'ဆံပင်တွေ ဖြတ်လိုက်တယ် ထင်တယ်'

'ဟင့်အင်း . . . အစကတည်းက ကျွန်မ ဆံပင် အတိုပါပဲ'

'ဩော် . . . ဟုတ်လား၊ ဒါဆို ကျွန်တော်မှားတာ ထင်ပါရဲ့' ဟု မှင်သေသေပြောပြီး အသာထွက်လာခဲ့သည်။

ဘာပဲဖြစ်ဖြစ် ကောင်မလေးရင်ထဲမှာ နည်းနည်းတော့ သံသယဝင်သွားပြီ။ သူ့အရင် ဆံပင်ရှည်နဲ့ ကောင်မလေးတစ်ယောက် ရှိခဲ့ဖူးသလား။ တွေးစရာဖြစ်သွားပြီ။

ဒီကောင် ချောက်တွန်းမှုကြောင့် ရည်းစားနှင့် ကွဲမလိုဖြစ်ပြီး ထိုးမယ်ကြိတ်မယ် လုပ်သူတွေလည်း ရှိသည်။ စိန်ကြောင်ကတော့ မမှု။ နောက်မြဲပြောင်မြဲ။ သူ့ဒဏ်ကို အိမ်ထောင်သည်တွေလည်း ခံကြရသည်။

တစ်ခါက သူသည် ဖိတ်စာအတု အစောင် သုံးလေးဆယ် ရိုက်သည်။ ဖိတ်စာထဲတွင် ဦးဝင်းမြင့်က တနင်္ဂနွေနေ့မနက် အလှူလုပ်မည်ဖြစ်၍ ဆက်ဆက်ကြွပါဟု ရိုက်နှိပ်ထားသည်။ ဖိတ်စာတွေကို သူတို့ကျက်စားရာ သုံးဆယ့်နှစ်လမ်း ပတ်ဝန်းကျင်မှာ သူကိုယ်တိုင် လိုက်ဝေရင်း ဦးဝင်းမြင့် ငါးသောင်းဆုပေါက်လို့ အလှူလုပ်ခြင်းဖြစ်သည်။ ဒံပေါက်နှင့် ရေခဲမုန့် ကျွေးမည်ဟု ပြောသည်။ ဦးဝင်းမြင့်ကတော့ ဘာမှမသိရှာ။

Commercial use of this book will beat your OWN RISK!

တနင်္ဂနွေနေ့ကျတော့ ဦးဝင်းမြင့်အိမ်ကို ဧည့်သည်တွေ တဖွဲဖွဲ ရောက်လာသည်။ ပထမအသုတ် ရောက်လာစဉ် ကတော့ ဦးဝင်းမြင့် ဘာမှ မဖြစ်သေး။ ခါတိုင်းလို လာလည်ကြတယ်ထင်ပြီး . . .

'အုပ်စုတောင့်လှချည်လား' ဟူ၍သာ ပြော၏။

နောက်ထပ် ရောက်လာကြပြန်တော့ ဦးဝင်းမြင့် မျက်လုံးပြူးစ ပြုလာ၏။

ဧည့်သည်တွေ ကလည်း အလှူလုပ်တယ်သာဆိုတယ်၊ ဘာမှ ပြင်ဆင်ထားသည်လည်း မတွေ့။ စားပွဲတွေ ခင်းထားတာလည်း မရှိ။ အိမ်ရှင်တွေကလည်း ဝတ်ကောင်းစားလှ မဟုတ်သဖြင့် ဘယ်လိုပါလိမ့် တွေးကြသည်။ တစ်ချို့ကတော့ ဦးဝင်းမြင့်သည်လည်း နောက်ပြောင်တတ်သဖြင့် အကြောင်းရိုက်နေတာပဲ၊ လူစုံမှ ကျွေးလိမ့်မယ်ဆိုပြီး ထိုင်စောင့်နေကြသည်။ နောက်ဆုံး မအောင့်နိုင်သူက . . .

'ကဲ . . . ကိုဝင်းမြင့် ဘယ်မလဲ ဒံပေါက်၊ ကျွေးတော့ဗျာ ဆာလှပြီ'

'ဟင် . . . ဘယ်သူက ကျွေးမယ်ပြောလို့လဲ'

'ဘာလဲ၊ အကြောင်းမရိုက်နဲ့၊ ခင်ဗျားပဲ ဖိတ်ပြီးတော့'

'မဖိတ်ရပါလားဗျာ'

'ဘာ မဖိတ်တာလဲ၊ ဒီမှာ ဖိတ်စာ'

ဆိုပြီး ထုတ်ပြတော့ ဦးဝင်းမြင့် အံ့သြပြီး . . .

'ကျွန်တော်ဖိတ်တာ မဟုတ်ဘူး၊ ဒါနဲ့ ဖိတ်စာ ဘယ်သူလာပေးလဲ'

'စိန်ကြောင် လာပေးတာပဲ'

'သေလိုက်ပါတော့၊ မအေပေးလေး ရှုပ်ပြန်ပြီ'

ဦးဝင်းမြင့် ခမျာ လက်ဖက်ရည်နှင့် မုန့်တွေဝယ်ပြီး ဧည့်သည်တွေကို ကျွေးမွေးလိုက်ရ၏။ စိန်ကြောင်ကတော့ လုံးဝပေါ်မလာခဲ့ချေ။

ဒီလောက်နှင့် မပြီးသေး။ ဧည့်သည်တွေက . . .

'ဦးဝင်းမြင့် ထီငါးသောင်းဆု ပေါက်တယ်ဆို' ဟု မေးကြသဖြင့် မဟုတ်ကြောင်း ရှင်းရသေးသည်။

ဧည့်သည်တွေကို ရှင်းလို့ရသော်လည်း သူ့မိန်းမကိုတော့ ရှင်းလို့မရ။ ဘယ်လိုငြင်းငြင်း မယုံ၊ ငွေငါးသောင်း ဘယ်ရောက်သွားလဲ၊ ဘယ်သူ့ပေးလိုက်သလဲ၊ ခုတလော ရှင်မူပျက်နေတာ မရိပ်မိဘူး ထင်လို့လား၊ ဒီအသက်အရွယ်ကြီးနဲ့ ဆံပင်ဆေးဆိုးရတာနဲ့၊ စပို့ရှုပ် ဝတ်ချင်ရတာနဲ့ စသည်ဖြင့် အတော်ခံလိုက်ရသည်။

Commercial use of this book will be at your OWN RISK !

ဦးသန်းဝင်းဆိုသူ ခံရတာ ပိုဆိုးသည်။ တစ်နေ့တွင် စိန်ကြောင်တို့အိမ်သို့ ဦးသန်းဝင်း ရောက်လာသည်။ ကားဝယ်ဖို့ ငွေသုံးသောင်းခွဲပါသည့် လက်ဆွဲအိတ် ခဏအပ်သွားသည်။

'ငါ အရေးကြီးတဲ့ ကိစ္စလေး သွားစရာရှိလို့ကွာ၊ သေသေချာချာ သိမ်းပေးထားစမ်းပါ၊ နေ့လည်မှ လာယူမယ်'

စိန်ကြောင်သည် တစ်ခုခုမလုပ်ဘဲ မနေနိုင်။ အဆင်သင့်ချင်တော့ သူ့အိမ်မှာ ငွေစက္ကူအရွယ် စက္ကူအလွတ်ဖြတ်စတွေ ရှိနေသည်။ ဒီတော့ ငွေစက္ကူတွေကို ထုတ်၊ စက္ကူလွတ်တွေကို ငွေစက္ကူအုပ်တွေလို တစ်ထပ်စီ စည်းပြီး ပြန်ထည့်ထားသည်။

နေ့လည်ကျတော့ ဦးသန်းဝင်းက ဘာမှ မသိရှာဘဲ လက်ဆွဲအိတ် လာယူသွားသည်။ ကားဝယ်မည့်နေရာရောက်၊ သက်သေတွေ၊ စာချုပ်တွေ အဆင်သင့်ပြင်ပြီးနောက် ဦးသန်းဝင်းက ငွေအိတ်ကို ကားပိုင်ရှင်ထံ ထိုးပေးလိုက်သည်။ ကားပိုင်ရှင်က အိတ်ဖွင့်ပြီး အထဲက ငွေစက္ကူအုပ်တွေကို ဆွဲထုတ်သောအခါ စက္ကူလွတ်တွေ တွေ့တော့ . . .

'ဟင် . . . ခင်ဗျား၊ ဒါဘာလုပ်တာလဲ၊ သက်သက် ကလိမ်ကျတာပေါ့ ဟုတ်လား'

ကားပိုင်ရှင်က ရဲတိုင်မယ် ဘာညာဖြစ်ရော၊ ဦးသန်းဝင်းမှာ မနည်း ရှိခိုးဦးတင် တောင်းပန်ပြီး စိန်ကြောင့်ဆီ အမြန်ပြန်လာ၍ ငွေတွေ လာယူရသည်။ စိန်ကြောင်ကို လက်သီးနှင့် ထိုးပစ်ချင်လောက်အောင် ဒေါကန်နေသော်လည်း ကားဝယ်ဖို့ကိစ္စ အရေးကြီးနေသဖြင့် အောင့်ထားလိုက်ရလေ၏။

× × × × × × ×

တစ်ခါက ကျွန်တော် မြို့ထဲကအပြန် အိမ်ရောက်တော့ အမေက ဆီး၍ပြောသည်။

'မင်းဆီကို တယ်လီဖုန်းလာတယ်၊ မိန်းကလေးတစ်ယောက် အသံပဲ'

မိန်းကလေးအသံ ဆိုကတည်းက ကျွန်တော် ရင်ခုန်သွားမိပြီ။ ကျွန်တော့် ကောင်မလေး ဆက်တာ ဖြစ်ရမည်။

Commercial use of this book will be at your OWN RISK !

'ဘာတဲ့လဲ အမေ'

'သူ့အဖေ ဆေးရုံတင်ထားရတယ်တဲ့၊ အရေးတကြီး သွေးလိုနေတယ်တဲ့၊ အဲဒါ သူ့အဖေနာမည်နဲ့ သွေးသွားလှူလိုက်ပါတဲ့၊ ပြီးမှ ဆေးရုံကြီး၊ အခန်း တစ်ဆယ်၊ ခုတင်နံပါတ်ငါးကို လာခဲ့ပါတဲ့'

ကျွန်တော် သွေးလှူဘဏ်သို့ အမြန်သွားသည်။ သွေးလှူရင်းကလည်း ဒါအကွက်ပဲဟု တွေးသည်။

ထိုအချိန်က ကျွန်တော်နှင့် ကျွန်တော့်ကောင်မလေး အကြောင်းကို သူ့အိမ်က ရိပ်မိနေသည်။ ကျွန်တော့်အပေါ် သိပ်မကြည်လင်လှ။ ဒီတော့ ခုလို အရေးပေါ်ကိစ္စမှာ ကျွန်တော်က အဘိုးကြီးအတွက် သွေးလှူလိုက်ခြင်းဖြင့် အသံ လွှင့်ဇာတ်လမ်းတွေထဲကလို ကျေးဇူးတွေတင်ပြီး အဆင်ပြေမှု ရသွားနိုင်သည်။

သွေးလှူပြီးတော့ ကော်ဖီတစ်ခွက်၊ ကိတ်မုန့်တစ်ချပ် အမြန်စားသောက်၊ အားဆေးယူ၊ ဆရာမတွေက ခဏနားနေဦး ဆိုတာတောင် မရဘဲ အခန်း တစ်ဆယ်သို့ ခပ်သုတ်သုတ် လာခဲ့သည်။

ခုတင်နံပါတ်ငါးမှာ ယောက္ခမလောင်းကြီးကို မတွေ့ရ။ ဘုန်းတော်ကြီး တစ်ပါးသာ ရှိနေ၏။ ထိတ်ခနဲဖြစ်သွားပြီး ရုံးခန်းထဲက ဆရာမကြီးတစ်ယောက် ဆီ သွားစုံစမ်းတော့ ယောက္ခမလောင်းကြီး နာမည်နှင့် ဆေးရုံတက်နေတာ တစ်ယောက်မှ မရှိပါဘူးတဲ့။ ဒီတော့မှ စိန်ကြောင့် လက်ချက်ပဲဆိုတာ သတိပြုမိ တော့သည်။

နောက်နေ့ သူနှင့်တွေ့တော့ မင်း ကုသိုလ်ရစေချင်လို့ပါကွာဟု စပ်ဖြဲဖြဲ ပြောသည်။

'ဒါနဲ့ မင်းငါ့ဆီ ဖုန်းဆက်တော့ မိန်းကလေး အသံဆို'

'အေးလေ . . . ယောကျ်ားသံဆို ငါပဲဆိုတာ မင်းတွေးမှာစိုးလို့ ငါ့ညီမကို မင်းကောင်မလေး ယောင်ဆောင်ပြီး ဆက်ခိုင်းတာ'

ဟု ပြောပြီး ဟားတိုက်ရယ်နေသည်။

Commercial use of this book will be at your OWN RISK !

# အခန်း ( ၅ )

ပုံနှိပ်စက်အတွက် စက္ကူတို့ ပုံနှိပ်မင်တို့ သွားဝယ်ရင်း ထိုလုပ်ငန်းအကြောင်းကို တစေ့တစောင်း သိခွင့်ရလာသည်။ ကုန်သွယ်ရေးမှ စက္ကူဂိုဒေါင်အပြင် ၃၂ လမ်း တစ်ဝိုက်ရှိ စက္ကူဆိုင်များမှာပါ ပွဲစားတွေကို တွေ့နိုင်သည်။

စိန်ကြောင်ကား စုံထောက်ဦးစံရှားလိုပင် အမှတ်တမဲ့ပင် မနေတတ်သူ၊ နားမျက်စိကို အစဉ်ဖွင့်ထားသူဖြစ်၏။ စက္ကူဆိုင်မှာ ကုန်ဝယ်စာအုပ်ထပ်ပြီး စောင့်နေသည့် အခါများတွင် ပွဲစားတွေနှင့် စကားပြောသည်။ သူတို့အလုပ်အကြောင်း မေးမြန်းစပ်စုသည်။ သူတို့ ဘာတွေ လုပ်ကြသလဲ လေ့လာသည်။

ပုံနှိပ်စက်များအတွက် ကုန်ဝယ်စာအုပ်များ ထုတ်ပေးထားသည်။ ကုန်သွယ်ရေးမှ စက္ကူ၊ ပုံနှိပ်မင် စသည်တို့ အလျှင်းသင့်သလို ထုတ်ပေးလေ့ရှိသည်။ အပြင်မှာပြန်ရောင်းလျှင် အမြတ်အတော် ရတတ်၏။ ပွဲစားတွေက ပစ္စည်းကောက်သည်။

ပွဲစား အမျိုးမျိုး ရှိသည်။ များသောအားဖြင့်တော့ ပွဲစားဆိုသော်လည်း ရွှေကြိုးသဘောမျိုး အဆင့်လောက်သာဖြစ်၏။ ပစ္စည်းလာထုတ်သူ ရှိလျှင် ရောင်းမလားမေးသည်။ ရောင်းမည်ဆိုလျှင် ဈေးပြောပြီး အဆင်ပြေသောအခါ ငွေထုပ်ကိုင် စောင့်နေသည့် ပွဲစားအစစ်ထံ ခေါ်သွားသည်။ အရောင်းအဝယ်ဖြစ်သည့် ငွေပမာဏပေါ် မူတည်၍ ပွဲခရသည်။

ဒီလိုပါးစပ်စိုက်သည့် ပွဲစားတွေကလည်း အများအပြား ခြေချင်းလိမ်နေကြသည်။ သူတို့သည် မနက် အိမ်ကထွက်လာလျှင် လမ်းစရိတ်ကလွဲ၍ အပို

Commercial use of this book will be at your OWN RISK !

တစ်ပြားတစ်ချပ်မှ မပါ။ စက္ကူဆိုင်ရောက်မှ လက်ဖက်ရည်တိုက် မုန့်ကျွေးမည့် ဒကာရှာသည်။ ထို့နောက် လုပ်ငန်းစသည်။

ထမင်းစားချိန်ရောက်လို့ အလုပ်ဖြစ်ထားပြီးလျှင် ဆိုင်မှာသွားစားသည်။ အလုပ်မဖြစ်သေးလျှင် မုန့်ဟင်းခါးတို့ အသုပ်တို့ ကျွေးမည့်ဒကာ ရှာပြန်သည်။ ဘယ်လိုပဲ ဖြစ်ဖြစ် ညနေစောင်းလျှင်တော့ ငွေအတော်အသင့် ရတတ်စမြဲ။ ထိုအခါ အိမ်ကမိန်းမလက် ပြန်အပ်ဖို့ ငွေအချို့ ချန်ထားပြီး ကျန်တာကို ပုဇွန်တောင်၊ ဗိုလ်တထောင်၊ ၄၂ လမ်း၊ ဘုန်းကြီးလမ်း စသော အရက်ဖြူဆိုင်တွေမှာ သောက်စားပစ်ကြသည်။

နောက်တစ်နေ့ကျတော့ လက်ချည်းသက်သက် ရောက်လာကြပြန်သည်။ ပါးစပ်ပွဲစား အများစုမှာ ထိုသံသရာအတိုင်း လည်နေကြ၏။

ငွေထုပ် ကိုင်ထားနိုင်သူတွေမှာလည်း နှစ်မျိုးနှစ်စား ရှိ၏။ တစ်မျိုးက ကိုယ်ပိုင်ငွေနှင့် ပစ္စည်းကောက်ခြင်းဖြစ်၏

တစ်မျိုးက စက္ကူဆိုင်ကြီးတွေက ထုတ်ပေးထားသောငွေကို ကိုင်ထားသည်။ ပစ္စည်းတွေကောက်ပြီး ညနေကျတော့ ဆိုင်ကြီးကိုသွားသွင်း၊ ငွေစာရင်းရှင်းပြီး သူ့အတွက် ကျန်သည့်အမြတ်ကို ထုတ်ယူရသည်။

ပါးစပ်ပွဲစားတွေမှာ သူ့အုပ်စုနှင့်သူ၊ သူ့ဘော့စ်နှင့်သူ ရှိသည်။ တစ်ယောက်တည်းချွန်ပြီး ဝင်တိုးဖို့မလွယ်။ ကိုယ်တိုင်ကောက်ဖို့ ကျတော့လည်း သူ့မှာ ငွေမရှိ။ ငွေထုတ်ပေးဖို့ စက္ကူဆိုင်ကြီးတွေကို ပြောဖို့လည်း မဖြစ်နိုင်။ သူ့လို အစိမ်းသက်သက် ဝင်လာသူ တစ်ယောက်ကို ယုံကြည်မည်မဟုတ်။

စိတ်ကူးတစ်ခုရသည်။ တစ်ချို့စက်တွေမှာ ပုံနှိပ်စက်ဟူ၍ မည်ကာမတ္တသာ ဖြစ်၏။ မှတ်ပုံတင်ရရုံအဖြစ်လောက် ဆင်ထားခြင်းဖြစ်၏။ ဟုတ်တိပတ်တိ ရိုက်လို့လည်းမရ။ အလုပ်လည်း မည်မည်ရရ မရှိ။ တစ်ပတ်နေလို့ အလုပ်တစ်ခု ဖြစ်သည်မဟုတ်။ ထိုစက်မျိုး၏ အဓိကဝင်ငွေက ကုန်သွယ်ရေးမှ ထုတ်ပေးသော စက္ကူ၊ မင် စသည်တို့ကို အပြင်မှာ ပြန်ရောင်းခြင်းပင်ဖြစ်၏။ ဒါကို သူတို့ လောကမှာ အစိုးရ ထောက်ပံ့ကြေးဟု ခေါ်သည်။

ဒီလိုစက်မျိုး နှစ်ခု သုံးခုလောက်နှင့် အဆက်အသွယ်ရလျှင် မဆိုးလှ။

ပစ္စည်းထုတ်ပေးသည့်အခါ ဘာတွေပါသည်၊ ဘယ်လောက်ဖိုးရှိသည်၊ ပေါက်ဈေး ဘယ်လောက် ရှိသည်ဆိုတာ စုံစမ်းမည်။ ပြီးတော့ ထိုစက်များ ရှိရာသို့သွားမည်။ ပွဲစားတွေပေးသည့် ဈေးအတိုင်းပေးမည်။ သူတို့အဖို့ကလည်း ကိုယ်တိုင် ပစ္စည်းသွားထုတ်စရာ မလိုဘဲ အိမ်မှာနေရင်း ပေါက်ဈေးအတိုင်း

Commercial use of this book will beat your OWN RISK!

ရမည်ဖြစ်၍ သဘောတူမှာ သေချာသည်။ စိန်ကြောင်အဖို့လည်း သူ့စက်အတွက် ပစ္စည်းထုတ်ရင်း ခရီးသွားဟန်လွှဲ လုပ်ရုံဖြင့် အပိုဝင်ငွေ ရနိုင်သည်။ စက်သုံး စက်စာလောက်တော့ သူ့မှာ ငွေရှိသည်။

တစ်ခုပဲ ပြဿနာ ရှိသည်။

ကုန်ဝယ်စာအုပ်တွင် ပိုင်ရှင်နှင့် ကိုယ်စားလှယ်တို့၏ ဓာတ်ပုံများ ကပ်ထား ရသည်။ ထိုသူများမှ လွဲလျှင် ပစ္စည်းဝယ်ယူခွင့်မရှိ။ ဒါလည်း သိပ်တော့ အရေးမကြီး။ ပွဲစားတွေ ဘယ်လိုလုပ်သလဲ၊ ဒီအတိုင်း လိုက်လုပ်ရုံပေါ့။

တကယ်တမ်းကျတော့ သူထင်သလောက် မလွယ်ပါ။ နဂိုကတည်းက အကြံအဖန်လုပ်ပြီး ပုံနှိပ်စက် ထောင်ထားသူများဖြစ်၍ လူလည်ကျပြီးသား။ သူ့ချိတ်ဆက်နှင့်သူ ရှိကြပြီးသား။ ပုံနှိပ်စက်တစ်ခု ဆိုလျှင် . . .

ထိုစက်ရှိရာသို့ လိပ်စာအတိုင်း သွားသည်။ အတော်မေးမြန်း ရှာဖွေရ၏။ ရပ်ကွက်ရှိ လူများက ပုံနှိပ်စက်ရှိမှန်းတောင် သိပ်မသိကြ။ ဒီလောက် ချောင်ကြို ချောင်ကြားမှာ ပုံနှိပ်စက်လာဖွင့်ထားတာ အံ့သြဖို့တောင်ကောင်းသည်။

ရောက်ပါပြီ။ တဲသာသာ အိမ်ကျဉ်းကျဉ်းလေး တစ်လုံးသာဖြစ်၏။ ဆိုင်းဘုတ်တော့ရှိသည်။ ကုဋေကုဋာ ပုံနှိပ်တိုက် ဆိုပါလား။ သူ ပြုံးချင်သွား သည်။

အိမ်ပေါက်ဝမှာ ရပ်လိုက်ပြီး အတွင်းကို ကြည့်သည်။ မိန်းမကြီး တစ်ယောက်သာတွေ့သည်။ အသက်ငါးဆယ်ကျော် ခြောက်ဆယ်တွင်းဟု ခန့်မှန်းရသည်။ ကျားပုံမကောက်လား၊ မစိန်ညွန့်လား မသိ၊ ဆေးပေါ့လိပ်ကြီး ကို ဖွာနေ၏။ စိန်ကြောင်ကိုမြင်တော့ . . .

'ဘာကိစ္စလဲ' ဟု ထိုင်ရာက မထ မေးသည်။

'ပုံနှိပ်စက် ကိစ္စပါ' လည်း ဆိုလိုက်ရော မိန်းမကြီးသည် ဆေးပေါ့လိပ်ကို ငါးသေတ္တာဘူးခွံထဲ ထည့်လိုက်ပြီး အရွယ်နှင့် မလိုက်အောင် သွက်လက် ဖျတ်လတ်စွာ ထရပ်လိုက်ပြီး . . .

'ဩော် . . . ကြွပါရှင် ကြွပါ၊ ထိုင်ပါ'

ဆိုပြီး တစ်လုံးတည်းသော ပက်လက်ကုလားထိုင်ကို ညွှန်ပြသည်။

စိန်ကြောင်လည်း ဝင်ထိုင်လိုက်ပြီး အိမ်ရှေ့ခန်းကို မျက်စိကစားကြည့် သည်။ ပုံနှိပ်စက် မဆိုထားနှင့် စက်နှင့်တူတာဆိုလို့ ကြံရည်ကြိတ်စက်တောင် မတွေ့ရ။ သူ ဟိုဟိုဒီဒီ ကြည့်တာကို မိန်းမကြီးက မလုံမလဲ အသံဖြင့် . . .

Commercial use of this book will beat your OWN RISK !

'ဟိုလေ . . . ပုံနှိပ်စက်ကတော့ ပြင်ဖို့ယူသွားတယ်၊ ဟိုသင်း . . . ဘာလဲ ဖြစ်ပြတ်လို့ဆိုလား'

ဖြစ်ပြတ်တာက လျှပ်စစ်မီးနှင့်သာ ဆိုင်သည်။ ပုံနှိပ်စက်နှင့် လုံးဝ မပတ်သက်။ နောက် ဖြစ်ပြတ်တာလောက်က ငါးမိနစ်လောက်ကြာအောင် ပြင်လိုက်ရုံနှင့်ပြီးသည်။ မိန်းမကြီး နားမလည်လို့ ပြောတာနေမှာပဲ။

ဒါလည်း မဖြစ်နိုင်သေး။ ပုံနှိပ်စက်ဆိုသည်မှာ ပျက်လျှင် အစိတ်အပိုင်းတစ်ခုချင်းသာ ပျက်လေ့ရှိသည်။ ပျက်သည့်အပိုင်းကို ဖြုတ်ယူ သွားရုံသာ။ စက်ကြီးတစ်ခုလုံး သယ်သွားစရာမလို။ မိန်းမကြီးကို တစ်ယောက်ယောက်က များ နပ်ချသွားတာလား။

သူစဉ်းစားနေတုန်း မိန်းမကြီးက အိမ်တွင်းဘက် ဝင်သွားပြီး ခဏအကြာမှာ ရေနွေးကြမ်းအိုးယူပြီး ပြန်ထွက်လာသည်။ မြေပဲတစ်ပန်းကန်နှင့် ထန်းလျက်ပုလင်းလည်း ပါသည်။

'အိမ်ကလူတွေက အပြင်ထွက်နေကြလို့ လက်ဖက်ရည်လေးတောင် မှာမတိုက်နိုင်ဘူး၊ အားနာစရာ ကောင်းလိုက်တာ'

'ဟာ . . . ရပါတယ် အန်တီ၊ ကျွန်တော် သောက်ခဲ့ပြီးပါပြီ'

တော်တော် စေတနာကောင်းတဲ့ မိန်းမကြီးပဲ၊ ခပ်ရိုးရိုး ခပ်အအ ထင်ပါရဲ့ ဟုတွေးရင်း အလုပ်ဖြစ်လောက်သည်ဟု ယူဆလိုက်သည်။ တစ်ခုရှိတာက ဒီမိန်းမကြီးက ပြောရေးဆိုခွင့်ရှိသူကော ဟုတ်ရဲ့လား။

'အန်တီက အဲ . . . စက်ပိုင်ရှင်က ဘယ်သူများလဲ'

'အန်တီပါပဲကွယ် . . . အန်တီပါ'

ဟု ပျာပျာသလဲ ဖြေသည်။ စိန်ကြောင် ဘယ်လိုစပြောမလဲ စဉ်းစားနေတုန်း မိန်းမကြီးက မဝံ့မရဲဟန်ဖြင့် . . .

'ဒါနဲ့ စိတ်မရှိပါနဲ့နော်၊ ငါ့တူ မြို့နယ် လုပ်ငန်းစစ်ကလားဟင်'

ဒါကြောင့် ဒီလောက် ပျူပျူငှာငှာ ဖြစ်နေတာကိုးဟု အတွေးပေါက်သွားရသည်။ မဟုတ်ဘူးဆိုလျှင် ထန်းလျက်ပုလင်းတောင် ပြန်သိမ်းသွားမလား မသိ။

'မဟုတ်ပါဘူး အန်တီ၊ ကျွန်တော် လာတဲ့ကိစ္စက . . . '

ဆိုပြီး လာရင်းအကြောင်းကို ပြောပြလိုက်သည်။

ထိုအခါ မိန်းမကြီး၏ဟန်ပန်မှာ ရုတ်ခြည်း ပြောင်းလဲသွား၏။ ယို့နေသော ကိုယ်မှာ ချက်ချင်း မတ်ခနဲဖြစ်သွားပြီး . . .

Commercial use of this book will beat your OWN RISK !

'ငါ့တူ နောက်ကျသွားပြီ၊ ကုန်ဝယ်စာအုပ်ကို လပေးနဲ့ ငှားထားလိုက်ပြီ ကွယ့်'

စိန်ကြောင်က ထပြန်ရန် ဖင်ကြွသလို လုပ်လိုက်သည်တွင်

'တစ်ခုတော့ရှိတာပေါ့လေ၊ သူများထက် ပိုပေးနိုင်မယ်ဆိုရင်တော့ . . . '

'အန်တီ အခု ဘယ်လောက်နဲ့ ငှားထားတာလဲ'

မိန်းမကြီးက ခဏတွေနေပြီး . . .

'လေးရာနဲ့'

မဖြစ်နိုင်။ သုံးရာထက်မပိုနိုင်ဟု စိတ်ထဲကတွက်သည်။ ဒါကို မိန်းမကြီးက လည်း ရိပ်မိပုံရ၏။

'စပေါ် တင်ထားမယ်ဆိုရင်တော့ နည်းနည်းပါးပါး လျှော့သင့် လျှော့ရမှာ ပေါ့လေ'

အတော်လည်တဲ့ မိန်းမကြီးပဲ။ ဘာပဲဖြစ်ဖြစ် သိရအောင်တော့ မေးကြည့်ဦး မှဟု တွေးပြီး . . .

'စပေါ် ဘယ်လောက်ပေးရမလဲ အန်တီ'

'ငါးထောင်'

မိန်းမကြီးက လေးထပ်တိုက်ပိုင်ရှင် တစ်ဦးပုံစံမျိုး လေသံဖြင့်ပြော၏။

'ဟာ . . . များလှချည်လား'

'မများပါဘူးကွယ်၊ ဟိုလေ . . . ကိုခေါင်းကြီးဆီက ကြိုယူထားတဲ့ ငွေကလေးလဲ ပြန်ပေးရဦးမှာကိုး'

'ကိုခေါင်းကြီး'

စိန်ကြောင် ထိုမျှသာပြောပြီး အလျင်အမြန် နှုတ်ဆက်၍ ထပြန်လာခဲ့၏။ ကိုခေါင်းကြီးနှင့် လုပ်ထားသည့် အလုပ်ဆိုလျှင် သူဝင်လို့မရနိုင်မှန်း ကောင်း ကောင်းသိသည်။ ကိုခေါင်းကြီး ဆိုတာက စက္ကူပွဲစားလောက၏ ဘုရင်တစ်ပါး ဖြစ်သောကြောင့်ပင်။

သူစက္ကူ သွားထုတ်ရင်း ကိုခေါင်းကြီးနှင့် တွေ့တော့ မေးကြည့်သည်။ ကိုခေါင်းကြီးက တဟားဟား ရယ်ပြီး . . .

'မင်းနှယ်ကွာ၊ ကုဋေကုဋာ သဲကိုးဖြာနဲ့မှ တွေ့လာတာကိုး၊ သိပ်လည်တဲ့ အဖွားကြီးကွ'

'ဒါနဲ့ သူ့ကုန်ဝယ်စာအုပ် ကိုခေါင်းကြီးဆီမှာ ငှားထားတယ်ဆို'

'အဲဒါက ကြာပါပြီ၊ ပြဿနာတွေတောင် တက်ပြီးပြီ'

Commercial use of this book will be at your OWN RISK!

'ဘယ်လို ပြဿနာတက်လို့လဲ'

'သူ့ ကုန်ဝယ်စာအုပ်ကို တစ်လသုံးရာနဲ့ ငှားမယ်ဆိုလို့ လူတစ်ယောက်နဲ့ ဆက်ပေးလိုက်တယ်၊ သုံးလစာ ကြိုတောင်းလို့ ငွေကိုးရာ ပေးလိုက်ရတယ်၊ လုပ်ပုံက တော်တော်ပိုင်တယ်ကွ၊ စာအုပ်သက်တမ်းတိုးခါနီး တစ်လလောက် အလိုမှာ ငှားတာကိုး၊ နောက်တော့ သက်တမ်းတိုးဖို့ဆိုပြီး စာအုပ်ခဏ ပြန်ယူတယ်၊ ပြီးလဲပြီးရော တခြားလူတစ်ယောက်ကို ငှားလိုက်ပြန်ရော၊ ပြဿနာ တက်တော့ သူမသိဘူးတဲ့၊ သူ့သားက ငှားလိုက်တာ၊ ပြန်တောင်းပေးမယ် ဘာညာဆိုပြီး အချိန်ဆွဲ၊ နောက်တစ်ခါ ငွေပြန်ပေးမယ်ဆိုပြီး ရက်ချိန်း ခဏခဏပေး၊ တရားစွဲရအောင်ကလဲ ငွေက သိပ်အများကြီးမှ မဟုတ်တာ၊ ရဲတိုင်မယ် ဘာညာခြိမ်းခြောက်ကြည့်တော့လဲ ငိုကြီးချက်မနဲ့ သနားလောက် အောင် တောင်းပန်ပြန်ရော၊ နောက်ဆုံး ငွေခြောက်ရာ နှစ်လစာပေါ့ကွာ၊ ဆုံးသွားတာပဲ အဖတ်တင်တယ်'

'ဒါဆို ကျွန်တော့်လဲ အဲဒီလို လိမ့်မလို့ထင်တယ်၊ မဟုတ်မှလွဲရော သူ့မှာ စက်တောင် မရှိတော့ဘူးထင်တယ်၊ မတွေ့ခဲ့ဘူး'

'ဘယ်တွေ့မလဲ၊ အစကတည်းက ရှိမှမရှိဘဲ'

'ဘယ်လို'

'ဟော့ကောင်လေးရေ၊ ကြံတတ်ဖန်တတ်ရင် စက်ဆိုလို့ ခဲတံချွန်စက် တစ်လုံး တောင် မရှိဘဲနဲ့လဲ စက်ပိုင်ရှင် ဖြစ်နိုင်တယ်ကွ'

ဆိုပြီး ကိုခေါင်းကြီးက ဆက်လက်ရှင်းပြသည်။

'ဒီလိုကွ၊ ပုံနှိပ်စက်ထောင်ဖို့ မှတ်ပုံတင်လျှောက်တဲ့အခါ သက်ဆိုင်ရာက လာစစ်ရတယ် မဟုတ်လား၊ အဲဒီအချိန်မှာ စက်သစ်တစ်လုံးကို အဆင်သင့် ငှားထားပြီး ပြလိုက်တာပေါ့၊ မှတ်ပုံတင်ရတော့ ငှားထားတဲ့စက်ကို ပြန်ပေးလိုက် တာပေါ့၊ အဲဒီလိုလုပ်တဲ့ လူတွေကိုပဲ သီးသန့်ငှားစားတဲ့ ပုံနှိပ်စက်တွေတောင် ရှိသေးတယ်'

'ဟာ . . . တယ်ပြီး ဟန်ကျတာပဲ၊ ကျွန်တော့်လဲ စာအုပ်တစ်အုပ်လောက် ရအောင် ကြံဖန်ပေးစမ်းပါ၊ ကိုခေါင်းကြီးကို ပွဲခပေးပါ့မယ်'

'ခွေးသားလေး . . . အဲဒါအရင်ကကွ၊ အခုမရတော့ဘူး၊ မင်းနဲ့ ခုတွေ့ခဲ့တဲ့ မိန်းမကြီးတောင် အကြံအဖန်လုပ်ထားတာမိသွားလို့ မှတ်ပုံတင် ပြန်သိမ်းလိုက်ပြီ၊ ကံကောင်းလို့ ထောင်မကျတာ'

'ဘာဖြစ်လို့ မိသွားတာလဲ'

Commercial use of this book will be at your OWN RISK !

'သူလိမ်ထားတဲ့ လူက သွားတိုင်လိုက်လို့ပေါ့ကွ'

'ဟာ ... ကျွန်တော်လဲ ကံကောင်းလို့ အလိမ်မခံရတာပဲနော်၊ ဒါနဲ့တောင် ကျွန်တော့်ကို ခပ်တည်တည်နဲ့ စပေါ် ငါးထောင်တွေ ဘာတွေ တောင်းလိုက်သေးတယ်'

'အေးပေါ့ . . . တကယ်လို့ မင်းက စရန်လေးဘာလေး ငါးရာ တစ်ထောင် ပေးလိုက်ရင် ဆုံးပြီပေါ့၊ ငှားထားတဲ့လူက ခရီးလွန်နေလို့ ဘာဖြစ်နေလို့ ညာဖြစ်နေလို့ ဆိုပြီး မင်းကို ဆက်လိမ့်မှာပဲ'

စိန်ကြောင် ပညာတစ်ခု တိုးသွားသည်။ ကိုယ်က ဘယ်လောက်လျင်တယ် ပြောပြော နေရာတိုင်းတော့ မကျွမ်းနိုင်။ သူ့နေရာနှင့်သူ ပိုင်နိုင်သူတွေရှိသည်။ ထိုသူမျိုးတွေကို ပေါင်းထားရမည်။ သူတို့ဆီက ပညာယူရမည်။ လိုအပ်လျှင် အသုံးချရမည်။ ထို့ကြောင့် . . .

'ကိုခေါင်းကြီး . . . ညနေအားလားဟင်'

'ဘာဖြစ်လို့လဲ၊ ဦးဘရင် ကားဂိတ်ကိုတော့ ခဏသွားစရာ ရှိတယ်၊ မန္တလေး ပစ္စည်းပို့တဲ့ ကိစ္စသွားမေးမလို့'

'ကျွန်တော်လဲ လိုက်မယ်လေ၊ ပြီးရင် သုံးဆယ့်ရှစ်လမ်းက ဂါးဒင်းမှာ ထမင်းစားရအောင်'

'ကောင်းသားပဲ'

ထိုနေ့က ကိုခေါင်းကြီးနှင့်အတူ ဦးဘရင်ကားဂိတ်ကို လိုက်သွားရင်း မန္တလေးကို ပုံနှိပ်လုပ်ငန်းသုံး ပစ္စည်းတွေ တင်ပို့သည့်အကြောင်း လေ့လာခွင့် ရခဲ့၏။

သူ့ပုံနှိပ်စက်ခန်းထဲ ဝင်လိုက်ပြီး . . .

'ရေနံဆီစော် နံလိုက်တာကွာ'

ဟု ကျွန်တော်ကပြောလျှင် သူဆဲတတ်သည်။ သူက ပုံနှိပ်မင်ထဲမှာ ရေနံဆီ ရောရောပြီး ရိုက်တတ်သောကြောင့်ဖြစ်၏။

'မင်းကတော့ အရောအနှော ခုထိ ဝါသနာပါတုန်း ပဲနော်၊ နွားနို့တုန်းက လည်း ရေရောတယ်၊ ခု ပုံနှိပ်စက်ကျတော့လည်း ရေနံဆီ ရောတယ်'

'အဆင့်မြင့်လာတဲ့ သဘောပေါ့ကွာ၊ သူများတွေလဲ လုပ်နေကြတာပဲ၊ အချိုမှုန့်ထဲမှာ ဆားတို့ သကြားတို့ ရောတယ်၊ ပဲဆီထဲမှာ စားအုန်းဆီရောတယ်၊ သနပ်ခါးမှုန့်ထဲမှာ ပိတောက်သား အမှုန့်တွေ ရောတယ်၊ နို့မှုန့်ထဲမှာ ပဲမှုန့်

Commercial use of this book will be at your OWN RISK !

ရောတယ်၊ အတုလုပ်တာထက်စာရင် အစစ်ကို နည်းနည်းရောတာက အန္တရာယ် မရှိပါဘူးကွာ၊ ဟုတ်ဘူးလား’ ဟု ဆင်ခြေပေးသည်။

သူ့ပုံနှိပ်တိုက်ကို အလုပ်လာအပ်ပြီဆိုလျှင် နမူနာရိုက်ထားသော စာရွက်တွေထုတ်ပြသည်။ ထိုနမူနာများမှာ သူ့စက်က ရိုက်တာတွေမဟုတ်။ ဝင်းမောက်၊ အောင်မိတ်ဆက်၊ သစ္စာ၊ ကာလာ မောင်မောင်လှ စသော စက်ကောင်းကောင်းတွေက ရိုက်ထားသော စာရွက်များကို ပြခြင်းဖြစ်၏။

အလုပ်အပ်သူ ဆယ်ယောက်လျှင် ကိုးယောက်လောက်မှာ မအပ်ခင်သာ တောင်ပြောမြောက်ပြော ပြောမည်။ လာရွေးသည့်အခါကျတော့ နမူနာ ပြထားသလို ကောင်းရဲ့လားဟု တိုက်ကြည့်လေ့မရှိကြ။ ရက်ချိန်းမှန်မှန် ရလျှင်ပင် ကျေနပ်ပြီဖြစ်၏။ ဒီလိုအကြောင်းကို စိန်ကြောင်က ကောင်းကောင်းသိသည်။

တချို့ ဖိတ်စာအပ်သူတွေကျတော့ သူတို့ကြိုက်သည့် နမူနာဖိတ်စာများ ယူလာတတ်သည်။ ထိုအချိန်က ခေတ်အစားဆုံး ဖိတ်စာများမှာ အသားဖောင်းဟုခေါ်သော စက္ကူ၊ သို့မဟုတ် ကတ်ပြားပေါ်မှ ပန်းပုံ၊ လိပ်ပြာပုံ၊ အသည်းပုံ စသည်ဖြင့် စက္ကူသားပေါ်မှာ ဖောင်းကြွပေါ်လွင်နေသော အမျိုးအစားဖြစ်သည်။ တချို့စက်တွေက ကိုယ့်ဘာသာလုပ်ယူပြီး တချို့ကတော့ အသင့်ပြုလုပ်ပြီးသားကို ဒီဇိုင်းသုံးလေးမျိုး ဝယ်ထားသည်။ စိန်ကြောင်ကလည်း အသင့်ပြုလုပ်ပြီးသားကို ဝယ်သုံးသူဖြစ်၏။

ဖိတ်စာလာအပ်သူ ယူလာသည့် နမူနာသည် သူ့မှာ အသင့်ရှိနေတာနှင့်တူလျှင် . . .

‘ဟာ . . . သိပ်ကောင်းတာပေါ့၊ ဒါ နောက်ဆုံးထွက်တဲ့ ဒီဇိုင်းပဲ၊ အစ်ကိုကြီးက တော်တော် ခေတ်မီတယ်’

ဟု ဆိုတတ်သည်။ အကယ်၍ နမူနာက သူ့မှာမရှိတာ ဖြစ်နေလျှင် . . .

‘ဒါမျိုးက ရိုးနေပြီ၊ ပေါ်တာပဲ လေးငါးဆယ်နှစ်ရှိလို့ အခု သိပ်တောင် မသုံးကြတော့ဘူး၊ ကျွန်တော့်ဆီမှာ နောက်ဆုံးပေါ် ဒီဇိုင်းတွေရှိတယ်’

ဆိုပြီး အသင့်ရှိတာတွေ ထုတ်ပြသည်။ ဒါမှ အပ်သူက မကြိုက်ဘဲ သူ့နမူနာအတိုင်းသာ လုပ်ပေးပါဆိုလျှင်တော့ စိန်ကြောင်တို့က ပိုကြိုက်သေးသည်။

‘ဒါတွေက သိပ်မသုံးတော့ဘူးဆိုတော့ ရှာရမှာ မလွယ်ဘူး၊ အသားဖောင်း လုပ်ဖို့ ဘလောက်အသစ် အပ်ချင်အပ်ရမယ်၊ ပြီးတော့ အသစ်ထပ်ရိုက်ရမယ်၊ နည်းနည်း ပိုကုန်မှာနော်’

Commercial use of this book will be at your OWN RISK!

မင်္ဂလာဆောင်ဆိုတာက တစ်သက်မှာ တစ်ခါ ဆောင်ကြခြင်းဖြစ်၏။ ထို့ကြောင့် ဖိတ်စာအပ်သည့် အတွေ့အကြုံမရှိတာ သေချာပေါက်ပဲ။

ပြီးတော့ ဘယ်လောက် ကပ်စေးနဲသူဖြစ်ဖြစ် ဒီလိုကိစ္စမျိုးမှာတော့ ငွေကုန်ခံဖို့ ဝန်မလေးကြ။ ဖိတ်စာကလဲ တစ်စောင်ကို ဘယ်လောက်ကျတာဟု မိန်းကလေးဘက်ကို ပြောခွင့်ရဦးမှာကိုး။

'လုပ်သာ လုပ်ပါ'

ဆိုသော စကားထွက်လာပြီဆိုလျှင် စိန်ကြောင် ကောင်းကောင်းရိတ်ပြီ။ တကယ်တော့ သူ့အဖို့ ဘာမှထူးပြီး မကုန်ကျပါ။ နမူနာပေးသည့် ဒီဇိုင်းနှင့် တူသည့် စက္ကူကတ်ပြားကို ၃၂ လမ်း သွားဝယ်ရတာလေးပဲ အလုပ်ပိုသည်။ ဒါမျိုး အရွက်တစ်ထောင်ယူမလား၊ တစ်သောင်း ယူမလား အသင့်လုပ်ပြီးသား တွေ ပုံနေသည်။

ဒါကြောင့်လည်း သူ့ပုံနှိပ်တိုက်ကို ရွှေဓားမ ပုံနှိပ်တိုက်လို့ အမည် ပေးထားတာပဲပေါ့။ ခုတ်မယ်၊ ထစ်မယ်၊ လှီးမယ် ဆိုသည့်သဘော။ သူကတော့ ဒီအဓိပ္ပာယ်မျိုး မဟုတ်ရပါဟု ငြင်းသည်။

'ငါပုံနှိပ်စက်လုပ်မယ်လို့ စိတ်ကူးနေတုန်း တစ်ညမှာ အိပ်မက်မက်တယ်ကွ၊ အိပ်မက်ထဲမှာ ဝတ်ဖြူစင်ကြယ်နဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက်က ငါ့ကို ရွှေဓားမလေး တစ်လက်ပေးပြီး ငါ့သား ဒါနဲ့ တစ်သက်လုံး လုပ်စားပေတော့လို့ ပြောသွားတယ်၊ ဒါကြောင့် ဒီနာမည် ပေးတာပါကွ'

'မင်းအကြောင်း သိနေလို့ မင်းနဲ့လိုက်တာ ပေးတာနေမှာပါကွာ'

ကျွန်တော်က ထိုအချိန်မှာ စာစရေးနေပြီ။ ပုံနှိပ်လုပ်ငန်းကိုလည်း စိတ်ဝင် စားသည်။ ထို့ကြောင့် အားလျှင် စိန်ကြောင့် ပုံနှိပ်တိုက်ကို သွားကြည့်တတ် သည်။ လုပ်စရာရှိလျှင် ဝင်ကူလုပ်ပေးတတ်သည်။

တစ်ခါတစ်ရံ စလစ်ထိုးပေးရသည်။ စလစ်ထိုးသည်ဆိုသည်မှာ မင်သား များများ ရိုက်သည့်အခါ စက္ကူ တစ်ရွက်နှင့် တစ်ရွက်ထပ်လျှင် ကပ်ကုန်တတ် သည်။ ထိုအခါ စက္ကူတစ်ရွက်နှင့် တစ်ရွက်အကြားတွင် ဆီစိမ်စက္ကူကို ကြားခံထည့်ပေးရခြင်းကို ခေါ်ခြင်းဖြစ်၏။

တစ်ခါတစ်လေကျတော့ ရွှေမင်ငွေမင်အမှုန့်တွေကို ဂွမ်းစလေးနှင့် တို့ပြီး သုတ်ပေးရ၏။ ရွှေငွေဖောင်းကြွရိုက်ပြီဆိုလျှင် ပိုအလုပ်ရှုပ်သည်။ စက်ကို ခပ်ဖြည်းဖြည်းလည်စေပြီး ရိုက်ရသည်။ ရိုက်ပြီးသမျှ မင်မခြောက်ခင် ဖောင်းကြွ ဆေးမှုန့်များ ဖြူးရသည်။

Commercial use of this book will be at your OWN RISK !

ပို၍သပ်ရပ်စေချင်လျှင် ဆေးမှုန့်ဖြူးပြီးသား ကတ်ပြားတွေကို တစ်ခုနှင့်တစ်ခု မထပ်ဘဲ ဖြန့်ချထားရသည်။ ပြီးတော့မှ ကတ်ပြား၏ ကျောဘက်ကို မီးကင်ပေးရသည်။ ထိုအခါ ဆေးမှုန့်များ အရည်ပျော်ပြီး ဖောင်းကြွလာသည်။

သူတို့စက်မှာတော့ မီးသွေးမီးနှင့် ကင်ရသည်။ အပူပေးရာမှာ လိုအပ်သလောက် ကွက်တိဖြစ်ဖို့ အရေးကြီးသည်။ မီးနည်းလျှင် သိပ်မဖောင်းဘဲ ဖြုတ်ထနေတတ်သည်။ မီးများတော့လည်း စက္ကူတွေ မီးကျွမ်းခြင်း ကော့လန်ခြင်းများ ဖြစ်တတ်၏။ ဝင်းမောက်တို့လို၊ ပညာအလင်းပြတို့လို စက်တွေမှာတော့ အပူပေးသည့်စက်ဖြင့် အလွယ်တကူ ပြုလုပ်ကြသည်။

စိန်ကြောင်သည် အလုပ်အပ်သူများကို မြှောက်တန်မြှောက်၊ ချော့တန်ချော့၊ အောက်ကျို့ပြီး အလုပ်ဖြစ်အောင် ဆက်ဆံတတ်တာတော့ မှန်သည်။ တစ်ခါတစ်လေတော့ ကတ်သီးကတ်ဖဲ့ လုပ်ချင်သော ဉာဉ်ကို ဖျောက်လို့မရ။

တစ်ရက်မှာ သူတို့ရုပ်ကွက်ထိပ် အအေးဆိုင်က ကောင်မလေး ဖိတ်စာလာအပ်သည်။ စိန်ကြောင်မှာ သူ့ဝသီအတိုင်း မနှောက်မပြောင်ဘဲ မနေနိုင်။

'အံမယ် . . . ဘယ်တုန်းက ကြိတ်ကြံလိုက်တာလဲ၊ ငါတို့တောင် မသိလိုက်ဘူး'

ကောင်မလေး မျက်နှာရဲခနဲဖြစ်သွားပြီး . . .

'အို . . . ဘာတွေလျှောက်ပြောနေတာလဲ၊ ငါ့တူလေး မွေးနေ့လုပ်မလို့ ဖိတ်စာလာအပ်တာ'

'ဩော် . . . မသိပါဘူး၊ ဆောရီးပဲ'

ဖိတ်စာရိုက်မည့် ပုံစံ၊ စက္ကူရေ စသည်တို့ တွက်ချက်ပြီး ဘယ်လောက်ကျကြောင်း ပြောပြသောအခါ ကောင်မလေးက . . .

'ဟင် . . . များလိုက်တာ၊ လျှော့ပါဦး'

'လျှော့ထားတာပဲ၊ ဒီ့ထက်လျှော့ရင် လက်စူးမိတော့မယ်'

'ဘာ . . . ဘာလက်စူးတာလဲ'

ကောင်မလေး နားမလည်သဖြင့် သူက ရှင်းပြသည်။

'ဒီလိုလေဟာ၊ တစ်ခါက မော်လမြိုင်က လူတစ်ယောက် ရန်ကုန်တက်လာတော့ သူတို့ဆီက ဒူးရင်းသီး ဘယ်လောက်ကြီးကြောင်း ကြွားတယ်၊ ကျုပ်တို့ဆီက ဒူးရင်းသီးများ ကြီးမှကြီး၊ ဟောဒီလောက် ရှိတယ်ဆိုပြီး လက်နှစ်ဖက်ကို ဆန့်ပြီး ဆန်ကောဝိုင်းလောက် လုပ်ပြတယ်၊ ရန်ကုန်က လူက ဟာ . . . ဒီလောက်ကြီးတော့လည်း မဖြစ်နိုင်ဘူး ဆိုတော့ ဒီလောက်တော့ ရှိပါတယ်ဗျ

Commercial use of this book will be at your OWN RISK !

ဆိုပြီး နည်းနည်းလျှော့ ဝိုင်းတာပေါ့လေ၊ ဒါလဲ ကြီးသေးတယ်ဆိုလို့ နည်းနည်း ထပ်လျှော့ရင်း လျှော့ရင်း နောက်ဆုံး တကယ့်ဒူးရင်းသီး အရွယ်လောက်လဲ ရောက်ရော ဒီထက်တော့ မလျှော့နိုင်တော့ဘူး၊ လက်စူးမိတော့မယ်ဗျ လို့ ပြောသတဲ့၊ အဲဒါပြောတာပါ'

ကောင်မလေးရယ်သည်။

'တော်တော် ပြောတတ်တယ်၊ ကဲပါ လက်စူးချင်လဲ စူးပါစေပေါ့၊ လျှော့ပေး ဦး၊ တစ်ရပ်ကွက်တည်း နေတဲ့လူတွေပဲဟာ၊ အလကားတောင် ရိုက်ပေးဖို့ ကောင်းတယ်'

စိန်ကြောင်သည် ချက်ချင်း ပက်ခနဲ ပြန်ပြောလိုက်၏။

'ဩ နင်တို့ကကော တစ်ရပ်ကွက်တည်း နေတဲ့လူချင်းမို့ဆိုပြီး ငါ့ကို အအေးတစ်ခွက် အလကား တိုက်ဖူးလို့လား'

'ဟယ် . . . ဒါကတော့ စီးပွားရေးကိုး'

'အဲ . . . ငါကတော့ အပျော်တမ်းလုပ်နေလို့လား'

'နင် လာသောက်ရင် ငါကောင်းကောင်းလေး ဖျော်ပေးပါတယ်ဟာ'

'အေး . . . ငါလဲ အခု ကောင်းကောင်းလေး ရိုက်ပေးလိုက်မယ်'

စိန်ကြောင်သည် တကယ်ပင် လုံးဝဈေးလျှော့မပေးဘဲ နေသည်။

ကောင်မလေး လက်လျှော့ပြီး ပြန်ခါနီးတွင် . . .

'ဖိတ်စာပြီးရင် နင့်ကိုလဲ မွေးနေ့ ဖိတ်ရဦးမယ်'

'ဘာကျွေးမှာလဲ'

'ရေခဲမုန့်'

'ဩ . . . ရေခဲမုန့် နှစ်ကျပ်သုံးကျပ်ဖိုးလောက် ကျွေးပြီး အနည်းဆုံး တစ်ဆယ်တန် မွေးနေ့လက်ဆောင် ပေးရမယ်ပေါ့ ဟုတ်လား'

ကောင်မလေး မျက်စောင်း တစ်ချက်ထိုးပြီး ဆောင့်ဆောင့်အောင့်အောင့် ထွက်သွားသည်။

တစ်ခါက သူ့စက်ခန်းထဲ ဝင်သွားတော့ သူ့ကိုမတွေ့ရ။ သူ့ညီ စိန်မောင် ကိုသာ စက်ရိုက်နေတာ တွေ့ရသည်။

သူသည် သူ့ညီကို စက်ရိုက်ခိုင်းလေ့ မရှိ။ သူကသာ အလုပ်တွေ ကျုံးလုပ်ပြီး သူ့ညီနှင့် သူ့ညီမကို ပညာရေးဘက်မှာသာ ဂရုစိုက်စေသည်။ ခုတော့ အရေးတကြီးမို့လို့သာ ခိုင်းခြင်းဖြစ်လိမ့်မည်။ သူ့ညီ စိန်မောင်ကို အလုပ်လုပ်ခိုင်းလေ့ မရှိသော်လည်း စက်ရိုက်တာတော့ သင်ပေးထားသည်။

Commercial use of this book will be at your OWN RISK !

ထိုအချိန်က ကျွန်တော်သည် ပရုဖတ်သည့်ပညာ (စာပြင်) ကို တတ်ခါစ ဖြစ်၍ ပုံနှိပ်စာတွေ့လျှင် ပရုပြင်ချင်သည့်ရောဂါ ထနေသည်။ ထို့ကြောင့် ရိုက်ပြီးသား စာရွက်တစ်ရွက်ကို ယူ၍ ဖတ်ကြည့်သည်။

စာလုံးပေါင်းအချို့ မှားသည်။ သိပ်တော့ အရေးမကြီး။ တချို့ဟာတွေ ကတော့ ဆိုးသည်။ ဝစ္စနှစ်လုံးပေါက် မပါတာမျိုး။ အဆိုးဆုံးကတော့ စာလုံး တစ်လုံးမှာ ဖောက်ထိုးကြီး ဖြစ်နေခြင်းပင်။ စာစီအမှား ဖြစ်၏။ စိန်ကြောင်မှာ အရေးတကြီးကိစ္စနှင့် ထွက်သွား၍ သေသေချာချာ မစစ်ဆေးနိုင်ခြင်း ဖြစ်လိမ့် မည်။

ဒါကို ပြင်လိုက်မှဖြစ်မည်။ သို့မဟုတ်လျှင် အလုပ်အပ်သူနှင့် ပြဿနာ တက်နိုင်သည်။ မတော် အသစ်ပြန်ရိုက်ပေးဆိုလျှင် စိန်ကြောင်ပဲ ဆုံး ရှုံးရလိမ့် မည်။ ထို့ကြောင့် . . .

'စိန်မောင် ခဏရပ်ဦးကွ၊ စာလုံးတွေ မှားနေတယ်'

စက်ရပ်ခိုင်းပြီး မှားနေသည့် စာလုံးတွေ ပြင်ခိုင်းလိုက်ရသည်။ စိန်မောင်ကတောင် . . .

'ကံကောင်းလို့ အစ်ကိုရာ၊ ကိုကြီးက ငါ့အားလုံး ရယ်ဒီလုပ်ပြီးပြီ ရိုက်ရုံပဲ ဆိုတော့ ကျွန်တော်လဲ သေသေချာချာ မကြည့်မိတော့ဘူး၊ အစ်ကို ရောက်လာလို့ တော်သေးတယ်၊ အရွက် ၂၀၊ ၃၀ ပဲ ရိုက်ရသေးတယ်'

အမှားတွေပြင်ပြီး ဆက်ရိုက်သည်။ အရွက်တစ်ရာလောက် ကျသည့်အချိန် မှာ စိန်ကြောင် ရောက်လာသည်။

'မပြီးသေးဘူးလားကွ' ဟု မေးသည်။ စိန်မောင်ကိုယ်စား ကျွန်တော်ကပင် ဝင်၍ပြောသည်။

'ပြီးဖို့နေနေသာသာ ကံကောင်းလို့ . . .' ဆိုပြီး ဖြစ်ပုံကို ပြောပြသည်။

ထိုအခါ သူက . . .

'ဟာ . . . မင်းရောက်လာပေလို့ပေါ့ကွာ၊ နို့မို့ အကုန်ပြန်ရိုက်ရမှာ၊ ကျေးဇူးပဲ သူငယ်ချင်း၊ လာကွာ မင်းကို လက်ဖက်ရည် လိုက်တိုက်မယ်' ဟု ပြောလိမ့်မည်ဟု အောက်မေ့မိသည်။ ဒီလို မဟုတ်ချေ။ သူသည် နဖူးကို ဖြန်းခနဲ ရိုက်လိုက်ပြီး . . .

'သေပါတော့ကွာ၊ ဟေ့ကောင် စိန်မောင်၊ အခုရပ်လိုက် . . . အခုရပ်' ဟု ပြူးပြူးပြာပြာ ပြောသည်။ စိန်မောင်လည်း လန့်ပြီး ခလုတ်ပိတ်လိုက်၏။

'ဘာဖြစ်တာလဲဟ'

Commercial use of this book will be at your OWN RISK!

'သွားပြီ . . . သွားပြီ၊ ဘယ်နှစ်ရွက် ရိုက်ပြီးပြီလဲ'

'တစ်ရာကျော်လောက်'

စိန်မောင် ဝင်ဖြေသည်။

'တောက် . . . မင်းဘာမှ မဆိုင်ဘဲ ဝင်ရှုပ်ရသလား' ဟု ကျွန်တော့်ဘက် လှည့်ဟောက်သည်။

'ဘာလဲကွ၊ မှားနေလို့ ပြင်တာပဲဟာ၊ စာလုံးတစ်လုံးက ဇောက်ထိုးကြီး တောင် ဖြစ်နေသေးတယ်'

'အဲဒါ တမင်လုပ်ထားတာ'

'ဘာ . . . တမင်လုပ်တာ'

'ဟုတ်တယ်'

ကျွန်တော် အံ့သြပြီး ကြောင်ကြည့်နေသည်။ တကယ်တော့ ကျွန်တော် စေတနာနှင့် လုပ်ခြင်းဖြစ်သည်။ ကျွန်တော် လုပ်တာကလည်း မှန်သည်။ ဒါကို သူနားလည်သဖြင့် လေသံပျော့သွားပြီး . . . .

'ဒီလိုကွာ၊ ဒီအဖုံးက ပထမတစ်ခါ ရိုက်ပြီးပြီ၊ မလောက်လို့ ထပ်ရိုက်တာ'

'အေးလေ . . . ထပ်ရိုက်လဲ ပြင်လိုက်တော့ ကောင်းတာပေါ့ကွာ'

'ပြင်လို့ မရဘူးကွ၊ မူလအဖုံးနဲ့ တစ်သဝေမတိမ်း တူအောင်ရိုက်ရမှာ စာလုံးမှာလဲ မှားတဲ့အတိုင်းပဲ ရိုက်ရမှာ'

ကျွန်တော် နည်းနည်း သဘောပေါက်စ ပြုသည်။

'မင်းဟာက အင်လုပ်တာပေါ့'

အတုရိုက်တာဟု ဆိုလိုခြင်းဖြစ်၏။

'အင်ရယ်လို့တော့ မဟုတ်ဘူး၊ ဒီလိုကွာ အခုလာအပ်တာက ဒီစာအုပ် ထုတ်တဲ့ ကျူရှင်ဆရာရဲ့ တပည့်၊ ဒီစာအုပ်က တော်တော်ရောင်းကောင်းတယ်၊ တစ်ထောင်ရိုက်ထားတာ ကုန်သလောက်ရှိပြီ၊ ဒါကြောင့် သူ့တပည့်က အုပ်ငါးရာလောက် တိတ်တိတ်ခိုးပြီး ထပ်ရိုက်တာလေ၊ သူ့ဆရာ မသိအောင် အကြံအဖန် လုပ်တာပေါ့၊ ဒီလိုလုပ်မှန်းမသိအောင် မူလရိုက်တုန်းက စာလုံးမှား တာတွေလဲ အမှားအတိုင်းပဲ ရိုက်မှဖြစ်မှာပေါ့၊ ဒါမှ ပိရိမှာပေါ့'

'နေစမ်းပါဦး၊ အဲဒီလို ငါးရာထပ်ရိုက်လို့ မကုန်ရင် ဘယ်လိုလုပ်မလဲ၊ မင်းကောင် ရှုံးမှာပေါ့'

'မင်းကလဲ ဒီလောက်မှ မစဉ်းစားမိဘူးလား၊ မကုန်တော့လဲ သူ့ဆရာ အရင်ရိုက်ထားတဲ့ အုပ်ရေတစ်ထောင်ထဲက ကျန်တာလို့ စာရင်းပြပြီး ပြန်အပ်

Commercial use of this book will be at your OWN RISK !

လိုက်ရုံပေါ့၊ စာအုပ်တွေ ရောင်းဖို့က ငါ့ကောင် တာဝန်ယူထားတာပဲဟာ၊ ဒါကြောင့် တစ်လုံးမကျန် တစ်ထပ်တည်းဖြစ်အောင် ရိုက်ရတာပေါ့'

'မင်းလဲ တော်တော်ရမှာပေါ့'

'ဒါပေါ့ကွာ ရိုက်ခ နှစ်ဆယူတာပေါ့'

'နေဦး . . . ငါ မရှင်းတာ တစ်ခု ရှိသေးတယ်၊ ပုံနှိပ်စက်တွေဟာ ဘယ်လောက် အမျိုးအစားချင်းတူတူ ခဲစာလုံးကျတော့ မတူနိုင်ဘူး၊ ခဲစာလုံး တူရင်တောင် အင်ပရက်ရှင် မတူနိုင်ဘူးလို့ ငါကြားဖူးတယ်၊ ဒါဆို တစ်သဝေ မတိမ်းတူဖို့ ဘယ်လွယ်မလဲ'

သူက ပြုံးပြီး . . .

'မင်းပြောတဲ့ အထဲမှာ အဖြေပါသွားပြီလေ၊ စက်ချင်း မတူရင် အင်ပရက်ရှင် မတူဘူး၊ စက်ချင်းတူရင်တော့ အင်ပရက်ရှင် တူတာပေါ့ကွ'

'ဘာ . . . ဒါဆို မူလ သူ့ဆရာရိုက်တဲ့ စာအုပ်အဖုံးကိုလဲ မင်းပဲ ရိုက်ပေးတာပေါ့ ဟုတ်လား'

'ဒါပေါ့'

'မင်းတော်တော် စုတ်ပဲ့တယ်၊ ကိုယ့်ဆီမှာ အလုပ်အပ်တဲ့လူကို ဒီလို မလုပ်ကောင်းဘူး'

'ဟေ့ကောင် . . . တိုးတိုးပြောစမ်းပါကွာ၊ အဖေ ကြားသွားပါဦးမယ်'

'ကြားတော့ . . .'

'အဖေက ဒါမျိုး အကြံအဖန်လုပ်တာ မကြိုက်ဘူးကွ၊ ငါကလဲ နို့မို့ဆို မလုပ်ပါဘူး၊ အဲဒီ ကျူရှင်ဆရာက ငါ့ကို ညစ်သွားလို့'

'ဘာညစ်တာလဲ'

'အဖုံးရိုက်ဖို့ စက္ကူလာပေးတော့ အပျက်အတွက် ငါးဆယ် ပိုထည့်ထား တယ်လို့ ပြောတယ်၊ ငါလဲ သူ့ကိုယုံလို့ ရေမကြည့်မိဘူး၊ တကယ်ရိုက်တော့ ကိုးရာငါးဆယ်ပဲ ရှိတယ်၊ တစ်ထောင်ပြည့်အောင် ငါစိုက်ထည့်လိုက်ရတယ်၊ အဖုံးလာရွေးတော့ ပိုက်ဆံမလောက်လို့ဆိုပြီး တစ်ရာ အကြွေးချန်ခဲ့တယ်၊ နောက်နေ့ လာပေးမယ်ပြောပြီး ပေါ်မလာတော့ဘူး၊ နှစ်ပတ်လောက်ကြာတော့ သူ့ကျောင်းကို လိုက်သွားပြီး တောင်းတယ် . . . .

. . . . ဘာပြောလဲဆိုတော့ အဖုံးရိုက်တုန်းက မက်တာမှာ စာလုံးတွေ မှားလို့ မပေးနိုင်တော့ဘူးတဲ့၊ ငါကတောင် အလျော်ပြန်ပေးရမယ့်သဘော ပြောတယ်၊ ငါ့ဘက်ကလဲ ချွတ်ယွင်းချက်ရှိခဲ့တော့ မပြောသာဘူးလေ၊ ဒါက

Commercial use of this book will be at your OWN RISK !

ထားတော့၊ ငါ့ကို ဆက်ဆံလိုက်ပုံက ပိုပြီးမကြိုက်တာ၊ ငါ့အပေါ်မှာ ကလေ ကချေ တစ်ယောက်ကို ပြောသလို ပြောလွှတ်လိုက်တာကွ၊ ဒါကြောင့် ငါ မှတ်ထားပြီး ပြန်တွယ်တာ'

'မင်းနဲ့ပေါင်းရတာ လန့်တောင် လန့်လာပြီ၊ ငါ့ကိုကော တစ်နေ့နေ့ မင်း မညစ်ဘူးလို့ မပြောနိုင်ဘူးကွာ'

'မင်းကိုတော့ ဘယ်တော့မှ မလုပ်ပါဘူးကွာ၊ မင်းက ငါ့အပေါ် ညစ်တာမှ မရှိခဲ့ဘဲ'

Commercial use of this book will be at your OWN RISK !

## အခန်း ( ၆ )

ကျွန်တော်တို့ သူငယ်ချင်းတစ်စုမှာ အုပ်စုလည်း တောင့်သည်။ ညီလည်း ညီညွတ်သည်။ ညီညွတ်လို့လည်း နှစ်ရှည်လများ မကွဲမကွာ ပေါင်းသင်းနေထိုင်နိုင်ကြခြင်းဖြစ်၏။ ဒါကလည်း ယေဘုယျအားဖြင့် သဘောထားချင်း၊ ဝါသနာချင်း တူကြသောကြောင့်ပင်။

အုပ်စုတွင်းမှာ ထူးထူးခြားခြား ဖြစ်နေသူက စိန်ကြောင်ဖြစ်၏။ သူသည် စီးပွားရှာခြင်းကလွဲ၍ ဘာကိုမှ စွဲစွဲလန်းလန်း ဝါသနာမပါ။

ဒီလိုကောင်မျိုးက ကျွန်တော်တို့ အုပ်စုဝင် ဖြစ်နေတာ ထူးဆန်းသလို ဖြစ်နေ၏။

တကယ်တော့လည်း သူကိုယ်တိုင်က ကျွန်တော်တို့နှင့် အတင်းလာပေါင်းခြင်းဖြစ်၏။ ငယ်ငယ်ကတည်းက စီးပွားရေးလုပ်လာသူဖြစ်၍ ဒီကောင် လူကဲခတ်ကောင်းသည်။ ကျွန်တော်တို့က သူ့အပေါ် ဘယ်တော့မှ မကောင်းသော စိတ် အကြံစည်မျိုး ရှိမည်မဟုတ်ကြောင်းကို သူသိသည်။

ကျွန်တော်တို့ကလည်း သူ စီးပွားရေး သောင်းကျန်းတတ်သော အကျင့်ကို သိပ် သဘောမတွေ့ သော်လည်း ကျောင်းနေဖက် သူငယ်ချင်းလည်းဖြစ်၊ ကျွန်တော်တို့က စီးပွားရေးသမားတွေလည်း မဟုတ်သဖြင့် သူ့ကို လက်ခံထားကြသည်။ သူ့ပင်ကိုယ်စိတ်ထား ကောင်းတာကို သိနေကြသောကြောင့်လည်း ဖြစ်၏။

Commercial use of this book will beat your OWN RISK !

ပြီးတော့ သူက ဘယ်လောက် ချိုးချိုးဖဲ့ဖဲ့ပြောပြော မနာတတ်။ စိတ်မဆိုးတတ်။ သူ စီးပွားရေးမှာ လူလည်ကျတာတွေကို ကျွန်တော်တို့က ဝေဖန်လေ့ရှိသည်။ တစ်ချို့ကဆိုလျှင် ပြင်းပြင်းထန်ထန် ရှုတ်ချသည်။ သူကတော့ အလွန်အရေထူ၏။

နောက်အချက် တစ်ချက် ရှိသေး၏။ သူ ကျင်လည်နေရသည့် စီးပွားရေးလောကမှ လူများသည် လူလည်တွေချည်း ဖြစ်သည်။ ဘယ်သူ့ကိုမှ စိတ်ချလက်ချ ယုံကြည်လို့မရ။ တစ်ယောက်နှင့် တစ်ယောက် အကျိုးအမြတ်ကို ကြည့်ပြီး ပေါင်းနေကြခြင်းဖြစ်၏။ အချင်းချင်း ဖြတ်ခုတ်ဖို့ လက်မနှေးကြ။

ထို့ကြောင့် သူ့အဖို့ အန္တရာယ် မရှိနိုင်သော၊ သူ့အကျိုးစီးပွားကို မထိခိုက်နိုင်သော၊ သူကောင်းဖို့ကိုသာ လိုလားသော ကျွန်တော်တို့အုပ်စုကို သူ လက်မလွှတ်နိုင်ခြင်းဖြစ်၏။

တစ်နည်းအားဖြင့် စီးပွားရေးလောကထဲမှာ အမြဲသတိဝီရိယနှင့် ပြောဆိုဆက်ဆံရတာကြာတော့ ငြီးငွေ့လာသည့်အခါ ကျွန်တော်တို့ အုပ်စုဆီလာပြီး စိတ်လွှတ်လက်လွှတ် နေနိုင်သောကြောင့်လည်း ဖြစ်၏။ ကျွန်တော်တို့နှင့် ပေါက်ကရပြောရင်း နောက်ရင်းပြောင်ရင်း စိတ်အပန်းဖြေခြင်း ပင်တည်း။

ကျွန်တော်တို့သည် အသီးသီး ဘွဲ့ရပြီးနောက် အတည်တကျဖြစ်အောင် ကြိုးစားကြသည်။ ကျွန်တော်က စာရေးဆရာဖြစ်ဖို့၊ တစ်ချို့က အစိုးရအလုပ်ရဖို့၊ ဒီကြားထဲမှာ ခုသာခံသာရှိအောင် ကျူရှင်ပြသူက ပြသည်။ အရောင်းအဝယ်စမ်းသပ်ကြည့်သူက ကြည့်သည်။

ကိုယ့်ကိစ္စနှင့်ကိုယ် လှုပ်ရှားရုန်းကန်နေသော်လည်း အဆက်အသွယ်တော့ မပြတ်ကြ။ စနေနေ့ညဆိုလျှင် အိမ်တစ်အိမ်မှာ ဆုံသည်။ ပြီးတော့ လက်ဖက်ရည်ဆိုင်မှာ ညဉ့်နက်သည်အထိ ထိုင်ကြသည်။ တစ်ခါတစ်လေ နည်းနည်းပါးပါး သောက်တတ်သည်။ စိန်ကြောင်ကတော့ အလုပ်များသူဖြစ်၍ ပုံမှန်မလာနိုင်။ အားလျှင်တော့ မရောက်ရောက်အောင် ကြိုးစားပြီး ပေါက်ချလာတတ်သည်။

သူလာသည့်နေ့ဆိုလျှင် စကားဝိုင်းက ပို၍ စိုပြည်တတ်သည်။ သူက အလုပ်ထဲက အကြောင်းတွေ ပြောပြသည်။

သူ ဘယ်သူ့ကို ဘယ်လိုရိုက်လိုက်သည်။ ဘယ်သူက သူ့အပေါ် လှီးဖို့ ကြိုးစားသည် ဆိုတာတွေကို အားလုံး ဖွင့်ပြောပြတတ်၏။ ထိုအခါ ကျွန်တော်တို့က အကြံပေးသင့်ပေး၊ ဝေဖန်သင့် ဝေဖန်၊ ဆဲသင့် ဆဲကြသည်။

Commercial use of this book will beat your OWN RISK !

တစ်ချို့ကိစ္စတွေကျတော့ သူလုပ်ပုံကို ကျွန်တော်တို့က လက်သင့်မခံဘဲ ဝေဖန်ရင်း ငြင်းကြခုန်ကြသည်။ ဒီလို စကားဝိုင်းမျိုးမှပင် သူ့အတွက် အကျိုးရှိသော အကြံဉာဏ်များ ရခဲ့ဖူးကြောင်း သူက ဖွင့်ဟဝန်ခံသည်။

သူတို့ စီးပွားရေးသမားတွေအဖို့ မြွေမြွေချင်း ခြေမြင်ပြီး တစ်ယောက်အကွက် တစ်ယောက် သိနေကြသည်။ ကျွန်တော်တို့လို ဘေးလူတွေ စိတ်ကူးတည့်ရာ ပြောသောစကားသည် သူမတွေးမိသော အကြံသစ် ဉာဏ်သစ် ဖြစ်ချင်ဖြစ်နေတတ်သည်။

ထိုစဉ်က ကျွန်တော်တို့အားလုံး လူပျိုလူလွတ်တွေချည်း ဖြစ်၏။ တနင်္ဂနွေနေ့များမှာ ဘာလုပ်လို့ လုပ်ရမှန်းမသိဘဲ ယောင်ချာချာ ဖြစ်နေတတ်ကြသည်။ တစ်ယောက်အိမ် တစ်ယောက် သွားသည်။ ထွေရာလေးပါးပြော၊ စာဖတ်နှင့် သံသရာ လည်နေသည်။

တစ်နေ့ကျတော့ အေးဖေဆိုသည့်ကောင်က အကြံပေး၏။ အပျင်းပြေ ဖဲရိုက်ကြရင် ကောင်းမယ်။ ကောင်းတယ် ဆိုပြီး သဘောတူလိုက်ကြသည်။

ကျွန်တော်တို့အိမ်က နှစ်ထပ်ဖြစ်၏။ အပေါ်ထပ်မှာသာ မိသားစု နေကြသည်။ အောက်ထပ်မှာက ကျွန်တော့် အစ်ကို၏ သူငယ်ချင်း နှစ်ယောက်သာ အလုပ်ရှာနေသည့်အခိုက် ခဏဝင်ခိုနေကြသည်။ အောက်ထပ်မှာ စတိုခန်းလေး တစ်ခန်းရှိ၏။ ထိုအခန်းမှာ နေရာတစ်ခုရအောင် ရှင်းလင်းပြီး ဖဲရိုက်ကြသည်။ တနင်္ဂနွေနေ့တိုင်း ဝိုင်းဖြစ်လာသည်။

ရှိုး ခေါ် တစ်ချပ်မှောက်ဝိုင်း ဖြစ်၏။ ထိုကစားနည်းမှာ တကယ့်ကြေးကြီး ဝိုင်းတွေမှာသာ ကစားကြခြင်းဖြစ်သည်။ ကျွန်တော်တို့ကတော့ တစ်ယောက် တစ်ကျပ်စီချပြီး တစ်ခါခေါ် ငါးပြား ဆယ်ပြားနှုန်းဖြင့် ကစားကြခြင်းဖြစ်သည်။ ဒီကြားထဲ တစ်ပွဲ တစ်မတ် အကောက် ကောက်သေးသည်။

ပွဲပြီးလျှင် များများစားစား နိုင်သူဟူ၍မရှိ။ အကောက်ထဲသာ အရောက်များသည်။ ရရှိသည့်အကောက်ဖြင့် လက်ဖက်ရည် သွားသောက်ကြသည်။ ပိုက်ဆံစုထည့်ပြီး လက်ဖက်ရည်သောက်ကြခြင်းနှင့် ဘာမှမထူး။

ကျွန်တော် ဖဲကစားလျှင် ရှုံးတာများသည်။ အကြောင်းမှာ ကျွန်တော်က သိပ်မတွက်တတ်သောကြောင့် ဖြစ်၏။ ကျွန်တော့်လိုပင် ရှုံးလေ့ရှိသူများက အေးဖေနှင့် မော်ဆရာ တို့ဖြစ်၏။ သူတို့ရှုံးတာကတော့ အံ့သြဖို့ကောင်းသည်။ သူတို့သည် ကောင်းကောင်း ကစားတတ်သူတွေဖြစ်၏။

Commercial use of this book will be at your OWN RISK !

အေးဖေသည် ထိုစဉ်က နောက်ဆုံးနှစ် ဆေးကျောင်းသား။ ဆေးတက္ကသိုလ်မှာ ပြုလုပ်သည့် ကျိတ်ဝိုင်းတိုင်း သူပါသည်။ မော်ဆရာကျတော့ ဖဲရိုက်တာ ဝါသနာကိုပါသည်။ ရုံးတစ်ရုံးမှာ အလုပ်လုပ်နေရင်း ချိန်းဝိုင်းတွေမှာ လိုက်ရိုက်လေ့ရှိ၏။ ဒီလိုကောင်တွေက ကျွန်တော်တို့လို ဘာမှ နားမလည်သည့်ဝိုင်းမှာ လာရှုံးရသည်။

ဖြစ်ရသည့် အကြောင်းရင်းက သူတို့က တကယ့် ဝိုင်းကြီးတွေမှာလို တွက်ချက်သည်။ သူတို့ဖဲ အဆင်ကောင်းလျှင် တခြားသူတွေ မလိုက်ရဲအောင် ဖိဟောက်သည်။ သို့ရာတွင် တခြားကောင်တွေက ဘာမှ တွက်တတ်တာမဟုတ်။ မလိုက်လျှင် ဝိုင်းပြင်ထွက်ရမှာ ပျင်းတယ်ဆိုပြီး စွတ်ရွတ်လိုက်ကြသည်။ ငွေကလည်း အများဆုံးမှ တစ်ကျပ်ဆိုတော့ မစဉ်းစားဘဲ ပစ်ထည့်လိုက်သည်။

တစ်ခါတစ်လေ ကိုယ်လိုချင်သည့်ဖဲက တစ်ဝိုင်းလုံးမှာ တစ်ချပ်တည်းကျန်သည်။ အထုပ်ထဲမှာ မရှိဘဲ မှောက်ဖဲတွေထဲ ရောက်ချင်ရောက်နေနိုင်သည်။ ဖဲဝေတော့လည်း ကိုယ့်ဆီ ကျချင်မှ ကျမည်။ အခွင့်အလမ်းသိပ်နည်းသည်။ နားလည်တတ်ကျွမ်းသူ ဆိုလျှင် မလိုက်တော့။ သို့ရာတွင် စွတ်ရွတ်လိုက်ရင်း ရှားဖဲတစ်ဖဲဝင်ပြီး တစ်ဝိုင်းလုံး စားချင်စားရသည်။

တစ်ချပ်မှောက်ဆိုတာက မှောက်ထားသောဖဲ။ တစ်နည်းအားဖြင့် ဝှက်ထားသောဖဲကို မူတည်ပြီး ပညာပြိုင်ရခြင်းဖြစ်၏။ တစ်ခါတစ်လေ ဖဲမကောင်းသော်လည်း မင်နှင့်မောင်းနှင့် ဟောက်ပစ်လိုက်လို့ တခြားလူတွေ မလိုက်ရဲလျှင် စားချင် စားရတတ်သည်။ ထို့ကြောင့် ဟန်ကောင်းဖို့လိုအပ်သည်။

ကျွန်တော်တို့ထဲမှာ ဟန်ဆောင်အညံ့ဆုံးက စိုးသောင်းဖြစ်၏။ သူက ဖဲတစ်ချပ်ဝေပြီဆိုလျှင် တဖြည်းဖြည်း ပွတ်ပြီး ကြည့်လေ့ရှိသည်။ သူဖဲပွတ်နေတာ တော်တော်ကြာသည်။ သူများတွေ ဖဲကြည့်လို့ ပြီးသည်အထိ သူပွတ်လို့ မပြီးသေး။ အားလုံးက သူဖဲပွတ်တာ စောင့်နေကြရသည်။

သူ့ဖဲ ကောင်းမကောင်းကလည်း သိပ်သိသာသည်။ ဖဲပွတ်ပြီးလို့ သူလိုချင်သည့်ဖဲ ရပြီဆိုလျှင် ကိုယ်က မတ်ခနဲဖြစ်သွားပြီး ဖဲကို ရှေ့မှာ ခပ်ကြွားကြွားဟန်ဖြင့် ခင်းပြတတ်သည်။ သူမကြိုက်သည့်ဖဲ ဖြစ်နေလျှင်တော့ ဟန်မဆောင်နိုင်ဘဲ 'ကျွတ် . . . ဆတ်ဘလာပဲ' ဟု ရေရွတ်ပြီး ဖဲကို ဆောင့်ကြီးအောင့်ကြီး ပစ်ချတတ်သည်။

စိန်ကြောင်ကတော့ တစ်ခါတစ်ရံမှ လာကစား၏။ ကစားသည့် အခါတိုင်း လိုလိုလည်း နိုင်လေ့ရှိသည်။ သူက ဖဲကို စိန်ပြေနပြေ ပွတ်လေ့မရှိ။ ပွတ်နေလို့

Commercial use of this book will be at your OWN RISK !

လည်း ဖဲက ပြောင်းသွားတာမဟုတ်ဘူး၊ ဒီဖဲက ဒီဖဲပဲ ဆိုပြီး ဖဲဝေပြီးတာနှင့် လှန်ချပစ်တတ်၏။ ပြီးတော့ သူများတွေ ဖဲပွတ်တာကို ဖဲလိုက်ကြည့်သည်။ အမူအရာ ပြောင်းလဲပုံကို အကဲခတ်၍ ဖဲကောင်းမကောင်း တွက်သည်။ သူခန့်မှန်းပုံ မှန်တာများသဖြင့် ချင့်ချိန်ကစားနိုင်သောကြောင့် သူနိုင်လေ့ရှိခြင်းပင်။

သူက ပြောဖူးသည်။

'လူတစ်ယောက်မှာ ထူးခြားတဲ့ အမူအကျင့်တွေ ရှိတယ်ကွ၊ ဒါတွေကို သတိထားကြည့်ရင် သိနိုင်တာပဲ၊ ဥပမာ မင်းဆိုပါတော့၊ မင်းက တကယ် ဖဲမကောင်းဘဲနဲ့ ရှိုးလေ့မရှိဘူး၊ ညာစားလေ့ မရှိဘူးပေါ့ကွာ၊ နောက်ပြီး မင်းဖဲကောင်းပြီ ဆိုရင်လည်း ဘယ်လို ဟန်ဆောင်ဆောင် သိသာတာပဲ၊ မင်း ဖဲသိပ်ကောင်းနေပြီ ဆိုရင် စိတ်လှုပ်ရှားတာကို ဖြေဖျောက်ဖို့ ဆေးလိပ်ကောက် မီးညှိပြီး မီးခိုးထောင်းထောင်း ထအောင် ဆက်တိုက် ဖွာတော့တာပဲ၊ ဒါကို ငါက သတိထားကြည့်နေတာကွ'

ကျွန်တော့် အပြုအမူကို ကျွန်တော့်ဘာသာတောင် သတိမပြုမိ။ သူပြောကာမှ ဟုတ်ပါလားဟု မှတ်မိလာ၏။ စိန်ကြောင်သည် စီးပွားရေးလောကတွင် လည်း ဒီလို လူကဲခတ်ကောင်းသောကြောင့် အောင်မြင်ခဲ့ခြင်းဖြစ်၏။

ပုံနှိပ်စက်က အလုပ်ဖြစ်သည်။ သူ့ပုံနှိပ်စက်မှာ မင်ကျမင်န သိပ်ကောင်းလှ သည်တော့ မဟုတ်။ သို့တိုင်အောင် သူက အလုပ်ရအောင် ရှာတတ်သည်။ ဒါကလည်း စမ်းကြည့်တာ မမှားဘူးဆိုသော သူ၏ အယူအဆကြောင့်ဖြစ်၏။ ဘယ်နေရာရောက်ရောက် အလုပ်ဖြစ်နိုင်မည့် အကွက်ကို အမြဲသတိပြုပြီး ကြည့် လေ့ရှိ၏။

ဥပမာ အလှူမင်္ဂလာဆောင် တစ်ခုခုမှာ တစ်ဝိုင်းတည်း ထိုင်မိသူနှင့် စကားပြောရင်းက ထိုသူသည် သူ့ကို အလုပ်အပ်ကောင်း အပ်နိုင်သည့် လုပ်ငန်းရှင် တစ်ယောက်ဆိုလျှင် အလုပ်အကြောင်း စကားစပ်လေတော့သည်။ ဆေးလိပ်ခုံထောင်ထားသူ ဖြစ်ပါက . . .

'ဒါနဲ့ ဆေးလိပ်တံဆိပ်တွေ ဘယ်မှာ ရိုက်သလဲ' ဟု မေးမည်။ ပြီးတော့ . .

'အဆင်ပြေရဲ့လား'

ဆက်ပြီး စကားတောက်မည်။ ပြေပါတယ်ဆိုလျှင် သူ့စက် လိပ်စာ ကတ်ပြားလေး ထုတ်ပေးပြီး နောင် အကူအညီလိုလျှင် လာခဲ့ပါဟု ပြောပြီး စကားခင်း ထားလိုက်သည်။ အကယ်၍ မူလရိုက်နေသည့် ပုံနှိပ်တိုက်နှင့်

Commercial use of this book will be at your OWN RISK!

အဆင်မပြေလို့ စက်ပြောင်းရိုက်ချင်နေသူနှင့် ကြုံလျှင်တော့ ကျိန်းသေအလုပ်ဖြစ်အောင် ပြောတော့သည်။ ဘာတွေ အဆင်မပြေသလဲ စကားနှိုက်ပြီး . . .

'ဟုတ်တယ်ဗျာ၊ တစ်ချို့စက်တွေက ဒီလိုပဲ၊ ရက်ချိန်း မမှန်တတ်ဘူး၊ အလုပ် လက်ခံတဲ့အခါမှာတော့ စိတ်ချပါ၊ ပြီးအောင် လုပ်ပေးပါ့မယ်ဆိုပြီး အာမခံလိုက်တာပဲ၊ နောက်မှ လုပ်ချင်တာလုပ်ကြတာ၊ ကျွန်တော်ကတော့ ဒီလို မဖြစ်အောင် ကြိုးစားတယ်၊ အလုပ်အပ်တဲ့လူမှာလဲ အချိန်လုပြီး လုပ်နေရတယ်ဆိုတာကို ကိုယ်ချင်းစာတတ်တယ်လေ'

ဒီလောက်ဆိုလျှင် တစ်ဖက်လူမှာ သူ့ကို အတော် စိတ်ဝင်စားလာပြီ။ တကယ်တော့ စိန်ကြောင့်စက်ကလည်း ရက်ချိန်းမှန်လှသည် မဟုတ်။ သို့ရာတွင် သူက အပြောကောင်းသည်။ အလုပ်မပြီးလျှင် . . .

'ညက ဗြုန်းဆို မီးပြတ်သွားလို့ အစ်ကိုရေ့၊ ခုလေးတင် ပြန်လာတာ၊ ကျွန်တော်ဖြင့် အစ်ကိုကြီးကို ချိန်းထားတာ ပေးနိုင်အောင်ဆိုပြီး လက်နဲ့တောင် လှည့်ရိုက်ကြည့်သေးတယ်၊ အရွက်လေးငါးဆယ် ကျအောင် တစ်နာရီလောက် ရိုက်ယူရတယ်၊ လူလဲ ပင်ပန်းလိုက်တာ ကိုင်ရိုက်ထားသလိုပဲ၊ နက်ဖြန် ဆက်ဆက် ရပါစေ့မယ်' ဟုပြောပြီး လက်ဖက်ရည်တွေ မှာတိုက်တာတို့ ဘာတို့ လုပ်တော့ အလုပ်အပ်သူမှာ ကျေနပ်သွားရသည်။ နောက်ပြီး သူဖြီးတာ တစ်ခု ရှိသေးသည်။

'တစ်ချို့ ပုံနှိပ်တိုက်တွေက အရောင်ကို ဂရုမစိုက်တတ်ကြဘူး၊ ရှိတာနဲ့ ရိုက်ချလိုက်တာပဲ၊ အမှန်က အဝါဆိုရင် **deep yellow** ၊ **lemon yellow** ၊ အနီဆိုလဲ ဒိပ်ရက်ဒ်၊ မာဂျင်တာ စသည်ဖြင့် ကွဲပြားသေးတာ၊ ကုန်အမှတ်တံဆိပ်ဆိုတာက အစဉ်သဖြင့် တစ်ရောင်တည်း တစ်ညီတည်း ဖြစ်နေမှ ကောင်းတာ၊ ဝယ်တဲ့လူက သိတယ်၊ အရောင်နဲနဲလွဲနေရင် အတုလား ဘာလား ထင်တတ်တာပေါ့၊ ကျွန်တော်ဆိုရင် အဲဒါ သိပ်ဂရုစိုက်တယ်၊ မင် ဆိုရင်လဲ အကောင်းဆုံးမှ သုံးတယ်၊ အိုပီအိုင် ကလွဲရင် ဘာမှမသုံးဘူး'

အမှန်က တခြားစက်တွေလည်း အိုပီအိုင်သာ သုံးကြသည်။ အကြောင်းမှာ ကုန်သွယ်ရေးမှ ပုံနှိပ်စက်အားလုံးအတွက် အိုပီအိုင်မင် တစ်မျိုးတည်းသာ တစ်ပြေးညီ ထုတ်ပေးသောကြောင့်ပင်ဖြစ်၏။

ဘာပဲဖြစ်ဖြစ် ခုလို သူ့ပါးစပ်ဆော့တတ်မှုကြောင့် အလုပ်ရခဲ့ပေါင်း မနည်းတော့။ ပုံနှိပ်စက်တွေမှာ ပုံမှန်ရိုက်သော ဖောက်သည်ရှိလျှင် အလုပ်မှာ မပြတ်ရ။ အထူးသဖြင့် ဖောင်ရှည်ဟု ခေါ်သော ရွက်ရေ သောင်းနှင့်ချီ ရိုက်ရတာမျိုး။

Commercial use of this book will be at your OWN RISK !

စာရိုက်သည့် လက်တာပရက်စ် တွေဆိုလျှင် မဂ္ဂဇင်းတို့ စာအုပ်ထုတ်ဝေသူတို့နှင့် ဆက်ထားရသည်။ စိန်ကြောင်တို့လို ကာလာစက် (အရောင်ရိုက်စက်) ဂျော့ပ် ခေါ် ပုံစံဇယားရိုက်သည့် စက်မျိုးတွေကျတော့ လုပ်ငန်းရှင်တို့ ရုံးဌာနတို့ကို အားကိုးရသည်။

ထို့ကြောင့် သူသည် လုပ်ငန်းရှင်များဖြစ်ကြသော ဆေးလိပ်ခုံ၊ ဖျော်ရည်လုပ်ငန်း၊ အမွှေးတိုင်လုပ်ငန်း စသည်တို့၏ ပိုင်ရှင်များကို မိတ်ဆွေဖွဲ့သည်။ အလုပ်အပ်သည်ဖြစ်စေ၊ မအပ်သည်ဖြစ်စေ ထိုသူများထံ လမ်းကြုံတိုင်း ဝင်လည်သည်။ ထိုသူတို့၏ လုပ်ငန်းကိစ္စများကို ခရီးသွားဟန်လွှဲ ဝင်ကူညီသည်။ ဒီလိုနှင့် သူနှင့် ခင်မင်ရင်းနှီးသွားပြီး သူ့စက်မှာ ပုံမှန်အလုပ်အပ်သူတွေ ဖြစ်လာ၏။

အလုပ်အဆင်ပြေသဖြင့် ဝင်ငွေကောင်းလာသော်လည်း ပုံနှိပ်စက် ကိုယ်ပိုင်မဟုတ်သဖြင့် စက်ငှားခ ပေးနေရသေးသည်။ ရသမျှကို စက်ပိုင်ရှင်နှင့် မျှစားနေရသလို ဖြစ်နေ၏။

ပုံနှိပ်စက်တစ်လုံး ကိုယ်ပိုင်ဝယ်နိုင်ဖို့ ကြိုးစားရမည်။ ရသမျှကို စိစိစစ်စစ် သုံးပြီး စုသည့်တိုင် စက်ဝယ်ဖို့ မလွယ်သေး။

တခြားလုပ်ငန်းတစ်ခုခု ရှာလုပ်ပြီး ငွေပိုရအောင် ကြံမှဖြစ်မည်။

တစ်ခါတုန်းက ကိုခေါင်းကြီးနှင့်အတူ ဦးဘရင် ကားဂိတ်လိုက်သွားရင် မန္တလေးကို ပစ္စည်းပို့သည့်ကိစ္စ တစေ့တစောင်း လေ့လာဖူးသည်။ ကုန်သွယ်ရေးမှ ပုံနှိပ်စက်တွေအတွက် ထုတ်ပေးသော စက္ကူ၊ မင် စသည်တို့ကို ကောက်ပြီး မန္တလေးသို့ပို့နိုင်လျှင် စားသာသည်။ ဟိုမှာ ပြတ်နေသော ပစ္စည်းကို အချိန်ကိုက်၍ ပို့နိုင်လျှင် မြိုးမြိုးမြက်မြက်ကလေး စားရတတ်၏။

တစ်ခုပဲ ရှိသည်။ မန္တလေးမှာ လူခံရှိဖို့လိုသည်။ အကောင်းဆုံးက ကုန်လက်ခံပြီး ငွေပြန်ပို့ပေးမည့်သူ။ ဆိုင်ကြီးတစ်ဆိုင်နှင့် အဆက်အသွယ်ရဖို့ လိုသည်။ မန္တလေးကိုတက်ပြီး အဆက်အသွယ်ရှာဖို့တော့ မဖြစ်နိုင်။ ဟိုမှာ အဆင်ပြေမပြေ မသေချာဘဲနှင့် စရိတ်အကုန်မခံနိုင်။

ကိုခေါင်းကြီးကတဆင့် ဆက်သွယ်ကြည့်ဖို့တော့ စိတ်ကူးမိသေးသည်။ ကိုခေါင်းကြီးသည် မန္တလေးရှိ စက္ကူဆိုင်များ ၊ ပွဲစားများ မှာသည့်ပစ္စည်းများကို ရန်ကုန်မှာရှာပြီး ပို့နေသူဖြစ်၏။ ကိုခေါင်းကြီးကို အကူအညီတောင်းလို့ မဖြစ်ဟု စဉ်းစားမိပြန်သည်။ ကိုခေါင်းကြီးအနေဖြင့် သူ့ဈေးကွက်ထဲ လူသစ်အဝင်ခံမည် မဟုတ်။ လုပ်ငန်း ဖွဲ့ပေးရလောက်အောင်တော့ သဘောကောင်းနိုင်မည် မဟုတ်။

Commercial use of this book will be at your OWN RISK!

ထို့ကြောင့် သူ့ဘာသာပဲ အဆက်အသွယ် ရှာရမည်။ တစ်နေ့ ကားစီးသွားရင်း မန္တလေးအသင်းတိုက်ဆိုသော ဆိုင်းဘုတ်ကို လှမ်းတွေ့မိသည်။

ဟုတ်ပြီ။ အဲဒီမှာ မန္တလေးသားတွေ စုဝေးရာ ဖြစ်ရမည်။ ရန်ကုန်ရောက် မန္တလေးသားများသာမက မန္တလေးမှလာသော ဧည့်သည်များပါ ရှိရမည်။ ဒါဆို အသင်းတိုက်သည် မန္တလေးမြို့ အသေးစားလေးနှင့် ဘာထူးမှာလဲ။

တစ်နေ့မှာ သူ ကျွန်တော့်ဆီ ရောက်လာသည်။

'မင်း ငါ့ကို အဝတ်အစားတွေ ငှားစမ်းပါ၊ ငါ့မှာ ကောင်းကောင်း မရှိလို့ကွ' ဟု ပြောသည်။

'မင်္ဂလာဆောင် သွားမလို့လား'

'မဟုတ်ဘူး၊ မန္တလေး အသင်းတိုက် သွားမလို့'

'မင်းနဲ့ ဘာဆိုင်လို့လဲ'

'အလုပ်ကိစ္စပါကွာ'

သူ စိတ်ကူးထားသည့်ကိစ္စ ကျွန်တော့်ကို ပြောပြပြီး . . .

'မန္တလေးက လူတွေနဲ့ အလုပ်စကားပြောတဲ့အခါ သပ်သပ်ရပ်ရပ် ဝတ်စား သွားမှ အဆင်ပြေတယ်လို့ ကြားဖူးလို့'

ကျွန်တော့်အဝတ်အစားတွေထဲက သူကြိုက်တာ ရွေးသည်။

တိုက်ပုံအင်္ကျီလည်း ပါသည်။ ကျွန်တော့် ဆီကို နာရီကိုလည်း ငှားသည်။ အိမ်ထဲက အထွက်တွင် ကျွန်တော့် ကတ္တီပါဖိနပ်ကို ကြည့်၍ . . .

'မင်းဖိနပ် ငါ ခဏ စီးသွားမယ်' ဆိုပြီး သူ့ရှာဘာဖိနပ် မြီးတိုနှင့် လဲစီးသွား၏။

ဝတ်ကောင်းစားလှ ဝတ်ပြီး မန္တလေးအသင်းတိုက်ကို သွားသည်။ ဘိလိယက် လာထိုးသူများနှင့် မိတ်ဖွဲ့သည်။ ယမကာဝိုင်းတစ်ခုမှာ ဝင်ရောရင်း ဒကာခံသင့် ခံလိုက်သည်။

မန္တလေးသားအချို့နှင့် အသိအကျွမ်းဖြစ်လာ၏။

စိန်ကြောင် ဘယ်လောက် အပြောအဆိုညက်ပြီး စည်းရုံးရေး ကောင်းသလဲ ဆိုရင် မန္တလေးကို တစ်ခေါက်မှတောင် မရောက်ဖူးသူက မန္တလေးအသင်းဝင် ဖြစ်လာခဲ့သည် အထိပင်။

မန္တလေးက ပွဲစားတစ်ယောက်နှင့်လည်း အဆက်အသွယ်ရသည်။ တစ်ခုပဲ ပြဿနာရှိ၏။ ထိုပွဲစားက ငွေတော့ ကြိုထုတ်မပေးနိုင်။ စိန်ကြောင်က လိုသော

Commercial use of this book will be at your OWN RISK !

ပစ္စည်းပို့ပေး။ ဟိုရောက်မှ ပစ္စည်းသွင်းပြီး ကျသင့်ငွေ တွက်ချက်၍ ပြန်ပို့မည်။ စိန်ကြောင်ကလည်း ဒီလိုပဲ ဖြစ်လိမ့်မည်ဟု တွက်ပြီးသား။

မန္တလေးပွဲစားက ဟိုမှာ ပြတ်နေသည့်ပစ္စည်း၊ ဈေးကောင်းရမည့် ပစ္စည်းကို တယ်လီဖုန်းဖြင့် အကြောင်းကြားမည်။ ထိုအတွက် ကျွန်တော်တို့ အိမ်က တယ်လီဖုန်းနံပါတ်ကို စိန်ကြောင်က ပေးထား၏။ ဖုန်းလာလျှင် ပစ္စည်းစာရင်း နှင့် ပေါက်ဈေးကို ကျွန်တော်က မှတ်ထားပေးရသည်။

ဒါ့အပြင် ကိုခေါင်းကြီး ထံမှလည်း သိရသည်။ စိန်ကြောင်သည် မန္တလေး ကိစ္စကို ကိုခေါင်းကြီးအား အသိမပေးဘဲ ထားသည်။ သိလျှင် သူ့လုပ်ကွက် ဝင်လုတယ်ဆိုပြီး အဆက်ဖြတ်သွားမှာ စိုးရသည်။

ကိုခေါင်းကြီးနှင့် ကင်းလို့မဖြစ်သေး။ သူ့ဆီက ပညာယူစရာတွေ ရှိသေး သည်။ နောက်ပြီး ကိုခေါင်းကြီး နောက်ကလိုက်ရင်း သူဘာပစ္စည်းတွေ ဝယ်ကြောင်း သိနိုင်မည်။ ကိုခေါင်းကြီး ဝယ်သည့်ပစ္စည်းဆိုလျှင် မန္တလေးမှာ ဈေးကောင်းနေသည့် ပစ္စည်းဖြစ်တာ သေချာသည်။

ဒီတော့ စိန်ကြောင့် အနေဖြင့် အပင်ပန်းခံ စုံစမ်းစရာမလိုဘဲ ဘာပစ္စည်း တင်ပို့ရမလဲ သိခွင့်ရနေ၏။

ပစ္စည်းပို့လျှင် ကိုခေါင်းကြီးသုံးသည့် ဦးဘရင်ဂိတ်က ပို့လို့မဖြစ်။ ကိုခေါင်းကြီး သိသွားနိုင်သည်။ တခြားဂိတ် တစ်ခုကို ရှာရသည်။

သူနှင့် လုပ်သားကောလိပ် တူတူ တက်ဖူးသော ထွန်းထွန်းတို့ အဖေက ကားဂိတ်ထောင်ထားကြောင်း သိရ၏။ ထွန်းထွန်းနှင့် ဆက်သွယ်ပြီး သူတို့၏ ဝတစ်လုံး ကားဂိတ်မှ ပို့ရန် စီစဉ်သည်။

ပစ္စည်းဝယ်ရာမှာလည်း ကိုခေါင်းကြီး သုံးလေ့ရှိသည့် ဆိုင်တွေမှာ မဝယ်ဖို့ သတိထားရမည်။ ထိုဆိုင်တွေမှာဝယ်လျှင် ကိုခေါင်းကြီး သိသွားနိုင်သည့်အပြင် သူ့အကြံအစည်နှင့်လည်း မကိုက်ညီချေ။ သူ့စိတ်ကူးအရဆိုလျှင် သူ့ကို တစ်ခါမျှ မမြင်ဖူးသည့်ဆိုင်မျိုး ဖြစ်ရမည်။ ထိုကြောင့် ကိုခေါင်းကြီး ဝယ်နေကျ ၃၂ လမ်း ဆိုင်တွေကို မသုံးဘဲ ၃၁ လမ်းဘက် ဆိုင်များကို စိတ်ကူးထား၏။

သူ့မှာ ဖျစ်ဖျစ်မြည်အောင် ညှစ်ထုတ်ပါမှ ငွေ နှစ်ထောင်လောက်ပဲ ရှိသည်။ ငါးထောင်ဖိုးလောက်တော့ လုပ်မှ အတော်အသင့် အလုပ်ဖြစ်နိုင်မည်။

ထိုအခါ သူသည် ကျွန်တော့်ဆီကငှားထားသော အဝတ်အစားတွေ အကျ အနဝတ်ပြီး စက္ကူဆိုင်တွေထဲဝင်သည်။ အင်္ကျီအိတ်ထဲမှာ မန္တလေးအသင်းဝင် ကတ်ကို ထည့်သွားသည်။ အင်္ကျီအသားပါးပါးကို တမင်ဝတ်သွားသဖြင့်

Commercial use of this book will be at your OWN RISK!

ကတ်ပြားကို ထွင်းဖောက်မြင်နိုင်သည်။ စက္ကူဆိုင်တွေမှာ စက္ကူဈေး၊ မင်ဈေး စုံစမ်းသည်။ မန္တလေးကဆင်းလာတာ မကြာသေးသည့် အပေါက်မျိုး၊ ဈေးသင့်လျှင် အကြီးအကျယ် ဝယ်မည့်ပုံမျိုး။

ဆိုင်တွေက သူ့ကို မန္တလေးသား ထင်သည်။ ဖောက်သည်ကောင်း တစ်ယောက်ကို လက်လွတ်မခံနိုင်သဖြင့် ဘယ်မှာတည်းသလဲ မေးသည်။ သူက . . .

'ညနေဆိုရင် မန္တလေးအသင်းတိုက်မှာ ရှိပါတယ်'

ဟု ခပ်တည်တည်ပြောပြီး ချိန်းလိုက်သည်။

ညနေ ဟိုလူတွေ ရောက်လာသောအခါ သူက မန္တလေးအသင်းတိုက်မှ ထင်ရှားသော မန္တလေးသား တစ်ယောက်ယောက်ကို သွားမိတ်ဖွဲ့ပြီး ရင်းရင်းနှီးနှီး စကားလက်ဆုံ ကျနေသည့်အခိုက်နှင့် ချိန်ကိုက်ထားလိုက်သည်။ စက္ကူရောင်းတဲ့လူတွေ သူ့ကို ယုံကြည်သွားကြပြီ။

ဒီလောက်နှင့် မပြီးသေး။ စက္ကူဆိုင် သုံးလေးဆိုင်လောက်ကို တစ်ပြိုင်တည်း ချိန်းထားလိုက်သည်။ သူတို့တွေရှေ့မှာ မျက်နှာချင်းဆိုင်မိကြတော့ တစ်ယောက်နှင့် တစ်ယောက် အကဲခတ်ရင်း အကြံတူ ရန်သူဟု အတွင်းကျိတ် သတ်မှတ်ကုန်ကြတော့သည်။ စိန်ကြောင်ကတော့ ခပ်အေးအေးပင်။ အားလုံးကို တန်းတူ ဂရုစိုက်ပြောဆိုပြီး မနက်ဖြန် ဆိုင်ကို လာခဲ့ဦးမည်ဟု အားလုံးကို ရည်ညွှန်း၍ ဆိုလိုက်၏။

သူ ကျွန်တော့်ကို မေးခဲ့ဖူးသည်။

'မင်း အသိတွေထဲမှာ မန္တလေးသား ရှိခဲ့ဖူးသလား'

'ရှိတာပေါ့ တက္ကသိုလ်မှာ တုန်းက အများကြီးပဲ'

'သူတို့ နာမည်တွေ ပြောစမ်းပါ'

'ဘာလုပ်ဖို့လဲ'

'သိချင်လို့ပါကွာ'

'အဲ . . . ကိုခင်ဇော်၊ ပြီးတော့ ကိုကံမောင်'

'မဆိုးဘူး'

'ဘာ မဆိုးတာလဲ'

'ဆက်ပြောစမ်းပါဦး'

'နောက်တစ်ယောက်က ကိုကြင်ဆောင်'

'အား . . . ဟုတ်ပြီ၊ ကြင်ဆောင်၊ အဲဒီနာမည် ကောင်းတယ်'

Commercial use of this book will be at your OWN RISK !

'ဘာကောင်းတာလဲ'

'ဒီလိုကွ၊ ငါက စက္ကူဆိုင်တွေကို မန္တလေးသားလို့ ပြောထားတာကိုး၊ ဒါကြောင့် နာမည်ကအစ မန္တလေးသားနဲ့တူအောင် ပြောမလို့'

'ဘာဆိုင်လဲကွာ၊ မန္တလေးသားနဲ့ ရန်ကုန်သားနဲ့ နာမည်မကွဲလှပါဘူး၊ ကိုကျော်စွာ ဆိုတာလဲ ရှိသေးတယ်၊ ဒီနာမည်မျိုးတွေ ရန်ကုန်မှာလည်း မှည့်နေကြတာပဲ'

'မဟုတ်သေးဘူးကွ၊ ကြင်ဆောင်တို့ မြင့်ဆောင်တို့ ဆိုတဲ့ နာမည်မျိုးတွေက အညာဘက်က အမှည့်များတယ်၊ နာမည်ကြားလိုက်တာနဲ့ အညာသားပဲဆိုတာ သိသာတယ်၊ အဲဒီနာမည်မျိုး လိုချင်လို့'

ဒီလိုနှင့် သူသည် စက္ကူဆိုင်တွေနှင့် ဆက်သွယ်ရာတွင် ကြင်ဆောင်ဆိုသော အမည်ကို ခံယူခဲ့၏။ ထို့ကြောင့် စက္ကူဆိုင်ထဲ ဝင်သွားသောအခါ . . .

'ဟော . . . ကိုကြင်ဆောင်ပါလား၊ လာထိုင်ပါ'

ဟု ဆီးကြိုကြသည်။ သူက . . .

'အေးဗျာ၊ အစကတော့ ဈေးစုံစမ်း စနည်းနာရုံလောက် သဘောထားတာ၊ ခင်ဗျားတို့ အပြောကောင်းတာနဲ့ စမ်းပို့ကြည့်မလား စိတ်ကူးတယ်'

'ကောင်းတာပေါ့ ခင်ဗျာ၊ အားလုံး အဆင်ပြေအောင် လုပ်ပေးပါ့မယ်'

သူက စဉ်းစားသလို လုပ်ပြီး . . .

'အင်း . . . နောက်တစ်ပတ်လောက်ကြာမှ လုပ်နိုင်မယ် ထင်တယ်ဗျာ'

'ဘာအခက်အခဲများ ရှိလို့ပါလိမ့်'

'ကျွန်တော်က ဈေးစုံစမ်းရုံလောက် စိတ်ကူးလာတာဆိုတော့ ငွေများများ မပါခဲ့ဘူး၊ အသုံးအစွဲကလည်း နည်းနည်း ကြမ်းသွားတယ်ဗျာ၊ ရန်ကုန်မှာ ကလည်း ကုန်ပေါက်ကလေးတွေက ပေါချက်ကိုးဗျ၊ ဟဲ ဟဲ'

စိန်ကြောင်က မန္တလေးတစ်ခေါက် ပြန်တက်ပြီး ငွေယူသင့်ယူမည်။ သို့မဟုတ် ငွေလှမ်းမှာမည်ဟု ဆိုသည်။ ဟိုလူတွေ စဉ်းစားစ ပြုပြီ။ ထိုစဉ်မှာပင် စိန်ကြောင်က . . .

'လေးငါးထောင်ဖိုးလောက် စမ်းကြည့်မယ် စိတ်ကူးတယ်၊ အဆင်ပြေမယ် ဆိုရင်တော့ ငွေခဏ ဆိုင်းနိုင်မလားပဲ'

ဆိုင်ရှင်တွေအနေနှင့် နောင် လေးငါးသောင်းဖိုးလောက် ပုံမှန် အလုပ်ဖြစ်နိုင်စရာ အလားအလာရှိသည့် လုပ်ငန်းရှင်ကလေးကို လက်မလွှတ်လိုကြ။ ကိုယ်နှင့် မပြေလည်လို့ တခြားဆိုင် ကူးသွားတာမျိုး အဖြစ်မခံနိုင်။

Commercial use of this book will be at your OWN RISK !

ငွေငါးထောင်ဖိုးလောက်နှင့်တော့ လိမ့်မည့်လူမျိုး မဟုတ်။ မန္တလေးအသင်း အရှိန်နှင့် သူ့အပေါ် ယုံကြည်မှုရှိသည်။

ထို့ကြောင့် သူလိုချင်သော ပစ္စည်းတွေ ထုတ်ပေးကြသည်။

ဒီလိုနှင့် သုံးလေးဆိုင်လောက်မှ ပစ္စည်း ငါးထောင်ဖိုးစီလောက် အကြွေး ယူခွင့် ရသွားသည်။

သူက တစ်ဆိုင်နှင့် တစ်ဆိုင် သုံးရက်လောက်ခြားပြီး ပစ္စည်းယူသည်။ ရှေ့နှစ်ဆိုင်က ပစ္စည်းကို မန္တလေးပို့သည်။ နောက်ဆုံးဆိုင်က ပစ္စည်းကိုတော့ ရန်ကုန်မှာပဲ နည်းနည်းအရှုံးခံပြီး ပြန်သွင်းလိုက်သည်။ ရသည့်ငွေကို ပထမဆိုင် နှင့် ဒုတိယဆိုင်သို့ တစ်ဝက်စီခွဲ၍ ဖဲ့ဆပ်လိုက်သည်။ ထိုအတောအတွင်း ပို့ထား သော ပစ္စည်းဖိုးငွေ ရောက်လာသောအခါ တတိယဆိုင်ကို တစ်ဝက်ဆိုင်ပြီး ပထမဆိုင်ကို ငွေချေလိုက်၏။

ထို့နောက် စတုတ္ထမြောက်ဆိုင်ကို ရှာ၍ အထက်ပါနည်းအတိုင်း ပစ္စည်းယူ၊ ရန်ကုန်မှာပင် ပြန်ရောင်းရသည့်ငွေနှင့် ဒုတိယဆိုင်ငွေချေ၊ ပထမဆိုင် စရံ တစ်ဝက်ပေးပြီး ပစ္စည်းထပ်ယူ၊ ထိုစဉ်တွင် ဒုတိယမြောက်ပို့ထားသော ပစ္စည်းဖိုး ငွေရောက်လာ၊ တတိယဆိုင်ငွေချေ၊ ဒုတိယဆိုင်ကို စရန်တစ်ဝက်ပေး၍ ပစ္စည်း ယူပြီးပို့ စသည်ဖြင့် လည့်ပတ်လုပ်ကိုင်သွားသည်။ ဆိုင်များအနေဖြင့် ပစ္စည်း ပေးပြီး သုံးရက်လောက်အကြာမှာ ငွေတစ်ဝက် ပြန်ရသည်။ တစ်ပတ်လောက် နေတော့ ငွေချေသည်။ နောက်တစ်ခါယူတော့ စရန်တစ်ဝက်ရသည်။ သုံးလေး ရက်အတွင်း ငွေချေသည်။ ထို့ကြောင့် စိန်ကြောင့်အပေါ် ယုံကြည်မှုရှိလာသည်။

နှစ်ရက်သုံးရက် ငွေနောက်ကျသည့်အတွက် ဘာမှ ပြဿနာ မရှိတော့။ ပစ္စည်းကို ခါတိုင်းထက် ပိုယူလျှင် ဝမ်းမြောက်ဝမ်းသာပေးသည်။ ဒီလိုနှင့် နှစ်လသုံးလကြာတော့ တစ်ဆိုင်တစ်ဆိုင်ကို တစ်သောင်းဖိုးလောက် အထိ အချိန်မရွေး ယူလို့ရလာသည်။

သူ့အတွက် လုံလောက်သော အရင်းအနှီး ရလာသောအခါ ထိုဆိုင်များကို တဖြည်းဖြည်း အဆက်အသွယ် ဖြတ်လိုက်၏။

ဘာ့ကြောင့် ဒီဆိုင်တွေနှင့် ဆက်မလုပ်တာလဲ ကျွန်တော်က မေးသောအခါ . . .

'မဖြစ်သေးဘူးလေ၊ သူတို့က ငါ့ကို တကယ့်သူဌေးလေးဆိုပြီး ထင်နေတာ ကိုး၊ နောက်ဆို လေးငါးသောင်းဖိုး လုပ်မယ်လို့ တွက်ထားကြတာ၊ ကြာရင် ငါမန္တလေးသား မဟုတ်ဘူးဆိုတာလဲ သိကုန်ကြမယ်၊ သူတို့ဆိုင် အချင်းချင်း

Commercial use of this book will be at your OWN RISK !

စကားစပ်မိလို့ ငါ့အကြောင်းပြောရင်လဲ ပေါ်ကုန်မှာ၊ ဒါကြောင့် ဒီအလုပ်က ထင်သလောက် မကိုက်ဘူးလို့ အကြောင်းပြပြီး အသာကလေး ဆုတ်ခွာလိုက်တာပေါ့၊ နောက်ပြီးတော့ သူတို့က အကြွေးပေးတယ်ဆိုပေမယ့် ပစ္စည်းဈေးကတော့ နည်းနည်း တင်ထားသေးတာကိုး၊ ငါ့ဘာသာ ပစ္စည်းလိုက်ကောက်ပြီး စုယူတော့ ပိုကျန်တာပေါ့'

'ကိုခေါင်းကြီးကကော မင်းအကြောင်း မသိဘူးလား'

'မသိဘဲ ဘယ်နေမလဲကွ၊ နောက်တော့ သိတာပေါ့၊ ဒါပေမယ့် သူသိတဲ့အချိန်မှာ ငါက ဒီဈေးကွက်ကို ကောင်းကောင်း နားလည်နေပြီလေ၊ သူ ငါ့ကို ခါထုတ်လဲ မမှုတော့ဘူး'

'မင်းတို့ လမ်းခွဲလိုက်ကြပြီပေါ့'

'ဟင့်အင်း . . . အခု ငါတို့ နှစ်ယောက်ပေါင်း လုပ်နေတယ်'

ဤသို့ဖြင့် တစ်နှစ်ခန့်ကြာသောအခါ သူသည် ပုံနှိပ်စက်တစ်လုံး အပိုင်ဝယ်နိုင်သွားသည်။ ကျွန်တော်က . . .

'မင်းကတော့ ပုံနှိပ်စက်ပိုင်သွားပြီ၊ ငါကတော့ ဖိနပ်တစ်ရန် ဆုံးသွားတယ်၊ ငါ့ဆီက ငှားစီးတဲ့ဖိနပ် မင်းပြန်မပေးဘူး'

'ဒါကတော့ကွာ၊ ငါ့ကို ကတ္တီပါဖိနပ် စီးတတ်တဲ့ အလေ့အကျင့် ရအောင် ပါရမီဖြည့်ပေးတယ်လို့ သဘောထားလိုက်ပေါ့'

ဟု ရယ်ကျဲကျဲ ပြော၏။

သူသည် တကယ်ပင် ထိုအခါမှစ၍ ကတ္တီပါဖိနပ်ကို စီးခဲ့ခြင်း ဖြစ်လေသည်။

Commercial use of this book will be at your OWN RISK !

## အခန်း (၇)

ကျွန်တော်တို့ငယ်ငယ်က အဖေသည် စာအုပ်ထုတ်ဝေရေးလုပ်ငန်း လုပ်ဖူးသည်။ ထိုလုပ်ငန်းကို ကျွန်တော့်အစ်ကိုတစ်ယောက်က ပြန်လည် အသက်သွင်းပြီး လုပ်ကိုင်သည်။ ကျွန်တော်လည်း ဝါသနာပါသောလုပ်ငန်း ဖြစ်သဖြင့် ဝင်ကူညီသည်။

နောက်တော့ ကျွန်တော့်အစ်ကိုက ရုပ်ရှင်ဘက် ကူးသွားသဖြင့် စာအုပ်အလုပ်ကို ကျွန်တော်က ဆက်လုပ်သည်။ ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်မှာ ကိုယ်ထုတ်ချင်သည့် စာအုပ်ထုတ်ရလျှင် ကျေနပ်နေသူများဖြစ်၍ အများအားဖြင့် အရှုံးပေါ်ခဲ့၏။

ကျွန်တော့်လက်ထက်တွင် လက်ထဲမှာ ငွေသိပ်များများ မရှိတော့။ ထိုအခါကျမှ ကျွန်တော်က လုံးချင်းစာအုပ် ထုတ်ချင်လာ၏။ ပထမဆုံး ရေးသားထုတ်ဝေမည့် စာအုပ်ဖြစ်သောကြောင့် သပ်သပ်ရပ်ရပ်ကလေး ဖြစ်စေချင်သည်။ ထို့ကြောင့် ရှိစုမဲ့စုလေး ပစ်ထည့်ပြီး ထုတ်ဝေလိုက်၏။

ကလောင်သစ်တို့၏ စာအုပ်ထုံးစံအတိုင်း ရှုံးလေသည်။ ကိုယ့်စာအုပ်မို့ ကောင်းစေချင်သည့် ဆန္ဒဖြင့် လိုအပ်တာထက် ပိုသုံးစွဲခဲ့မိသည်။ ရိုက်ခ၊ ဘလောက်ခ၊ စာအုပ်ချုပ်ခ အကြွေးတွေ ရှင်းလိုက်သောအခါ လက်ထဲမှာ ငွေသိပ်မကျန်တော့။ ကျန်တာလေးကလည်း သုံးရင်းစွဲရင်း တတိတိ ပွန်းကုန်သည်။ နောက်တစ်အုပ်ထုတ်ဖို့ မလွယ်တော့။

Commercial use of this book will beat your OWN RISK !

တစ်ခုတော့ရှိသည်။ ထိုစာအုပ်မှာ ပရိသတ်လက်ခံသဖြင့် နာမည်လေးတော့ အတော်အသင့် ရလိုက်သည်။ ထိုအချိန်တွင် မဂ္ဂဇင်းတွေမှာ ဝတ္ထုတိုလေးတွေ သုံးလေးပုဒ်ပါခဲ့ပြီးလည်း ဖြစ်သဖြင့် စိတ်ဓာတ်တော့ သိပ်မကျလှချေ။

ထုတ်ဝေသူ တစ်ယောက်ယောက်နှင့် ဆက်သွယ်မိလျှင် အဆင်ပြေနိုင်သည်။ သို့ဖြင့် ကျွန်တော်၏ ဒုတိယစာအုပ်ကို ထုတ်ဝေပေးမည့်သူကို ရှာ၏။

ကလောင်သစ်တစ်ယောက်အဖို့ ထုတ်ဝေသူနှင့် စကားပြောရတာ သိပ်မျက်နှာငယ်ဖို့ ကောင်း၏။ လက်ဖက်ရည်ဆိုင်တကာ လှည့်ပြီး ထီလက်မှတ်ရောင်းသူလိုဖြစ်နေသည်။

တစ်ချို့က လှည့်တောင်မကြည့်။ တစ်ချို့က ခေါင်းခါပြသည်။ တစ်ချို့က မယူသေးဟု ပြောသည်။ တစ်ချို့ကျတော့ သူတို့စကားဝိုင်းကို ဝင်နှောင့်ယှက်ရကောင်းလား ဆိုသော မျက်နှာထား တင်းတင်းဖြင့် ကြည့်သည်။ တစ်ချို့ကျတော့ ဘာရယ်မဟုတ်၊ ထီလက်မှတ်တွေ ဟိုလှန်ကြည့် သည်လှန်ကြည့်ပြီးမှ ထီအုပ်တွေထဲမှာ မပါသော နံပါတ်ကိုမေးသည်။ တစ်ချို့တစ်လေကျမှ တစ်စောင်တစ်လေ ထိုးသည်။

ကျွန်တော်လည်း ဒီလိုပင် ဖြစ်၏။ ထုတ်ဝေသူ အများစုက ကျွန်တော့်စကား မဆုံးခင်မှာပင် ခေါင်းခါပြီးဖြစ်နေ၏။ တစ်ချို့ကတော့ ကျွန်တော့်အဖေနှင့် အစ်ကိုများ၏ မျက်နှာကို ထောက်ထား၍ ရှည်ရှည်လျားလျား ရှင်းပြကြသည်။

'ဒီလိုရှိတယ်ကွ ညီလေးရ၊ အခုအချိန်မှာ စာအုပ်လုပ်ငန်းက သိပ်မကောင်းလှဘူး၊ နာမည်ကြီး စာရေးဆရာတွေတောင် အရောင်းကျနေတာ၊ မင်း ပထမစာအုပ်ကော ဘယ်လိုနေလဲ၊ ကွဲမှာပဲ၊ ဟုတ်တယ်မဟုတ်လား၊ မင်း နည်းနည်းလောကြီး သွားတယ်ကွ၊ အေးလေ . . . စိတ်တော့ မပျက်နဲ့ပေါ့ကွာ၊ မထုတ်ဖြစ်သေးပေမယ့် ရေးတာတော့ ရေးထားပေါ့၊ နောင် အဆင်ပြေတဲ့အခါ ကိုယ့်လက်ထဲ ရေးပြီးသား နှစ်အုပ်သုံးအုပ် ရှိနေတော့ လုပ်ရကိုင်ရ ကောင်းတာပေါ့'

ဟု နှစ်သိမ့်လွှတ်လိုက်၏။

ကျွန်တော်သည် အားမလျှော့သေးဘဲ နာမည်ကြီး စာပေတစ်ခုထံ သွားသည်။ ပိုင်ရှင်က . . .

'အင်း . . . စဉ်းစားမယ်လေ၊ နောက်တစ်ပတ်လောက် လာခဲ့ပေါ့'

Commercial use of this book will be at your OWN RISK !

ဟု ပြော၏။ စဉ်းစားမယ် ဆိုတာကိုက ကျွန်တော့်အတွက် အတော်ဝမ်းသာဖို့ ကောင်းနေပြီ။ အဆင်ပြေတန်ကောင်းရဲ့ဟု မျှော်လင့်လိုက်ရသည်။

တစ်ပတ်လောက်ကြာတော့ ထိုစာပေတိုက်သို့ တစ်ခေါက်ထပ်သွားသည်။ ရုံးခန်းမှာ ဧည့်သည်တွေ များနေသဖြင့် တိုက်ရှေ့က အုတ်ခုံမှာ ထိုင်စောင့်သည်။ ဧည့်သည်တွေမှာ တော်တော်နှင့် မပြန်။ ပြောနေကြတာကလည်း အရေးကြီးသော အကြောင်းကိစ္စမဟုတ်။ အာလာပသလ္လာပ ပြောရင်း တဝါးဝါး တဟားဟား ရယ်နေကြခြင်းသာ ဖြစ်၏။ သို့တိုင်အောင် ကျွန်တော် ဝင်မသွားရဲ။

တစ်နာရီလောက် စောင့်ပြီးနောက် နည်းနည်း ကြောင်လာသဖြင့် လက်ဖက်ရည်ဆိုင် သွားထိုင်သည်။ တစ်နာရီလောက် ထပ်အချိန်ဖြုန်းပြီးမှ ပြန်လာသည်။ ဒါတောင် လူတစ်ယောက်နှင့် စကားမပြတ်သေးလို့ စောင့်နေရသေးသည်။ လူရှင်းတော့မှ ကျွန်တော် မရဲတရဲ ဝင်သွားသည်။ ထုတ်ဝေသူက . .

'ဘာကိစ္စလဲ'

ဟု မေးသည်။ သူ ကျွန်တော့်ကို မှတ်မိဟန် မတူ။

'ဟိုလေ . . . ဟိုတစ်ပတ်က ချိန်းထားတာ'

'ချိန်းထားတယ်၊ ဘာကိစ္စချိန်းတာလဲ'

'ကျွန်တော့် . . . ကျွန်တော့် စာမူ ကိစ္စ'

'စာမူ'

သူ စဉ်းစားနေသည်။ ခဏကြာမှ . . .

'ဘာစာမူလဲ၊ အလုပ်က များတော့ မမှတ်မိဘူး'

'ကျွန်တော့် ဝတ္ထုလေးကို ဒီတိုက်က ထုတ်ဖို့'

ကျွန်တော့်အသံက သိပ်အားမရှိတော့။

'ဘာ . . . ဒီတိုက်က ထုတ်မယ်၊ မဟုတ်တာပဲ၊ တိုက်မှားနေပြီ ထင်တယ်'

'ထုတ်မယ်လို့တော့ မဟုတ်ဘူး၊ စဉ်းစားမယ်ဆိုလို့'

'ဟာ . . . ဒီလောက် အလုပ်ရှုပ်တာ မစဉ်းစားအားပါဘူး'

ကျွန်တော် နားလည်လိုက်ပြီ။ ဟိုတစ်ပတ်က ကျွန်တော့်ကို သူပြောလိုက်တာ တကယ်မဟုတ်။ မြန်မြန်ထပြန်အောင် ပြီးပြီးရော ပြောလိုက်ခြင်းဖြစ်လိမ့်မည်။ သူ့အဖို့ ဒီလို စာရေးဆရာပေါက်စ ဘယ်နှစ်ယောက်လောက်ကို ခုလို ပြောခဲ့ပြီးပြီလဲမသိ။ ကျွန်တော်သည် စာစိစုံတစ်ခုကို သတိပြုမိလိုက်သည်။ သူသည် ကျွန်တော့်ကို ခုထိ ထိုင်ပါဟု နေရာမပေးခဲ့သေးခြင်းပင်။ ကျွန်တော် ချက်ချင်း လှည့်ထွက်လာခဲ့သည်။

Commercial use of this book will be at your OWN RISK !

နောက်စာအုပ်တိုက် တစ်တိုက်က ကျွန်တော့် ပထမဆုံးစာအုပ်ကို ဖတ်လိုက်ရသည်။ ကြိုက်သည်ဟု ပြော၏။ အားတက်မိသည်။ စာအုပ်ဆက်ထုတ်ဖို့ စကားပြောချင်သည်ဟု ပြောသဖြင့် သွားတွေ့သည်။

'မောင်ရင့် စာအုပ်ကို ထုတ်မယ်လေ၊ ဒါပေမယ့် ဆယ်အုပ် စာချုပ်ရမယ်'

'ဟုတ်ကဲ့'

ချက်ချင်း သဘောတူလိုက်သည်။ ဒါနဲ့မပြီးသေး။ ထိုသူက ဆက်၍ . . .

'တစ်ခုတော့ ရှိတယ်၊ အရင်ဆုံး သုံးအုပ် တစ်ပြိုင်တည်း ပေးရမယ်၊ အဲဒီ သုံးအုပ်အတွက် စာမူခ မပေးနိုင်ဘူး၊ လေးအုပ်မြောက်ကစပြီး သင့်တော်သလို ပေးမယ်'

ထိုင်ငိုချလိုက်ချင်စိတ်တောင် ပေါက်သွားသည်။ ကျွန်တော့်လက်ထဲမှာ စာအုပ် တစ်အုပ်စာသာ ရှိသည်။ ထိုစာအုပ်ကို တစ်နှစ်နီးပါးကြာအောင် ရေးခဲ့ရသည်။ ခုတော့ သုံးအုပ်တစ်ပြိုင်တည်း ပေးရမယ်။ အလကား ပေးရမယ်တဲ့။

ကျွန်တော် စိတ်ဓာတ်ကျနေတုန်းမှာ ထုတ်ဝေသူ တစ်ယောက်နှင့် တွေ့ပြန်သည်။ ထိုသူက အလုပ်တိုက်နှင့် ဘာနှင့် အကျအနလုပ်သည့် ထုတ်ဝေသူမျိုး တော့မဟုတ်။ လက်ဖက်ရည်ဆိုင်ကို အချိန်းအဆက်ပြုရာ အလုပ်ခန်းအဖြစ် သဘောထားပြီး လှုပ်ရှားနေသူမျိုးသာ ဖြစ်၏။

ဘာပဲဖြစ်ဖြစ် စာအုပ်ထုတ်ဖြစ်ဖို့သာ အရေးကြီးသည်။ ကိုယ်က ဒီအချိန်မှာ ဘယ်စာအုပ်တိုက်နှင့်မှဆိုပြီး ရွေးနေဖို့ အခွင့်အရေးမရှိ။

သူက ကျွန်တော့်စာအုပ်ကို ထုတ်မည်။ စာမူခ တစ်ထောင်ပေးမည်။ လဆန်းတစ်ရက်နေ့ကျလျှင် စရန်ငွေ ငါးရာပေးမည်။ ၃၃ လမ်းထိပ် ရွှေကြည်အေး လက်ဖက်ရည်ဆိုင်မှာ နေ့လည် ၂ နာရီ ချိန်းလိုက်၏။

ထိုနေ့ကျတော့ တစ်နာရီခွဲလောက်ကတည်းက ကျွန်တော် လက်ဖက်ရည် ဆိုင် ရောက်နေသည်။ ချိန်းထားသူက ပေါ်မလာ။ ကျွန်တော် ၃ နာရီခွဲအထိ စောင့်သည်။ ရောက်မလာ။ ၄ နာရီထိုးခါနီးကျမှ ထပြန်ခဲ့သည်။ တခြား အရေးတကြီး ကိစ္စရှိလို့ မလာတာဖြစ်မည်ဆိုပြီး နောက်တစ်နေ့ သွားစောင့်ပြန် သည်။ ဤသို့ဖြင့် သုံးရက်တိတိ ဆက်စောင့်သည်။ နောက် သုံးလေးရက်ခြားပြီး တစ်ခေါက် ထပ်စောင့်သေးသည်။ လုံးဝ ပေါ်မလာတော့ချေ။

ကျွန်တော်လည်း အတော် စိတ်ပျက်သွားမိ၏။ ထိုအကြောင်းကို စိန်ကြောင် အား ညည်းညည်းညူညူ ပြောမိတော့ သူက . . .

Commercial use of this book will be at your OWN RISK!

'အဲဒီလူက မင်းကို မျက်စိနောက်လို့ သက်သက် ပညာရှိနည်းနဲ့ နှိပ်စက်သွားတာဖြစ်မယ်ကွ'

'ဒီလိုတော့ ဟုတ်မယ် မထင်ပါဘူးကွာ၊ ငါ့ပထမစာအုပ်ကို သူဖတ်ပြီးတော့ ဘယ်နေရာမှာ ဘယ်လိုကြိုက်တယ် ဆိုတာတောင် ပြောပြသွားသေးတာပဲ'

'ဒါဆိုရင်တော့ ဒီလိုဖြစ်နိုင်တယ်ကွ၊ ဒီလူဟာ ထုတ်ဝေသူ အစစ် မဟုတ်ဘူး၊ စာမူပွဲစားဖြစ်ရမယ်၊ မင်းစာအုပ်ကို ဖတ်ကြည့်ပြီး အလားအလာရှိတယ်ဆိုတာ တွက်မိလိမ့်မယ်၊ ဒါကြောင့် ထုတ်ဝေသူတွေကို လိုက်စပ်ကြည့်မယ်၊ ထောင့်နှစ်ရာလောက် ပြောမယ်၊ အဆင်ပြေရင် မင်းကို တစ်ထောင်ပေးပြီး သူက နှစ်ရာခုတ်မယ်၊ အဲဒါ အဆင်မပြေလို့ မလာတာဖြစ်မယ်'

'မသေချာပဲနဲ့ ငါ့ကို ဘာလို့ ချိန်းတာလဲကွ'

'ဒီကြားထဲမှာ မင်းက တခြားတစ်ယောက်ယောက်နဲ့ အလုပ်ဖြစ်သွားရင် သူလက်လွတ်သွားမှာစိုးလို့ အပိုင်ချည်ထားခဲ့တာပေါ့ကွ၊ အလုပ်မဖြစ်တော့ကော သူ့မှာ အရှုံးရှိတာမှ မဟုတ်ဘဲ'

'အေးကွာ . . . ငါတော့ တော်တော် စိတ်ကုန်သွားတယ်'

'မင်းလုပ်ပုံ မဟုတ်သေးဘူးကွ၊ မင်းက မင်းစာမူကို အကြော်ရောင်းသလို တိုက်ပေါက်စေ့ လိုက်စပ်နေတာကိုး'

'ဒီလိုမှမလုပ်ရင် ငါ့လိုကောင်ကို ဘယ်သူက ထုတ်ပေးမှာလဲ'

'မင်း စာအုပ်တစ်အုပ် ထွက်ပြီးပြီ၊ စာဖတ်ပရိသတ်ကလဲ လက်ခံတယ်၊ မဂ္ဂဇင်းတွေမှာလဲ ဝတ္ထုတိုလေးတွေ ကြိုကြားကြိုကြား ပါစပြုနေပြီ၊ ဒါဆို တစ်ယောက်မဟုတ် တစ်ယောက်ကတော့ မင်းစာအုပ်ကို ထုတ်ဖို့ စိတ်ဝင်စားလာမှာပဲ၊ အဲဒီအခါကျတော့ မင်းကိုရှာပြီး ဆက်သွယ်လာလိမ့်မယ်၊ မင်းက သွားစရာမလိုဘူး၊ သူတို့က လာလိမ့်မယ်၊ စာရေးဆရာပဲကွာ . . . စီးပွားရေး သမားတွေကို အောက်ကျို့မနေစမ်းပါနဲ့၊ ကိုယ့်မာနနဲ့ကိုယ် နေစမ်းပါ'

ကျွန်တော် အံ့သြသွား၏။ စိန်ကြောင်သည် ကျွန်တော်တို့ စာပေဝါသနာပါတာကို ဘယ်တော့မှ အကောင်းပြောလေ့မရှိ။

'ဘာလဲကွာ . . . ပေါက်ကရ လျှောက်ရေးနေတာ၊ မင်းတို့ ဝတ္ထုတွေ ရိုက်တဲ့စက္ကူကို ဘောက်ချာစာအုပ် ရိုက်လိုက်တာကမှ အကျိုးရှိဦးမယ်'

ဟု ချိုးချိုးဖွဲ့ဖွဲ့ ပြောလေ့ရှိ၏။

သူသည် ကျွန်တော်တို့ ကဗျာဆရာ စာပေဝါသနာပါသူ အုပ်စုနှင့် ပေါင်းနေသော်လည်း စာဖတ်လေ့မရှိ။ မဂ္ဂဇင်းစာအုပ်ဆိုလျှင် ဟိုလှန်ဒီလှန်

Commercial use of this book will beat your OWN RISK !

ကာတွန်းလေး ဘာလေးဖတ်ပြီး ပြန်ချထားတတ်သည်။ လုံးချင်းဝတ္ထုဆိုလျှင် အဖုံးဘယ်မှာ ရိုက်သလဲ ဆိုတာထက် ပို၍ စိတ်ဝင်စားမှုမရှိ။ ထို့ကြောင့် သူ့ကို ကျွန်တော်တို့က . . .

'မင်းဟာ ဖွန်းတို့ ယောက်မတို့နဲ့ တူတယ်၊ ဖွန်းတို့ ယောက်မတို့ ဆိုတာ ထမင်းဟင်းနဲ့ အမြဲတမ်း ထိတွေ့မွှေနှောက်နေပေမယ့် ထမင်းဟင်းရဲ့ အရသာကို မခံစားတတ်ဘူး၊ မင်းလဲ ဒီလိုပဲ၊ ငါတို့လို စာသမား ကဗျာသမားတွေနဲ့ ပေါင်းနေပေမယ့် စာပေရဲ့ တန်ဖိုးကို မသိဘူး' ဟု ပြောခဲ့ကြဖူးသည်။

ဒီလိုကောင်မျိုးက စာရေးဆရာဆိုတာ ကိုယ့်မာနနဲ့ကိုယ် နေရတယ်။ စီးပွားရေးသမားကို အောက်မကျို့ရဘူး ဆိုသော စကားမျိုး ပြောလာသဖြင့် အံ့သြရခြင်းဖြစ်၏။

အမြဲတမ်း ငွေရပေါက်ပဲ စဉ်းစားနေသူ၊ အရာရာကို စီးပွားရေး အမြင်ဖြင့်သာ ကြည့်တတ်သူ၊ အစဉ် အရှုံးအမြတ်ကိုသာ တွက်နေသူ ဖြစ်သော်လည်း အနုပညာသမားကို လေးစားရမည်ဆိုသော စိတ်ကလေးကတော့ မသိမသာ ကိန်းအောင်းနေရှာသားပဲဟု ကျိတ်၍ အမှတ်ပေးထားလိုက်ရတော့သည်။

ကျွန်တော့်အဖြစ်ကတော့ ထူးကိုထူးသည်ဟု ဆိုရမည်။ လုံးချင်းဝတ္ထု ထုတ်မည့် ထုတ်ဝေသူကို ရှာမတွေ့ဘဲ ကဗျာစာအုပ်ထုတ်မည့်သူနှင့် တွေ့ခြင်း ဖြစ်၏။

ထိုအချိန်က ကဗျာအခြေအနေမှာ အတော်ဆိုးနေသည်။ ပရိသတ်ကလည်း ကဗျာကို စိတ်ဝင်စားမှု အားနည်းနေသည်။ တစ်နှစ်လုံးနေမှ ကဗျာစာအုပ် တစ်အုပ်နှစ်အုပ်လောက် ဖျစ်ဖျစ်မြည်အောင် ထွက်ဖို့ ကြိုးစားကြရသည်။ ထွက်တိုင်းလည်း ရှုံးသည်။ ဘယ်ထုတ်ဝေသူကမှ ကဗျာစာအုပ် မထုတ်ချင်ကြ။ ဒီနှစ်အတွင်း ကဗျာစာအုပ် တစ်အုပ်မှတောင် မထွက်ခဲ့သေး။ ဒီလိုအခြေအနေမျိုးမှာမှ ကျွန်တော့်ကဗျာတွေကို ထုတ်ချင်သည်ဟု ပြောလာသဖြင့် ထူးသည်ဟု ပြောခဲ့ခြင်းဖြစ်၏။

ကျောင်းမှာတုန်းက ကျွန်တော်တို့ သူငယ်ချင်းတွေ စုပြီး လက်ရေးကဗျာ စာအုပ်လေးတွေကို ထုတ်ခဲ့ဖူးသည်။ တစ်နေ့တွင် စာအုပ်သမားတစ်ယောက်က ကျွန်တော့်ကို ပြောသည်။ ကျွန်တော်တို့ ကဗျာစာအုပ်လေးတွေကို သူ့ညီဆီမှာ တွေ့၍ ဖတ်ကြည့်ဖူးသည်။ ကျွန်တော့်ကဗျာတွေကို သူသဘောကျသဖြင့် စုစည်းပြီး စာအုပ် ထုတ်ချင်သည်ဟုဆို၏။ ကျွန်တော် အံ့လည်းအံ့သြ၊ ဝမ်းလည်းသာသွားသည်။

Commercial use of this book will be at your OWN RISK !

'စာမူခတော့ မပေးနိုင်သေးဘူးနော်၊ စာအုပ်အခြေအနေ ကောင်းရင်တော့ တစ်မျိုးပေါ့'

ကျွန်တော် လက်ခံသည်။ ရှုံးဖို့ ၉၀ ရာခိုင်နှုန်းလောက်ရှိသော ကဗျာစာအုပ်ကို ထုတ်ခွင့်ကြုံလာတာကိုက ကျွန်တော့်အဖို့ အတော် ကျေနပ်လောက်သော အခွင့်အရေးဖြစ်၏။

လက်ရေး ကဗျာစာအုပ်ကလေးတွေထဲက ကဗျာများအပြင် ရေးပြီး သိမ်းထားသော ကဗျာများပါ စုစည်းပြီး ပေးလိုက်သည်။ ထိုလူက စာပေစိစစ်ရေး ရုံးသို့ တင်လိုက်၏။ ခွင့်ပြုချက်ရလျှင် အကြောင်းကြားမည် ဆိုသည်။ နောက်တော့ သူ့ကို မတွေ့ရတော့ချေ။

ကျွန်တော့်စိတ်ထဲ ရုံးမှာကြာနေလို့ မလာတာပဲဟု ထင်သည်။ နောက်ကျတော့မှ သူသည် စာပေနယ်ထဲမှာ ပြဿနာတစ်ခု တက်သည်ဟု ကြားရသည်။ စာအုပ်ဖြန့်ချီရေး လုပ်ငန်းရှင်တစ်ဦးထံမှ ငွေယူပြီး စာအုပ်တွေ မအပ်နိုင်သဖြင့် သူ့မြို့သူ့ရွာ ပြန်လစ်သွားပြီ ဟူ၍ဖြစ်၏။

ကျွန်တော့်မှာ ဘာလုပ်ရမှန်းမသိဘဲ ဖြစ်ကျန်ရစ်ခဲ့ရ၏။

စာမူကလည်း စာပေစိစစ်ရေးရုံး တင်ထားပြီးပြီ။ ပြင်စရာ၊ ဖြုတ်စရာတွေ ရှိသဖြင့် လာတွေ့ပါဟု ရုံးကမှာနေကြောင်း မိတ်ဆွေတစ်ယောက်က လာပြောသည်။

ခုကျတော့မှ ကျွန်တော် ဒီစာအုပ် မထုတ်တော့ပါဘူး ဆိုပြီး ပြန်ရုပ်သိမ်းလျှင် သိက္ခာကျတော့မည်။

ကိုယ့်ဘာသာကိုယ် ထုတ်ဖို့ ဆိုတာကလည်း မဖြစ်နိုင်လောက်သော အခြေအနေမှာ ရှိနေ၏။ အရင်က လက်ကျန်ငွေကလည်း ပြောင်ပြီ။ ဝင်ငွေမရှိသဖြင့် ထိုငွေကလေးကို ဖွဲ့ဖွဲ့သုံးခဲ့ရသည်။ ဘွဲ့ရပြီးပြီဖြစ်၍ မိဘတွေဆီကလည်း မတောင်းချင်တော့။ ထိုစဉ်က ကျွန်တော့်လက်ထဲမှာ မှတ်မှတ်ရရ ငွေ ၃၅ ကျပ်သာ ရှိ၏။

တိုက်တိုက်ဆိုင်ဆိုင်ပင် ကျွန်တော် ခေါင်းပူအောင် စဉ်းစားရင်း လျှောက်လာတုန်း ၃၂ လမ်းထိပ်မှာ စိန်ကြောင်နှင့် သွားတွေ့သည်။ သူက လက်ဖက်ရည်တိုက်မည် ဆိုသဖြင့် ပီတိလက်ဖက်ရည်ဆိုင်မှာ ထိုင်ကြသည်။

သူက ပေါက်ကရတွေ လျှောက်ပြောပြီး နောက်ပြောင်နေသည်။ ကျွန်တော်က သိပ်မရှင်။ တစ်ခါတစ်ခါ သူပြောတာ မကြားမိဘဲ ကိုယ့်အတွေးနှင့်ကိုယ် လွန်လွန်သွားသည်။ သူ ရိပ်မိသွားပြီး . . .

Commercial use of this book will beat your OWN RISK !

'ဟော့ကောင် . . ဘာဖြစ်နေတာလဲ၊ ကောင်မလေးနဲ့ ပြဿနာ တက်လာလို့လား'

'မဟုတ်ပါဘူးကွာ'

ဆိုပြီး ကဗျာစာအုပ်ကိစ္စ ပြောပြသည်။ သူသည် အတန်ကြာ စဉ်းစားနေသည်။ သူ့လက်ညှိုးများက စားပွဲပေါ်မှာ တစ်စုံတစ်ခု ရေးခြစ်နေသလို ရွေ့လျားနေ၏။

ထို့နောက် . . .

'မင်းနဲ့ငါ စပ်တူ လုပ်မလား'

ကျွန်တော် အံ့ဩသွားသည်။ ဒီကောင် နောက်များနောက်နေသလားဟု ထင်သေးသည်။ သူ့မျက်နှာက အတည်ပင်ဖြစ်၏။ ဒီကောင် ကဗျာစာအုပ်အကြောင်း မသိသေးလို့ပဲ ဟု တွေးမိသည်။

'ကဗျာစာအုပ်ထုတ်ရင် ရှုံးဖို့ ကျိန်းသေတယ်နော်'

'ငါသိပါတယ်ကွာ၊ မင်းကလဲ ငါ့ကို ကျိန်းသေမြတ်မှ လုပ်မယ့်ကောင်လို့ တွက်ထားတာကိုး၊ စီးပွားရေးလုပ်တယ်ဆိုတာ မြတ်တဲ့အခါလည်း ရှိမယ်၊ ရှုံးတဲ့အခါလည်း ရှိမယ်၊ အရှုံးနည်းပြီး အမြတ်များတဲ့လူဟာ အောင်မြင်တာပဲ၊ တစ်ခါတစ်လေကျတော့လဲ ရှုံးမယ်မှန်းသိလျက်နဲ့ စွန့်ပြီး လုပ်ရတာ ပျော်စရာပဲကွ၊ ရှုံးမယ်လို့ ကြိုတွက်ထားပြီးသားဆိုတော့ တကယ်ရှုံးလည်း သိပ်ဝမ်းနည်းစရာမရှိဘူး၊ ကံကောင်းထောက်မလို့ မြတ်လာရင် သိပ်အရသာရှိတယ်'

'မင်းကသာ ပြောနေတာ၊ ငါ့မှာက ပိုက်ဆံတစ်ပြားမှ မရှိဘူး'

'သိပ်မလိုပါဘူးကွာ၊ စက္ကူဖိုးလောက်ပဲ ရှာပေါ့၊ ဘယ်နှစ်ဖောင်ရှိလဲ မင်းစာအုပ်က'

'သုံးဖောင်'

'ဒါဆို အုပ်ရေ တစ်ထောင်အတွက် သုံးထုပ်ပေါ့၊ အတွင်းစာသားကို အကြွေးရိုက်ပေးမယ့် စက် မရှိဘူးလား'

'ရှိတယ်'

'ဒါဆို ပြီးပြီပေါ့၊ အဖုံးအတွက် ငါတာဝန်ထား၊ ငါ့ဆီမှာ အတ်ပေပါ ဖြတ်စတွေ ရှိတယ်၊ နည်းနည်းတော့ ဝါနေပြီ ဒါပေမယ့် ရိုက်လို့ ဖြစ်တယ်၊ ကိုသိန်းမြင့်ကို ဘလောက်လုပ်ခိုင်းလို့ ရတယ်၊ နောက်မှ ရှင်းလို့ ဖြစ်တယ်၊ ကဗျာစာအုပ် အဖုံးလောက်တော့ ငါ့စက်ကလေးနဲ့ ရိုက်လို့ရပါတယ်'

Commercial use of this book will be at your OWN RISK !

သို့နှင့် ကဗျာစာအုပ် ထုတ်ဖို့ အစီအစဉ်ဖြစ်သွားသည်။ သူက ဖြန့်ချိရေးပုံစံကို မေးသည်။ ကဗျာစာအုပ် ဖြန့်ချီရေးနယ်ပယ်မှာ ကျဉ်းမြောင်းလှသည်။ စာအုပ်ဆိုင်ကြီးအချို့၊ ရန်ကုန်တက္ကသိုလ်ရှိ ဆိုင်အချို့၊ ဗိုလ်ချုပ်ဈေးရှိ ပန်းချီပန်းပုအရောင်းခန်းမရှေ့က ပန်းကန်စုတ်တံဆိုင် စသည်တို့လောက်သာ ရှိ၏။ အဓိကဈေးကွက်မှာ အချင်းချင်း လက်ဆင့်ကမ်း ရောင်းရခြင်းသာ ဖြစ်လေသည်။

စိန်ကြောင်က ပြောသည်။

'ဈေးကွက်ကို ချဲ့ကွာ၊ ရန်ကုန်မှာ ရှိတဲ့စာအုပ်ဆိုင် အကုန်လိုက်တင်မယ်၊ လုံးချင်းဝတ္ထုတွေ ရုပ်ပြတွေ ဖြန့်တဲ့ ပုံစံအတိုင်း လုပ်ကြည့်ရအောင်၊ ပြီးတော့ နယ်အမှာစာ ခေါ်ကြည့်မယ်ကွာ၊ မင်းကြိုက်တဲ့ပုံစံပြော၊ ကြော်ငြာ ပမ်းဖလက်တစ်ခု ငါရိုက်ပေးမယ်၊ နယ်ကို အမှာစာခေါ်ကြည့်၊ အုပ်ငါးဆယ်လောက်ပဲ မှာဦး၊ နယ်အမှာစာခေါ်တဲ့ စရိတ်ကျေနိုင်တယ်'

ထိုသို့ဖြင့် ကဗျာစာအုပ်ထဲက ထိမိသည့် စာသားအချို့ကို ထုတ်နှုတ်ပြီး ကြော်ငြာစာရွက် ရိုက်သည်။ နယ်အမှာစာ ခေါ်သည်။ ကျွန်တော့်စိတ်ထဲမှာ နယ်က အုပ်တစ်ရာလောက်မှာလျှင် ကံကောင်းထောက်မတာပဲဟု တွက်သည်။

တကယ်လာတော့ အုပ်သုံးရာကျော် အမှာစာ ဝင်လာ၏။ မန္တလေးရှိ စာအုပ်ဆိုင်ကြီးတွေကလည်း မကုန်ပြန်ပေးစနစ်ဖြင့် အုပ်သုံးရာ ပို့ပေးဖို့ မှာကြသည်။

စိန်ကြောင်က အမှာစာကို စာရင်းကြည့်ပြီး . . .

'ဟေ့ကောင် . . . မင်းစာအုပ်ကို တစ်ထောင်တည်း မရိုက်နဲ့၊ နှစ်ထောင် ရိုက်ပေတော့' ဟု ပြော၏။

'မဖြစ်ပါဘူးကွာ၊ မန္တလေးက သုံးရာက မကုန်ရင် ပြန်ပေးမှာကွ၊ ပြီးတော့ ရန်ကုန်အတွက် လေးရာတောင် ဖြန့်ဖို့ ရှိနေတာ'

'အုပ်တစ်ထောင် ပိုရိုက်လို့ ဘာမှမကုန်ဘူး၊ မင်းစာအုပ်က သုံးဖောင်တည်း ရှိတာ၊ စက္ကူသုံးထုပ်နဲ့ ရိုက်ခလောက်ပဲ ပိုကုန်မယ်၊ အဖုံးစက္ကူကလဲ ပြဿနာမရှိဘူး'

'အုပ်နှစ်ထောင် ကုန်မှာမဟုတ်ဘူးကွ'

'မကုန်တော့ ဘာဖြစ်လဲ၊ တကယ်လိုအုပ်လာလို့ စာအုပ်မရှိမှ အခံရခက်နေမယ်၊ စာအုပ်များများရှိတော့ လက်ဆောင်များများ ပေးလို့ရတယ်၊ ကြော်ငြာသဘောဖြစ်သွားတာပေါ့၊ များများ ဖြန့်သွားရင် ပိုပြီး လူသိများလာမယ်

Commercial use of this book will beat your OWN RISK !

မဟုတ်လား၊ မပူပါနဲ့ကွာ၊ အုပ်တစ်ထောင်တော့ အေးအေးလေး ကုန်ပါတယ်၊ ငါတို့ မရှုံးပါဘူး’

သူလုပ်ပုံကို ကျွန်တော် တဖြည်းဖြည်း သဘောပေါက်လာသည်။ တစ်ရက်တွင် သူ့ပုံနှိပ်တိုက်မှာ လက်ဖက်ခြောက်အိတ်တွေ ရိုက်နေတာတွေ့ရ၏။ ပလတ်စတစ်အိတ်ပေါ်မှာ ကုန်အမှတ်တံဆိပ် ရိုက်နေခြင်းပင်။ ကျွန်တော် အကြံတစ်ခု ရသဖြင့် သူ့ကို ပြောပြသည်။

‘ငါတို့ ကဗျာစာအုပ်ကို ပလတ်စတစ်အိတ်ကလေးတွေထဲ ထည့်ရောင်းရင် ကောင်းမယ်ကွ၊ အိတ်ပေါ်မှာ စာအုပ်နာမည် ရိုက်မယ်’

‘ကောင်းတယ်၊ ဘယ်သူမှ မလုပ်ဖူးသေးဘူး’

‘မောင်မောက် (ဉက္ကလာ) တော့ လုပ်ဖူးတယ်ကွ၊ ဒါပေမယ့် သူ့တုန်းက ပလတ်စတစ်အိတ်ချည်း သက်သက်ပဲ၊ အိတ်ပေါ်မှာ စာအုပ်နာမည် ရိုက်မထားဘူး၊ ငါတို့က အဲ့ဒါလေး ထပ်လုပ်လိုက်ရင် အမြင်ဆန်းမယ်’

ဒီလိုနှင့် ကျွန်တော့် ကဗျာစာအုပ်လေးမှာ အတော်အတန် သပ်သပ်ရပ်ရပ် ထွက်လာသည်။

ကဗျာစာအုပ်ဖြန့်ရတာ အလွန်မျက်နှာငယ်ကြောင်းကို ကျွန်တော် ဝတ္ထုစာအုပ်တွေထဲမှာလည်း ထည့်ရေးဖူးသည်။ စာအုပ်ဆိုင်တွေက ကဗျာစာအုပ် လာတင်သူဆိုလျှင် အလှူခံလိုပင် ငြင်းပယ်ထုတ်တတ်ကြသည်။ ကျွန်တော် အရင် စာအုပ်အလုပ် လုပ်တုန်းက သိကျွမ်းနေသော စာအုပ်ဆိုင်များကသာ လိုလိုလားလား ရှိသည်။

မည်သို့ပင်ဆိုစေ ကျွန်တော့် စာအုပ်သည် ကဗျာစာအုပ်တစ်အုပ်၏ အတိုင်းအတာနှင့်ဆိုလျှင် ရောင်းကောင်းသည်ဟု ဆိုရမည်။ အုပ်ရေ ထောင့်နှစ်ရာလောက် ကုန်သွားသည်။ နောက်တစ်လ ဆက်ဖြန့်သည်။ အုပ်နှစ်ရာလောက် ထပ်ရောင်းရပြန်သည်။ ဒီလိုနှင့် တတိ တတိ ရောင်းနေရပြီး ခြောက်လအကြာမှာ အုပ်နှစ်ထောင် ကုန်သွားသည်။ (မေတ္တာလက်ဆောင် ဖောဖောသီသီ ပေးပစ်တာလည်းပါသည်။)

ထိုစဉ်အခါက ကဗျာစာအုပ် တစ်အုပ်အနေနှင့် ရောင်းကောင်းခဲ့တာ အံ့ဖွယ်တစ်ပါးအဖြစ် စာအုပ်သမားများက ယူဆခဲ့ကြရ၏။ ကျွန်တော်တို့ တစ်ယောက် သုံးရာစီလောက် (စာရင်းအရ) မြတ်ခဲ့ကြသည်။ လက်ထဲမှာ ငွေကြေးအဖြစ် ကျန်သည်တော့မဟုတ်။ လမ်းစရိတ်၊ လက်ဖက်ရည်ဖိုး စသည်တို့ကို စာအုပ် ရောင်းရငွေထဲမှပင် သုံးခဲ့ရသောကြောင့်ဖြစ်၏။

Commercial use of this book will be at your OWN RISK!

ထိုကဗျာစာအုပ်ကြောင့် ကျွန်တော်သည် အတော်အသင့် နာမည်ကလေး ပိုထွက်လာသည်။ ထိုစာအုပ်ကလေးသည် ကျွန်တော့် စာပေဘဝကို အထိုက်အလျောက် အထောက်အကူ ပြုပေးနိုင်ခဲ့သည်မှာ အမှန်ပင်ဖြစ်၏။

စိန်ကြောင်နှင့် ပတ်သက်၍ တစ်ခါတစ်ခါ လက်သီးနှင့် ဆွဲထိုးချင်လောက်အောင် ဒေါသဖြစ်ခဲ့ရသော်လည်း သူ့အကူအညီဖြင့် ကဗျာစာအုပ်ကလေး ထုတ်ဖြစ်ခဲ့သည်ကို ထောက်ထားပြီး ချေခဲ့ ထေခဲ့ ခွင့်လွှတ်ခဲ့ရသည့် အကြိမ်ပေါင်း အတော်များများ ရှိခဲ့လေသည်။

× × × × × × ×

Commercial use of this book will be at your OWN RISK !

## အခန်း ( ၈ )

ကျွန်တော်သည် စိန်ကြောင့်ကို ခရီးသွားဟန်လွှဲ သဘောမျိုး အကူအညီ တစ်ခု ပေးခဲ့ဖူးသည်။ ကျွန်တော့်အဖို့ ဘာမှ ခက်ခက်ခဲခဲ ဆောင်ရွက်ခဲ့ရသည် လည်းမဟုတ်။ ငွေတစ်ပြားတစ်ချပ် အကုန်အကျခံခဲ့ရခြင်းလည်းမရှိ။ စိန်ကြောင့် အတွက်ကျတော့ အတော်ကြီးမားသော အထောက်အကူ ဖြစ်ခဲ့သည်။

ကျွန်တော့်မိတ်ဆွေတစ်ယောက်က ကျွန်တော့်ကို ပြောသည်။

'ငါ့သူငယ်ချင်းတစ်ယောက်က ခွဲမှူးဖြစ်နေတယ်ကွ၊ သူတို့စက်ရုံက ပုံနှိပ် လုပ်ငန်းနဲ့ ပတ်သက်တဲ့ အလုပ်တွေ အများကြီး ရှိနေတယ်တဲ့၊ အဲ့ဒါ ငါ့ကို အလုပ်တွေ ချပေးမယ် ပြောတယ်၊ စားဖို့သောက်ဖို့ ရတာပေါ့ကွာ၊ ခက်တာက ငါကလဲ ပုံနှိပ်လုပ်ငန်းကို နားလည်တာမဟုတ်ဘူး၊ မင်းကတော့ စာပေလောက ထဲမှာ နေနေရတာ ဆိုတော့ ပုံနှိပ်စက်တွေ ဘာတွေ အသိအကျွမ်းရှိမှာပဲ၊ ငါ့ကို ပုံနှိပ်စက်တစ်ခုနဲ့ ဆက်သွယ်ပေးစမ်းပါ၊ အလုပ်ဖြစ်ရင် ငါ့ကို ကော်မရှင်ပေးပါ'

ကျွန်တော် စိန်ကြောင့်ကို ချက်ချင်း သတိရသည်။ ထို့ကြောင့် သူတို့ နှစ်ယောက်ကို တွေ့ပေးလိုက်၏။ အလုပ်စကား ပြောကြပြီးနောက် အဆင်ပြေ သွားသည်။

ကျွန်တော်က စိန်ကြောင့်အတွက် အလုပ်တစ်ခု ထပ်ရသည်ဆိုပြီး သာမန် ဝမ်းမြောက်မှုလောက်သာ ရှိသည်။ တကယ်တမ်းကျတော့ ထိုလုပ်ငန်းမှာ တော်တော် စားသာသော လုပ်ငန်းဖြစ်၏။ ထို့အပြင် စိန်ကြောင့်အတွက် လုပ်ကွက်အသစ်တစ်ခုလည်း ဖြစ်သည်။

Commercial use of this book will beat your OWN RISK !

စိန်ကြောင်သည် ထိုအလုပ်မှ အကျိုးအမြတ်အပြင် အတွေ့အကြုံပါ ရလိုက်သည်။ ထိုအတွေ့အကြုံပေါ်မူတည်၍ နောက်ထပ် ဌာနဆိုင်ရာ လုပ်ငန်း အများအပြားကို ဆက်လက်တိုးချဲ့ လုပ်ကိုင်ဖို့ လမ်းစရသွားသည်။ ပုံနှိပ်လုပ်ငန်း သာမက တခြားလုပ်ကွက်တွေကိုပါ မြင်လာသည်။ သူ့အတွက် အကျိုးအမြတ် မြောက်မြားစွာ ရရှိခဲ့သည်။

ကျွန်တော်သည် သူ့ကို ကြီးပွားတိုးတက်မှု လမ်းကြောင်းပေါ်သို့ အမှတ်မထင် တင်ပေးမိခဲ့ခြင်းပင်ဖြစ်၏။ ထိုအချက်ကို အစက ကျွန်တော် သတိမပြုမိ။ နောက်မှ တဖြည်းဖြည်း သိလာခြင်းဖြစ်၏။

ကျွန်တော်က ဆောင်ရွက်ပေးရသည့်အပိုင်းက သိပ်ကြီးကြီးကျယ်ကျယ် မဟုတ်။ အလုပ်ပေးမည်ဆိုသော ကျွန်တော့်မိတ်ဆွေနှင့် စိန်ကြောင့်ကို တွေ့ဆုံဖို့ စီစဉ်ပေးလိုက်ခြင်းမျှသာ ဖြစ်၏။ ကျန်တာ စိန်ကြောင်က သူ့အစွမ်းအစနှင့်သူ ဆက်လက် လုပ်ကိုင်သွားခြင်းပင်။

ထို့ကြောင့် ကျွန်တော်က ထိုကိစ္စနှင့် ပတ်သက်၍ သိပ်ရေးကြီးခွင့်ကျယ် လုပ်ပြီး ဂုဏ်ယူဝင့်ကြွားမှု ပြုမနေတော့။

စိန်ကြောင်ကလည်း ကျွန်တော့် ကျေးဇူးကြောင့် ဒီလို လုပ်ငန်းနယ်ပယ်ထဲ ခြေချခွင့်ရပြီး ဒီအကွက်တွေ မြင်ခွင့်ရလာသည်ဟု တစ်ခါမှ ထုတ်မပြောခဲ့ဖူးချေ။

ကျွန်တော့်မိတ်ဆွေမှာ ရိုးရိုးအအ ဖြစ်၏။ အမှန်ဆိုလျှင် သူ့အနေဖြင့် ပင်ရင်းနေရာကို သူ့လက်ထဲမှာပင် ထားသင့်သည်။ လုပ်ငန်းကျလာမှ စိန်ကြောင့် လက်မှာလာအပ်၊ အလုပ်ပြီးတော့ ယူပြီး သူကိုယ်တိုင် လုပ်သည့် ပုံမျိုးဖြင့် စက်ရုံကိုပေး၊ ငွေထုတ်ယူ၊ စိန်ကြောင့်ကို စက်ရိုက်ခပေး၊ ဒါမျိုးလုပ်ရမည်။

ခုတော့ သူက စိန်ကြောင့်ကို ခွဲမှူးနှင့် တိုက်ရိုက် တွေ့ပေးလိုက်သည်။ ဟင်းစားသာမက ကွန်ချက်ကိုပါ ပြသည့်ပြင် ပိုက်ကွန်ကိုပါ အပ်လိုက်သည့် သဘောပင်။

စိန်ကြောင်သည် ဒီလောက်တောင် အခွင့်အရေး ရနေသောအခါ သူ့ကို တဖြည်းဖြည်း ပထုတ်ပြီး လုပ်ကွက်ကို အပိုင်စီးလိုက်နိုင်ကြောင်း သူမတွေးမိ။ ထိုသူ ကံကောင်းတာက စိန်ကြောင်သည် ကျွန်တော့်မျက်နှာကို ထောက်ထား၍ သူ့အပေါ် သက်သက်ညှာညှာ သဘောထားလိမ့်မည်ဟု မျှော်လင့်ရခြင်းပင် ဖြစ်၏။

Commercial use of this book will be at your OWN RISK!

ခွဲမှူးနှင့်တွေ့ကြတော့ ပထမဆုံး ပုံစံဇယားတွေ ရိုက်ဖို့အပ်မည်ဟု ဆိုသည်။ အဆင်ပြေလျှင် စက်ရုံထွက် ပစ္စည်းတွေမှာ ကပ်သည့် တံဆိပ်တို့၊ ကုန်ထုတ် စက္ကူဘူးပေါ် ကပ်သည့် တံဆိပ်တို့ပါ ဆက်အပ်မည်ဖြစ်၏။

အရင်ဆုံးအပ်မည့် ပုံစံဇယားကိစ္စ ပြောကြသည်။ စိန်ကြောင်က သူသိချင်သော အချက်အလက်တွေ မေးသည်။

'ရိုက်ချက် ဘယ်လောက် ရှိသလဲ'

'ရွက်ရေ လေးသောင်း စရိုက်မှာပဲ၊ ပုံစံတွေက တစ်ပြည်လုံးကို ဖြန့်မှာဆိုတော့ တစ်လအတွင်း ထပ်ရိုက်ရမှာပါပဲ'

'လစဉ်ရိုက်မယ့် သဘောပေါ့'

'ဟုတ်တယ်၊ အဲဒါ ခင်ဗျား ရိုက်ခ ဘယ်လိုယူမလဲ'

စိန်ကြောင် စဉ်းစားသည်။ ကော်မရှင်ကိစ္စ စဉ်းစားခြင်းဖြစ်၏။ ရိုက်ခများများ တောင်းလို့လည်းမဖြစ်။ အလုပ်မဖြစ်လျှင် နစ်နာမည်။ ရေရှည်ကို ကြည့်ရမည်။ နည်းသွားလို့လည်း မဖြစ်။ ရေရှည်ကျတော့ ထိခိုက်နိုင်သည်။ ချိန်ဆပြီး . . .

'တစ်ထောင်ကို နှစ်ဆယ်နှုန်းနဲ့ ရိုက်ပေးပါ့မယ်'

နည်းနည်း များနေကြောင်းတော့ သိသည်။ ကိစ္စမရှိ။ ဟိုက လျှော့ခိုင်းအုံးမှာနှင့် အနေတော်ကျမည်။ သိပ်ဈေးဆစ်လာလျှင် ပုံစံဇယားကို စာစီရမည့် ကုန်ကျစရိတ်ကို ပိုပိုသာသာလေး ပြောပြရမည်ဟု တွက်ထား၏။ ခွဲမှူးက ဈေးနှုန်းကို ကြားသောအခါ အံ့အားသင့်သလိုဖြစ်သွားပြီး . . .

'အင်း . . . တကယ့်လူနဲ့ တွေ့နေပြီထင်တယ်၊ မင်းကကော ဘာမှကြိုမပြောထားဘူးလား'

ဟု ဆက်သွယ်ပေးသော သူ့သူငယ်ချင်းဘက် လှည့်မေး၏။

'ငါလဲ ဘယ်သိမလဲကွ၊ တစ်ခါမှ လုပ်ဖူးတာမှ မဟုတ်တာ'

'ဘာပြဿနာ ရှိလို့ပါလဲ၊ ကျွန်တော်တောင်းတာ များသွားလို့လား'

စိန်ကြောင်က ဝင်မေးသည်။ ခွဲမှူး ခေတ္တ ဆုတ်ဆိုင်းနေပြီး

'များလို့ မဟုတ်ပါဘူး၊ နည်းနေလို့'

'ဗျာ'

'အေးဗျာ ပွင့်ပွင့်လင်းလင်းပဲ ပြောကြပါစို့၊ မနှစ်ကရိုက်တဲ့ ပုံနှိပ်တိုက်က တစ်ထောင်ကို သုံးဆယ်နှုန်း ယူတယ်၊ ဒီတော့ တော်တော်လေး ကွာနေတယ်ဗျ၊ ဈေးသက်သာတာ ကောင်းတော့ ကောင်းတာပေါ့လေ၊ ဒါပေမယ့် . . . မနှစ်က

Commercial use of this book will be at your OWN RISK !

သုံးဆယ်တောင် ပေးရပြီး ဒီနှစ်ကျမှ ဘာကြောင့် နှစ်ဆယ်တည်းပေးရလဲ ဆိုတဲ့ မေးခွန်း ပေါ်လာနိုင်တယ်၊ မနှစ်တုန်းက ပုံနှိပ်စက်နဲ့ပေါင်းပြီး မရိုးမသား လုပ်ထားတယ်လို့ အထင်မခံနိုင်ဘူးလေ၊ ဒီတော့ ခင်ဗျား နည်းနည်း တိုးယူ လိုက်ပါ၊ ဒါမှ ယုတ္တိရှိမှာပေါ့၊ ဟဲ ဟဲ . . .'

ချက်ကနဲ မြည်သွားသံ ကြားလိုက်ရသည်ဟု ထင်၏။ ထိုအသံသည် သူ့ဦးနှောက်ထဲက မြည်သွားခြင်းဖြစ်ကြောင်း စိန်ကြောင်သိသည်။

စိန်ကြောင်သည် ခပ်တုံးတုံးကောင် မဟုတ်။ ဒါမျိုး မကြုံဖူးသော်လည်း ကြားဖူးနားဝရှိသည်။ ဒီနေရာမှာ အူကြောင်ကြောင် လုပ်နေလို့ကတော့ အလုပ် ဖြစ်မှာမဟုတ်။ အချိန်မဆွဲဘဲ ချက်ချင်း အဖြေပေးဖို့လိုကြောင်း သူနားလည် သည်။ ဒါမှ လုပ်ငန်းကျွမ်းကျင် တတ်သိမှုရှိကြောင်း ပြသရာ ရောက်နိုင်မည်။ ထို့ကြောင့် . . .

'ကျေးဇူးပဲ၊ ကျွန်တော်ကလဲ အလုပ်ဖြစ်သွားအောင် အနာခံပြီး ပြောလိုက်ရ တာ၊ နှစ်ဆယ်ဆို တကယ်တော့ မကိုက်ဘူး၊ ဒီလိုလုပ်ပါလား၊ ကျွန်တော့်ကို နှစ်ဆယ့်နှစ်ကျပ်နှုန်း ပေးပေါ့၊ ဒါပေမယ့် နှစ်ဆယ့်ရှစ်ကျပ်နှုန်းလို့ သဘောထား ပါ့မယ်'

စိန်ကြောင်သည် သံတမန်ဆန်ဆန် ပြောလိုက်သည်။ သူ့ စကားပြော ပါးနပ်ပုံကို တစ်ဖက်လူက သဘောကျသွား၏။ နှစ်ဆယ့်ရှစ်ကျပ်နှုန်း သတ်မှတ်သည်။ စိန်ကြောင်က နှစ်ဆယ့်နှစ်ကျပ်ပဲ ယူမည်။ ဒီတော့ ကျန်တဲ့ ခြောက်ကျပ်က . . .

သဘောတူညီမှု ရသွား၏။ အလုပ်လက်ခံသူက လျှော့ပြောပြီး အလုပ်အပ် သူက ပိုပေးနေသည့်အဖြစ်မှာ ရယ်စရာကောင်းလှသည်။ သို့ရာတွင် ဒါ ဟာသဇာတ်လမ်း မဟုတ်။ အမြတ်အစွန်းသည် ရယ်စရာ မဟုတ်ဟု စိန်ကြောင် ထင်သည်။

ထိုလုပ်ငန်းမှာ မမျှော်လင့်ဘဲ သူ့အတွက် တော်တော်ကျန်သည်။ ပုံစံဇယား စာစီခက အစိတ်လောက်ပဲ ကုန်သည်။

ဒါတောင် သူ မအားလို့ ကိုယ်တိုင် မစီနိုင်ခြင်းဖြစ်၏။ ပုံမှန်နှုန်းဆိုလျှင် တစ်ထောင် ဆယ့်နှစ်ကျပ်ထက် ပိုမရနိုင်။ မင်လည်း သိပ်မကုန်။

ခု ပုံမှန်ထက် တစ်ဆယ်ပိုရသည်။ တစ်ထောင်ကို တစ်ဆယ်၊ တစ်သောင်း ကို တစ်ရာ။ ရိုက်ချက်လေးသောင်းဆိုတော့ ငွေလေးရာ ပိုရသည့်သဘော ဖြစ်၏။

Commercial use of this book will be at your OWN RISK !

နောက်ပိုင်းကျတော့ ကုန်ပစ္စည်း အမှတ်တံဆိပ်များပါ ရိုက်ခွင့်ရလာသည်။ ဒါတွေကလည်း တစ်ခါရိုက်လျှင် ရွက်ရေငါးသောင်း အနည်းဆုံးဖြစ်၏။ နှစ်ရောင်ရိုက်ရတာမျိုးဆိုလျှင် ရိုက်ချက်က သိန်းနှင့်ချီသွားသည်။

သူ့စက်မှာ အရင်ကတည်းက ရိုက်နေကျ ဆေးလိပ်တံဆိပ်တို့၊ အမွှေးတိုင်တံဆိပ်တို့က ရှိသေးသည်။ ထိုအခါ သူ့လက်ထိုးစက် အသေးကလေးနှင့် မနိုင်မနင်းဖြစ်လာ၏။ တခြားစက်မှာ ခွဲအပ်ရမည့် အခြေအနေ ရောက်လာသည်။

ခုလို အလုပ်ခွဲအပ်ရသဖြင့် တခြားစက်တွေကို ပုံမှန်နှုန်းဖြင့် ရိုက်ခပေးရသည့်တိုင် သူ့အတွက် တော်တော်ကျန်သေးသည်။ သို့ရာတွင် သူသည် ထိုအချက်ကိုပင် အကွက်ဝင်အောင် အသုံးချ၍ ငွေပိုဝင်အောင် လုပ်သွားလေသေးသည်။

သူ့စက်မှာ လက်ထိုးစက်ကလေးမျှသာ ဖြစ်၏။ လျှောက်လွှာစာရွက် နှစ်ဆအရွယ်နီးပါးအထိသာ အကြီးဆုံးထား ရိုက်နိုင်သည်။ ဝတ္ထုစာအုပ်တွေ ရိုက်သည့် စက်ကြီးမျိုးဆိုလျှင် ကရောင်းဆိုက်ကို လက်မ နှစ်ဆယ် သုံးဆယ် အရွယ်အစားထိ ရိုက်လို့ရသည်။

သူ့အကြံအစည်က ဤသို့ဖြစ်၏။

ထိုအချိန်က စာအုပ်လုပ်ငန်း အခြေအနေက မကောင်းလှချေ။

ထို့ကြောင့် ဝတ္ထုစာအုပ်ရိုက်သည့် ပုံနှိပ်စက်များ အလုပ်ပါးနေသည်။ တစ်ချို့စက်တွေ အလုပ်မရှိ၍ ထိုင်နေရသည်။ ဒီလိုစက်မျိုးကို လိုက်ရှာသည်။ အလုပ်အပ်သည်။

ထိုစက်ကြီးများမှာ ပုံစံဇယားလေးခုစာကို တစ်ပြိုင်တည်း ရိုက်လို့ရသည်။ ရိုက်ခကတော့ သူ့စက်ကလေးနှင့် ရိုက်ခ တူတူလောက်ပင် ဖြစ်၏။ စာစီခ နည်းနည်း ပိုကုန်တာပဲရှိသည်။

စက်ကြီးနှင့် လေးပုံတွဲ စောင်ရေ တစ်သောင်းလောက် ရိုက်ပြီး လေးပိုင်းဖြတ်လိုက်သောအခါ ပုံစံလေးသောင်းဖြစ်လာ၏။ စက်ကြီးကို တစ်သောင်းစာ ရိုက်ခ တစ်ရာ့နှစ်ဆယ်၊ စာစီခက ဝတ္ထုစာအုပ်ဆိုလျှင် တစ်ဖောင် ငါးဆယ့်ငါးကျပ် ဖြစ်သော်လည်း ဈေးတိုက်ခေါ် လုပ်ငန်းဖြစ်၍ ရှစ်ဆယ်ပေးလိုက်သည်။ ပေါင်း နှစ်ရာ။

စိန်ကြောင်က စက်ရုံမှ စောင်ရေ လေးသောင်းစာ ငွေထုတ်သည်။ တစ်ထောင်ကို နှစ်ဆယ့်နှစ်ကျပ်နှင့်တွက်လျှင် ရှစ်ရာ့ရှစ်ဆယ် ရသည်။ သယ်ယူပို့ဆောင်စရိတ် ဖယ်လိုက်လျှင် သူ့အတွက် အသားတင် ခြောက်ရာကျော်

Commercial use of this book will be at your OWN RISK !

ကျန်သေးသည်။ ထိုငွေမှာ သူ့ပုံနှိပ်စက်မှ တစ်ချက်ကလေးတောင် မရိုက်ရဘဲ အသားတင်ရသည့် ငွေဖြစ်လေသည်။

ဒါနဲ့တောင် သူက သိပ်မကျေနပ်သေး။ တစ်ခါရိုက်လျှင် တစ်ခါ စာစီခ ဖောင်သွင်းခ ရှစ်ဆယ် မပေးရအောင် ကြံသည်။ ငွေလေးရာလောက် ရင်းနှီးပြီး ဇယားလေးခုတွဲစာ ဘလောက်တစ်ခု ပြုလုပ်လိုက်၏။

ဇင့်ဘလောက်ဆိုတော့ ကြာရှည်လည်း ခံသည်။ ရိုက်ချင်သည့်အချိန် ဖောင်သွင်းပြီး ရိုက်လိုက်ရုံသာဖြစ်၏။ စာစီစရာ မလိုတော့သဖြင့် အချိန်ကုန် သက်သာသည်။

အလုပ်ခွဲဝေ လက်ခံရသော ပုံနှိပ်စက်အနေဖြင့် စိန်ကြောင် အညွန့်ခူးစား နေကြောင်း မရိပ်မိဘဲတော့ နေမည်မဟုတ်။ သို့ရာတွင် ကျေနပ်သည်။ ပုံမှန်နှုန်း အတိုင်း ရိုက်ခရသည်။ ဖောင်ရှည်ဖြစ်၍ တစ်ခါတင်ထားလျှင် ဆက်တိုက် ရိုက်နိုင်သောကြောင့် အလုပ်မရှုပ်။ အရေးအကြီးဆုံးက အလုပ်မရှိဘဲ ထိုင်နေ ရမည့်အချိန်မှာ လစဉ် ပုံမှန်အလုပ်ကလေးတစ်ခု ရနေခြင်းဖြစ်၏။

ထို့ကြောင့် စိန်ကြောင့်ကို ကျေးဇူးတောင် တင်ရသေးသည်။ တခြားစက် ပြောင်းအပ်မှာစိုးလို့ စိန်ကြောင်လာလျှင် လက်ဖက်ရည်၊ အအေး၊ မုန့်တို့နှင့် ဧည့်ခံပြီး ဖားရသေးသည်။

Commercial use of this book will be at your OWN RISK !

## အခန်း ( ၉ )

ကျွန်တော်တို့ အုပ်စုသည် အရက်သမားတွေတော့ မဟုတ်ကြ။ တစ်ခါတစ်လေ သူငယ်ချင်းတွေဆုံမှ အကြောင်းတစ်ခုခုရှာပြီး သောက်ဖြစ်ကြခြင်းဖြစ်၏။

ထို့နေ့က ကျွန်တော်ရယ်၊ စိုးသောင်းရယ်၊ မော်ဆရာရယ် ဆုံကြသည်။ စနေနေ့ညနေ ဆုံနေကြအတိုင်း စိုးသောင်းတို့အိမ်ကို ကျွန်တော်ရောက်သွားတော့ မော်ဆရာနှင့် စိုးသောင်းတို့ တစ်စုံတစ်ခု တိုင်ပင်နေကြကြောင်း သိလိုက်၏။

'ဒီနေ့ ငါ့မွေးနေ့မို့လို့ အစီအစဉ်ကလေး လုပ်မလို့ကွာ'

ဟု စိုးသောင်းက ပြော၏။ ကျွန်တော်က . . .

'ဒါဆို ဘုရားသွားရအောင်၊ ဒီနေ့ ဘုရားပွဲရှိတယ်'

ဟု သိသိကြီးနှင့် ပြောလိုက်သည်။ စိုးသောင်းက ရှုံ့မဲ့ပြီး . . .

'ငါတို့က နည်းနည်း သွားမော့မလားလို့ တိုင်ပင်နေတာ'

'ကောင်းတယ်လေ၊ မင်းမွေးနေ့ ဆိုတော့ မင်းက ပြုစုပေါ့'

'မင်းတို့က ငါ့ကို မွေးနေ့လက်ဆောင်အဖြစ် တိုက်သင့်တာ'

မော်ဆရာက ဝင်၍ . . .

'ဟော့ကောင်တွေ . . . စိန်ကြောင်ကို သွားခေါ်ပြီး ညှဉ်းရအောင်'

'ကောင်းတယ် . . . ခုတလော ဒီကောင် ထောနေတယ်၊ သူ့ကို တိုက်ခိုင်းရမယ်'

ကျွန်တော်က သတင်းပေးလိုက်သဖြင့် စိန်ကြောင့်အိမ် သွားကြသည်။ မျှော်လင့်ထားသည့်အတိုင်း သူ့ကို ဖုံနှိပ်စက်ခန်းထဲမှာ တွေ့ရ၏။

Commercial use of this book will be at your OWN RISK !

ကျွန်တော်တို့ ပုံစံတွေကို မြင်လိုက်သည်နှင့် အပြင်ထွက်ဖို့ လာခေါ်တာပဲ ဆိုတာ ရိပ်မိပြီး အလွန်အလုပ်များနေသည့်ပုံစံမျိုး လုပ်ပြသည်။

စိုးသောင်းက . . .

'စိန်ကြောင် . . . လာလေကွာ၊ နည်းနည်း သွားချရအောင်'

'ဟာ . . . အလုပ် သိပ်များနေတယ်ကွ၊ မနက် ပေးရမယ့် အလုပ်တွေ ရှိနေတယ်၊ ဒီည အပြီးရိုက်ရမှာ'

'မင်းညီကို ရိုက်ခိုင်းရင် ရပါတယ်ကွာ'

'ဒီကောင် ရိုက်လို့မဖြစ်ဘူး၊ တူးကာလာ ထပ်ရိုက်ရမှာ ပင်လွဲလို့ မရဘူး'

'မင်းခုန ဘာမှ မလုပ်ပါဘူးကွာ၊ ငါတို့လာတာမြင်မှ အလုပ်များချင်ယောင် ဆောင်နေတာပါ'

'အခုပဲ ချိတ်ကွင်းသွင်းမလို့ လုပ်နေတာကွ'

စိန်ကြောင်သည် အရက်သိပ်သောက်လေ့မရှိ။ သူငယ်ချင်းတွေ ခေါ်လွန်းမကခေါ်မှ တစ်ခါတစ်လေ ဝတ်ကျေတမ်းကျေ တစ်ခွက်နှစ်ခွက်လောက် သောက်ခြင်းဖြစ်၏။

'ဒီနေ့ စိုးသောင်းရဲ့ မွေးနေ့ကွ၊ အဲဒါ မင်းသူ့ကို အရက်တိုက်ဖို့ ကောင်းတယ်'

စိန်ကြောင်သည် ကျွန်တော်တို့ မရမက ကပ်ပြီးခေါ်နေမည်စိုး၍ အပြတ် ပြောလိုက်သည်။

'ဒီမှာ ဟေ့ကောင်တွေ၊ မင်းတို့လို အားအားယားယား လျှောက်သွားနေလို့ ရတာမဟုတ်ဘူး၊ အရက်သောက်တာလဲ ဝါသနာမပါဘူး၊ မင်းတို့ ငါ့အိမ်မှာ ထမင်းစားချင်ရင် အချိန်မရွေးလာခဲ့၊ အရက်သောက်ဖို့တော့ ငါးပြားတစ်စေ့ တောင် မပေးဘူး'

စိတ်ဆတ်သော စိုးသောင်းက ဒေါကန်သွားသဖြင့် ငါနှင့် ကိုင်ဆဲလိုက်ပြီး . . .

'မင်း သိပ်လူပါးမဝနဲ့၊ မင်းတိုက်မှ သောက်ရမယ့်ကောင်တွေ မဟုတ်ဘူး၊ ငါတို့ဘာသာ သွားမယ်၊ ဟေ့ကောင်တွေ လာ'

ဆိုပြီး ရှေ့က ထွက်သွားသဖြင့် ကျွန်တော်တို့လည်း လိုက်ထွက်သည်။ မော်ဆရာက မင်းစကား မင်းမှတ်ထားနော်ဟု လှည့်ပြောသည်။

ဒီလိုကျတော့ စိန်ကြောင် နည်းနည်းဖြုံပြီး . . .

Commercial use of this book will be at your own RISK !

'လက်ဖက်ရည် သောက်ကြပါလားကွ၊ ခဏတော့ ငါ အပြင်ထွက်လို့ ရတယ်'

'ဆောရီးပဲ'

ဟု ကျွန်တော် ပြောခဲ့၏။

ကျွန်တော်တို့ ကိုမြသောင်းဆိုင်ကို သွားကြသည်။ တစ်ပုလင်းကို သုံးယောက် မျှသောက်ကြသည်။ ထို့နောက် လမ်းလျှောက်ရင်း စကားပြောကြသည်။

စကားပြော ကောင်းနေသဖြင့် ညဉ့်နက်သွားသည်။ အိမ်လည်း မပြန်ချင်ကြသေးသဖြင့် ဘုရားပွဲဈေးတန်း လျှောက်ကြ၏။

ဇာတ်ရုံတစ်ရုံက ရုံဖွင့်သည့်အချိန်နှင့် ကြုံသဖြင့် အထဲဝင်ထိုင်ကြည့်သည်။

ခဏကြာတော့ စိုးသောင်း ဖျာပေါ်မှာ အိပ်ပျော်သွားသည်။ ကျွန်တော်နှင့် မော်ဆရာက ဇာတ်ကိုကြည့်လိုက် စကားပြောလိုက်လုပ်ရင်း အချိန်ကုန်သွား၏။

စိုးသောင်း နိုးလာတော့ မနက်လေးနာရီ ထိုးနေပြီ။

'ဆာလိုက်တာကွာ၊ ညက ဘာမှ ဟုတ်တိပတ်တိ မစားခဲ့ရဘူး'

ဟု ညည်းသည်။ ပိုက်ဆံလည်း မရှိကြတော့။ မော်ဆရာက

'ငါ အကြံတစ်ခု ရတယ်၊ စိန်ကြောင့်ကို သွားနှိုးရအောင်'

'လုပ်မနေစမ်းပါနဲ့၊ ဒီကောင့်ကို အဖက်လုပ်ပြီး သွားမနှိုးနဲ့'

စိုးသောင်းက ညက စိတ်ဆိုးလက်စ အရှိန်မပြေဘဲ ပြောသည်။

'အေးလေ . . ငါကလဲ ဒီကောင့်ကို ချဉ်လို့ကို သွားနှိုးမှာ၊ ညတုန်းက ပြောလိုက်တယ် မဟုတ်လား၊ အရက်သောက်ဖို့ဆို တစ်ပြားမှမပေးနိုင်ဘူး၊ ထမင်းစားချင်ရင် အချိန်မရွေးပဲလို့'

မော်ဆရာ့အကြံကို ကျွန်တော် သဘောကျသွားသည်။

သို့ဖြင့် ကျွန်တော်တို့ စိန်ကြောင့်အိမ်ကို သွားကြ၏။ အိမ်ရှေ့ကနေ အော်ပြီးနှိုးသည်။ သူ့အမေက အရင်နိုးလာသည်။

'ဟဲ့ . . ဘယ်သူတွေလဲ၊ အချိန်မတော်ကြီး'

'ကျွန်တော်တို့ပါ ဒေါ်ဒေါ်၊ စိန်ကြောင့်ကို နှိုးပေးပါ၊ အရေးကြီးလို့'

ကျွန်တော်တို့ အသံကြောင့် သူ့အဖေရော၊ ညီ ညီမတွေပါ နိုးလာပြီး ခေါင်းပြူကြည့်ကြသည်။ စိန်ကြောင်လည်း အိပ်မှုန်စုံမွှား ထလာပြီး . . .

'ဘာဖြစ်လာကြတာလဲကွ၊ ဒီအချိန်ကြီးမှာ ဘယ်သူ ဘာဖြစ်လို့လဲ'

Commercial use of this book will be at your OWN RISK !

သူ့စိတ်ထဲ မနက်လေးနာရီကြီး လာနှိုးသဖြင့် အရေးပေါ် နာရေးကိစ္စဟု ထင်ပုံရသည်။ မော်ဆရာက . . .

'ဘာမှမဖြစ်ဘူး၊ ငါတို့ ထမင်းစားချင်လို့ လာတာ'

'ဘာ . . .'

'မင်းပဲ ညက ပြောတယ်မဟုတ်လား၊ ထမင်းစားချင်ရင် အချိန်မရွေး လာခဲ့ဆို'

'ဟာကွာ၊ တော်တော်ဆိုးတဲ့ ကောင်တွေ'

'ကဲ . . . ထမင်းကျွေးကွာ'

ဟု ကျွန်တော်ကပါ ဝင်ပြောသည်။

'ဒီအချိန် ဘယ်ကထမင်း ရှိမလဲကွ၊ မှန်းစမ်း'

ကျွန်တော့်လက်ပတ်နာရီကို ကြည့်ပြီး . . .

'လေးနာရီ ကျော်ပြီဆိုတော့ တရုတ်လက်ဖက်ရည်ဆိုင် ဖွင့်ပြီပဲ၊ ကဲ . . . လက်ဖက်ရည်နဲ့ နံပြားတော့ ရပါပြီ'

သူ့စကားနှင့်သူမို့ ကျွန်တော်တို့ကို ကောလွှတ်၍ မရနိုင်မှန်း သိသဖြင့် ဈေးဆစ်လိုက်ခြင်းဖြစ်၏။

'မရဘူးကွာ၊ ထမင်းပဲ စားချင်တယ်'

စိုးသောင်းက အပြတ်တင်းခံနေသည်။ စိန်ကြောင်က ခက်တာပဲ ဆိုပြီး ခေါင်းကုတ်စဉ်းစားနေသည်။ ဒီကောင် အကျပ်အတည်း တွေ့နေရသဖြင့် ကျွန်တော်တို့ ကျေနပ်နေမိ၏။

ခဏနေတော့ သူက . . .

'ဟာ . . . ဟုတ်ပြီ၊ ဒီအချိန်ဆို ကားဂိတ်မှာ ထမင်းကြော်ဆိုင် ဖွင့်ပြီ၊ ဒါလဲ ထမင်းပဲ မဟုတ်လားကွ'

ကားဂိတ်က တော်တော်လှမ်းသည်။ သို့ရာတွင် သူ့စကားကိုလည်း ငြင်းလို့မဖြစ်နိုင်သဖြင့် လျှောက်ကြရပြန်သည်။ ကားဂိတ်ရောက်တော့ ဆာဆာ နှင့် တစ်ယောက် နှစ်ပန်းကန်စီလောက် စားပစ်လိုက်ကြ၏။

ဗိုက်လည်း ပြည့်သွားပြီ။ တမွေးမှလည်း မအိပ်ရသေး။ တစ်ညလုံး လမ်းချည်း လျှောက်ခဲ့ကြသဖြင့် ညောင်းနေကြပြီ။ အိမ်ပြန်ခရီးက တော်တော် ဝေးသည်။

သို့ဖြင့် လမ်းပြန်မလျှောက်ကြဘဲ ကားစီးပြန်ဖို့ ဆုံးဖြတ်ကြသည်။ ကားဂိတ်မှာ ရပ်ထားသည့် ဟိုင်းလတ်အမြန်ကား တစ်စီးပေါ် တက်ကြသည်။

Commercial use of this book will be at your OWN RISK !

ကားခကိုမေးကြည့်တော့ ဘယ်စီးစီး နှစ်ကျပ်ဟု စပယ်ယာက ပြောသည်။ ပုံမှန်အတိုင်းဆိုလျှင် ပြားငါးဆယ်ခရီး၊ မြို့ထဲထိစီးမှ တစ်ကျပ်။ ထို့ကြောင့် စိန်ကြောင်က . . .

'ဟာ . . . လွန်လွန်းလှချည်လား၊ လေးယောက်လာပေလို့ပဲ၊ တစ်ယောက်တည်းသာ လာရင် ရိုက်လုမလား မသိဘူး'

'အချိန်ကိုလည်း ကြည့်ဦးလေ၊ ခုမှ ငါးနာရီသာသာ ရှိသေးတယ်၊ သူများတွေ စောင်ခြုံထဲကွေးပြီး အိပ်ကောင်းတုန်းအချိန် ချမ်းချမ်းစီးစီးနဲ့ ထဆွဲရတာ၊ ဝီရိယအကျိုးလေးတော့ ခံစားရဦးမှပေါ့ဗျ၊ ဟဲ ဟဲ'

စပယ်ယာက ရိတိတိပြောသည်။

'တစ်ကျပ်ဆို တော်ရောပေါ့ဗျာ'

'မရပါဘူး၊ တစ်ကျပ်မဟုတ်ဘူး၊ ငါးမူးနဲ့တောင် ရတယ်၊ နောက်နာရီဝက်လောက် စောင့်လိုက်လေ'

'အင်း . . . ထားပါတော့လေ'

စိန်ကြောင်က အလျှော့ပေးလိုက်သည်။ ကားပေါ်မှာ ကျွန်တော်တို့လေးယောက်သာ ရှိသေးသည်။ ထို့ကြောင့် မထွက်သေးဘဲ လူစောင့်နေ၏။ စိန်ကြောင်က . . .

'မထွက်သေးဘူးလား'

'ထွက်မှာပါ၊ငါးယောက်ရရင် ထွက်မှာပဲ'

စပယ်ယာက မထိတထိ ပြန်ပြောသည်။

'ကောင်းပြီလေ၊ ဒါပေမယ့် ခုန မောင်ရင် ပြောထားတယ်နော်၊ နာရီဝက်ကြာလို့မှ မထွက်ရင်တော့ ငါးမူးပဲ ရမယ်'

'စိတ်ချပါ၊ နှစ်ဆယ့်ငါးမိနစ်ကြာရင် ထွက်မှာပါ'

စိန်ကြောင်နှင့် စပယ်ယာ ငြိနေကြပြီဖြစ်၏။ စိတ်ဆတ်သော စိုးသောင်းက ဒီကောင် ကိုင်လိုက်ရင် ကောင်းမယ်ဟု ပြောသည်။ မောင်ဆရာကတော့ . . .

'နေပါစေကွာ၊ နောက်လူတစ်ယောက် လာလို့ ကားထွက်တော့မယ်ဆိုမှ ငါတို့မလိုက်တော့ဘူးဆိုပြီး ဆင်းနေခဲ့မယ်'

ကျွန်တော်က စိန်ကြောင့်အကြောင်း သိသဖြင့် ဒီကောင် ဘာလုပ်မလဲ စောင့်ကြည့်နေသည်။ သူ့အကျင့်က ခုလို ကျောတောတော လုပ်လာပြီဆိုလျှင် တစ်နည်းနည်းနှင့် ပညာပြန်ပြတတ်သည်။

Commercial use of this book will be at your OWN RISK !

ခနနေတော့ ကားဒရိုင်ဘာ ရှေ့ခန်းမှ ထွက်ပြီး နောက်ဘက်လျှောက်လာသည်။

'ဟေ့ကောင်၊ ငါ့ကွမ်းဘူး မေ့ကျန်ခဲ့ပြီကွ၊ ငါလခွေးတဲ့မှပဲ၊ ဂိတ်က ကွမ်းယာဆိုင်ကလဲ ဒီနေ့မှ ဘာဖြစ်လို့ နောက်ကျနေမှန်း မသိဘူး၊ ခံတွင်းချဉ်လိုက်တာ၊ တောက် . . .'

ကွမ်းဘူး ဆောင်ထားတတ်သူ ဖြစ်သောကြောင့် ကွမ်းမစားရ မနေနိုင်သူဖြစ်တာ သေချာသည်။ စိန်ကြောင့်မျက်နှာ ပြုံးစစ ဖြစ်သွား၏။ သူလည်း ကွမ်းသမား တစ်ယောက်ပဲ၊ စိန်ကြောင်သည် သူ၏ကွမ်းဘူးကို ဖွင့်လိုက်၏။ စနစ်တကျ စီထည့်ထားသော ကွမ်းယာတွေထဲမှ တစ်ယာကိုယူပြီး ပါးစောင်ထဲ ထည့်ဝါးလိုက်သည်။ ဒရိုင်ဘာသည် စိန်ကြောင်၏ ကျောဘက်ကပ်လျက် ကားဘော်ဒီကို မှီနေခြင်းဖြစ်၍ ကွမ်းနံ့ကို ရသွားသည်။ စိန်ကြောင့်ကို ဆတ်ခနဲ ကြည့်ပြီး . . .

'ဟာ . . . မွှေးလိုက်တာ'

ဟု ပြော၏။ စိန်ကြောင်က . . .

'မွှေးတာပေါ့ဗျ၊ အိန္ဒိယဖာလာနဲ့ပဲဟာ'

ဆိုပြီး ကွမ်းတံတွေးတစ်ချက် ပစ်ခနဲ ထွေးလိုက်သည်။ ဆေးလိပ်သမားတို့ တကယ် ဆေးပြတ်ပြီဆိုလျှင် သူများသောက်လက်စ ဆေးလိပ်တိုပဲဖြစ်ဖြစ် မရှုံမရှာ တောင်းသောက်သလို ကွမ်းသမားသည်လည်း ကွမ်းပြတ်လျှင် မနေနိုင်။

ဒရိုင်ဘာသည် ဣန္ဒြေမဆည်နိုင်ဘဲ . . .

'အေးဗျာ၊ တော်တော်ကောင်းတဲ့ ကွမ်းယာပဲ ထင်တယ်၊ တစ်ယာလောက် မျှပါလားဗျာ၊ ကျသလောက် ပေးပါ့မယ်'

'ရပါတယ်'

စိန်ကြောင်က ကွမ်းတစ်ယာ ထုတ်လိုက်သည်။ ဒရိုင်ဘာက လှမ်းယူဖို့ လက်တောင်ပြင်နေပြီ။ ထိုအချိန်တွင် စိန်ကြောင်က . . .

'တစ်ခုတော့ ရှိတယ်ဗျာ၊ တစ်ယာ နှစ်ကျပ်တော့ ပေးရမယ်နော်'

'ဟာဗျာ . . . မနောက်ပါနဲ့'

'နောက်တာ မဟုတ်ဘူး၊ တကယ်ပြောတာ၊ ဒီကွမ်းယာက နှယ်နှယ်ရရ မဟုတ်ဘူး၊ မနေ့ညကတည်းက လမ်း ၃၀ က ဝယ်ပြီး တစ်ညလုံး နှပ်ထားတာ၊ တစ်ကျပ်ဖိုး သုံးယာပဲ ရတယ်၊ ကျွန်တော်က တကူးတက ထိန်းသိမ်းထားရတာ၊ ဝီရိယအကျိုးတော့ ခံစားရဦးမှပေါ့'

Commercial use of this book will be at your OWN RISK !

စိန်ကြောင်က သူ့အကွက်ထဲ ဝင်လာသဖြင့် ပြန်ပညာပြနေခြင်းဖြစ်၏။ ကားစပယ်ယာက မျက်စောင်းတခဲခဲ ရှိနေသည်။

ထိုအချိန်က ကွမ်းတစ်ယာ ဆယ့်ငါးပြားသာ ပေးရသည်။ အိန္ဒိယဖာလာနဲ့မှ သုံးဆယ့်ငါးပြား။ ဒါကို စိန်ကြောင်က နှစ်ကျပ်တောင်းသဖြင့် ဒရိုင်ဘာ မခံချိမခံသာ ဖြစ်သွားသည်။ ထို့အတူ တစ်ညလုံး နှပ်ထားသည့် စပယ်ရှယ်ကွမ်းယာကိုလည်း အာသာငမ်းငမ်းဖြစ်နေမှန်း သိသာ၏။

'ခင်ဗျား အမြတ်တင်လွန်းတယ်'

ဟု အောင့်သက်သက် လေသံဖြင့် ပြောသည်။

'ဒါကတော့ဗျာ၊ ခင်ဗျားတို့ကားတောင် ငါးမူးလမ်းကို နှစ်ကျပ် တောင်းသေးတာပဲ'

ဟု စိန်ကြောင်က ကွမ်းသမားတို့ပြောသလို ပလုတ်ပလောင်း လေသံနှင့် ပြောပြီး နှုတ်ခမ်းထောင့်မှာ သီးလာသော ကွမ်းသွေးကို လက်ခုံနဲ့တို့ပြီး သုတ်လိုက်သောအခါ ဒရိုင်ဘာ မနေနိုင်တော့ဘဲ . . .

'ပေးဗျာ၊ ကွမ်းတစ်ယာ၊ ဟော့ကောင် . . နှစ်ကျပ် ပေးလိုက်စမ်း၊ မြန်မြန်'

ဟု သူ့စပယ်ယာကို ပြောလိုက်၏။ စပယ်ယာက စိန်ကြောင့်လက်ထဲသို့ ငွေနှစ်ကျပ်ကို ခပ်ဆောင့်ဆောင့် ထိုးထည့်ပေးသည်။

'ကျွန်တော် သိပ်အမြတ်မစားပါဘူးဗျာ၊ တစ်ယာ တစ်ကျပ်ပဲ ယူပါတော့မယ်၊ ရော့ ရော့ နှစ်ယာ ယူလိုက်'

ဒရိုင်ဘာကို ကွမ်းနှစ်ယာ ပေးပြီးနောက် စပယ်ယာ ဘက်သို့လှည့်၍ ကွမ်းဘူးကို ထိုးပေးပြီး . . .

'စားပါဦးလား'

ဟု ပြုံး၍စပ်စပ် ပြောနေပြန်၏။ စပယ်ယာက မျက်ထောင့်နီကြီးနှင့် တစ်ချက်ကြည့်ပြီး ခေါင်းခါပြလေသည်။

Commercial use of this book will be at your OWN RISK !

## အခန်း ( ၁၀ )

စိန်ကြောင့်ပုံနှိပ်တိုက်က တော်တော် အလုပ်များလာသည်။ သူ့အနေဖြင့် စက်ချည်းပဲ ရိုက်နေလို့မဖြစ်တော့။ အပြင်ထွက်ပြီး အဆက်အသွယ်ရှာဖို့ တခြားကိစ္စတွေသွားဖို့ လိုလာသည်။ ထို့ကြောင့် စက်သမားတစ်ယောက် ငှားရသည်။

စက်သမားက နေ့ဘက်ရိုက်သည်။ စိန်ကြောင်က ညဘက်ရိုက်သည်။ စာစီခုံကို ပိုမိုပြည့်စုံအောင် ဖြည့်တင်းရသည်။ အရင်ကလို မင်္ဂလာဆောင်ဖိတ်စာလောက် စီဖြစ်ရုံနှင့် အလုပ်လုပ်လို့ မရတော့။ စာစီသမားတစ်ယောက်ကိုလည်း ငှားရပြန်သည်။

ဤနေရာတွင် စိန်ကြောင်၏ ဉာဏ်သွားပုံကို သိလိုက်ရပြန်သည်။ သူက စက်သမားနှင့် စာစီသမားတို့ကို တစ်ယောက်နှင့် တစ်ယောက် မတည့်သည့် လူနှစ်ယောက်ကို ငှားလိုက်သည်။ ဘာကြောင့် ဒီလိုလုပ်တာလဲ မေးတော့ . . .

'မင်း စဉ်းစားကြည့်လေကွာ၊ စက်ဆရာ စက္ကူတစ်ထပ်လောက် အလစ်မှာယူပြီး အကျႌကြားထဲ လိပ်ထည့်သွားလို့ရတယ်။ စာစီသမားကလဲ ခဲစာလုံးလက်တစ်ဆုပ်စာလောက် ပုဆိုးခါးပုံစထဲ ဝှက်ယူသွားရင် ဘာမှ မတတ်နိုင်ဘူး၊ တစ်နေ့ နည်းနည်းနဲ့ ကြာတော့ ထိလာရောပေါ့ . . .

မတည့်တဲ့ လူနှစ်ယောက်ကို ခန့်ထားလိုက်တော့ သူတို့ဟာ တစ်ယောက်ကိုတစ်ယောက် အမြဲတမ်း အပြစ်ရှာဖို့ အကွက်ချောင်းနေမယ်၊ ဒီတော့ တစ်ယောက်ယောက်က မဟုတ်တာ မလုပ်ရဲတော့ဘူးပေါ့၊ သူတို့ အချင်းချင်း ပြန်စောင့်ကြည့်ခိုင်းထားသလို ဖြစ်သွားတာပေါ့၊ နို့မို့ဆို နှစ်ယောက်ပေါင်း ငါ့ကို

Commercial use of this book will beat your OWN RISK !

ဆော်သွားမှာ၊ ငါတို့ကလဲ အမြဲ စောင့်ကြည့်နေနိုင်တာ မဟုတ်ဘူး၊ ခုတော့ သူတို့စရိတ်နဲ့ သူတို့ ပြန်ပြီး စောင့်ခိုင်းလိုက်တာပဲလေ'

ကျွန်တော်သည် မင်းကတော့ကွာ၊ တကယ်ပဲ ဟူ၍သာ ပြောနိုင်တော့သည်။

သူသည် အလုပ်တော်တော်များသည်။ ပုံနှိပ်စက်သာမကာ မန္တလေးကို စက္ကူ၊ ပုံနှိပ်စက်မင် ပို့သည့်အလုပ်ကိုလည်း ဆက်လုပ်နေသေးသည်။ အရင်က လိုတော့ အချိန်ပြည့် ပေးစရာမလိုတော့။ ကိုခေါင်းကြီးနှင့် လွှဲထားလို့ရသည်။

ထိုအလုပ်မှာ သူက ငွေစိုက်၊ ကိုခေါင်းကြီးက လူစိုက်ပြီး အမြတ်ကို ခွဲယူကြခြင်းဖြစ်၏။ ကိုခေါင်းကြီးအနေဖြင့် စိန်ကြောင့်အပေါ် လူလည်ကျလို့ မရ။ အဘယ်ကြောင့်ဆိုသော် စိန်ကြောင်သည် ကိုခေါင်းကြီးဆီမှာ တပည့်ခံပြီး ပညာသင်ယူခဲ့ခြင်းဖြစ်သဖြင့် ကိုခေါင်းကြီးအကြောင်း နောကျေအောင် သိနေသောကြောင့်ပင်။

တစ်ခါတစ်လေ နည်းနည်း အကြံအဖန်လုပ်ချင် လုပ်မည်။ ကိစ္စမရှိ။ ကိုခေါင်းကြီးနှင့်တွဲသဖြင့် သူ့အဖို့ အများကြီး အကျိုးရှိသည်။ ပြီးတော့ ကိုခေါင်းကြီးလို လူမျိုးကို ပြန်ခိုင်းနိုင်သော အဆင့်ကို ရောက်လာသဖြင့် စက္ကူပွဲစားလောကမှာ စိန်ကြောင့်အနေဖြင့် ဩဇာလွှမ်းမိုးမှု ရှိနိုင်သည်။ ကိုခေါင်းကြီး သည် သူ့အောင်မြင်မှု၏ ပြယုဂ်တစ်ခုလည်း ဖြစ်လေသည်။

သူ့ဝင်ငွေက ကောင်းလာသည်။ အိမ်ပြင်ဆောက်နိုင်လာသည်။ တဲကြီးကို ဖျက်ပြီး သပ်ရပ်သော သွပ်မိုးပျဉ်ထောင်အိမ် ဖြစ်လာသည်။ သူသည် အရင်လို စုတ်စုတ်နုတ်နုတ် မနေတော့။ အဝတ်အစား သားသားနားနား ဖြစ်လာ၏။ အတော်အတန် ဝဖြိုးလာပြီး အသားလည်း အရင်လောက် မမည်းတော့။

သူ့မှာ မပြောင်းလဲတာတော့ ရှိသည်။ မျက်နှာပေါ်က ဝက်ခြံများပင် ဖြစ်လေသည်။ စကားပြောရင်း ဝက်ခြံတွေကို ကုတ်ဖဲ့လိုက် ညှစ်လိုက် လုပ်နေတတ်သည့် အကျင့်ကလည်း မပျောက်သေး။

'မင်းမျက်နှာပေါ်က ဝက်ခြံတွေ ပျောက်ကုန်တဲ့နေ့ဟာ မင်းနဲ့ ငါတို့နဲ့ လမ်းခွဲရတဲ့နေ့ ဖြစ်ကောင်း ဖြစ်လာနိုင်တယ်'

ဟု ကျွန်တော် သူ့ကို ပြောဖူးသည်။

စီးပွားရေးလုပ်ရာမှာ အောင်မြင်လာသည့် အချက်တစ်ချက်က ဖြစ်ပေါ်လာ သည့် အခြေအနေပေါ် မူတည်၍ အခွင့်အရေး ဖန်တီးတတ်မှုလည်း တစ်ကြောင်း ပါဝင်၏။ သူသည် ကြုံရာကျရာနေရာမှာ အလုပ်ဖြစ်အောင် ကြံတတ်ဖန်တတ် ၏။

Commercial use of this book will be at your OWN RISK!

တစ်ရက်တွင် သူ့ဆီ အလုပ်အပ်နေသော စက်ရုံခွဲမှူးက သူ့ကိုပြောသည်။

'ကိုစိန်ကြောင့်ဆီမှာ အကူအညီတစ်ခု တောင်းရဦးမယ်ဗျာ၊ ကျွန်တော်တို့ စက်ရုံအတွက် ပုံစံတွေရိုက်ဖို့ စက္ကူပါမစ် ကျပြီဗျ၊ အရောင်းဆိုင် ဂိုဒေါင်က သုံးရက်အတွင်း လာထုတ်ပါလို့ ပြောနေတယ်၊ ခြောက်လစာ တစ်ခါတည်း ထုတ်ရမှာဆိုတော့ အထုပ် တစ်ရာ့ငါးဆယ်လောက် ရှိမယ်၊ ပြဿနာက ကျွန်တော်တို့ဆီမှာ အဲဒီစက္ကူထုပ်တွေ ထားဖို့နေရာ မရှိဘူး၊ ဒီတော့ ကိုစိန်ကြောင်က စက္ကူထုပ်တွေကို ထိန်းသိမ်းထားပေးဖို့ပါပဲ၊ တစ်လစာလောက်ပဲ ရိုက်ရိုက်ပြီး ပို့ပေးရင် အဆင်ပြေမယ်'

စက္ကန့်ပိုင်းအတွင်းမှာ စိန်ကြောင် စိတ်ထဲက တွက်ချက်ပြီးသွားသည်။ သို့ရာတွင် အတန်ကြာအောင် စဉ်းစားသလို လုပ်နေသည်။ မျက်နှာထားက အင်တင်တင် ပုံစံမျိုး။ ပြီးတော့ . . .

'သိတဲ့အတိုင်းပဲလေ၊ ကျွန်တော့်အိမ်ကလဲ သိပ်နေရာရှိတာ မဟုတ်ဘူး၊ အတော်တော့ ကသီလင်တ နိုင်မယ်၊ အင်းလေ . . . ဒီလောက် ခင်မင်နေကြတဲ့ လူရင်းတွေ ဆိုတော့လဲ မဖြစ်ဖြစ်အောင် ကြိုးစားလုပ်ပေးရမှာပေါ့'

'ကျေးဇူးပါပဲဗျာ၊ ကျွန်တော့်မှာ ဒီကိစ္စ တော်တော်ခေါင်းပူနေတာ၊ ခုမှပဲ ပေါ့သွားတော့တယ်၊ ကဲ . . လာဗျာ၊ လက်ဖက်ရည် သောက်သွားဦး'

'ဟာ . . . နေပါစေ'

'မရဘူးလေ၊ ခင်ဗျားက ဒီလောက် အခက်အခဲကြားက ကူညီရတာ၊ လက်ဖက်ရည်လေးမှ မတိုက်ရရင် ဘယ်ဖြစ်မလဲ'

စိန်ကြောင်သည် အားနာပါးနာနှင့် လက်ဖက်ရည်တစ်ခွက် သောက်ခဲ့ရသည်။ တကယ်တော့ ထိုကိစ္စသည် သူ့အတွက် ဘာမှ ပြဿနာမရှိ။ ထိုမျှမက သူ့အဖို့ မြက်မြက်ကလေး စားရမည့် အကွက်တစ်ကွက်ကို ခလုတ်တိုက်မိခြင်းမျှသာ ဖြစ်လေသည်။

စက္ကူအထုပ် တစ်ရာ့ငါးဆယ် အနက်မှ တစ်လစာ အထုပ်နှစ်ဆယ်သာ ချန်ထားပြီး ကျန်တစ်ရာ့သုံးဆယ်ကို စက္ကူဆိုင်တွေကို ပို့လိုက်သည်။ တစ်ထုပ် နှစ်ရာ့ငါးဆယ်နှုန်းဖြင့် ငွေသုံးသောင်းကျော် ရသည်။ ထိုငွေကား အတိုးမဲ့ ချေးခွင့်ရသည့် ငွေပင်ဖြစ်လေသည်။ ထိုငွေဖြင့် ပစ္စည်းတွေကောက်ပြီး မန္တလေးကို ပုံမှန်ထက်ပိုပြီး ပို့နိုင်ခဲ့သည်။ ထိုအတွက် အမြတ်လည်း ရသေးသည်။

ထို့အပြင် . . .

Commercial use of this book will be at your OWN RISK!

သူရောင်းထုတ်သည့်အချိန်တွင် စက္ကူဈေးက အမြင့်ဆုံးသို့ ထိုးတက်နေချိန် ဖြစ်၏။ မကြာခင် ဈေးတွေ ပြန်ကျမည်ဖြစ်ကြောင်း ကိုခေါင်းကြီးထံမှ စိန်ကြောင် သိခဲ့ပြီးသား။ ထို့ကြောင့်သာ ဈေးကောင်းတုန်း ထုတ်ပစ်လိုက်ခြင်း ဖြစ်၏။

ပထမလအတွက် ချန်ထားသည့် စက္ကူနှင့် ပုံစံများ ရိုက်သည်။ စက္ကူများကို တစ်လစာ ပြန်ပြန်ဝယ်ပြီး ထပ်ဖြည့်သွားမည်။ သူ့အတွက် ခြောက်လ အချိန်ရ သည်။

ဒုတိယလအတွက် စက္ကူအထုပ်နှစ်ဆယ် ဝယ်သောအခါ ဈေးက တစ်ဆယ် ကျသွားပြီ။ ထို့ကြောင့် သူ့အတွက် နှစ်ရာကျန်သည်။ တတိယလကျတော့ နှစ်ဆယ်လောက် ကျသွားသဖြင့် လေးရာ ပိုထွက်လာသည်။ စတုတ္ထလကား ဘတ်ဂျက်ပိတ်ခါနီးဖြစ်၍ ဂိုဒေါင်ခါသောလ ဖြစ်၏။ ကုန်သွယ်ရေးမှ စက္ကူတွေ ဖုံးပေါလအောင် ထုတ်ပေးတတ်သည်။ ထိုအချိန်တွင် စက္ကူဈေးတွေ ထိုးကျသွား တတ်ကြောင်း စိန်ကြောင် ချိန်ကိုက် တွက်ချက်ထားပြီးသား။

ပုံစံရိုက်သည့် စက္ကူထုပ်ဈေးနှုန်းမှာ တစ်ထုပ်နှစ်ရာသာ ရှိတော့သည်။ သူရောင်းတုန်းက နှစ်ရာ့ငါးဆယ်၊ ပြန်ဝယ်ထည့်တော့ နှစ်ရာ၊ တစ်ထုပ်လျှင် ငါးဆယ်မြတ်သဖြင့် ကျန်သော အထုပ်ကိုးဆယ်အတွက် ငွေ လေးထောင့်ငါးရာ သူ့အတွက် ကိုက်သွားလေတော့သည်။

သူသည် ထိုအမြတ်ငွေများကို အလကားမထား။ စက္ကူထုပ်တွေ ဝယ်ပြီး လှောင်ထားသည်။ ထိုကဲ့သို့ အချိန်မျိုးဆိုလျှင် ကုန်သွယ်ရေးမှ အတွဲစနစ်နှင့် ရောင်းတတ်သည်။

ပုံနှိပ်စက်များ လုပ်ငန်းရှင်များအတွက် ထုတ်ပေးထားသော ကုန်ဝယ်စာအုပ် တစ်အုပ်လျှင် အတ်ပေပါက ဘယ်နှစ်ထုပ်၊ စစ်တောင်းက ဘယ်နှစ်ထုပ်၊ မင်က ဘယ်နှစ်ဘူး စသည်ဖြင့် တွဲရောင်းသည်။

ထိုသူများကလည်း ပစ္စည်းတွေ ထုတ်ပြီးလျှင် ငွေပေါ်အောင် ပြန်ရောင်း ထုတ်ရသည်။ အချို့အသုံးနည်းနေသည့် ပစ္စည်းဆိုလျှင် အရောင်းထိုင်းသဖြင့် မူရင်းဈေးထက်ပင် လျှော့ပြီး အရှုံးခံ ရောင်းရသည်။

ဒီလိုပစ္စည်းမျိုးကို စိန်ကြောင်က ကောက်ထားတတ်၏။ သကြံန်လွန်လျှင် ဈေးအနည်းငယ် ပြန်တက်လာတတ်သည်။

စိန်ကြောင်က ကိုခေါင်းကြီးနှင့် တိုင်ပင်ပြီး ဈေးအကျဆုံးဖြစ်နေသော ကာကီခေါ် စက္ကူအညိုတွေ ဝယ်ထားလိုက်သည်။

Commercial use of this book will be at your OWN RISK !

ထုတ်ဈေးထက်တောင် ဆယ့်ရှစ်ကျပ်လောက် သက်သာသည်။ ဈေးပြန်မတက်လည်း ကိစ္စမရှိ။ သူ့ဆီမှာ ဆေးလိပ်ထုပ်တံဆိပ်ရိုက်လျှင် ထည့်သုံးလို့ရသည်။ ထုတ်ဈေးအတိုင်းနှင့် ပေးလျှင် အလုပ်အပ်သူက ကျေးဇူးတောင် တင်ဦးမည်။

သူက အလုပ်လုပ်ရာမှာ ခြေလှမ်းကျဲသည်။ အလုပ်အတွက် အဆက်အသွယ်တစ်ခုရလျှင် ဒါလောက်နှင့် မကျေနပ်။ ထိုအဆက်အသွယ်ကို အကြောင်းပြုပြီး ဆက်နွယ်ပတ်သက်နေသော တခြားအလုပ်တွေကိုပါ ရအောင်လုပ်သည်။

အခုလည်း စက်ရုံမှ ဖယားတွေ တံဆိပ်တွေ ရိုက်နေရရုံလောက်နှင့် မကျေနပ်။ ထိုစက်ရုံနှင့် ဆက်စပ်နေသော ရုံးဌာနကိုပါ ဝင်သည်။ ထိုရုံးဌာနကို အမှီပြုပြီး အခြားစက်ရုံတစ်ခုနှင့် ဆက်သွယ်ဖို့ ကြိုးစားပြန်သည်။

တစ်ရက်တွင် ကျွန်တော့်အဖေသည် ရုံးဌာနတစ်ခုသို့ ရောက်သွားသည်။ အလုပ်အတွက် ပစ္စည်းတစ်ခု သွားလျှောက်ခြင်းဖြစ်၏။ စိန်ကြောင်ကလည်း ထိုရုံးမှာ ရောက်နေ၏။

သူသည် အဖေ့ကိုမြင်သောအခါ အူယားဖားယား ပြေးနှုတ်ဆက်သည်။

'အဘ ဘယ်လာတာလဲ'

ဆိုပြီး ကျွန်တော့်သူငယ်ချင်းဖြစ်ကြောင်း သူ့ကိုယ်သူ မိတ်ဆက်ပြီးနောက် . . .

'ဘာကိစ္စရှိလို့လဲ အဘ'

'အေးကွာ . . . ရုပ်ရှင်ရိုက်ရာမှာ သုံးဖို့ ပစ္စည်းလေးတစ်ခု လိုနေလို့၊ အဲဒါ အရောင်းဆိုင်က ဒီဌာနက မန်နေဂျာဆီက ရောင်းမိန့် သွားတောင်းပါ ဆိုလို့ လာလျှောက်တာ'

'ဟုတ်လား . . . လာ . . လာ . . အဘ၊ ကျွန်တော် လိုက်ပို့ပေးမယ်'

မန်နေဂျာ၏ အခန်းအပေါက်ဝနှင့် ကပ်လျက် အပြင်ဘက်တွင် စားပွဲတစ်လုံးရှိ၏။ မျက်နှာထားခပ်တင်းတင်းနှင့် ဝန်ထမ်းတစ်ယောက် ထိုင်နေသည်။ မန်နေဂျာ၏ လက်စွဲတော် လက်ထောက်ပင်ဖြစ်၏။

သူက ခွင့်ပြုမှ မန်နေဂျာအခန်းထဲ ဝင်ခွင့်ရမည်ဖြစ်၏။

စိန်ကြောင်က ခပ်တည်တည်နှင့် . . .

'ဆရာကြီးက မန်နေဂျာနဲ့ တွေ့ချင်လို့တဲ့'

Commercial use of this book will be at your OWN RISK !

ဟု ကျွန်တော့်အဖေကို ညွှန်ပြရင်းပြောသည်။ စားပွဲမှာထိုင်နေသည့်လူ မော်ကြည့်သည်။ အဖေ့ကို သိဟန်တူ၏။ ခေါင်းညိတ်ပြသည်။ စိန်ကြောင်က လာ . . . အဘ ဆိုပြီး အခန်းထဲ ခေါ်သွား၏။

အဖေ့ကို မန်နေဂျာနှင့် မိတ်ဆက်ပေးသည်။ မန်နေဂျာက . . .

'ဆရာ့ကို ကျွန်တော်သိပါတယ်၊ တပ်ထဲက မြတ်ကိုကို စာအုပ်နဲ့ ကျွန်တော် ဆယ်တန်းအောင်ခဲ့တာပေါ့'

ဟု ပြော၏။ ၁၉၅၀ ခုနှစ်ကျော်ကျော်က အဖေရေးသည့် တပ်ထဲက မြတ်ကိုကို အမည်ရှိ စာအုပ်မှာ စာပေဗိမာန်ဆုရပြီး ကျောင်းသုံးအဖြစ် ပြဋ္ဌာန်းခံရခြင်းကို ရည်ရွယ်ခြင်းဖြစ်၏။

'ဆရာ့ဝတ္ထုတွေ အားလုံးလိုလို ဖတ်ဖူးပါတယ်၊ ဆရာ့ဇာတ်ကားတွေလဲ ကြိုက်တယ်'

ဟု လေးလေးစားစား ပြောသည်။ အဖေလိုချင်သော ပစ္စည်းကိုလည်း ဝယ်ခွင့်ပြုလိုက်သည်။ စိန်ကြောင်က လျှောက်လွှာပုံစံ သွားဝယ်ပေးခြင်း၊ ပုံစံဖြည့်ပေးခြင်း၊ အရောင်းဌာနမှာ တံဆိပ်ရိုက်ခြင်း စသည့် ကိစ္စအားလုံး လိုက်လုပ်ပေး၏။

ထိုအကြောင်းကို အဖေက ကျွန်တော့်ကို ပြန်ပြောပြသည်။

'အဖေ ပစ္စည်းသွားလျှောက်တော့ မင်းသူငယ်ချင်းတစ်ယောက်နဲ့ တွေ့တယ်ကွ၊ နာမည်က ထူးထူးဆန်းဆန်းပဲ နေပါဦးကွာ . . . ကြောင်ဖား ဆိုလား'

'စိန်ကြောင်ပါ အဖေရ'

'အေး . . . ဟုတ်တယ်ကွ၊ ဒီကောင်လေး အတော်ချက်ချက်ချာချာ ရှိတယ်ကွ၊ အစအဆုံး သူပဲ လုပ်ပေးသွားတာပဲ၊ ပစ္စည်းထုတ်တဲ့ဆီ အထိတောင် လိုက်လာပြီး ငွေသွင်းတာရော၊ ပစ္စည်းထုတ်ပြီး ကားပေါ်ထိ လိုက်တင်ပေးတာရော လုပ်ပေးလိုက်တယ်ကွ'

အဖေက ကျေးဇူးတင်ကြောင်း စိန်ကြောင့်ကို ကျွန်တော် ပြောပြသောအခါ သူက ရယ်၍ . . .

'ငါကတောင် မင်းတို့အဖေကို ပြန်ကျေးဇူးတင်ရဦးမှာ'

'ဘာဖြစ်လို့လဲ'

'ဒီလိုကွ၊ ငါ အဲဒီမန်နေဂျာနဲ့ ဝင်တွေ့ဖို့ ကြိုးစားနေတာ ကြာပြီ၊ မအောင်မြင်ဘူး၊ အခန်းပေါက်ဝက စာရေးကလဲ တော်တော် လက်ပေါက်ကပ်

Commercial use of this book will be at your OWN RISK !

တာကွ၊ ဘယ်လိုချဉ်းကပ် စည်းရုံးလို့မှ မရဘူး၊ အထဲကို ဝင်ခွင့်မပေးဘူး၊ အဲဒီနေ့က အဆင်မပြေရင် အိမ်ကို သွားတွေ့ဖို့တောင် စိတ်ကူးထားတာ . . .

ကံကောင်းချင်တော့ မင်းတို့အဖေက ရောက်လာတာပဲ၊ အဘိုးကြီးကျတော့ စာရေးက သိနေလို့ ဝင်ခွင့်ပြုလိုက်တော့ ငါပါ ဝင်ခွင့်ရသွားတာပေါ့၊ အထဲရောက်တော့လဲ မန်နေဂျာက မင်းအဖေကို လေးလေးစားစား ဆက်ဆံတယ်၊ မင်းအဖေက နားလေးတော့ ငါပဲ ကြားထဲက စကားပြန် လုပ်ပေးရသေးတယ်'

'နေစမ်းပါဦး၊ ငါတို့အဖေနဲ့ မင်းကိစ္စနဲ့ ဘယ်လိုပတ်သက်လို့လဲ'

'ဒီလိုလေ၊ ငါက မန်နေဂျာ အခန်းထဲကို မင်းအဖေနဲ့ အတူတူ ဝင်သွားတာ အားလုံးက မြင်တယ်၊ မင်းအဖေကျတော့ သူ့ပရိသတ်တွေက လေးစားချစ်ခင်ကြပြီးသားကိုး၊ နောက်တစ်ခါ ငါသွားတဲ့အခါကျတော့ မင်းအဖေမျက်နှာနဲ့ ငါ့ကို ရှောရှောရှူရှူ ဝင်ခွင့်ပြုလိုက်တာပေါ့၊ မန်နေဂျာကလဲ မင်းတို့အဖေနဲ့ အတူတူ လာဖူးတာကို သိနေတော့ ငါ့ကိစ္စ အဆင်ပြေအောင် လုပ်ပေးလိုက်တာပေါ့'

'ကြည့်စမ်း . . . မင်းက ငါ့အဘိုးကြီးကို ကူညီရင်း မင်းအတွက်ပါ အကွက်ထွင်သွားတာကိုး၊ တော်တော်ဆိုးတဲ့ကောင်၊ လူကြီးတောင် မနေရဘူး'

'မင်း ဘိုးတော်ကိုတော့ ပြန်မပြောပါနဲ့ကွာ၊ နားရင်းအုပ် ခံနေရပါဦးမယ်'

ဆိုပြီး စပ်ဖြဲဖြဲ လုပ်ရင်း . . .

'အဲဒီနေ့ကကွာ . . . မင်းတို့အဖေက ငါ့ကို ကျေးဇူးတင်လို့ ဆိုပြီး လက်ဖက်ရည်ဆိုင် အတင်းဆွဲခေါ်သွားလို့ အားနာပါးနာနဲ့ လက်ဖက်ရည်နဲ့ ဆိတ်သားမုန့်နဲ့ စားလိုက်သောက်လိုက်ရသေးတယ်၊ လူကြီးက ကျွေးတာဆိုတော့ မစားရင် စိတ်ဆိုးမှာလည်း ကြောက်ရသေးတယ် မဟုတ်လားကွ၊ ဟဲ . . . ဟဲ'

ငါ . . ဟု အစချီပြီး ကျွန်တော် ဆဲပစ်လိုက်မိ၏။

Commercial use of this book will be at your OWN RISK !

## အခန်း ( ၁၁ )

ပစ္စည်းတစ်ခု ဝယ်ချင်သောအခါ စိန်ကြောင်နှင့်အတူတူ သွားဝယ်လျှင် ပစ္စည်းမှန် ဈေးမှန် ရတတ်သည်။ သူသည် ပစ္စည်းအတော်များများ၏ ဈေးနှုန်းများကို သိနေတတ်၏။ ဘယ်လိုလုပ် သိနေတာလဲ မေးတော့ . . .

'ဒါ ငါ့ဝါသနာပဲကွ၊ သွားရင်းလာရင်း စုံစမ်းကြည့်ထားတာ'

'တွေ့သမျှဆိုင်တွေ မဝယ်ဘဲ ဈေးတွေ လျှောက်မေးတော့ မင်းကို ဟောက်လွှတ်မှာပေါ့'

'အကုန်တော့ ဘယ်လျှောက်မေးမလဲကွာ၊ များသောအားဖြင့် တစ်ခွန်းဆိုင်တွေ ဝင်ကြည့်လိုက်ရင် သိတာပဲ'

'အေးကွ၊ တစ်ခွန်းဆိုင်တော့ ငါသဘောကျတယ်၊ ငါက ဈေးဆစ်တတ်တာ မဟုတ်ဘူးကွ'

'မင်းက တစ်ခွန်းဆိုင်တိုင်း ဈေးသက်သာတယ် ထင်လို့လား၊ တစ်ခွန်းဆိုင်လို့ ဆိုင်းဘုတ်တပ်လိုက်တာနဲ့ ဈေးမှန်မှာပဲလို့ လူတွေက ယုံကြည်တာကို အခွင့်ကောင်းယူပြီး ရိတ်တတ်ကြတယ်ကွ၊ တချို့ဆိုင်တွေဆို ပိုဆိုးတယ်၊ မင်းကို ငါ လက်တွေ့ပြမယ်၊ လာ'

ဆိုပြီး လက်ဖက်ရည်ဆိုင်မှ ထ၍ အနီးအနားရှိ ကုန်ပဒေသာဆိုင် တစ်ဆိုင်သို့ ခေါ်သွားသည်။ ဆိုင်ထဲရောက်လျှင် ကုန်မျိုးစုံ အသေးအမွှားကောင်တာ ရှေ့ရပ်၍

'ဟိုမှာကြည့်၊ ဂက်စ်မီးခြစ် ဘယ်လောက်လို့ စာကပ်ထားလဲ'

Commercial use of this book will beat your OWN RISK !

'ကိုးကျပ်ခွဲလေ၊ ဒါ သက်သာတာပေါ့၊ အပြင်မှာ ဆယ့်နှစ်ကျပ်လောက် ပြောပြီး တစ်ဆယ်လောက်နဲ့ ရောင်းတာပဲ၊ ဒီလောက်တော့ ငါသိပါတယ်ကွ'

'အေး . . . ဟုတ်ပြီ၊ ဒါဆို ငါထပ်ပြမယ်'

ပန်းကန်ခွက်ယောက်များ၊ ဖန်ခွက်များ၊ ဓာတ်ဘူးများ ထားသော နေရာသို့ ခေါ်သွားပြန်သည်။

'ဟိုမှာကြည့် . . . အချိုပန်းကန်လုံး တစ်စုံ ဘယ်လောက်တဲ့လဲ'

'တစ်ရာ့နှစ်ဆယ်'

'အဲဒါမျိုး လဟာပြင်ဈေးမှာ သွားဝယ်ရင် တစ်ရာလောက်နဲ့ ရနိုင်တယ်'

ဆိုင်ပြင် ပြန်ထွက်လာပြီးနောက် သူက ဆက်ရှင်းပြသည်။

'တွေ့လား၊ လူသိများတဲ့ပစ္စည်း အသေးအဖွဲလေးတွေကို ငါးမူးတစ်ကျပ်လောက် ဈေးလျှော့ထားတတ်တယ်၊ ဒါမျိုးလောက်ကတော့ လူတော်တော်များများက ဈေးသိနေကြတာကိုး၊ ဒီတော့ ဘာဖြစ်လာသလဲ ဆိုရင် ဒီဆိုင်က ပစ္စည်းဆိုရင် ဈေးမှန်တယ်ဆိုပြီး စိတ်ချလက်ချဝယ်ကြရော၊ သူတို့က တစ်ဆယ် နှစ်ဆယ်တန် ပစ္စည်းကို တစ်ကျပ်လောက် လျှော့ရောင်းပြီး တစ်ရာနှစ်ရာတန်ကျမှ ကောင်းကောင်းဈေးတင်ပြီး ရိတ်တော့တာကိုး . . .

ဆိုင်တိုင်းက ဒါမျိုး လုပ်တာတော့ မဟုတ်ဘူးပေါ့ကွာ၊ တစ်ချို့ဆိုင်တွေကျတော့ ဖွင့်ကာစမှာ ဈေးလျှော့ရောင်းပြီး လူသိများလာတော့မှ တဖြည်းဖြည်း ဈေးမြှင့်ယူတတ်တယ်၊ တစ်ချို့ကျတော့ မဆိုးပါဘူး၊ ဈေးသိပ်မသက်သာပေမယ့် ပစ္စည်းအစစ်အမှန်ကိုပဲ ရောင်းတယ်၊ ဒီလိုဆိုင်မျိုးကတော့ ရေရှည်ကို ကြည့်ပြီး မှန်မှန်ကန်ကန်လုပ်တာမို့ ချီးကျူးရမှာပေါ့ကွာ'

တစ်ခါတစ်လေ သူနှင့် တူတူသွားရင်း ပစ္စည်းတစ်ခု ဝယ်သည့်အခါ သူဈေးဆစ်ပုံကို သိရသည်။ ဥပမာ ပစ္စည်းတစ်ခုခုကို ဈေးမေးလိုက်လို့ နှစ်ဆယ်ဟု ဆိုလျှင် ပြောနေကျပုံစံမျိုးဖြစ်သော . . .

'များပါတယ် . . . လျှော့ပါဦး'

သို့တည်းမဟုတ်

'ဆယ့်ငါးကျပ် မရဘူးလား'

စသည်ဖြင့် ပြောလေ့မရှိ။

'ကြာတယ်ဗျာ၊ နောက်ဆုံးရောင်းနိုင်တဲ့ ဈေးသာ တစ်ခါတည်းပြော'

ဟု ဆိုတတ်သည်။ ပြီးတော့မှ ဈေးသည်၏ တုံ့ပြန်ပုံကို အကဲခတ်သည်။ ဘာပဲဖြစ်ဖြစ် ဒီလိုပြောလိုက်လျှင် ဈေးသည်များ တွေဝေသွားတတ်သည်ဟု

Commercial use of this book will be at your OWN RISK !

ဆို၏။ နောက်ဆုံးဈေးပြော ဆိုတော့ များသွားလျှင် မဝယ်ဘဲနေမှာလည်း စိုးသည်။ ဈေးသည်ပီပီ ရတတ်သမျှလည်း ပိုလိုချင်သည်။

ချိတုံချတုံ ဖြစ်နေဟန်ကိုကြည့်ပြီး စိန်ကြောင်က ဒီဈေးသည် ဘယ်လို အစားလဲ ဆုံးဖြတ်သည်။ များသောအားဖြင့် ကတော့ ရောင်းနိုင်သည့်ဈေးထက် နည်းနည်းသာ ပိုပြောတတ်ကြသည်။ ထိုအခါကျမှ စိန်ကြောင်က တစ်ကျပ် လျှော့ဦး၊ နှစ်ကျပ်လျှော့ဦး ပြောသည်။ ဒီလိုနှင့် ဈေးမှန်ရအောင် ဆစ်ယူသည့် နည်းကို သူက သင်ပေးဖူး၏။

ကျွန်တော်တို့ သူငယ်ချင်းအုပ်စုတွင် စိန်ကြောင်က ငွေကြေးအင်အား အတောင့်တင်းဆုံးဖြစ်၏။ ကျွန်တော်အပါအဝင် ကျန်သူများမှာ ဝင်ငွေ မဆိုးလှ သည့်တိုင် ရှိရင်ရှိသလို သုံးသဖြင့် မကြာခဏဆိုသလို ငွေကြေးပြတ်လတ်တတ် ကြ၏။ ထိုအခါ အချင်းချင်းလှည့်ဆွဲပြီး သုံးရသည်။ များသောအားဖြင့် စိန်ကြောင့်ဆီက ချေးရသည်။

သူ့ဆီမှာ ပိုက်ဆံချေးလျှင် ဘယ်တော့မှ လွယ်လွယ်ကူကူမရ။ အမျိုးမျိုး မြည်တွန်ပြီးမှ ဆောင့်ကြီးအောင့်ကြီး ပေးလေ့ရှိ၏။ ပြန်ဆပ်သည့်အခါကျလျှင် လည်း အကောင်းမပြော။

'ဩ အကြွေးလာဆပ်တာလား၊ ငါက စချေးကတည်းက ဆုံးပြီလို့ တွက်ထားတာ၊ ခုလိုဆိုတော့ ကျောက်ခဲရေပေါ်တာပေါ့'

ဟု နာသာခံခက်ဖြစ်အောင် ပြောတတ်၏။ ဒီလို ပြောဖန်များလာတော့ တချို့သူငယ်ချင်းတွေက ဒီကောင် လူပါးဝတယ်ဆိုပြီး နောက် သူ့ဆီက ပိုက်ဆံမချေးတော့။ စိန်ကြောင်ကလည်း ဒီလိုဖြစ်အောင် တမင်ပြောတာပဲ ဖြစ်မည်ဟု ကျွန်တော် တွက်ထား၏။

တစ်ခါတော့ ကျွန်တော့်မှာ ပိုက်ဆံပြတ်သွားသည်။ အရေးတကြီး သုံးစရာ လည်း ရှိနေသဖြင့် စိန်ကြောင့်ဆီ သွားချေးသည်။

'ငါ့ကို ပိုက်ဆံငါးဆယ်လောက် ချေးစမ်းပါကွာ'

'အင်း . . အဲ့ဒါပြောတာပေါ့ကွာ၊ မင်းတို့ကောင်တွေက ပိုက်ဆံလေးရရင် သုံးဖို့ ဖြုန်းဖို့လောက်ပဲ စဉ်းစားနေတယ်၊ ချွေချွေတာတာနဲ့ စုဆောင်းဖို့ စိတ်မကူး ဘူး၊ ဒီလိုအချိုးမျိုးတွေနဲ့ ခက်သေးတယ်'

စသည်ဖြင့် ဆုံးမစကားတွေနှင့် ဖွေရှည်နေသည်။ ကျွန်တော်ကလည်း အချိန်သိပ်မရသဖြင့် . . .

'ပေးမှာ ပေးစမ်းကွာ၊ မိန့်ခွန်းတွေ ချွေမနေနဲ့၊ အချိန်မရှိဘူး'

Commercial use of this book will be at your OWN RISK!

'အံမယ် . . . မင်းက ပိုက်ဆံများ ငါ့ပုံနှိပ်စက်ကနေ ရိုက်ထုတ်နေတယ်များ မှတ်နေလား၊ ပိုက်ဆံရှာရတာ ဘယ်လောက်ခက်သလဲ၊ ပိုက်ဆံတစ်ပြားကို ချွေးတစ်စက်နှုန်းလောက်ကျတယ်'

ကျွန်တော် စိတ်တိုလာသည်။

'ဟော့ကောင် မပေးလဲ နေကွာ၊ သိပ်သောက်ကြီးကျယ် စကားတွေ ပြော မနေနဲ့၊ မင်းဆီက အလကား လက်ဖြန့်တောင်းတာ မဟုတ်ဘူးကွ၊ ပြန်ပေးမှာ'

'ပြောတော့ လွယ်တယ်ကွ၊ တကယ်တမ်းကျတော့'

'ဟာ . . . တော်ကွာ၊ မင်းပိုက်ဆံ မယူဘူး'

ကျွန်တော် လှည့်ထွက်လာခဲ့သည်။ သူက ဟော့ကောင် ဟော့ကောင် ဟု လှမ်းခေါ်သော်လည်း လှည့်မကြည့်တော့။

ညနေကျတော့ သူ ကျွန်တော့်အိမ် ရောက်လာသည်။

'မင်း အသုံးလိုရင် ငွေနှစ်ရာလောက် ယူထားပါလား'

ဟု လေပျော့လေးနှင့် လာပြောသည်။ ကျွန်တော် စိတ်ဆိုးမှန်း သိသဖြင့် လာချော့ခြင်းဖြစ်၏။

'ဘာလို့ ယူရမှာလဲ၊ နှစ်ရာမပြောနဲ့၊ နှစ်ထောင်လဲ မယူဘူး'

'နေ့လည်က ငါက နောက်တာပါကွာ၊ မင်းက စိတ်ဆိုးပြီး ထွက်သွားတာ ကိုး၊ ငါပိုက်ဆံယူပြီး ပြေးလိုက်လာသေးတယ်၊ မမီတော့လို့'

ဒီအခါကျတော့လည်း သူ့မျက်နှာငယ်လေးနှင့် ဖြစ်နေပုံမှာ သနားဖို့တောင် ကောင်းသည်။ ကျွန်တော်ကလည်း စိတ်ပြေသွားပြီး

'အသုံးလိုတဲ့အချိန် ရမှ ဖြစ်မှာပေါ့ကွ၊ ခုမှတော့ ဘာလုပ်မှာလဲ'

'မင်း မှတ်ထားကွ၊ နောက်ဆို ငါ့ဆီက ပိုက်ဆံချေးရင် လေးငါးဆယ် မချေးနဲ့၊ အနည်းဆုံး တစ်ရာ နှစ်ရာ ချေး၊ ငါက နည်းရင် မချေးချင်ဘူးကွ၊ များမှ ချေးချင်တာ'

'သိပ် ဖင်ခေါင်း မကျယ်နဲ့ကွာ၊ နောက်ကို မင်းဆီကချေးဖို့ စိတ်မကူးပါဘူး'

'ငါ ဖင်ခေါင်းကျယ်တာ မဟုတ်ဘူး၊ တကယ်ပြောတာ၊ ပိုက်ဆံ နည်းနည်း ပါးပါးဆိုရင် အရေးမကြီးပါဘူးဆိုပြီး ပေါ့ပေါ့ဆဆ မေ့မေ့လျော့လျော့ နေတတ်ကြတယ်၊ ဒီလိုနဲ့ ဆုံးပေါင်းများပြီ၊ များများစားစားဆိုတော့ မေ့လို့မဖြစ်ဘူး၊ အရေးတကြီး တန်ဖိုးထားတတ်တယ်၊ ငွေအနေနဲ့ ပြန်တောင်းလို့လဲ ကောင်း တယ်၊ ချေးရတာလဲ ထိုက်ထိုက်တန်တန် အသိအမှတ်ပြုခံရတယ်၊ ငွေလေး

Commercial use of this book will be at your OWN RISK !

ငါးဆယ်မို့ ပြန်တောင်းရင် ဒီလောက် ငွေကလေးများ တကျည်ကျည် တောင်းတယ်ဆိုပြီး အမုန်းခံရသေးတယ်'

'ကဲကွာ . . ဒီလိုဆို ပိုက်ဆံ နှစ်ရာ သုံးရာ ချေးပြီး ပြန်မပေးတော့ တစ်ခါတည်း များများစားစား ဆုံးရှော မဟုတ်ဘူးလား'

'ဆုံးပေမယ့် နောက်ကို လာမချေးရဲတော့ဘူးလေ၊ ကိစ္စပြတ်ရောပေါ့၊ နှစ်ဆယ်လောက် အစိတ်လောက် အလီလီဆုံးရှုံးတာထက် စာရင်တော့ ဒါက တွက်ခြေကိုက်တယ်ကွ'

စိန်ကြောင်သည် မင်္ဂလာဆောင်ကိစ္စဆိုလျှင် ဟက်ဟက်ပက်ပက် မရှိလှကြောင်း ကျွန်တော်ပြောခဲ့ဖူးသည်။ မင်္ဂလာဆောင်ဖိတ်စာ လာအပ်လျှင် လျှော့မပေးသည့်အပြင် တတ်နိုင်သလောက် ရိတ်တတ်ကြောင်းလည်း ပြောဖူးသည်။

သို့ရာတွင် သူငယ်ချင်းတွေ မင်္ဂလာဆောင်မှာတော့ တတ်နိုင်သမျှ ကူညီတတ်သည်။ ပါးစပ်ကတော့ ဘယ်တော့မှ အကောင်းမပြော။

'မင်္ဂလာဆောင်တယ်ဆိုတာ မိန်းမတစ်ယောက်ရဲ့ နဖားကြိုး အထိုးခံလိုက်ရကြောင်းကို လူပုံအလယ်မှာ အရှက်မရှိ ကြေငြာတာနဲ့ အတူတူပဲ၊ ငါက နာရေးကိစ္စသာ ကူညီချင်တာကွ၊ မင်္ဂလာဆောင်မှာ ကူညီရတာကျတော့ ကျွန်ဝယ်ရာ အဆစ်ပါသလိုပဲ'

ထို့အပြင် ပြောကောင်းမှန်းမသိ၊ မပြောကောင်းမှန်းမသိ၊ နင့်နင့်သီးသီး ပြောတတ်သေးသည်။

'အေးပေါ့လေ၊ မိန်းမယူတယ်ဆိုတာလဲ ငါ့အမြင်တော့ နာရေးကိစ္စတစ်ခုပါပဲ၊ လူပျိုဘဝရဲ့ လွတ်လပ်ပျော်ရွှင်မှု ဆုံးရှုံးရတာ သေတာနဲ့ ဘာထူးလဲ၊ ဒါကြောင့် ငါက သူငယ်ချင်းတစ်ယောက်ရဲ့ ဈာပနလို့ သဘောထားပြီး ကူညီလိုက်ရတာပေါ့'

ကျွန်တော့်မင်္ဂလာဆောင်မှာလည်း သူတော်တော် ကူညီခဲ့သည်။ ဖိတ်စာရိုက်ရာမှာ ကျွန်တော်လိုချင်သည့် ပုံစံရအောင် ဆဲဆဲဆိုဆိုနှင့်ပင် လုပ်ပေးသည်။ မင်္ဂလာဆောင်သည့်နေ့ ကျတော့ . . .

'အရေးတကြီး လိုရင်ပြောကွ၊ ငါ့အိတ်ထဲမှာ ငွေတစ်ထောင် ထည့်ယူလာတယ်' ဟု ကပ်ပြီး ပြောသည်။

မင်္ဂလာမဆောင်ခင် တစ်ပတ်လောက်အလိုမှာ သူက ငါနဲ့ ခဏလိုက်ခဲ့ကွာ ဆိုပြီး ခေါ်သည်။ မြို့ထဲရောက်တော့ . . .

'မင်း ဘာလိုချင်လဲပြော၊ ငါဝယ်ပေးမယ်' ဟု ဆို၏။

Commercial use of this book will be at your OWN RISK !

'ဘာအတွက် ဝယ်ပေးရမှာလဲကွ'

မေးတော့ . . .

'မင်းကို လက်ဖွဲ့ဖို့လေ'

'ဟာ . . . လက်ဖွဲ့တယ်ဆိုတာ မင်းအတွက် အသုံးဝင်ချင်မှ ဝင်မှာပေါ့ကွ'

'အသုံးဝင်မယ်ထင်တာ လုပ်ပေါ့ကွာ'

'ဟာ . . . ရှုပ်တယ်ကွာ၊ ပစ္စည်းကို ပန်းစက္ကူနဲ့ထုပ်၊ ဖဲကြိုးတွေနဲ့ချည်၊ နောက်တော့လဲ ဒီစက္ကူတွေ ဖြုပစ်ရတာပဲ၊ ဒါကြောင့် ခုတစ်ခါတည်း ဝယ်ပေးလိုက်မယ် ပြော'

'ဟာ . . ငါက ဘာလက်ဖွဲ့ပါလို့ ပြောလို့ ကောင်းမလားကွ၊ မင်းလုပ်ပုံက လဲ၊ ဒါမျိုး ထုံးစံမရှိဘူး'

'ထုံးစံတွေ ဘာတွေ လုပ်မနေနဲ့၊ မင်းလိုချင်တာပြော'

'ငါလိုချင်တာကို ကလေးလို လက်ညှိုးထိုး ပြနေရမှာလား၊ ကဲ ငါက မော်တော်ကားတစ်စီး လိုချင်တယ် ဆိုရင်ကော'

'ဒါတော့ မင်းက ကတ်တာပဲ'

'ငါကကော ဘယ်လိုလုပ်ပြောမလဲကွ၊ ငါလိုချင်တာက ဈေးကြီးချင် ကြီးနေမယ်၊ မင်းမှန်းထားတာထက် ပိုနေရင် ကောင်းမလား၊ ဟာကွာ . . ဒီလို ပြောနေရတာကိုက မကောင်းတော့ဘူး၊ မင်းလုပ်လိုက်ရင် အဲဒီလိုချည်းပဲ'

'ကဲကွာ . . . ဒါဆိုလဲ ငါ့ဘာသာ ကြည့်ဝယ်မယ်'

ဆိုပြီး ပတ်ကားဘောလ်ပင် တစ်ချောင်း ဝယ်ပေးသည်။

'မင်းက စာရေးဆရာဆိုတော့ ဒါမျိုး အသုံးဝင်မှာပဲ' ဟု ပြော၏။

သူလုပ်ပုံကို ကျွန်တော်သိသည်။ ဘောလ်ပင်က ဈေးကြီးသလို မင်ချောင်း ကလဲ ဈေးကြီးသည်။ တစ်ချောင်း အစိတ်လောက် ပေးရသည်။ ကျွန်တော့်ကို ပိုက်ဆံထပ်ကုန်အောင် တမင်လုပ်ခြင်းဖြစ်၏။

အဲဒီလို မဟုတ်လားဟု သူ့ကို မေးသောအခါ သူ့ပုံစံအတိုင်း ကွမ်းသွေး ကြောင့် နီရဲနေသော သွားတွေဖြဲ၍ ရယ်ပြီး . . .

'ဟုတ်တယ်ကွ၊ မင်းဘာသာ ကိုယ့်ဒုက္ခကိုယ် ရှာပြီး မိန်းမယူတဲ့ကောင်ကို ငါကလဲ ဒီလောက်တော့ ဒုက္ခထပ်ပေးမှ ဖြစ်မှာပေါ့၊ အဲဒီဘောလ်ပင် မင်ကုန်လို့ မင်ချောင်းအသစ်ဝယ်တိုင်း ပိုက်ဆံအစိတ်ကုန်လို့ မင်း ငါ့ကို ဆဲလိမ့်မယ်၊ မင်း မှတ်ထားကွ၊ လူတွေဟာ ကိုယ့်ကို ကူညီဖူးတဲ့လူထက် ဒုက္ခပေးဖူးတဲ့လူကို ပိုပြီး အမှတ်တရ ရှိတတ်တယ်၊ မင်းလဲ ငါ့ကို ဒီဘောလ်ပင်သုံးတိုင်း သတိရနေအောင်

Commercial use of this book will be at your OWN RISK !

လုပ်လိုက်တာပေါ့ကွာ၊ အစက ကင်မရာတစ်လုံး ဝယ်ပေးမလို့တောင် စိတ်ကူးသေးတယ်၊ ဈေးကြီးလွန်းလို့ မဝယ်ဖြစ်တာ၊ ကင်မရာဆိုရင်တော့ မင်းဖလင်ဖိုးနဲ့ မွဲမှာပဲ'

ဒီကောင်ကား ကူညီတာတောင် ကသိကအောက်ဖြစ်အောင် နည်းနည်းဖြစ်ဖြစ် လုပ်ရမှ ကျေနပ်တတ်သူဖြစ်လေ၏။

Commercial use of this book will be at your OWN RISK !

## အခန်း ( ၁၂ )

ကျွန်တော့်မိန်းမအတွက် နာရီတစ်လုံး ဝယ်ချင်သဖြင့် အနော်ရထာလမ်း တစ်လျှောက်ရှိ နာရီဆိုင်များသို့ ဝင်ကြည့်သည်။ စိတ်ကြိုက်တွေ့သော နာရီလေးတွေ ရှိသော်လည်း ဈေးကကြီးသည်။ ဈေးသက်သာတာကျတော့လည်း ကိုယ်က မကြိုက်။ ဈေးလည်းသင့်၊ ကိုယ်ကလည်းကြိုက်တာ ကျပြန်တော့လည်း စိတ်မချရ။ အသစ်မဟုတ်ဘဲ အဟောင်းကို ပြန်သထားခြင်းဖြစ်နေ၏။

နောက်မှ ဘကြူးဆိုသော သူငယ်ချင်းတစ်ယောက် နာရီဆိုင် ဖွင့်ထားကြောင်း သတိရ၏။ သူ့ဆိုင်ကို မေးမြန်းစုံစမ်းပြီးသွားသည်။ သူ့ဆိုင်မှာ စန်းဒေါ့ဇ်နာရီလေး တစ်လုံး ဝယ်ဖြစ်သွားသည်။ ပုံလည်း ကောင်းသည်။ ရိုးရိုးကလေးနှင့် လှသည်။ ခိုင်လည်း ခိုင်ခံ့သည်။ ဈေးကလည်း သင့်တော်သည်။

ဘကြူးက လက်ဖက်ရည်တိုက်သဖြင့် ထိုင်သောက်ရင်း စကားပြောကြသည်။ သူက . . . .

'မင်း စိန်ကြောင်နဲ့ တွေ့သေးလား' ဟု မေးသည်။

'တွေ့တတ်ပါတယ်ကွာ'

'မင်း ဝယ်ထားတဲ့ နာရီကိုတွေ့ရင် ဒီကောင် ရယ်လိမ့်မယ်'

'ဘာဖြစ်လို့လဲ'

'ဒီကောင် လမ်းကြုံ ဝင်ရိတ်သွားတာပေါ့ကွ'

'သူနဲ့ နာရီနဲ့ ဘာဆိုင်လို့လဲ'

'မင်း သူ့အကြောင်း သိသားပဲ၊ ဘယ်လောက် လည်တယ် ဆိုတာ'

Commercial use of this book will be at your OWN RISK !

'မင်းနဲ့ ဘာဖြစ်တာလဲကွ၊ ပြောစမ်းပါဦး'

'ဒီလိုကွာ၊ ငါတို့ဆိုင်က ဆိုင်မှာတင်ပြီး တစ်လုံးချင်း ရောင်းတဲ့အပြင် ဝင်လာတဲ့နာရီတွေကို ကောက်ပြီး တခြားဆိုင်တွေကို ပြန်ဖြန့်တာလဲ လုပ်တယ်ကွ'

'မင်းတို့က လက်ကားပေါ့လေ၊ ဒါဆို အရမ်းထောမှာပေါ့'

'ဒီလောက်ကြီးလဲ မဟုတ်ပါဘူး၊ သုံးလေးရာတန် လောက်တွေပဲ ကိုင်နိုင်တာပါ၊ လွန်ခဲ့တဲ့ တစ်ပတ်လောက်ကတော့ အခုမင်းဝယ်တဲ့ နာရီတွေပေါ့၊ အလုံးသုံးဆယ် လာသွင်းတဲ့လူ တစ်ယောက် ရောက်လာတယ်၊ ဒီနာရီမျိုးက အဝင်နည်းတယ်ကွ၊ သိပ် ပေါ်ပြူလာမဖြစ်ပေမယ့် ဒါမျိုးမှ ကြိုက်တဲ့ ဈေးကွက် ရှိမှန်းသိတော့ ငါလဲ အကုန်ချုပ်ပြီး ယူချင်တယ်၊ တစ်လုံးကို သုံးရာ့ရှစ်ဆယ် ကျတယ်ကွ'

'ဟင် ဒါဆို မင်းက ငါ့ကို လေးဆယ့်ငါးကျပ်တောင် အမြတ်တင် ရောင်းတာပေါ့'

'နေပါဦးကွ၊ ငါပြောပါဦးမယ်၊ ငါ့မှာက အလုံးနှစ်ဆယ်စာလောက်ပဲ ငွေကရှိတယ်၊ တခြားလူတွေ လက်ထဲလဲဖွဲ့ပြီး ရောက်မသွားစေချင်ဘူး၊ တခြားဆိုင်တွေက ငွေခဏသွားဆွဲရင်လဲ သူတို့သိကုန်မှာ စိုးတယ်၊ အဲဒီအချိန်မှာ စိန်ကြောင် ရောက်လာတာပဲ'

ဘာဖြစ်နိုင်ကြောင်း ခန့်မှန်းမိသော်လည်း စကားဝင် မထောက်ဘဲ နားထောင်နေလိုက်သည်။

'နာရီလာသွင်းတဲ့ လူနဲ့ ငါနဲ့ ပြောနေတာကို ကြားတော့ ဒီကောင်က သူဆယ်လုံးယူမယ်လို့ ဝင်ပြောတော့တာပဲ၊ ခဏလေးစောင့်နေလို့ ပြောပြီး ဘယ်က သွားဆွဲလာတယ် မသိဘူး၊ ငွေ သုံးထောင့်ရှစ်ရာ ယူလာတယ်၊ နောက်ပြီးတော့ မင်းပဲ ခဏသိမ်းထားပေးကွာ ဆိုပြီး ငါ့ဆီမှာပဲ အပ်သွားတယ်၊ ငါကတော့ ငါ့အတွက်ရထားတဲ့ အလုံးနှစ်ဆယ်ကို လေးရာ့တစ်ဆယ်နှုန်းရလို့ ဖြန့်ပစ်လိုက်တယ်၊ နာရီလေးတွေကကောင်းတော့ အဝယ်လိုက်တယ်ကွ၊ ဒီလိုနဲ့ သုံးလေးရက်နေတော့ ဈေးတက်လာရော၊ ငါကလဲ လေးရာ့တစ်ဆယ်တုန်းက ဈေးကောင်းရတယ်ဆိုပြီး အကုန်ထုတ်လိုက်မိတယ်၊ ငါ့ဆိုင်မှာ ရောင်းဖို့တောင် မရှိတော့ဘူး၊ တစ်လုံးချင်း ရောင်းရင် လေးရာ့ငါးဆယ်လောက် ရတာကိုး၊ အဲဒီအချိန်မှာပဲ စိန်ကြောင်ရောက်လာပြီး သူ့နာရီတွေ ပြန်ယူမလား မေးတယ်၊ ဒါနဲ့ လေးရာ့အစိတ်နဲ့ ပြန်ဆွဲထားလိုက်ရတယ်၊ ဒါကြောင့် ဒီကောင်က

Commercial use of this book will beat your OWN RISK !

လမ်းကြုံရင်း ဝင်ရိုတ်သွားတယ်လို့ ပြောတာ၊ သူ လေးရာ့ငါးဆယ်လောက် တစ်ပတ်အတွင်း စားလိုက်ရတယ်လေ၊ မင်းကို ငါရောင်းတာ သူ့ဆီက ယူထားတဲ့ ဈေးရင်းအတိုင်း ရောင်းတာပါကွာ၊ မင်းဆီက လေးဆယ့်ငါးကျပ်စားတာ ငါမဟုတ်ဘူးကွ၊ စိန်ကြောင် စားသွားတာ'

'ခွေးသား၊ ဒီကောင့်ဆီက ငါပြန်တောင်းရမယ်'

'ငါတော့ ဒီကောင့်ကို လက်ဖျားခါတယ်ကွာ၊ ခရီးသွားဟန်လွှဲ ဝင်လုပ်သွားတာ ဘယ်လောက် ပိရိသလဲလို့'

'သူက နာရီအကြောင်း နားမလည်ဘဲနဲ့များ'

'နည်းနည်းပါးပါး သိတယ်ကွ၊ ဒီဘက်ရောက်ရင် ဒီကောင် ငါ့ဆိုင်ဝင်ထိုင်ပြီး ငါ လုပ်ပုံကိုင်ပုံတွေ ကြည့်ထားတာ၊ အံမယ် ဒီကောင်က ငါ့ကို ပြန်အချိုသတ်သွားသေးတယ်၊ အာရကေ ဆိုပြီး ငွေငါးဆယ် ပြန်ပေးသွားတယ်'

အာရကေ ဆိုသည်မှာ ပွဲခသဘောမျိုး ပေးရခြင်းကို ဆိုလိုသည့် သူတို့လောကသုံး စကားဖြစ်၏။

စိန်ကြောင်သည် စက္ကူဆိုင်အနီးရှိ ပွဲစားတွေဆီမှာ ဈေးနှုန်း စနည်းနာနေသည်။ မန္တလေးကို ပို့ဖို့ မင်ဘူးတွေ လိုချင်သောကြောင့် ဖြစ်၏။ ဈေးတွေက တက်နေသည်။

ခုရက်ပိုင်း သူသည် တခြားအလုပ်တွေ များနေသဖြင့် ဒီဘက် ခြေဦးမလှည့်ဖြစ်။ ကိုခေါင်းကြီးကလည်း မော်လမြိုင်ဘက် ဆင်းသွားသဖြင့် အဆက်အသွယ်ပြတ်နေသည်။

ခုပုံအတိုင်းဆိုလျှင် မန္တလေးပို့လို့ တွက်ချေမကိုက်နိုင်တော့။

သူ အကြံအိုက်နေတုန်း လူနှစ်ယောက် သူ့နားရောက်လာသည်။

'ညီလေး . . . မင်ဘူးတွေ လိုချင်တယ် ဆိုသလားလို့'

ဟု အသက်ခပ်ကြီးကြီး လူက ပြောသည်။

'ဟုတ်တယ်၊ ခင်ဗျားတို့မှာ ရှိသလား'

'အင်း . . ခဏ လိုက်ခဲ့ဗျာ၊ စကားနည်းနည်း ပြောချင်လို့'

ဟု စိန်ကြောင်နှင့် ရွယ်တူလောက်ရှိသူက ပြော၏။ အေးအေးဆေးဆေး စကားပြောနိုင်သည့် သစ်ပင်ရိပ်ရောက်တော့ အကြီးက . . . .

'ကိုယ်တို့ဆီမှာ မင်ဘူး နှစ်ရာလောက် ရှိတယ်၊ အားလုံး တိုယိုတွေချည်းပဲ၊ ဈေးချောင်ချောင်နဲ့ ရနိုင်တယ်'

Commercial use of this book will be at your OWN RISK !

မင်ဘူးတွေ ဈေးတက်နေချိန်မှာ ဘာ့ကြောင့် ဈေးချောင်ချောင်နဲ့ ရနိုင်တာလဲ၊ အတုတွေ မို့လို့လား တွေးသည်။ ဟိုလူကလည်း ရိပ်မိသဖြင့် . . . .

'ဒီလို ညီလေးရ၊ ပစ္စည်းတွေက အစိုးရပုံနှိပ်တိုက်ကနေ အကြံအဖန်နဲ့ ထုတ်လာတာလေ၊ ဒါကြောင့် သိပ်ပေါ်ပေါ်ထင်ထင် လုပ်လို့မကောင်းဘူး၊ ပွဲစားတွေ သိသွားရင် သတင်းက ပြန့်သွားမှာစိုးလို့၊ ငါ့ညီကတော့ တိုက်ရိုက်ဝယ်မယ့်လူဆိုတော့ နှုတ်လုံမှာ သေချာတယ်ဆိုပြီး တိုးတိုးတိတ်တိတ် ကျိတ်ပြောရတာ'

'ပစ္စည်းက ဘယ်မှာ ထားတာလဲ'

'ယူမယ်ဆို လိုက်ပြမှာပေါ့'

'နမူနာ မကြည့်ရဘူးလား'

'စိတ်တော့မရှိနဲ့ ညီလေး၊ ကိုယ်တို့ဘက်ကလည်း လုံခြုံစိတ်ချမှုရှိမှ အလုပ်ဖြစ်မှာ ဒီတော့ ယူမယ်ဆိုရင် ငွေယူပြီးလိုက်၊ ဟိုကျတော့ ပစ္စည်းကို ကြည့်၊ မကြိုက်ရင် မယူနဲ့ပေါ့'

'ဘယ်ဈေးနဲ့ ပေးမှာလဲ'

'အပြင်မှာ တစ်ရာကျော် ပေါက်နေတယ် မဟုတ်လား၊ ကိုးဆယ်နဲ့ ပေးမယ်၊ ဒါပေမယ့် အကုန်ယူရမယ်'

ဒီလိုကိစ္စမျိုးက အခန့်မသင့်လျှင် ပြဿနာ တက်နိုင်သည်။ အန္တရာယ်ကြီးသည်။ သို့ရာတွင် ငွေသုံးထောင်လောက် သက်သာသည့် အဖြစ်က မက်မောစရာ။ ဘာပဲဖြစ်ဖြစ် လိုက်သွားကြည့်မည်။ သတိတော့ ထားရမည်ဟု တွက်ပြီး . . . .

'အခုတော့ ငွေတစ်သောင်းပဲ ပါတယ်၊ ကျွန်တော် လိုက်ကြည့်မယ်၊ ကြိုက်ရင် ငွေတစ်သောင်းပေးပြီး ပစ္စည်းယူမယ်၊ ကျန်တဲ့ငွေကို အိမ်လိုက်ယူပေါ့၊ ဖြစ်မလား'

'အိုကေ'

ကားတစ်စီးငှားပြီး သွားကြည့်သည်။ ရပ်ကွက်ထိပ် လမ်းမပေါ်မှာ ကားရပ်ခိုင်းပြီး ဆင်းလျှောက်ရသည်။ အလွန်ရှုပ်ထွေးစွာ တည်ထားသော ရပ်ကွက်။ လမ်းတွေက ကျဉ်းကျဉ်းလေးတွေ၊ ရှုပ်ရှက်ခတ်နေသည်။ ဟိုကွေ့ ဒီကောက် ဝင်ရသည်။ စိန်ကြောင် နည်းနည်း မသင်္ကာဖြစ်လာ၏။

Commercial use of this book will be at your own RISK!

သူသိသော အစိုးရပုံနှိပ်တိုက်များမှာ ဒီလားရှိုး ရှိသည်။ စာပေဗိမာန် ရှိသည်။ ဗဟိုပုံနှိပ်တိုက် ရှိသည်။ ထိုပုံနှိပ်တိုက်များသည် ခု နေရာနှင့် အလှမ်းဝေးကြသည်ချည်း ဖြစ်၏။

မင်ဘူးတွေကို အကြံအဖန်လုပ်ပြီး ထုတ်ယူသည်ဆိုလျှင် တိတ်တိတ် ကျိတ်လုပ်ရမည်။ ဘာကြောင့် ဒီလောက် ဝေးဝေးလံလံ နေရာအထိ သယ်လာရသလဲ။ ပြီးတော့ ဒီရပ်ကွက်ထဲကို ကားဝင်လို့မရ။ ဘူးနှစ်ရာဆိုလျှင် နည်းတာ မဟုတ်။ ဘယ်လိုလုပ်ပြီး သယ်သွင်းသလဲ။ တွန်းလှည်းနဲ့ သွင်းတာ ဖြစ်ချင်ဖြစ်မည်။ တစ်ခုတော့ ရှိသည်။ ဒီလိုချောင်ကျကျ နေရာမျိုးမှာ တမင်လာထားတာလည်း ဖြစ်ကောင်းဖြစ်နိုင်၏။ သူ ကြာကြာ တွေးခွင့်မရ။ လူငယ်ဖြစ်သူက . . .

'ရောက်ပြီ' ဟု ပြောသည်။

တဲတစ်လုံးဖြစ်၏။ လူအတည်တကျနေသော လက္ခဏာ မတွေ့ရ။ ပစ္စည်းထားဖို့လောက်သာ အသုံးပြုပုံရသည်။ ကွပ်ပျစ်ကလေး တစ်လုံးသာ ရှေ့ဘက်ခန်းမှာ ရှိ၏။ ဝင်ထိုင်ကြပြီးနောက် အကြီးက . . .

'မင် တစ်ဘူး ယူပြလိုက်'

ဟု ပြောသည်။ လူငယ်က အခန်းထောင့်မှာ နှစ်လုံးဆင့်ထားသော ထင်းရှူးသေတ္တာများအနက် အပေါ်အလုံးကို ဖွင့်သည်။ မင်တစ်ဘူး ဆွဲထုတ်ပြီး စိန်ကြောင့်ကို ပေးသည်။

မင်ဘူးက တိုယိုအမျိုးအစား။ အနီရောင်။ အနားပတ် တိပ်ပြားကို ကြည့်သည်။ သပ်သပ်ရပ်ရပ် ရှိ၏။

'ဖွင့်ကြည့်မယ်နော်'

'ကြည့်ပါ၊ ရပါတယ်'

တိပ်ကို ခွာသည်။ အဖုံးဖွင့်သည်။ ကုတ်နှိပ်ထားသော ကတ်ထူပြားဝိုင်းကို ထုတ်သည်။ ဆေးသားကို ဖုံးထားသော ဆီစိမ်စက္ကူကို အနည်းငယ် ဆွဲခွာလိုက်၏။ ဆေးသားကို လက်ညှိုးနှင့် တို့ကြည့်တာနှင့် သိသည်။ အစစ်အမှန်အကန်။

'အိုကေလေ၊ ယူမယ်၊ ကျန်တဲ့ ဆေးဘူးတွေကော အကုန်လုံး ဒီမှာ ရှိသလား'

စိန်ကြောင်က နမူနာဆေးဘူးကို လက်ဆွဲအိတ်ထဲ ထည့်ရင်း ပြောလိုက်သည်။

'ရှိ . . ဟာ . . . ဘယ်လိုဖြစ်တာလဲ'

Commercial use of this book will be at your OWN RISK!

ထိုစဉ်မှာ လူနှစ်ယောက် အထဲဝင်လာသည်။
'တစ်ယောက်မှ မလှုပ်နဲ့'
မင်ဘူးရောင်းသူများ အံ့သြသွားပြီး . . .
'ခင်ဗျားတို့က ဘယ်သူတွေလဲ'
'ကျုပ်တို့ စုံထောက်တွေပဲ'
တစ်ယောက်က ပြောရာ မင်ဘူးရောင်းသူ အသက်ကြီးကြီးက
'ဟာ . . ဒီလိုမလုပ်ပါနဲ့ ဆရာတို့ရယ်၊ နည်းနည်းပါးပါး ညှိလိုက်ရအောင်လား'
'ညှိစရာမလိုဘူး၊ ခင်ဗျားတို့ သုံးယောက်စလုံးကို ဖမ်းရမယ်'
စိန်ကြောင်သည် ထူပူနေရာမှ စိတ်ကိုတင်းပြီး တည်ငြိမ်အောင် ကြိုးစားသည်။ ဒီအကျပ်အတည်းက လွတ်အောင် ဘယ်လိုလုပ်ရမလဲ တွက်ရင်း ထိုလူနှစ်ယောက်ကို အကဲခတ်သည်။
တစ်ယောက်က ဂျာကင်နှင့်၊ တစ်ယောက်က စပို့ရှပ်ဝတ်ပြီး လွယ်အိတ်လွယ်ထားသည်။ စိန်ကြောင့် စိတ်ထဲမှာ တစ်ခုခု လွဲချော်နေသလို ခံစားရသည်။ ဖြစ်ချင်တာဖြစ် စမ်းကြည့်တာ မမှားဘူးဟု တွေးပြီး . . .
'အစ်ကိုကြီးတို့ ကိုဘကြူးကို သိလား'
ဟု မေးလိုက်သည်။ ဂျာကင်နှင့် လူက တစ်ချက်တွေသွားပြီး . . .
'ဟား . . သိတာပေါ့၊ ခင်ဗျားနှင့် သိလို့လား'
'ကျွန်တော် ကိုဘကြူး သူငယ်ချင်းပါ'
'ဟာ . . ဒါဆို အချင်းချင်းတွေပဲ၊ ညှိလုပ်ကြတာပေါ့'
ဟု မင်ဘူးရောင်းသူက ဝင်ပြောသည်။
ဂျာကင်နှင့်လူက စဉ်းစားသလို လုပ်နေ၏။ မင်ဘူးရောင်းသူသည် စိန်ကြောင့် နားနားကပ်၍ ခပ်တိုးတိုး ပြောလိုက်သည်။
'ညီလေးမှာ ပါတဲ့ ငွေတစ်သောင်း သူတို့ကို ပေးလိုက်၊ ဒါဆို ကိစ္စပြီးသွားမယ်၊ နို့မို့ဆို မလွယ်ဘူး၊ ဒါ ခြောက်တစ်ပဲ'
ထို့နောက် ဂျာကင်နှင့် လူဘက်လှည့်၍
'ဖြစ်တယ် မဟုတ်လား'
ဂျာကင်နှင့်လူက သူ့အဖော်ကို တစ်ချက်ကြည့်ပြီးနောက် ခေါင်းညိတ်ပြသည်။

Commercial use of this book will be at your OWN RISK !

စိန်ကြောင်သည် သူ့တွက်ကိန်း မှန်ကန်ကြောင်း သိလိုက်၏။ စုံထောက်ဘက်မှာ သူ့အသိ တစ်ယောက်မှ မရှိ။ ကိုဘကြူးဆိုတာက နာရီရောင်းသည့် သူငယ်ချင်းသာ ဖြစ်၏။ ဒါကို ဟိုလူက သိတယ် ဘာညာဆိုပြီး ရောချသည်။

နောက်တစ်ချက်က မင်ဘူးရောင်းသူတွေ ပြောပုံဆိုပုံမှာ ကြောက်လန့်နေပုံမပေါ်။ ဟိုလူတွေကို ငွေပေးဖို့ပြောပုံမှာ ရဲတင်းလွန်းသည်။ ဒီတော့ ဟိုလူတွေက အယောင်ဆောင် အတုတွေ ဖြစ်ရမည်။ သူတို့ချင်း စည်းဝါးရိုက်ပြီး အကွက်ဆင်ထားခြင်းဖြစ်မည်။ စိန်ကြောင်က ကြောက်လန့်ပြီး ငွေပေးလိုက်လျှင် နောက်ပိုင်းကျမှ သူတို့ ခွဲဝေယူကြလိမ့်မည်။

ထို့ကြောင့် စိန်ကြောင်က . . .

'ကျွန်တော် ငွေမပေးနိုင်ဘူး၊ အဖမ်းခံမယ်'

ဟု ရုတ်တရက် ပြောလိုက်ရာ အားလုံး အံ့ဩကုန်သည်။ မင်ဘူးရောင်းသူက ပျာပျာသလဲ . .

'ဟာ . . . ဘယ်ဖြစ်မလဲ၊ ဒီကိစ္စက မလွယ်ဘူး၊ အမှုက ကြီးတယ်'

'ကိစ္စမရှိဘူး၊ လာဘ်ပေးလာဘ်ယူ ကိစ္စမျိုးတော့ ကျွန်တော် အားမပေးချင်ဘူး၊ ဖြစ်လာသမျှ ရင်ဆိုင်မယ်၊ ကျွန်တော့်မှာ အပြစ်ရှိရင် ပေးတဲ့အပြစ်ဒဏ်ကို ရဲရဲကြီး ရင်ဆိုင်လိုက်မယ်'

စိန်ကြောင်က အသံလွှင့်ဇာတ်လမ်းထဲက လေသံမျိုးဖြင့် ပြောလိုက်သည်။

အယောင်ဆောင်သူများမှာ ဘာလုပ်ရမှန်းမသိ။

'မဟုတ်သေးပါဘူးလေ၊ ဒီကိစ္စက ဒီလိုရှိပါတယ်' ဟု ယောင်ချာချာ ပြောသည်။ စိန်ကြောင်က . . .

'ကဲ ဖမ်းပါတော့၊ သူတို့ကိုပါ ဖမ်းပါ'

'ဖမ်းလို့ မဖြစ်၊ အဲ . . . မဟုတ်ဘူး'

'ကြာတယ်ဗျာ၊ ဖမ်းမလား မဖမ်းဘူးလား'

စိန်ကြောင်က ဟောက်လိုက်သည်။

'မဖမ်းဘူး၊ မဖမ်းဘူး'

ဟိုလူက ပြူးပြူးပျာပျာနှင့် အကြောက်အကန် ငြင်းသည်။ ဒီလို သူတို့ပျာနေတုန်း စိန်ကြောင် အခွင့်အရေး ယူလိုက်၏။

'ကဲ မဖမ်းရင်လည်း သွားမယ်ဗျာ'

အိတ်ကို ကောက်ယူ၍ ရုတ်တရက် အပြင်ကို ပြေးထွက်လိုက်သည်။ ထိုလူတွေက . . .

Commercial use of this book will be at your OWN RISK !

'နေဦးလေ၊ နေပါဦး' ဆိုပြီး အပေါက်ဝမှာ ဝိုင်းပြုလာ၏။

'ခင်ဗျားတို့ ထွက်လိုက်မလာနဲ့နော်၊ ကျုပ် အော်လိုက်ရင် ရပ်ကွက်ထဲက လူတွေ ဝိုင်းလာလိမ့်မယ်'

စိန်ကြောင်က ခြိမ်းခြောက်လိုက်ရာ ဟိုလူတွေ တွန့်ခနဲ ပြန်ဆုတ်သွားကြသည်။

'ခင်ဗျားတို့ ကျုပ်နောက်က လိုက်မလာနဲ့နော်'

ဂျာကင်နှင့်လူက . . .

'မလိုက်ပါဘူး၊ ဒါပေမယ့် ဟိုတိုင်ဒီတိုင်တော့ မလုပ်ပါနဲ့ ညီလေးရာ'

ဟု လေပျော့လေးနှင့် တောင်းပန်သည်။

'ဒါ ကျုပ်သဘောပါ'

ဟု ပြောပြီး လှည့်ထွက်လာခဲ့သည်။ ဟိုလူတွေ လိုက်မလာရဲမှန်း သိသော်လည်း ခပ်သွက်သွက် လှမ်းရသည်။ အလာတုန်းက သေသေချာချာ မှတ်ထားသည့်တိုင် လမ်းတွေ ရှုပ်နေသဖြင့် မျက်စိလည်ချင်သေးသည်။ ဟိုမေးဒီမေး လုပ်ပြီးမှ လမ်းမကြီးပေါ် ရောက်လာသည်။

ထိုအခါကျမှ တစ်ခု သတိပြုမိ၏။ သူ့လက်ဆွဲအိတ်က အလာတုန်းကထက် ပိုလေးနေခြင်းပင်။ ကြည့်လိုက်တော့ ဟိုလူတွေ နမူနာပြလိုက်သော မင်ဘူးက သူ့အိတ်ထဲ ပါလာခြင်းပင်ဖြစ်၏။ သူ အသံထွက်အောင် ရယ်မိလေသည်။

Commercial use of this book will be at your OWN RISK !

## အခန်း (၁၃)

စိန်ကြောင်သည် ပုံနှိပ်လုပ်ငန်း လုပ်ရုံလောက်နှင့် အားမရ။ မန္တလေးကို ပစ္စည်းပို့သည့် အလုပ်ကိုလည်း လက်မလွှတ်ဘဲ ဆက်လုပ်သည်။ ကိုခေါင်းကြီးကို အမြတ်လေးဆယ်ရာခိုင်နှုန်း ခွဲပေးသည့်ပုံစံဖြင့် လုပ်ခိုင်းသည်။

အမှန်တော့ အမြတ်တစ်ဝက် ပေးသင့်သည်။ သို့ရာတွင် ကိုခေါင်းကြီးက စာရင်းမပြဘဲ ဖြတ်ခုတ်မည့် ငွေနှင့်ဆိုလျှင် ငါးဆယ်ရာခိုင်နှုန်းပဲ သွားကိုက်မည်ဟု သူတွက်ထားသည်။

ကိုခေါင်းကြီးကလည်း သူ့လက် သူ့ခြေ လုပ်ရသဖြင့် ကျေနပ်သည်။

ဌာနဆိုင်ရာ အချို့နှင့် အဆက်အသွယ် ရလာသောအခါ ပို၍ အလုပ်ဖြစ်လာသည်။ ဌာနဆိုင်ရာတွေနှင့် လုပ်ရတာကို အပြင်လုပ်ငန်းရှင်နှင့် လုပ်ရတာထက် သူက ပို၍သဘောကျသည်။

လုပ်ငန်းရှင်များသည် ကိုယ်ပိုင်အလုပ်ဖြစ်၍ စေ့စေ့စပ်စပ် ရှိလွန်းလှသည်။ ကုန်ကျစရိတ် အနည်းဆုံးနှင့် အကောင်းဆုံး လိုချင်ကြသူ များဖြစ်၏။ အရောင်က နုတယ်၊ ရင့်တယ်၊ မသပ်ရပ်ဘူး၊ အပျက်များတယ်၊ ရွက်ရေလျော့တယ် စသည်ဖြင့် ပြဿနာ လုပ်တတ်သည်။ ပြီးတော့ သူတို့ထဲက အများစုမှာ လူလည်တွေဖြစ်၏။ ပုံနှိပ်စက်ပေါင်းစုံ လှည့်အပ်ခဲ့ပြီး ဖြစ်သဖြင့် ဈေးနှုန်းကို ကောင်းကောင်းသိနေကြပြီ။ သူတို့အလုပ်တွေ လုပ်ရတာ တန်ရာတန်ကြေးရဖို့ကိုပဲ အတော်ကြိုးစားရသည်။

ဌာနဆိုင်ရာက အပ်သည့်အလုပ်တွေ လုပ်ရတာ နည်းနည်းတော့ အလုပ်ရှုပ်သည်။ လုပ်ထုံးလုပ်နည်း အစီအစဉ်အတိုင်း သွားရသဖြင့် ကြန့်ကြာမှုတွေ

Commercial use of this book will be at your OWN RISK !

ရှိသည်။ ငွေကို ချက်ချင်းမရ။ စာရင်းရှင်းလင်းပြီး ချက်လက်မှတ်ရအောင် စောင့်ရသည်။ ဘဏ်မှာ ချက်သွင်းရသည်။ စာရင်းဝင်ပြီဆိုမှ ငွေထုတ်လို့ရသည်။

သို့ရာတွင် ဒါတွေကို သူ သည်းညည်းခံနိုင်သည်။ သူ့အတွက် ပိုပြီး တွက်ခြေကိုက်သောကြောင့် ဖြစ်၏။

ဒါ့အပြင် တွက်တတ်ချက်တတ်လျှင် အပိုရတတ်သေး၏။ စက်ကြီးနှင့် ရိုက်ပြီး လေးချိုးဖြတ်ကာ ရိုက်ခလေးဆ ရတတ်တာမျိုး။ တစ်ခါတစ်လေ လက်တစ်ဝါးစာလောက် ရိုက်ဖို့အတွက် စက္ကူအထုပ်ကြီးတွေ ထုတ်ပေးတတ်သည်။ အထုပ်ကြီးတွေ ရောင်းပြီး စက္ကူဖြတ်စတွေ ပိသာချိန်နှင့် ပြန်ဝယ်ရိုက်လျှင် ကိုယ့်အတွက် အမြားကြီးကျန်သည်။

စက္ကူ အရွက်ကြီးတစ်ရွက်ကို ရှစ်ချိုးချိုး ရိုက်ဖို့ကို သူက ဆယ်ချိုးထွက်အောင် ချိုးနိုင်သဖြင့် စက္ကူ ပိုထွက်လာတာမျိုး ရှိသေးသည်။

တစ်ချို့ လုပ်ငန်းတွေကျတော့ သူက အရှုံးခံ ရိုက်ပေးလိုက်၏။ ပြီးတော့မှ တာဝန်ရှိသူကို ဝင်တွေ့ပြီး

'ကျွန်တော်တော့ အကြီးအကျယ် ဒုက္ခရောက်နေပြီ အန်ကယ်ရယ်၊ ရိုက်ခ တွက်တာ မှားသွားတယ်၊ သိပ်နည်းနေပြီ ခင်ဗျာ'

ဆိုပြီး သူဘယ်လောက်ရှုံးကြောင်း ပိုပိုသာသာလေး တွက်ပြလိုက်၏။

'အေးဗျာ . . . . ကျွန်တော်တို့ကလဲ အတည်ပြုပြီးနေပြီ ဆိုတော့ ပြင်လို့ မရတော့ဘူး၊ နောက်တစ်ခါရိုက်တော့ ကြည့်လုပ်ပေးပါ့မယ်'

နောက်တစ်ခါ ရိုက်ခွင့်ရဖို့ ကျိန်းသေသွားပြီ။ သို့ရာတွင်သူက ဒီလောက်နှင့် မတင်းတိမ်သေး။

'ခုလောလောဆယ်ကို ပြဿနာ တက်တော့မှာ အန်ကယ်ရ၊ ဒီလကုန်ရင် ကျွန်တော့်အဖေက စာရင်းတွေ စစ်တော့မှာ၊ အခုလို အရှုံးပေါ်တာ သိရင် အိမ်ကနေ ခေါင်းနဲ့ဆင်းရမှာ ၊ ကျွန်တော့်အဖေက သိပ်စေ့စပ်တာ၊ ငါးပြားက အစ အပွန်းခံတာ မဟုတ်ဘူး'

ဆိုပြီး သူ့အဖေကို လူကြမ်းလုပ်လိုက်၏။ ထို့အပြင် ဒီနေ့အဖို့ အိမ်မပြန်ရဲတော့ဘဲ ရေထဲခုန်ချသေတော့မလို အိုက်တင်လုပ်ပြသည်။ ထိုအခါ ထိုပုဂ္ဂိုလ်ကြီးမှာ စိန်ကြောင့်ကို အတော်သနားသွား၏။ အတန်ကြာ စဉ်းစားပြီးနောက် . . .

'အင်း . . . တစ်ခုတော့ ကူညီနိုင်တယ်၊ ပစ္စည်းဝယ်ခွင့် ပါမစ်တစ်ခု ထုတ်ပေးလိုက်မယ်လေ၊ ဒါဆိုရင် အဆင်ပြေနိုင်တယ် မဟုတ်လား'

Commercial use of this book will beat your OWN RISK !

'ကျေးဇူးပါပဲ အန်ကယ်ရယ်'

ဤသို့ဖြင့် ရှားပါးပစ္စည်းကို ဈေးရင်းနှင့် ဝယ်ခွင့်ရလိုက်သည်။ ဒါကို ပြန်ထုတ်လိုက်တော့ ပုံနှိပ်စက်ရိုက်ခထက်ပင် ပိုမြတ်လိုက်သေး၏။

တစ်ချို့နေရာတွေမှာကျတော့ ပုံနှိပ်လုပ်ငန်းက တွက်ခြေမကိုက်သော်လည်း စာချုပ်နှင့်ဖြစ်၍ ဆက်အရှုံးခံနေရကြောင်း ငိုပြသည်။ ထိုအရှုံးကို ကာမိအောင် တခြားလုပ်ငန်းတစ်ခုခု ချပေးဖို့ တောင်းတတ်သည်။ ကုန်ကြမ်းသွင်းသည့် အလုပ်၊ စက်ရုံအတွက် လိုအပ်သော ပုလင်းတို့ စက္ကူဘူးတို့ ပေးသွင်းသည့် အလုပ်တို့ ရအောင် တောင်းသည်။ ဒီလိုနည်းနှင့် သူ့လုပ်ကွက်ကို ချဲ့ထွင်သည်။

သူလုပ်တာ တစ်ခု ရှိသေးသည်။ စက်ရုံတစ်ခုကထွက်သည့် ရှားပါးပစ္စည်း (ဥပမာ – နမူနာအဖြစ် ထုတ်လုပ်သည့် ပစ္စည်းမျိုး) ရလျှင် သူကိုယ်တိုင်လည်း မသုံး။ ရောင်းလည်း မရောင်းဘဲ သိမ်းထားသည်။

ပြီးမှ အလုပ်အတွက် ဌာနဆိုင်ရာ လူကြီးတစ်ယောက်ဆီ သွားလျှင် လက်ဆောင်အဖြစ် ယူသွားသည်။ ထိုဌာနနှင့် ဆက်စပ်နေသော အရောင်းဆိုင်မှ ပစ္စည်းကို ဝယ်ခွင့်ရအောင် လုပ်ပြီးနောက် ဌာနတစ်ခု၏ လူကြီးကို လက်ဆောင် ပေး၏။ ထိုလူကြီး၏ ထောက်ခံမှုဖြင့် ရရှိသော ပစ္စည်းကို နောက်တစ်ယောက်ကို လက်ဆောင်ပေးပြန်သည်။

ဤသို့ဖြင့် လက်ဆောင်တစ်ခု အရင်းပြုပြီး ဟိုကဟာ ဒီပေး၊ ဒီကဟာ ဟိုပေးနှင့် လှည့်ပတ်နေရင်းက ရင်းနှီးမှုကို တိုးအောင်လုပ်သည်။ ထို့နောက် လုပ်ငန်းလုပ်ကိုင်ခွင့်ရအောင် ယူသည်။

ထိုအကြောင်းကို ကျွန်တော် ဝတ္ထုတိုလေး တစ်ပုဒ်တောင် ရေးခဲ့ဖူးသေးသည်။ ထိုဝတ္ထုကို သူဖတ်ရဟန် တူ၏။ တစ်ရက်တွင် သူ ကျွန်တော့်ဆီ ရောက်လာ၏။

'မအေပေး . . မင်း ငါ့အကြောင်း ဝတ္ထုရေးထားတယ် မဟုတ်လား'

ရောက်ရောက်ချင်း တစ်ခွန်းဆဲပြီးမှ ပြောသည်။

'အေးလေ . . . ဘာဖြစ်လဲ၊ မင်းအကြောင်း စာအုပ်တစ်အုပ်တောင် ရေးဖို့ စိတ်ကူးထားတယ်လို့ ငါပြောဖူးသားပဲ'

'ငါ့အကြောင်းရေးတာဆိုရင် ရတဲ့ စာမူခ ငါတစ်ဝက်ဆိုင်တယ်၊ မင်းငါ့ကို ဘီယာလိုက်တိုက်'

'ဟာ . . ရတာမှ နှစ်ရာတည်း သုံးလို့ကုန်ပြီပေါ့ကွ'

Commercial use of this book will beat your OWN RISK !

'ကုန်ရင်လည်း မင်းနောက်ထပ် ရဦးမှာပါ၊ ဝတ္ထုရေးလို့ကောင်းတဲ့ အကြောင်းလေးတွေ ငါ ပြောပြစရာ ရှိသေးတယ်'

ကျွန်တော် အဝတ်အစားလဲပြီး သူနှင့် လိုက်ထွက်လာခဲ့၏။ အိတ်ထဲမှာ ငွေငါးဆယ်လောက်သာ ပါသည်။ လိုလျှင် သူ စိုက်လိမ့်မည်။

အရင်တစ်ခါတုန်းက ကျွန်တော်တို့ သူငယ်ချင်း အုပ်စုတစ်စု သူ့အိမ်သွားရင်း လက်ဖက်ရည်တိုက်ခိုင်းရာ ဆိုင်ရောက်လို့ စားသောက်ပြီး ငွေရှင်းခါနီးကျမှ သူက ငါ့မှာ ငါးကျပ်ပဲ ပါတယ်ကွာဆိုသဖြင့် ထိုအကြံကို စတင်သူ ကျွန်တော်ကပဲ ကျန်တာ စိုက်လိုက်ရဖူး၏။ ဒီတစ်ခါ သူ့ကို ဒီလိုပြန်လုပ်ရမည်။

ဆိုင်ရောက်တော့ သူက ဘီယာနှစ်လုံးနှင့် စားစရာများ မှာသည်။

ကျွန်တော်တစ်ခု သွားစဉ်းစားမိသည်။ သူသည် အရက်ကြိုက်တတ်သူ မဟုတ်။ အရင်က ကျွန်တော်တို့ သူငယ်ချင်းတွေဆုံလို့ သောက်ဖို့ခေါ်လျှင် သူ မလိုက်တာ များသည်။ အတင်းဆွဲခေါ်လို့ ပါလာလျှင်လည်း အရက်နည်းနည်းကို ရေတွေအများကြီးရောပြီး နည်းနည်းချင်းသာ သောက်တတ်သည်။ လျော့သွားလျှင် ရေပဲထပ်ထည့်ပြီး သောက်ဟန် ဆောင်တတ်သည်။ ဒါကိုသိသော ကျွန်တော်တို့က မျက်ခြည်မပြတ် စောင့်ကြည့်ပြီး သူ့ခွက်ထဲ ဖြည့်ဖြည့်ပေးရသည်။

တစ်ခါတစ်လေ သူ့အလစ်မှာ ထပ်ထည့်ရသည်။ နောက်ဆုံး စိတ်မရှည်တော့ဘဲ သူ့ကိုဝိုင်းချုပ်ပြီး ပါးစပ်ထဲ လောင်းထည့်ပေးရတာမျိုးပင် ရှိ၏။

ခုကျတော့ သူကပဲ ဆိုင်ကို ခေါ်သည်။ သူကပဲ မှာနေသည်။

'မင်း ဘယ်လိုဖြစ်တာလဲ၊ အရင်က တစ်ခါလောက် သောက်ဖို့ကို ကလေး ဆေးတိုက်သလို ချော့လိုက် ခြောက်လိုက် လုပ်နေရတဲ့ကောင်က'

'အခု နောက်ပိုင်းမှာ ရှောင်လို့မဖြစ်တဲ့အခါတွေ ရှိတယ်ကွ၊ အလုပ်ကိစ္စနဲ့ သူများကို တိုက်ရတဲ့အခါ ကိုယ်က မသောက်ဘဲနေလို့ မဖြစ်ဘူးလေ၊ ဒါကြောင့် နည်းနည်း အလေ့အကျင့် လုပ်ထားရတာပေါ့'

'အခုဟာက မင်း ထရိန်နင် ဆင်းတဲ့သဘောလား'

'မင်းကို ညှဉ်းချင်တာက အဓိကပါကွာ'

ကြည့်သေးတာပေါ့ကွာ၊ ဘယ်သူက ညှဉ်းနိုင်မလဲဆိုတာဟု ကျွန်တော် စိတ်ထဲက ပြောလိုက်၏။

သို့ရာတွင် ကျွန်တော် ကံဆိုးလေ၏။ စားပွဲထိုးကလေးသည် ဘီယာ နှစ်ပုလင်း၊ ဖန်ခွက်နှစ်လုံးနှင့် အချဉ်ပန်းကန်ကို လာချရင်း . . .

Commercial use of this book will be at your OWN RISK !

'ဆရာ ဘာစာအုပ်တွေ ရေးနေလဲ'

ဟု ကျွန်တော့်ကို မေးသည်။ သူ ကျွန်တော့်ကို ကောင်းကောင်းသိနေပုံ ရသည်။ ကျွန်တော်သည် မြို့ထဲမှာ ခပ်လျှိုလျှို ခပ်ကုပ်ကုပ်ပင် နေတတ်သဖြင့် သိပ်လူသိများလှသူ မဟုတ်ချေ။

'အင်း . . . လုံးချင်းဝတ္ထုတစ်အုပ် ရေးနေတယ်'

ဟု အလိုက်အထိုက် ပြန်ဖြေလိုက်၏။

ကောင်လေးက . . .

'ဆရာ . . ကျွန်တော့်ကို မမှတ်မိဘူးလား၊ ရှစ်တန်းတုန်းက ဆရာတို့ ကျူရှင်မှာ တက်ဖူးတယ်လေ၊ အေးမြင့်ရယ်လေ ဆရာ'

လွန်ခဲ့သော ငါးနှစ်လောက်က ကျွန်တော်တို့ သူငယ်ချင်းတွေ စုပြီး ကျူရှင်ကျောင်းလေးတစ်ခု ထောင်ဖူးသည်။ သူက ကျောင်းသားဟောင်း တစ်ယောက်ကိုး။

'ဟာ . . ဟုတ်ပါရဲ့ ၊ မင်းက တော်တော်ထွားလာတာပဲ၊ အရင်ကလို မည်းမည်းခြောက်ခြောက်ကလေး မဟုတ်တော့ မှတ်တောင် မမှတ်မိဘူး'

'ဆရာ့စာအုပ်တွေ ကျွန်တော် အမြဲဖတ်ပါတယ်'

ထိုစဉ် စိန်ကြောင်က ဝင်၍ . . .

'ဒါဆို အဆင်ပြေတာပေါ့၊ကိုယ့်တပည့်ဆိုင်ဆိုတော့ ပိုက်ဆံနည်းနေလဲ အကြွေးမှတ်ထားလို့ ရတာပေါ့ ဟုတ်လား'

'ရပါတယ်၊ ဆိုင်ရှင် ကျွန်တော့်ဦးလေးပါ၊ သဘောကောင်းပါတယ်'

စိန်ကြောင်က ကျွန်တော့်ကို မချိုမချဉ် မျက်နှာပေးနှင့် ကြည့်သည်။ မောင်အေးမြင့်က လိုတာရှိရင် ပြောပါဆရာဆိုပြီး ထွက်သွားတော့မှ

ကျွန်တော်က . .

'ခွေးမသား . . တော်တော်လည်တဲ့ကောင်'

'ဟား ဟား . . မင်းလောက်မှ မလျင်ရင် ခက်တော့မပေါ့ ဉာဏ်ကြီးရှင်ရာ၊ ငါခေါ်တာကို မင်း သိပ်မငြင်းဘဲ အလွယ်တကူ လိုက်လာတာက တစ်ချက်၊ မင်းမိန်းမဆီ ပိုက်ဆံထပ်မတောင်းဘဲ အင်္ကျီလေးကောက်စွပ်ပြီး ထွက်လာတာက တစ်ချက်၊ ဒီနှစ်ချက်ကို ကောက်ချက်ဆွဲကြည့်ရင် သိနိုင်တာပဲ၊ မင်းလိုကောင်မျိုး အိတ်ထဲမှာ ဘယ်တုန်းကများ ငွေလေးငါးဆယ်ထက် ပိုပြီး ပါဖူးလို့လဲ၊ ဒီတော့ လိုရင် ငါ့ကို စိုက်ခိုင်းတော့မယ်ဆိုတာ တွက်လို့ ရတာပေါ့'

'မင်း ဒါကြောင့်လည်း စီးပွားရေးသမား ဖြစ်နေတာပဲ'

Commercial use of this book will be at your OWN RISK !

ဟု ကျွန်တော် အောင့်သက်သက် ပြောလိုက်၏။ ဆက်၍

'အေး . . ဘာပဲဖြစ်ဖြစ် တန်အောင်တော့ လုပ်ရမှာပဲ၊ ဝတ္ထုရေးလို့ ကောင်းတဲ့ကိစ္စ ပြောမလို့ဆို ပြောလေကွာ၊ ဒါမှ အဲဒီဟာကို ရေးပြီး မင်းမျိုးဆို့ထားတာတွေ ကျေအောင် ပြန်ရှာရမယ်'

မှာထားသော ဆေးဘဲဥနှင့် ငါးရှဉ့်ချဉ်စပ် ရောက်လာသည်။ စိန်ကြောင်က မပြောသေးဘဲ အမြည်းတွေ အရင်စားသည်။ ဘီယာဖန်ခွက် တစ်ခွက်လောက် မော့ချလိုက်ပြီးမှ . . .

'မင်း . . မီးစိမ်းဘိ ကို သိလား' ဟု မေးသည်။

'ကြားတော့ ကြားဖူးတယ်၊ မရောက်ဖူးဘူး'

'မင်း မရောက်ဖူးဘူးဆိုတာ ငါသိပါတယ်ကွ၊ မင်းလိုကောင်က အိမ်က မိန်းမကလွဲရင် ဝါးလုံးတောင်မှ . . .'

ဆိုပြီး အယုတ္တ အနတ္တတွေ ပြောပြီးမှ . . .

'ငါ အဲဒီကို ရောက်သွားတယ်ကွ'

'ဟေ . . .'

ကျွန်တော် အံ့သြသွား၏။

သူ ဒါမျိုးတွေ လုံးဝ စိတ်ဝင်စားမှုမရှိဟု ကျွန်တော် ထင်ထားခဲ့သည်။

'မင်းက အဲဒီသွားတယ်၊ ဟုတ်ရဲ့လားကွာ၊ မင်းကို ငါတို့က အခြောက်လို့ ထင်နေတာ'

'ငါလဲ တစ်ခါတစ်လေတော့ ဒီစိတ်မျိုး ရှိတာပေါ့၊ နောက်ပြီး အလုပ်ကိစ္စနဲ့ ပတ်သက်တဲ့ လူတစ်ချို့ကို ဒီလိုနေရာမျိုး ခေါ်သင့်ရင် ခေါ်သွားရတာကိုးကွ၊ ဒါကြောင့် အတွေ့အကြုံလဲ ရအောင်ဆိုပြီး သွားကြည့်ရတာပဲ'

မီးစိမ်းဘိ ဆိုသည်မှာ ကျွန်တော်တို့မြို့နယ် ချောင်ကျသော တစ်နေရာတွင် ရှိသည်။ မိန်းကလေးများ မွေးပြီး အလုပ်လုပ်စားသော အိမ်ဖြစ်၏။ မိန်းကလေးတွေ အဆင်သင့်ရှိနေပြီဆိုလျှင် အိမ်ရှေ့မှာ မီးအစိမ်းတစ်လုံး ထွန်းထားတတ်သည်။ ထို့ကြောင့် မီးစိမ်းဘိဟု ခေါ်ကြခြင်းဖြစ်၏။

'ကောင်မလေးက ငယ်ငယ်လေးကွ၊ ထင်ရက်စရာတောင် မရှိဘူး'

'အေး . . ပြောပါဦးကွ၊ ဘာဖြစ်လဲ'

ကျွန်တော်က စိတ်အား ထက်သန်စွာ မေးသည်။

'အသေးစိတ် သိချင်ရင် မင်းဘာသာ သွားကြည့်ပါလား'

'ဟာကွာ . . . လုပ်စမ်းပါ၊ ပြောစမ်းပါ'

Commercial use of this book will be at your OWN RISK !

ဆိုပြီး ဆေးလိပ် ကောက်ဖွာလိုက်ရသည်။ သူက . . .

'ဒီလိုကွ၊ အဲဒီ အခန်းကျဉ်းလေးရဲ့ နံရံမှာ ပြက္ခဒိန်တစ်ခု ချိတ်ထားတယ်၊ ရွက်ဆုတ်ပြက္ခဒိန်လေကွာ၊ ဆေးလိပ်ကြော်ငြာတို့ ဆေးကြော်ငြာတို့ ရိုက်ပြီး ဆိုင်တွေကို လက်ဆောင်ပေးတဲ့ ပြက္ခဒိန်မျိုးပေါ့'

'မဆိုင်တာတွေ လျှောက်မပြောနဲ့ကွာ၊ လိုရင်းကိုပြော'

'အဲဒါပဲလေ၊ အဲဒီပြက္ခဒိန်လဲ မြင်လိုက်ရော အလုကုန်လုပ်ငန်းတစ်ခုက ငါ့ကို အဲဒီပြက္ခဒိန်မျိုး အလုပ်အပ်ထားတာ ဖျတ်ခနဲသွားသတိရတယ်၊ အဲဒီအချိန်မှာ ငါ့အတွေးတွေက ပြက္ခဒိန်ရိုက်ရင် ဘာစက္ကူ သုံးရမလဲ၊ ဘယ်နှစ်မျိုးရိုက်မလဲ၊ ဘလောက်ဘယ်မှာ အပ်မလဲ ဆိုတာတွေ လျှောက်စဉ်းစားနေလိုက်တာ ကောင်မလေးကိုတောင် မေ့သွားတယ်၊ အတော်ကြာလို့ ကောင်မလေးက အစ်ကို အိပ်ပျော်နေလား လို့မေးမှ လန့်ပြီး သတိရတော့တယ်၊ ဒီအချိန်မှာ ငါ ကောင်မလေးအပေါ်မှာ လုံးဝ စိတ်မပါတော့ဘူး၊ အိမ်အမြန်ပြန်ပြေးပြီး ပြက္ခဒိန်ရိုက်ဖို့ကိစ္စပဲ လုပ်ချင်တော့တယ်၊ ဒါနဲ့ ငါလည်း ကမန်းကတန်း ထလစ်ခဲ့တာပဲ၊ ကောင်မလေးက ဟင် ဘယ်လိုလူကြီးလဲ ဆိုပြီး တခစ်ခစ် ရယ်ကျန်ခဲ့တာပဲကွာ'

'ဟင်း . . ငါက ကောင်းခန်းလေးများ ကြားရမယ်မှတ်လို့'

'မတတ်နိုင်ဘူးကွာ၊ အလုပ်ကိစ္စ တွေးမိတော့လည်း ဟိုဥစ္စာကို စိတ်မဝင်စားနိုင်တော့ဘူးပေါ့'

'မင်းဟာက လွန်လွန်းပါတယ်ကွာ၊ ဒီလောက် တေ့တေ့ဆိုင်ဆိုင် တွေ့ပြီးကာမှ၊ မဟုတ်မှလွဲရော မင်း . . .'

'ယောကျ်ားမပီသဘူးဆိုသော အဓိပ္ပာယ်ကို ဗန်းစကားဖြင့် ပြောလိုက်သည်။ ဒါမျိုးကျတော့ ဒီကောင် မခံနိုင်။

'ဟုတ်လား မဟုတ်လား သိရအောင် မင်းနှမနဲ့ ပေးစားကြည့်ပါလားကွ'

'ဒါနဲ့ နေပါဦး၊ မင်းအခု ပြောပြတာကို ငါက ဝတ္ထုရေးရမှာလား'

ဒီကောင် ငြင်းလိမ့်မည်ဟု ကျွန်တော် ထင်သည်။ သို့ရာတွင် သူက

'ရေးလို့ ကောင်းမယ်ထင်ရင် ရေးပေါ့'

တော်တော် သောက်ရက်နည်းတဲ့ကောင် ဟု ကျွန်တော် တွေးနေတုန်း . . .

'ငါ အဓိကပြောချင်တာက ဒီအကြောင်း မဟုတ်ဘူးကွ၊ အဲဒီလို အတွေ့အကြုံရှာပြီးတော့ အလုပ်ကိစ္စမှာ အသုံးချတာကို ပြောပြမလို့'

ဆိုပြီး . . . . . . . . . .

Commercial use of this book will be at your OWN RISK !

## အခန်း ( ၁၄ )

'လူတစ်ယောက်မှာ ပျော့ကွက်တစ်ခု ရှိစမြဲပဲကွ၊ အဲဒီပျော့ကွက်ကို ရှာပြီး အပိုင်ကိုင်နိုင်ရင် ဒီလူ ကိုယ့်အိတ်ထဲ ရောက်လာရတာပဲ'

ဟု စိန်ကြောင်က ပြောသည်။ ဘာသာပြန်ဝတ္ထုတွေထဲမှာ ဒါမျိုးတွေ မကြာခဏ ဖတ်ဖူးသည်။ လူတစ်ယောက်၏ လျှို့ဝှက်ချက်ကို ရအောင် စုံစမ်းပြီး ထိုအချက်ဖြင့် ခြိမ်းခြောက်၍ သူလျှိုလုပ်ခိုင်းတာတို့၊ စီးပွားရေး အတွင်းသတင်းတွေ ပေးခိုင်းတာတို့ စသော ဇာတ်လမ်းမျိုးတွေ။

စိန်ကြောင်ကတော့ သူ့အဖေ ပြောပြဖူးသည့် အဖြစ်ကို ကိုးကားတတ်၏။

ကိုလိုနီခေတ်က မြို့တစ်မြို့မှာ တရုတ်ကြီးတစ်ယောက်ရှိသည်။ သူသည် ရောက်လာသမျှ မြို့အုပ်တို့ ယစ်မျိုး အင်စပက်တော်တို့ကို လာဘ်ထိုးပြီး အရက်ပုန်းဆိုင်နှင့် ဘိန်းခန်းဖွင့်သည်။

တစ်ခါတော့ သူတို့မြို့ကို မြို့အုပ်တစ်ယောက် ရောက်လာသည်။ စာရေးကြီးက တရုတ်ကြီးကို လာ၍ သတင်းပေးသည်။

'ပေါက်ဖော်ကြီး . . . ဒီတစ်ခါတော့ ခင်ဗျားမလွယ်တော့ဘူး၊ ခုရောက်လာတဲ့ မြို့အုပ်က လာဘ်မစားဘူးဗျ'

ထိုအခါ တရုတ်ကြီးက

'ကိစ္စမရှိဘူး၊ လာဘ်မစားပေမယ့် ထမင်းစားတယ်လေ'

ဟု ပြန်ပြောသည် ဟူ၏။

Commercial use of this book will be at your OWN RISK !

ဒီလိုပဲ။ စိန်ကြောင်ကလည်း မစားတတ်ပေမယ့် သောက်တယ် ဆိုသူမျိုးကို စားသောက်ဆိုင်ကောင်းကောင်းသို့ ခေါ်သွားတတ်၏။ အရက်ကောင်းကောင်း၊ ဂဏာန်းလက်မ၊ ဘဲခြေထောက်အရိုးလွတ်၊ ပြည်ကြီးငါး၊ ဝက်ကလေး မြေမနင်းသား စသည့် စားကောင်းသောက်ဖွယ်များနှင့် ဧည့်ခံကျွေးမွေးသည်။

'ကဲ . . အစ်ကိုကြီးတို့၊ စိတ်ကြိုက်သာ သုံးဆောင်ကြပါ၊ တစ်ခုပဲ ကျွန်တော်ကြိုပြီး မေတ္တာရပ်ခံချင်တယ်၊ မားဒါး သည် ဘောတဲလ် ဆိုတဲ့စကား ရှိတယ်မဟုတ်လား၊ ကဲ . . . ပုလင်းကို အသေသတ်ကြစို့'

ဆိုပြီး ဝိုင်းကို ဖွင့်လိုက်သည်။

'ကိုစိန်ကြောင်လည်း လုပ်ဦးလေ'

ဟု ဆိုလာလျှင် . .

'ကျွန်တော်က အစာအိမ်ရောဂါ ရှိလို့ပါ၊ ဒါတော့ သည်းခံပါ၊ ကျွန်တော် မာကာလုပ်ဆို လုပ်ပေးပါ့မယ်'

ဆိုပြီး လျှောက်တတ်သည်။ တစ်ချို့က . .

'ဟာ . . . ဘယ်ဖြစ်မလဲ၊ ခင်ဗျားမသောက်ရင် ကျွန်တော်တို့ ဘယ်မျိုကျပါ့မလဲ'

ဆိုလျှင်တော့ . .

'ဒါဆိုလည်း နည်းနည်းလုပ်ပါ့မယ်၊ အစ်ကိုကြီးတို့ကို အိမ်တိုင်ရာရောက် ပြန်ပို့ပေးဖို့ တာဝန်က ရှိသေးလို့ သိပ်တော့ မလုပ်ပါရစေနဲ့'

ဟူ၍ ကြိုကာထားလိုက်၏။

အရက်သမားဆိုတာက ဘယ်လောက် စည်းကမ်းရှိသူဖြစ်ဖြစ် မူးလာလျှင် ဆင်ခြင်တုံတရား လွတ်တတ်တာ ဓမ္မတာပဲ၊ စိန်ကြောင်ကတော့ ထုံးစံအတိုင်း အရက်တစ်ခွက်လောက်ကို မကုန်အောင် မျှဉ်းသောက်ရင်း သူများခွက်တွေထဲကို လိုက်လိုက်ဖြည့်ပေးသည်။

တစ်ချို့က သူ အသောက်နည်းတာ ရိပ်မိပြီး သူ့ခွက်ထဲ အတင်းထည့်ပေးလျှင် မငြင်းဘဲ ဟန်ပြသောက်သည်။ အလစ်မှာ သွန်ပစ်ချင်ပစ်။ သူများခွက်ထဲ ခိုးထည့်ချင်ထည့်။ ကျွန်တော်တို့ သူငယ်ချင်းတွေနှင့် သောက်တုန်းက ပညာတွေ ဒီနေရာမှာ အသုံးဝင်သည်ဟု သူပြောဖူး၏။

တစ်ခါတစ်လေ ပွဲကြမ်းမည်ဟု ထင်သည့်အခါ ကြိုတင်ပြီး ထောပတ်မျို ထားတာတို့၊ ဘီဆစ်နှစ်ပြားလောက် သောက်သွားတာတို့ လုပ်တတ်၏။ ဆိုင်ထဲ ရောက်လို့ မငြင်းသာဘဲ ပိုသောက်မိသည့်အခါမျိုး ဆိုလျှင်လည်း ကောင်းတာကို

Commercial use of this book will be at your OWN RISK !

မယောင်မလည်သွား၊ လစ်ပိုဇစ်တန် တစ်ပုလင်းယူ၊ အိမ်သာထဲသွားပြီး စားသောက်ထားသမျှ လက်ထိုးအန်၊ ပြီးမှ လစ်ပိုသောက်ပြီး မမူးအောင် ကာကွယ်တတ်၏။

အလုပ်စကားကို ဘယ်အချိန်မှာ ပြောရမည်ဟု ဆုံးဖြတ်တတ်ဖို့ သိပ်အရေးကြီးသည်။ သောက်ခါစ သိပ်မမှန်ခင်ပြောလျှင် တစ်ဖက်က သတိရှိနေသေးသဖြင့် မတွင်ကျယ်လှ။ သိပ်မူးသွားသည့် အချိန်ကျမှ ပြောလျှင်လည်း ဘာပြောလို့ပြောမှန်း သိမှာမဟုတ်။ နောက်နေ့ကျတော့ မေ့သွားလျှင် အလကား ဖြစ်တော့မည်။

ထို့ကြောင့် ဆင်ခြင်တုံတရားကလေးနှင့် အရက်မူးခြင်းတို့ လွန်ဆွဲနေချိန် စပ်ကူးမပ်ကူး ကာလလေးမှာ လိုချင်တာကို အမိအရ ပြောနိုင်ရ၏။ ဒီကာလကို တွက်ချက်တတ်ခြင်းကတော့ စိန်ကြောင်၏ ပါရမီပညာပင်ဖြစ်၏။

လူတို့သည် အရက်မူးလာပြီဆိုလျှင် သဘောလွယ်လာတတ်၏။ အရှက်၊ အကြောက် လျော့ပါးလာတတ်သည်။ အရက်သောက်ထားချိန်တွင် ကိစ္စတစ်ခုခုကို ငြင်းဆန်ခြင်းထက် သဘောတူမှုခြင်းက ပို၍ အလေးသာတတ်သည်။ ဒီလိုနည်းလမ်းဖြင့် စိန်ကြောင်သည် သူလိုချင်တာ အတော်များများ ရတတ်သည်။

တစ်ချို့လူတွေကျတော့ နည်းနည်း ကိုယ်ခံအား၊ စိတ်ခံအား ကောင်းတတ်သည်။ ဘယ်လောက် သောက်သောက် မူးလေ့မရှိ။ ထိုသူမျိုးကျတော့ အလုပ်စကားစလျှင် . . .

'ဟာ . . . ခုလို ပျော်ပျော်ပါးပါး သောက်စားနေတုန်းမှာ အလုပ်စကား မပြောချင်ဘူးဗျာ'

ဆိုပြီး ပုတ်ထုတ်ပစ်တတ်၏။ ဒီလိုအခါမျိုးတွေကျတော့ စိန်ကြောင်က နည်းဗျူဟာ တစ်မျိုးပြောင်းသည်။ သူ့ အရက်ခွက်ကို လုံးဝ မတို့ထိဘဲ ထားလိုက်ခြင်းပင်။ ဒါကို တစ်ဖက်က ရိပ်မိပြီး . .

'ဘယ်လိုတုန်း ကိုစိန်ကြောင်ရဲ့၊ ခင်ဗျားခွက်က လုံးဝမလျော့သေးပါလား'

ဟု မေးလျှင်

'ကျွန်တော်က အရက်နဲ့ သိပ်တည့်တာ မဟုတ်ဘူး အစ်ကိုကြီးရ၊ အစ်ကိုကြီးတို့ကို အားနာလို့သာ ကြိတ်မှိတ်သောက်နေရတာ၊ ကျွန်တော်က အရည်လိုင်း မဟုတ်ဘူး၊ အဖတ်လိုင်းလေ . . ဟဲ . . ဟဲ'

ဟု နှပ်ကြောင်း ပေးလိုက်သည်။ လူငါးယောက်မှာ လေးယောက်ကတော့ နှပ်ကြောင်းအတိုင်း လိုက်ချိုးကြသူများသာ ဖြစ်၏။

Commercial use of this book will be at your OWN RISK !

'ကျုပ်တို့ကတော့ အရည်ရော အဖတ်ရော ရသဗျို့'

ထိုအခါ စိန်ကြောင်က . . .

'ဟာ . . ဒီလိုမှန်းသိရင် ဒီဆိုင်ဘယ်ခေါ်လာမလဲ၊ ရင်အုံစားတော်ဆက်ကို ခေါ်သွားတာပေါ့'

'ဘာ . . ရင်အုံစားတော်ဆက်ဟုတ်လား၊ နာမည်ကိုက စိတ်ဝင်စားစရာ ကောင်းနေပြီဗျို့'

'တရုတ်ဆိုင်ခင်ဗျ၊ တရုတ်လိုတော့ ဘယ်လိုအဓိပ္ပာယ်ရတယ် မသိဘူး၊ မြန်မာလိုတော့ ဟဲ ဟဲ'

ဆိုပြီး ထိုဆိုင်က စားပွဲထိုး ကောင်မလေးတွေ အပြုအစု ကောင်းပုံကို အသေးစိတ် မြိန်ရေရှက်ရေ ပြောပြသည်။

'အေးဗျာ . . . တစ်ခါလောက်တော့ သွားကြည့်ချင်တယ်'

'ဟာ . . . ဒါ ကျွန်တော့် တာဝန်ထား၊ ဒါမျိုးဆို ကျွန်တော်က သိပ်ဝါသနာပါတာ'

နောက်တစ်ပတ်ကျတော့ အဆိုပါ စားသောက်ဆိုင်သို့ ခေါ်သွား၏။ စိန်ကြောင်က စားပွဲထိုးတွေကို ကြိုတင်ပြီး မုန့်ဖိုးကောင်းကောင်း ပေး၍ မှာကြားထားသဖြင့် ကောင်းကောင်း အစွမ်းကုန် ပြုစုကြသည်။ ညရင်းချွဲရင်း အရက်တွေ ထပ်ထပ်ငှဲ့ပေးသည်။

ကောင်မလေးတွေနှင့် ဖြစ်ပျက်ပုံ အလုံးစုံကို စိန်ကြောင်က အကုန်မှတ်ထားသည်။ ဒီထဲကမှ မှတ်လောက်သားလောက်သော အဖြစ်တစ်ခု သို့တည်းမဟုတ် စကားတစ်ခွန်းကို ရွေးထုတ်ပြီး အသုံးချသည်။

နောက်တစ်နေ့တွင် စိန်ကြောင် ရုံးသို့သွားသည်။ ထိုအခါကျတော့ ဟိုပုဂ္ဂိုလ်ကြီးမှာ လည်ကတုံးအင်္ကျီနှင့်၊ တိုက်ပုံနှင့်၊ မျက်မှန်နှင့် ပြောင်နေသော ခေါင်းကို သပ်သပ်ရပ်ရပ်ဖြီးလို့ တည်တည်ခန့်ခန့်ကြီး ဖြစ်နေပြီ။

'လာ . . ထိုင်ဗျာ'

ဟု ဣန္ဒြေတစ်ခွဲသားနှင့် မိန့်မိန့်ကြီး ပြောလိုက်၏။ စိန်ကြောင်က တစ်ချက် ပြုံးကြည့်ပြီး . . .

'အစ်ကိုကြီး နှုတ်ခမ်းမွေးတွေ ရိတ်လိုက်ရင် ကောင်းမယ်၊ သိပ်စူးတာပဲ'

ဟု ပြောလိုက်၏။ ထိုလူကြီးမှာ စိတ်ဆိုးရမလို၊ ရယ်ရမလို မျက်နှာမျိုးကြီးနှင့် . .

'ခင်ဗျား တော်တော်နောက်တဲ့လူပဲ'

Commercial use of this book will be at your OWN RISK !

ဟု ရှက်သလိုလို ဟန့်သလိုလို ပြန်ပြော၏။ စိန်ကြောင်သည် အားတုံ့အားနာ ဖြစ်သွားဟန်၊ တောင်းပန်ဟန်ဖြင့် ကြည့်ရင်း . . .

'ကျွန်တော်လည်း ဟိုနေ့ကတည်းက ပြောမလို့ဟာ ပြောခွင့်မကြုံတာနဲ့ ခုမှပဲ လာရတော့တယ်'

'ဆို . . ဘာကိစ္စလဲ'

ခပ်ပြတ်ပြတ် လေသံ၊ ပျော့ပျောင်းသွားသည့် ဟန်ပန်ဖြင့် မေးသည်။

'ကျွန်တော် တင်ဒါလျှောက်လွှာ တင်ထားတဲ့ ကိစ္စလေးပါ'

'သိပ်မလွယ်ဘူးဗျ'

'ဟုတ်ကဲ့ ကျွန်တော်လည်း သိပါတယ်၊ တတ်နိုင်သလောက်တော့ ကူညီပါဦး'

'ကျွန်တော် တစ်ယောက်တည်းနဲ့ မပြီးဘူးလေ'

'ကျွန်တော် အစ်ကိုကြီးတို့ အိမ်ကိုလည်း လာခဲ့ပါဦးမယ်၊ အစ်မကြီးရဲ့ လက်ရာ လက်ဖက်သုပ် မစားရတာတောင် ကြာပြီ၊ အစ်မကြီး မှာထားတဲ့ ပရမ်းဆီးသီးဘူးလည်း လာပို့ရဦးမယ်'

ဒါ အကောင်းပြောတာ မဟုတ်ဘူး။ သူ့ကိစ္စ အဆင်မပြေရင် ဟိုနေ့ညက ကဲခဲ့တဲ့ကိစ္စကို အိမ်ကမိန်းမနဲ့ တိုင်လိုက်မယ်လို့ ပြောတာ၊ ခွေးသားလေး၊ တော်တော်လည်တယ်၊ အိမ်က မိန်းမကိုလည်း ဘယ်လိုများ စည်းရုံးထားလည်း မသိဘူးဟု ဟိုလူကြီး စိတ်ထဲ တွေးနေ၏။

ဒါလည်း သူ၏ နည်းလမ်းတစ်ခုပင်ဖြစ်၏။ ယောကျ်ား အတော်များများကို အိမ်က မိန်းမတွေက ချုပ်ကိုင်ထားကြောင်း သူသိ၏။ ဒါတွေကို တခြားမှာ လှေ့လာစရာမလို။ သူ့အိမ်မှာပင် လေ့လာလို့ရသည်။

သူ့အဖေသည် အိမ်ထောင်ဦးစီး ဖြစ်သော်လည်း သူ့အမေ၏ သြဇာကို မလွန်ဆန်နိုင်။ အများသူငါရှေ့မှာ အဖေက အရာရာကို စီမံခန့်ခွဲနေသည်ဟု ထင်စရာရှိသော်လည်း တကယ်တမ်းကျတော့ အမေနှင့်တိုင်ပင်ပြီး အမေ့သဘောတူညီချက်နှင့်သာ လှုပ်ရှားနေရခြင်းဖြစ်ကြောင်း သူသိ၏။

ထို့အပြင် ကျွန်တော်တို့လို သူငယ်ချင်း လင်မယားများ၏ အကြောင်းကိုလည်း သူက တစေ့တစောင်း အကဲခတ်သည်။

'မင်းတို့ လင်မယားနှစ်ယောက် အိမ်ထောင်ကို ဘယ်လိုခွဲဝေ တာဝန်ယူကြသလဲကွ' ဟု သူက မေးဖူးသည်။

Commercial use of this book will be at your OWN RISK !

'သာမန် အသေးအဖွဲကိစ္စဆိုရင် မိန်းမကိုပဲ တာဝန်ယူ ဆုံးဖြတ်ခိုင်းလိုက်တယ်၊ တကယ်အရေးကြီးတဲ့ ကိစ္စကျမှ ငါကိုယ်တိုင် ဆုံးဖြတ် အတည်ပြုတယ်'

တကယ်တော့ ထိုစကားမှာ ကျွန်တော့် ကိုယ်ပိုင်မဟုတ်။ အမေရိကန် သမ္မတကြီးတစ်ယောက် ပြောခဲ့ဖူးသော စကားကို ပြန်ပြောလိုက်ခြင်းဖြစ်၏။ ထိုသမ္မတကြီး၏ စကားမှာ ဤတွင်မပြီးသေး။ နောက်ဆက်တွဲ ရှိသေးသည်။ ထိုစကားမှာ . . .

'အဲ . . ပြောသာပြောရတယ်၊ ကျွန်တော်တို့ အိမ်ထောင်သက် တစ်လျှောက်လုံးမှာ အရေးကြီးတဲ့ ကိစ္စဆိုလို့ တစ်ခါမှ မဖြစ်ခဲ့ဖူးပါဘူး ခင်ဗျာ'

ဟူ၍ဖြစ်၏။ ဒါကိုတော့ စိန်ကြောင့်အား ပြောမပြဖြစ်ချေ။ သို့ရာတွင် စိန်ကြောင်ကတော့ ရိပ်မိသည်။

ယောကျ်ားများသည် မိန်းမကို ပိုင်သည် နိုင်သည် ဟူ၍ ဂုဏ်ယူချင်တတ်ကြ၏။ မိန်းမများကလည်း လေနှင့်နိုင်တာ နိုင်ပါစေဟု ခွင့်လွှတ်ထားကြ၏။ တကယ်တမ်းကျတော့ မိန်းမများကသာ နောက်ကွယ်က ကြိုးကိုင် ထိန်းချုပ်ထားကြခြင်းဖြစ်၏။

တစ်ချို့ ရှားရှားပါးပါး မိန်းမအပေါ် တကယ်ဩဇာရှိပြီး အနိုင်ရသူတို့ ပင်လျှင် အပြင်မှာ ရှုပ်ခဲ့သည့် ကိစ္စကျတော့ မိန်းမကို အသိမပေးရဲ။ လျှို့ဝှက်ထားလိုကြသည်။ ထိုအချက်သည် စိန်ကြောင်အတွက် အကွက်ကောင်းပင် ဖြစ်၏။

စိန်ကြောင်ကား အိမ်ထောင်ရေးကိစ္စကို သူ့စီးပွားရေး လုပ်ငန်းအတွက် အသုံးချရန်အတွက်သာ စိတ်ဝင်စားသူ ဖြစ်လေ၏။

သူသည် အချစ်ကို စိတ်မဝင်စားသဖြင့် မိန်းကလေးများနှင့် သိပ်အဆက်အဆံမရှိ။ မိန်းကလေးတွေ အကြောင်းကို မသိ။ သို့ရာတွင် မိန်းမကြီးတွေအကြောင်းကို သိသည်။ အသက်ကြီးကြီး အိမ်ထောင်ရှင် အမျိုးသမီးကြီးများနှင့် သင့်အောင် ပေါင်းတတ်ခြင်းသည် စိန်ကြောင်၏ ထူးခြားသော ပါရမီပင် ဖြစ်လေ၏။

အိမ်ကို ဝင်ထွက်သွားလာရင်း အလိုက်အထိုက် ပြောဆိုဆက်ဆံပြီး ရင်းနှီးအောင် ကြိုးစားသည်။ ထိုသူတို့ ဘာကြိုက်တတ်သလဲ လေ့လာသည်။ သူတို့အကြိုက်ကို ဆောင်ရွက်ပေးသည်။

သူကူညီပုံက သူများလို ပြီးပြီးရော မဟုတ်။ အိမ်ကို သွားလည်လျှင် ကိတ်မုန့်တို့ ဘာတို့ကို ပြီးစလွယ် ဝယ်သွားခြင်းမရှိ။ ရှားရှားပါးပါး စားရခဲသော

Commercial use of this book will be at your OWN RISK !

အရာမျိုးသာ တကူးတက ရှာကြံဝယ်သွားတတ်၏။ ဥပမာ တွင်းတောင်က ထွက်သည့် တွင်းပိုးခြောက်လို ဟာမျိုး။ ဒါက အစားကောင်း ကြိုက်သူတွေ အတွက်။

အဝတ်အစား ဝါသနာပါသူတွေ အတွက်ဆိုလျှင် ပါရှားခြုံစောင်၊ အလှအပ ကြိုက်သူတွေအတွက် ပြင်သစ်ရင်ထိုး၊ ရေမွှေး၊ ပရိဘောဂ ပြင်ဆင်တတ်သူ ဆိုလျှင် ရွှေရေးယွန်းထည်။ အရေးကြီးတာကို မိန်းမကို ပိုင်လျှင် ယောကျ်ားကို နိုင်သည်ဆိုသည့် အချက်ပင် ဖြစ်၏။

စိန်ကြောင်၏ ခြေလှမ်းများကား ကျဲလည်းကျဲသည်။ သွက်လည်း သွက် သည်။ ရှုပ်လည်း ရှုပ်သည်။ သို့တိုင်အောင် ခုထိ သူ့ခြေလှမ်းတွေ မမှားအောင် ကျွမ်းကျင်စွာ နင်းလျှောက်နေနိုင်တုန်းပင်ဖြစ်၏။

Commercial use of this book will be at your OWN RISK !

## အခန်း ( ၁၅ )

ချိတ်ပိတ်တင်ဒါ နှစ်မျိုးရှိသည်။ တစ်မျိုးက အရောင်းတင်ဒါ ဖြစ်၏။ ဌာနတွင် မလိုအပ်သော၊ ပိုလျှံနေသော ပစ္စည်းများ ရောင်းချခြင်း ဖြစ်သည်။ တစ်မျိုးက အဝယ်တင်ဒါ။ လိုအပ်သော ကုန်ကြမ်းများ၊ အခြားပစ္စည်းများ ပေးသွင်းစေခြင်း ဖြစ်၏။

နှစ်မျိုးစလုံးမှာပင် ဈေးနှုန်းကို ပုံစံမှာ လျှို့ဝှက်စွာ ရေးဖြည့်၊ စာအိတ်တွင် ထည့်၊ ချိတ်ပိတ်ပြီး တင်ရသည်။ သတ်မှတ်ထားသည့် နေ့ရက်၊ အချိန်တွင် သက်သေများနှင့် တာဝန်ရှိသူအများ အစုံအညီရှေ့မှောက်တွင် ချိပ်ခွာ၍ တင်သွင်းထားသော ဈေးနှုန်းတွေကို နှိုင်းယှဉ်ကြည့်ရ၏။ အရောင်းတင်ဒါတွင် ဈေးအများဆုံး ပေးနိုင်သူက ရပြီး၊ အဝယ် တင်ဒါတွင် ဈေးအနိမ့်ဆုံး ပေးနိုင်သူက ရရှိသည်။

စိန်ကြောင်သည် မကြာခဏ တင်ဒါများ ရလေ့ရှိ၏။ ရသည့်အခါတိုင်းလည်း တခြားလူတွေပေးသည့် ဈေးနှုန်းနှင့် ပွတ်ကာသီကာလောက်သာ ကွာခြားမှုရှိသည်။

'မင်းက ခုလို ငါးပြားကွာ၊ ဆယ်ပြားကွာနဲ့ တင်ဒါကို ရတယ်ဆိုတော့ သူများတွေပေးတဲ့ ဈေးနှုန်းတွေ မင်းသိလို့ပေါ့'

ကျွန်တော်က မေးတော့ . . .

'မသိရပါဘူးကွာ'

Commercial use of this book will be at your OWN RISK !

'ချိပ်ပိတ်တင်ဒါဆိုတာ အကြံအဖန် လုပ်လို့မလွယ်အောင် စည်းကမ်း တင်းကျပ်ထားတာပဲ၊ မင်း ဘယ်လိုနည်းနဲ့ လုပ်သလဲ'

'ဒါတွေ ပြောလို့ မဖြစ်ဘူးကွ'

'ထားတော့ကွာ၊ မင်း လျှောက်လွှာပုံစံမှာ ဈေးနှုန်းဖြည့်တဲ့အခါကျတော့ ခန့်မှန်းရမခက်ဘူးလား၊ သူများဈေးနှုန်းတွေလဲ မင်းမှ မသိဘဲ'

'မခက်ပါဘူးကွာ'

'ဘာဖြစ်လို့လဲ'

'ငါက ငါ့လျှောက်လွှာပုံစံထဲက ဈေးနှုန်းနေရာမှာ ဘာမှ မရေးဘဲ ကွက်လပ်ချန်ပြီး တင်လိုက်တာပဲလေ'

ထို့ကြောင့် ယင်းကိစ္စနှင့် ပတ်သက်၍ မည်သို့ လုပ်လိုက်သည်မသိ။ စိန်ကြောင်တစ်ယောက် တင်ဒါ ရရှိသွားလေ၏ ဟူ၍သာ မှတ်ထားဖို့ပဲ ရှိတော့ သည်။

× × × × × × ×

စိန်ကြောင့်အဖေ ဦးအေးမောင်သည် ပုံနှိပ်လုပ်ငန်းကို စိန်ကြောင်အား ကြီးကြပ်ခိုင်းပြီး နောက်တွင် ကုန်ပစ္စည်းများ လေလံဆွဲသည့် အလုပ်ကို လုပ်ကိုင်ခဲ့သည်။ မကြာခဏဆိုသလို စိန်ကြောင်ကို လုပ်ငန်းသဘော လေ့လာ နိုင်ရန် ခေါ်သွားတတ်၏။ စိန်ကြောင်က လေ့လာရုံမျှသာ မဟုတ်၊ ကိုယ်တိုင် ဝင်ပြီး ပညာစွမ်းပြသောအခါ သူ့အဖေပင်လျှင် လက်ဖျားခါရလေတော့သည်။

များသောအားဖြင့် လေလံပွဲတွေမှာ ငွေကြေးတောင့်တင်းသော အုပ်စုကြီး များက ချုပ်ကိုင်ထားတတ်ကြ၏။ အုပ်စုအချင်းချင်းလည်း ညှိထားပြီး လော့တ် နံပါတ်အလိုက် ခွဲဝေယူတတ်ကြ၏။

အချင်းချင်း ပြိုင်ဆိုင်ဆွဲယူနေလျှင် ဈေးတွေမြင့်ပြီး အမြတ်နည်းမည်။ ညှိထားတော့ ဟန်ပြသဘောလောက်သာ ဈေးပြိုင်ပေးကြပြီးနောက် ကြမ်းခင်း ဈေးထက် အနည်းအကျဉ်းလောက်သာ ပိုသောဈေးဖြင့် ဖြတ်ဆွဲကြတော့၏။

ဥပမာ လော့တ် နံပါတ်တစ်ကို အုပ်စုတစ်စုက ယူဖို့ သဘောတူထားလျှင် ထိုပွဲတွင် တခြားအုပ်စုတွေက လက်ရှောင်ပေးသည်။ ဆွဲယူမည့် အုပ်စုကလူများ

Commercial use of this book will be at your OWN RISK !

မှာ အသီးသီး မှတ်ပုံတင်ထားသူများဖြစ်၍ ကိုယ့်အချင်းချင်းပင် အပြိုင်အဆိုင် ဈေးပိုပေးဟန် ဆောင်ကြသည်။ သတ်မှတ်ထားသော ဈေးနှုန်းကို ရောက်တော့ ကျန်သူတွေက မလိုက်တော့ဘဲ တစ်ယောက်ယောက်က ထိုနှုန်းပေး၍ ဆွဲယူလိုက်သည်။ ဤသို့ ပြုလုပ်ကြသဖြင့် ဌာနဆိုင်ရာများမှာ နစ်နာရသည်။ ရသင့်ရထိုက်သော ဈေးနှုန်းမရတော့။

ဒီလိုညှိထားသည့် ပွဲမှာ တခြားလူ တစ်ယောက်ယောက်က ဝင်ပြိုင်လျှင်လည်း လူအားငွေအားဖြင့် ဖိသတ်တတ်ကြသည်။ ထို့ကြောင့် ငွေကြေးအင်အားနည်းပါးသူတို့မှာ အုပ်စုကြီးများ မလိုချင်သော အသေးစား လေလံပွဲမျိုးမှသာ ဝင်ဆွဲခွင့်ရကြလေသည်။

စိန်ကြောင်တို့မှာလည်း ငွေကြေးတောင့်တင်းမှု မရှိသဖြင့် ထောင်ပွဲသောင်းပွဲလောက်မှာသာ ဝင်တိုးနိုင်သည်။

သို့ရာတွင် စိန်ကြောင်၏ ဉာဏ်သွားမှု၊ အကွက်မြင်မှု တို့ကြောင့် အမြတ်အစွန်း အတော်ရလိုက်သည်။

အသုံးမလိုတော့သော သံထည်တွေ လေလံတင်သည့် ပွဲတစ်ခုမှာဖြစ်၏။ သံထည်ပစ္စည်းမျိုးစုံကို အပုံလိုက်ပုံ၍ တစ်ပုံချင်း လေလံတင်ခြင်းဖြစ်၏။ အလှည့်တစ်လှည့်တွင် စိန်ကြောင်နှင့် မြေနီကုန်းကြက်တန်းက ကုလားတစ်စုတို့ အပြိုင်ဆွဲကြသည်။ ကုလားတွေက ထိုအပုံထဲမှာပါသော သံပိုက်လုံး အဟောင်းများကို မျက်စိကျခြင်း ဖြစ်၏။ တစ်ယောက်နှင့် တစ်ယောက် မလျှော့တမ်း ဈေးပြိုင်ပေးနေကြရာ စိန်ကြောင့်အဖေက . .

'သိပ်အတင့်မရဲနဲ့ကွ၊ သိပ်မက်လောက်စရာ မရှိဘူးထင်တယ်'

ဟု သတိပေးသည်။

စိန်ကြောင်ကတော့ မရမက လိုက်အော်နေသည်။ နောက်ဆုံးတော့ ကုလားတွေ မမီနိုင်လောက်အောင် တက်ပေးပစ်လိုက်သည်။ စိန်ကြောင် ရသွား၏။

သူ့အဖေက ဆူသည်။

'ဘာမှ မဟုတ်တဲ့ သံကြွပ်ပိုက်တွေပဲ များနေတဲ့ဟာကို မင်းက သုံးထောင့်ငါးရာထိပေးတာ ရူးနေသလားကွ၊ ဒီလိုသာ မခံချင်စိတ်နဲ့ လျှောက်လုပ်နေရင် ငါတို့ဘကြီး အင်းလေလံဆွဲသလို မွဲမှာပဲ'

'အသာနေစမ်းပါ အဖေရာ၊ ကျွန်တော်ပိုင်လို့ လုပ်တာပါ၊ နောက်တော့ အဖေသိလိမ့်မယ်'

Commercial use of this book will be at your OWN RISK !

ထိုသံထည် အပုံထဲက ပစ္စည်းတစ်ခုကို စိန်ကြောင် မက်မောနေခြင်း ဖြစ်လေ၏။ သံဝင်ရိုးတစ်ချောင်းဖြစ်၏။

'အဲဒါက ဘာအသုံးကျလို့လဲ၊ ပြန်ရောင်းရင် ငါးဆယ်တောင် မရဘူး'

'ကျွန်တော် အဖေ့ဆီက တစ်ရာနဲ့ ဝယ်မယ်လေ၊ ရောင်းမလား'

'ခွေးမသား၊ သားအဖချင်း လူလည်မကျနဲ့၊ မင်း ဘာအကွက် တွေ့ထားလဲ ပြောစမ်း'

ထိုအခါကျမှ စိန်ကြောင်က ရယ်၍ . . .

'ဒီလို အဖေရ၊ ဟိုတလောက ပုံနှိပ်စက်အတွက် ပင်နီယံ သွားသရင်းနဲ့ တွင်ခုံမှာ ဒီဝင်ရိုးမျိုး တစ်ချောင်းကျိုးလို့ လာဆက်တာ တွေ့ဖူးတယ်၊ ကျွန်တော်က တွင်ဆရာကို စပ်စုကြည့်တော့ ပဲခူးဘက်က ဆန်စက်တစ်ခုက ဝင်ရိုးလို့ ပြောတယ်၊ အဲဒီဝင်ရိုးက တစ်ခါကျိုးသွားရင် ခဏခဏ ကျိုးတတ်တယ်တဲ့၊ သုံးလေးလ တစ်ခါလောက် ကျိုးတယ်၊ တစ်ခါကျိုးရင်လဲ ရန်ကုန်မှာ လာလာပြီး ဆက်ရတာ သိပ်နစ်နာတာပေါ့၊ ဒီလို ဝင်ရိုးမျိုး အကောင်းတစ်ခုရရင် တစ်သောင်းအထိ ပေးမယ်လို့ ပိုင်ရှင်က ပြောတယ်ဆိုပဲ၊ ဘယ်မှာမှလဲ ရှာလို့ မရဘူးတဲ့'

'နေစမ်းပါဦးကွ၊ ဒီလို ဝင်ရိုးဆိုတာ အကြီးအသေး၊ အရှည်အတို မတူဘူး၊ မင်းက ဘယ်လိုလုပ် မှတ်မိတာလဲ'

'ဒီလောက် ညံ့ပါ့မလား အဖေရာ၊ ကျွန်တော် အတိုင်း ယူထားခဲ့တာပေါ့၊ နောက်ပြီး နံပါတ်လဲ ပါတယ်လေ၊ ဒါ့အပြင် အင်္ဂလန် ဖရီးမင်း ကုမ္ပဏီက ထုတ်လုပ်သည်ဆိုတဲ့ တံဆိပ်လည်း ပါသေးတာပဲဟာ'

'ကဲ . . ထားပါတော့၊ ဒီပစ္စည်းကို ဆန်စက်က ဝယ်မယ်ဆိုတာကကော သေချာရဲ့လား'

'အဲဒီလေလံပွဲ မတိုင်ခင် ဒီပစ္စည်းတွေ လာကြည့်ပြီးကတည်းက ကျွန်တော် အဲဒီဆန်စက်ကို ဖုန်းဆက်လိုက်ပြီးပြီ၊ နက်ဖြန် နေ့လည်လောက် လာယူလိမ့်မယ်'

'စျေးဘယ်လောက် ပြောထားလဲ'

'မများပါဘူး အဖေရာ၊ သောင်းနှစ်ထောင်တည်းပါ၊ ဘယ်လိုလဲ အဖေ၊ ကျွန်တော့်ကို တစ်ရာနဲ့ ရောင်းမှာလား'

'ခွေးသားလေး၊ နောက်ကို လေလံဆွဲရင် ငါမလိုက်တော့ဘူး၊ မင်းဘာသာ သွားပေတော့'

Commercial use of this book will beat your OWN RISK !

နောက်တစ်ပွဲမှာ အိမ်မိုးကျောက်ပြားနှင့် မျက်နှာကျက် ကျောက်ပြားများ အကျိုးအပဲ့တွေ လေလံတင်သည့်ပွဲ ဖြစ်၏။ ဟိုးအရင်က ပြည်သူပိုင်သိမ်းရာတွင် ဆောက်လက်စ စက်ရုံ အဆောက်အအုံတစ်ခု ပါလာသည်။

ထိုအဆောက်အအုံအတွက် ကျောက်ပြားများလည်း အပုံလိုက်ပါရှိသည်။ အဆောက်အအုံကို ဆက်လက် တည်ဆောက်ခဲ့ခြင်း မရှိသဖြင့် ကျောက်ပြားများ သည်လည်း ကျိုးပဲ့ပျက်စီးကုန်သည်။ ထိုကျောက်ပြား အပုံလိုက်ကို မျက်မြင် အခြေအနေအတွင်း လေလံတင်ခြင်းဖြစ်၏။

ထိုကျောက်ပြားများသည် နိုင်ငံခြားမှ လာခြင်းဖြစ်သဖြင့် စံချိန်မီ အရည် အသွေး ရှိသည်။ လုပ်ငန်းရှင်များ မက်မောကြသည်မှာ ယင်းကျောက်ပြားများ တွင် ပါဝင်သော အဘက်စတော့ ခေါ် မီးခံကျောက်ဂွမ်းမှုန့် ဖြစ်၏။

ကျောက်ဂွမ်းမှုန့်က အလွန်ရှားသည်။ ပြည်တွင်းမှာ မရှိ။ ထို့ကြောင့် ခုလို အကျိုးအပဲ့တွေကို လုပ်ငန်းရှင်းများက လေလံဆွဲ၊ အမှုန့်ပြန်ကြိတ်ပြီး ဘိလပ်မြေ နှင့် ပြည်တွင်းဖြစ် ကုန်ကြမ်းများရောစ၍ အိမ်မိုးကျောက်ပြား၊ မျက်နှာကျက် ကျောက်ပြားများ ပြန်လုပ်ကြရသည်။

စိန်ကြောင်က သူများတွေ မပေးနိုင်သောဈေးကို ပေး၍ လေလံဆွဲလိုက်ပြန် သည်။ ပြိုင်ဘက်တွေကတော့ သူ့ကို အရူးဟု ထင်ကြသည်။ တကယ်တော့ သူက ပြန်အရူးလုပ်လိုက်ခြင်း ဖြစ်၏။

ထိုကျောက်ပြားများမှာ ကွင်းပြင်ထဲမှာ နှစ်ပရိစ္ဆေဒ ကြာမြင့်စွာ ပစ်ထား သဖြင့် ချုံနွယ်ပိတ်ပေါင်းတွေ ဖုံးအုပ်နေသည်။ ထို့ကြောင့်သာ မျက်မြင်အားဖြင့် သိပ်မများလှ ထင်ရခြင်းဖြစ်၏။ ဖုံးအုပ်နေသော ချုံနွယ်တွေအောက်မှာ အများ ကြီး ရှိနေသေးသည်။

ဒါ့အပြင် မြက်ခင်းပြင်ကြီးအဖြစ်သာ မြင်နေရသော မြေသားအောက်မှာ အကောင်းပကတိ ရှိနေသေးသော ကျောက်ပြားတွေ ရာနှင့်ချီ၍ နစ်မြုပ်နေသေး သည်။ ဒါကို စိန်ကြောင်က သူ့နည်းသူ့ဟန်ဖြင့် စုံစမ်းသိရှိထားသည်။

ထိုပွဲတွင် စိန်ကြောင် ငါးဆလောက် မြတ်လိုက်သည်။

× × × × × × ×

Commercial use of this book will hurt your OWN RISK!

အင်အားတောင့်တင်းသည့် အုပ်စုကြီးများသာ ကြီးစိုးသည့် လေလံပွဲများတွင် သူ အနားမကပ်နိုင်သော်လည်း ဘေးက သွားလေ့လာခဲ့သည်။ တစ်ချိန်ချိန်တွင် သူလည်း အုပ်စုကြီးတစ်စုအတွင်း အဖွဲ့ဝင်ဖြစ်ကောင်း ဖြစ်လာနိုင်မည်မဟုတ်လား။

နောက်ပြီး လေလံပွဲတွေကို ထိုအုပ်စုကြီးများက လက်ဝါးကြီး အုပ်ထားခြင်းကိုလည်း သူခံပြင်းသည်။ ကိုယ်တိုင် ဝင်မဆွဲနိုင်သည့်တိုင် သူ့ပညာလေးတော့ပြလိုက်ချင်သည်။

ကားတွေ လေလံတင်သည့် ပွဲတစ်ခုမှာဖြစ်သည်။ ထုံးစံအတိုင်း လော့တ်နံပါတ်အလိုက်ခွဲပြီး အုပ်စုကြီးနှစ်စု သဘောတူထားကြသည်။ လေလံပွဲ မစခင်လက်ဖက်ရည်ဆိုင်မှာ စိန်ကြောင်ဝင်ထိုင်သည်။ အဖိန်းအုပ်စုမှ လူများရှိနေသောစားပွဲနားကပ်လျက် စားပွဲမှာ ဝင်ရောထိုင်သည်။ လေလံအကြောင်း စကားစသည်။ တစ်ဖက်စားပွဲက လူများကို အဖိန်းအုပ်စုကမှန်း မသိဟန်ဆောင်ပြီး . . .

‘ဒီတစ်ပွဲတော့ အဖိန်းအုပ်စု ခံသွားရပြီဗျ’

ဟု တစ်ဖက်စားပွဲမှ ကြားအောင် ပြောသည်။ ထိုသူများ စိတ်ဝင်စားပြီးနားစွင့်လာသည်။ ထိုအခါ ဆက်ပြောသည်။

‘မွတ်တားအုပ်စုက လူလည်ကျသွားတာဗျ၊ တခြား မဟုတ်ဘူး၊ လော့တ်နံပါတ် ခုနစ်လေဗျာ၊ အဲဒါကို မွတ်တားအုပ်စုက ယူဖို့ သဘောတူထားတယ်၊ တကယ်တော့ အဲဒီကားက အကောင်းဆုံးဗျ၊ ဘော်ဒီသာ စုတ်နေတာ၊ စက်တွေက အသစ်တွေချည်းပဲ၊ နောက်ပြီး ကျွန်တော် ကြားရသလောက်တော့ အဖိန်းအုပ်စုယူမယ့် ကားတွေက ပစ္စည်းကောင်းတွေကို ဖြုတ်ပြီး အဲဒီကားမှာ လဲတပ်ဖို့အကြံအဖန် လုပ်ထားတယ် ဆိုပဲဗျ’

ပြောပြီး ဆိုင်ထဲက ထွက်လာခဲ့သည်။ အဖိန်းအုပ်စုက လူတစ်ယောက်သူ့နောက် လိုက်လာသည်။

‘ဒီမှာ ညီလေး ... ခုန ပြောတာတွေ ဘယ်လိုလုပ်သိလဲ’

Commercial use of this book will beat your OWN RISK !

'ဗျာ၊ ဟာ . . . မဟုတ်ပါဘူး၊ ပေါက်ကရတွေပါ'

စိန်ကြောင်က ကြောက်လန့်တုန်လှုပ်နေဟန်ဖြင့် ငြင်းလိုက်သည်။

'မဟုတ်သေးပါဘူးလေ၊ ညီလေး မသိဘဲ ဘယ်ပြောမလဲ'

'ဟာ . . . မသိဘူး၊ မသိဘူး'

ဆိုပြီး စိန်ကြောင် အတင်းထွက်လာခဲ့သည်။ ဟိုလူက ကပ်လိုက်လာပြီး . .

'ပြောပါကွာ၊ ရော့ . . ငါ့ညီအတွက် လက်ဖက်ရည်ဖိုး'

ဆိုပြီး ငွေတစ်ရာ ထုတ်ပေးသည်။ စိန်ကြောင်က ခေါင်းခါသောအခါ နောက်ထပ်တစ်ရာ ထပ်ထုတ်ပြီး အိတ်ထဲ အတင်းထိုးထည့်ပေး၏။ စိန်ကြောင်က . . .

'ပြောလို့မဖြစ်ပါဘူးဗျာ၊ ကျွန်တော့်အစ်ကို အလုပ်ပြုတ်သွားလိမ့်မယ်'

'အိုကေ၊ ဒီလောက်သိရင် တော်ပြီ၊ ကျေးဇူးပဲ'

တကယ်တော့ စိန်ကြောင် ပြောခဲ့တာတွေ တစ်ခုမှမဟုတ်။ ထိုကားမှာ တကယ်ပင် စုတ်ချာသော ကားသာဖြစ်၏။

အဖိန်းအုပ်စုသည်လည်း ဒီလောက်ညံ့လှသည် မဟုတ်။ သူတို့လည်း ဖျံတွေပဲ။ သို့ရာတွင် ရုတ်တရက်ဆိုတော့ မခံချင်စိတ်ဖြင့် စိန်ကြောင်ပြောတာ ယုံသွားသည်။

ဖြစ်နိုင်လောက်စရာကလည်း ရှိနေသည်။ မွတ်တားအုပ်စုသည် နည်းနည်း လူလည်ကျတာ အမှန်။ ပြီးခဲ့သော တစ်ပွဲတုန်းကလည်း နည်းနည်း လုပ်ထားဖူးသည်။ ဒါကို အဖိန်းအုပ်စုက မကျေမလည်ဖြစ်နေသည့် အခံကလေးက ရှိသည်။ ထို့ကြောင့် ဒီတစ်ခါလည်း စိန်ကြောင်ပြောတာ မှန်နိုင်သည်ဟု ယုံသွားခြင်း ဖြစ်၏။

စိန်ကြောင်လုပ်လိုက်ပုံကလည်း ပိုင်သည်။ ပါးစပ်ဖွာပြီး ပြောလိုက်မိပုံမျိုး ဖြစ်အောင် လုပ်သည်။ သူ့ကိုယ်သူ မအူမလည်ပုံ ဖမ်းသည်။ ဟိုကမေးတော့ မပြောချင်ဘူး၊ ပြောလို့မဖြစ်ဘူး၊ အစ်ကိုအလုပ်ပြုတ်လိမ့်မယ်ဟု ဖုံးပြီး ဖွင့်ပေးခဲ့သည်။ အဖိန်းအုပ်စု တွေးသည်။ စိန်ကြောင့်အစ်ကိုသည် ဌာနမှ မက်ကင်းနစ် ဖြစ်ကောင်းဖြစ်မည်။ မွတ်တားအုပ်စုက သူနှင့်ပေါင်းပြီး ကားပစ္စည်း အစိတ်အပိုင်းတွေ လဲထည့်တာ ဖြစ်ရမည်။

တကယ်တော့ စိန်ကြောင့်မှာ အစ်ကိုလည်းမရှိ။ ဘယ် မက်ကင်းနစ်နှင့်မှလည်း မသိ။ လော့တ်နံပါတ်ခုနစ်ကို မွတ်တားအုပ်စု ယူမည်ဟု နားစွန်နားဖျား ကြားရာမှ သူ့ဘာသာ လုပ်ကြံဇာတ်လမ်းတစ်ခု ဆင်လိုက်ခြင်းသာ ဖြစ်၏။

Commercial use of this book will beat your OWN RISK !

ဘာပဲဖြစ်ဖြစ် စိန်ကြောင် အောင်မြင်သည်။ လော့တ်နံပါတ်ခုနစ်ကို လေလံတင်သောအခါ သဘောတူညီချက်အတိုင်း အဖိန်းအုပ်စု ဟန်ပြလောက်လိုက်ရမည့်အစား တကယ် သဲကြီးမဲကြီး ပြိုင်ဆွဲလေတော့သည်။ မွတ်တားအုပ်စုကလည်း အဖိန်းတို့ သစ္စာဖောက်ပြီဟု တွက်လိုက်သည်။

အမှန်အားဖြင့် သူတို့လိုလူတွေအဖို့ ကားတစ်စီးသည် ဘာမှ အရေးမကြီး။ လက်လွှတ်လို့လည်း ဘာမှ မထောင်းတာလှ။ အလွန်ဆုံးတန်မှ ခုနစ်သောင်း ရှစ်သောင်း။ ဒီငွေလောက်က သူတို့အဖို့ အစွန်းထွက်လောက်သာ သဘောထားကြသည်။

သို့ရာတွင် တဖက်အုပ်စုက ကျောတာကိုတော့ မခံနိုင်။ ထိုအခါ လေလံပွဲတွေမှာ တစ်ခါတစ်ခါ ဖြစ်လေ့ရှိသည့်အတိုင်း အရှုံးအမြတ်ကို မကြည့်တော့ဘဲ မခံချင်စိတ်ဖြင့် အပြိုင်အဆိုင် ဈေးမြှင့်ပေးကြလေတော့သည်။ သို့ဖြင့် ဘာမှမတန်သော ကားစုတ်တစ်စီးမှာ မကြုံဖူးအောင် ဈေးမြင့်သွားပြီး တစ်သိန်းကျော်သွားလေတော့သည်။

ဘာပဲဖြစ်ဖြစ် စိန်ကြောင့် ကျေးဇူးကြောင့် သက်ဆိုင်ရာဌာနမှ ဝင်ငွေပိုရလိုက်သည်ကတော့ အမှန်ပင်။ စိန်ကြောင်သည်လည်း ငွေနှစ်ရာ အချောင်ရလိုက်သဖြင့် ကျွန်တော့်ကို ဘီယာတိုက်ရင်း ထိုအကြောင်း ပြောပြသွားသည်။

စိန်ကြောင် ရခိုင်ပြည်နယ်ဘက် ခရီးထွက်သွားကြောင်း သိရသည်။ ပြန်လာပြီးနောက်တွင် ဘော်တယ်ကုလားတွေနှင့် လုံးနေတာ တွေ့ရပြန်၏။

ဒီကောင် ဘာကြံပြန်ပြီလဲဟု တွေးကြည့်သည်။ ဆက်စပ်ကြည့်လို့ မရ။ စက္ကူတို့၊ ပုလင်းတို့၊ သံတိုသံစ၊ သတ္တု၊ ပလတ်စတစ် စသည်တို့နှင့် ပတ်သက်နေသည်။ ဒါတော့ ဟုတ်ပြီ။ ဒါတွေနဲ့ ရခိုင်ပြည်နယ်နဲ့ ဘာဆိုင်သလဲ။ သူ့ကို မေးကြည့်တော့ . . .

'ငါ ဘင်္ဂလားဒေ့ရှ်ကို စက္ကူပို့မလို့' ဟု ပြော၏။ ကျွန်တော်က ဟားသည်။

'လာလုပ်မနေနဲ့၊ ငါတို့ကတောင် ဘင်္ဂလားဒေ့ရှ်ကနေ စက္ကူ မှာနေရတာ၊ ဒီကနေ ပြန်ပို့ရတယ်ဆိုတာ ဟာသပဲ'

'တကယ်ပြောတာ၊ ငါ သတင်းတစ်ခု ရထားလို့၊ ဘင်္ဂလားဒေ့ရှ်က စက္ကူစက်ရုံတွေမှာ ကုန်ကြမ်းပြတ်နေတယ်တဲ့၊ အဲဒါကြောင့် ငါက စက္ကူဖြတ်စတွေ၊ သတင်းစာစက္ကူ အဟောင်းတွေ ပိဿချိန်နဲ့ ဝယ်ပြီး ဘင်္ဂလားဒေ့ရှ်ဘက် ပို့မလို့၊ ဒါကြောင့် ရခိုင်ဘက်တက်ပြီး အဆက်အသွယ် ရှာတာပေါ့၊ အဆင်ပြေတယ် ဟေ့ကောင်၊ ငါ တွက်ပြီးပြီ၊ ဒီက ပို့တဲ့အခါမှာတော့ အမြတ်သိပ်မကျန်

Commercial use of this book will be at your OWN RISK !

ဘူး၊ ဒါပေမယ့် ဟိုကဆေးတွေ၊ အထည်ဟောင်းတွေ ဝယ်ပြီး ပြန်သွင်းရင် တော်တော်တွက်ခြေကိုက်တယ်'

'တော်တော် ဟုတ်တဲ့ကောင်၊ စက္ကူထွက်တဲ့ နိုင်ငံကို စက္ကူပို့တာ မင်းတစ်ယောက်ပဲ ရှိသေးတယ်'

'ဦးနှောက်သုံးတတ်ဖို့ လိုတယ်ကွ၊ စီးပွားရေး လုပ်တဲ့နေရာမှာ သူများ မမြင်တဲ့ ရှုထောင့်ကကြည့်တတ်ဖို့ လိုတယ်၊ တစ်ချို့က အသေးအဖွဲ့ပဲဆိုပြီး အထင်သေးတတ်ကြတယ်၊ အဲဒါမှားတယ်၊ တကယ်အမြတ်ရတာ အသေးအဖွဲ့ပဲ ဆိုပြီး လူတွေ ကျော်လွှားသွားတတ်တဲ့ အလုပ်မျိုးပဲကွ၊ မင်း ထွန်းအောင် သိတယ်မဟုတ်လား'

'စူဝက် ကို ပြောတာ မဟုတ်လား'

'အေး . . ဒီတရုတ် ဘာလုပ်နေတယ် မှတ်လဲ၊ ရွှေငါးတို့ ကြက်တူရွေးတို့ မွေးပြီး ရောင်းစားနေတယ်၊ ဒီကောင့် ဝင်ငွေ တစ်လကို တစ်သောင်းကျော်တယ်၊ နောက်ပြီး ကုလားလေး ကာစိန် သိတယ် မဟုတ်လား၊ ဒီကောင်ကျတော့ စက္ကူ ပုလင်း၊ ပလတ်စတစ်တွေ ကောက်တဲ့ ဒိုင် ဖွင့်ထားတယ်၊ သူ့ဆိုင်ကြည့်ရင် ဘာမှ အထင်ကြီးစရာ မရှိဘူး၊ အဟောင်းအမြင်း အစုတ်အပြတ်တွေချည်းပဲ၊ ဒါပေမယ့် ဒီကောင်က ဆိုင်ကယ် ဝယ်စီးနေပြီ'

'ဒီတော့ . . . မင်းလဲ စက္ကူ ပုလင်း အေးဂျင့် ဖွင့်တော့မယ်ပေါ့'

'အေး . . . ရေရှည်လုပ်မှာတော့ မဟုတ်ဘူး၊ ခု ရက်ပိုင်းအတွင်း တော်တော်များများ လုပ်စရာရှိတယ်'

ထို့နောက်ပိုင်း ကာစိန်နှင့် စိန်ကြောင် တပူးတွဲတွဲ ဖြစ်နေကြပြန်၏။ ကာစိန်မှတဆင့် ရန်ကုန်မြို့ရှိ အခြားစက္ကူ ပုလင်းဆိုင်များမှ စက္ကူဟောင်းမှန်သမျှ သိမ်းကျုံးဝယ်သည်။ ကိုခေါင်းကြီးကလည်း စက္ကူဖြတ်စတွေ လိုက်ကောက်ပေးသည်။ မန္တလေးရှိ သူ့လူခံဆီသို့လည်း အကြောင်းကြားသည်။ မန္တလေးမှ ရသမျှ တင်ပို့ရန်။

ထိုမျှမကသေး။ ပဲခူး၊ ပြည်၊ မကွေး၊ မိတ္ထီလာ အစရှိသော မြို့များသို့ ကိုခေါင်းကြီးနှင့် စိန်ကြောင်တို့ တာဝန်ခွဲ၍ ထွက်သွားကြသည်။ ထိုမြို့များရှိ ဘော်တယ်ကုလားများနှင့် ဆက်သွယ်ပြီး စက္ကူဟောင်းတွေ ပိဿာချိန်နှင့် သိမ်းကျုံးဝယ်ကြသည်။ ကုန်ကားကြီးတွေ ငှားပြီး ရန်ကုန်ကို ပြန်ပို့သည်။ ရန်ကုန်တွင် ကြီးမားသော ဂိုဒေါင်ကြီး တစ်လုံးငှား၍ ဝယ်ရသမျှ စက္ကူအစုတ်တွေကို လှောင်ထားသည်။



Commercial use of this book will be at your OWN RISK!

ဒါစက္ကူပြန်လုပ်ဖို့ ကုန်ကြမ်းအသွင် သိုလှောင်ခြင်း ဖြစ်ကြောင်းကို ကျွန်တော် သိသည်။ ဒီလောက် အများကြီးကို ဘယ်လိုပို့မလဲ ဆိုတာတော့ တွေးလို့မရ။

'မင်း ဒါတွေကို ဘယ်လိုပို့မလဲ'

'ဘယ်ကို ပို့ရမှာလဲ'

'ဘင်္ဂလားပို့မလို့ မဟုတ်လား'

'မဟုတ်ဘူးကွ၊ ဒီမှာ သုံးမှာ'

'ဘယ်လို . . ဒီမှာ'

'ဟုတ်တယ်ကွ၊ ငါ တွက်ကြည့်ပြီးပြီ၊ ဘင်္ဂလားဒေ့ရှ်မှာ ကုန်ကြမ်းပြတ်လို့ စက္ကူဈေးတွေ တက်လိမ့်မယ်၊ ဒါဆိုလျှော့မှာရတော့မယ်၊ နော်ဝေက စက္ကူကိုလဲ သိပ်မှာနိုင်မှာ မဟုတ်ဘူး၊ သယ်ယူပို့ဆောင်စရိတ် သိပ်ကြီးတယ်၊ ဒီတော့ ငါတို့ ဆီမှာ စက္ကူပြတ်နေပြီ၊ ပြည်တွင်းဖြစ်စက္ကူတွေ သုံးကြရတော့မယ်၊ အခုဆိုရင် ဆင်ခြေဖုံး ဒေသတွေမှာ စက္ကူစက်တွေ အလျှိုလျှို တည်နေကြပြီ၊ ဒီစက်တွေ လည်ဖို့ ကုန်ကြမ်းလိုမယ်၊ ဝါးကနေ ပျော့ဖတ်လုပ်ပြီး ကြိတ်တဲ့ အဆင့်မျိုး လုပ်ဖို့ မလွယ်ဘူး၊ စက္ကူကိုပဲ ကုန်ကြမ်းပြန်လုပ်ရမယ်၊ ဒီတစ်ခါ သုံးပြီးသား စက္ကူအဟောင်း အစုတ်တွေကို အလုအယက် ဝယ်ကြလိမ့်မယ်၊ ဒီတော့ စက္ကူ အဟောင်းတွေ ဈေးတက်တဲ့အခါကျမှ ငါလှောင်ထားတာတွေ ထုတ်ရောင်းမယ်၊ အမှိုက်ကနေ ရွှေဖြစ်တယ်ဆိုတာ ဒါမျိုးပေါ့'

သူ့တွက်ကိန်း မှန်သည်။ စက္ကူအဟောင်းအစုတ် တစ်ပိဿာ နှစ်ကျပ် သုံးကျပ် ဈေးကနေ တစ်ဆယ်အထိ ထိုးတက်သွားသည်။ နယ်တွေကို ဆင်းဝယ် ရသည့် ခရီးစရိတ်၊ ကုန်ကားကြီးတွေငှား၊ ဂိုဒေါင်ငှားခတွေပါ စိုက်ထုတ်ပြီး စွန့်စွန့်စားစား အကုန်အကျခံရသမျှ ကျေသည့်အပြင် သိန်းနှင့်ချီပြီး အမြတ် ရလိုက်သည်။ စိန်ကြောင့်အဖို့ တစ်ကွက်ကောင်း အချိုးကြီး မိသွားခြင်းပင် ဖြစ်၏။

ဒီစိတ်ကူးမျိုးကို သူများတွေလည်း ရကြသည်။ သို့ရာတွင် သူများက စိတ်ကူးနေတုန်း စိန်ကြောင်က ချက်ချင်း ထလုပ်ခဲ့သဖြင့် တစ်ပတ်ဆယ်ရက် လောက် ဦးပြီး သူက ပိုစားလိုက်ရခြင်း ဖြစ်လေသည်။

× × × × × × ×

Commercial use of this book will beat your DAWN KSK !

အမြတ်ရရှိသော ငွေများကို ရင်းနှီးမြှုပ်နှံမှု တစ်ခုခု လုပ်မည်ဟု စိတ်ကူးသည်။ အလုပ်ထဲမှာ ငွေရင်းထည့်ရတာ အမြတ်တော့ များများရသည်။ သို့ရာတွင် မတော်တဆ လွဲချော်သွားမှာ စိုးရသည်။ ပြီးတော့ သူ့မှာ အလုပ်တွေ အတော်များများ လုပ်လက်စ ရှိနေသည်။ စိတ်ချလက်ချ ထားလို့လည်းမရ။ သူလည်း ဘာမှလုပ်စရာမလိုဘဲ အမြတ်ရနိုင်မည့် ကိစ္စတွေ စဉ်းစားသည်။ သူများလုပ်ငန်းတွေမှာတော့ ရှယ်ယာ မထည့်ချင်။

သူငယ်ချင်းဖြစ်သူ နန်းကြင်ဆီမှာ လေးဘီးအငှားကား တစ်စီးရှိ၏။ နန်းကြင်က သူ့အိမ်ပြင်ချင်သောကြောင့် ငွေလိုနေသည်။ သူ့ကားကို စပေါ်နှင့် ငှားမည်ဟု ဆို၏။

စိန်ကြောင်က စပေါ် နှစ်သောင်းပေးပြီး ငှားလိုက်သည်။ ပြီးတော့ နန်းကြင်ကိုပဲ ပြန်မောင်းခိုင်းသည်။ နန်းကြင်တို့အမေကို တစ်နေ့ရှစ်ဆယ် ပေးရသည်။ ပိုတာကို စိန်ကြောင်နှင့် နန်းကြင်တို့ တဝက်စီ ခွဲယူကြသည်။

နန်းကြင်က အလုပ်ကြိုးစားသူဖြစ်၍ တစ်နေ့လျှင် တစ်ယောက် လေးငါးဆယ်စီ ရကြသည်။ နန်းကြင်အနေဖြင့် ကိုယ့်ကားကိုယ် မောင်းခြင်း ဖြစ်သောကြောင့် ညှာညှာတာတာ မောင်းသည်။ ကားမနာအောင် သတိထားသည်။ ထို့ကြောင့် ကားပျက်ခြင်း၊ ပစ္စည်းလဲရခြင်းတို့ သိပ်မရှိ။

'ဒီကောင် သိပ်လည်တယ်ကွ၊ သေသေချာချာ တွက်ကြည့်တော့မှ ဒီကောင့်ဆီက တစ်ရာကို ခုနှစ်ကျပ်တိုးနဲ့ ငွေချေးရသလို ဖြစ်သွားတာပေါ့ကွာ၊ သူငယ်ချင်း အချင်းချင်းဆိုတော့ အတိုးနဲ့ ချေးတယ်ဆိုရင် လူကြားလို့ မကောင်းဘူးပေါ့၊ ခုလို အလုပ်စပ်တူလုပ်တဲ့ သဘောကျတော့ ပြောစရာ မဖြစ်တော့ဘူးလေ'

ဟု နန်းကြင်က ကျွန်တော့်ကို ပြောသည်။

ကျွန်တော်တို့နားမှာ မြေကွက်ရောင်းဖို့ရှိတယ် ကြားလို့ဆိုပြီး သူရောက်လာသည်။ ကျွန်တော့်ကို လိုက်ပြခိုင်းသည်။

သူ့ကို ဦးဆောင်ခေါ်သွားရင်း ကျွန်တော်က . . .

Commercial use of this book will be at your OWN RISK !

'အဲဒီ မြေကွက်ဟာ အပျိုကြီး ညီအစ်မနှစ်ယောက် ပိုင်တာကွ၊ ခက်တာက အဲဒီညီအစ်မ နှစ်ယောက်က မတည့်ဘူး၊ မြေကွက်ကို အလယ်က ခြံစည်းရိုး ကာပြီး တစ်ဝက်စီ ခွဲယူထားကြတာ၊ အိမ်တစ်လုံးစီ ဆောက်ပြီး နေကြတယ်'

'အခု ရောင်းမှာက ဘယ်အကွက်လဲ'

'နှစ်ကွက်စလုံးပဲ၊ ဖြစ်ပုံက ဒီလိုကွ'

'ခြံစည်းရိုး အလယ်တည့်တည့်တွင် သရက်ပင်တစ်ပင်ရှိ၏။ ထိုသရက်ပင်ကြောင့် အမြဲ ပြဿနာ တက်ရသည်။ သရက်သီး သီးချိန်ဆိုလျှင် အပင်ကို သူပိုင်ငါပိုင် ငြင်းရင်းရန်ဖြစ်ကြသည်။ သရက်သီး အချိန်ကုန်ပြီဆိုတော့ ညည်း အပင်က သရက်ရွက်တွေ ငါ့ခြံထဲကျတယ်၊ အမှိုက်ရှုပ်တယ်။ အလိုတော်၊ ဟိုတုန်းကတော့ ဒီအပင် ညည်းပိုင်တာပါဆို စသည်ဖြင့် စကားများကြပြန်၏။

'ဒီလိုနဲ့ အကြီးမ အပျိုကြီးက ဒီကောင်မမျက်နှာ နေ့တိုင်းမြင်နေရတာ ကြာရင် အသက်တိုမယ်ဆိုပြီး သူ့မြေကွက်ရောင်းမယ် လုပ်ရော၊ ဒီမှာ အငယ်မ ကလဲ အားကျမခံ သူ့မြေကွက်လဲ ရောင်းမယ် ဖြစ်လာတာပါပဲ၊ မင်းကြိုက်တဲ့ အကွက် ကြည့်ပေါ့'

'မင်း ပြောပြတာ စိတ်ဝင်စားစရာပဲ၊ ဒါကို အသုံးချနိုင်ရင် အကျိုးရှိမယ်ကွ၊ မင်း စဉ်းစားကြည့်၊ ပစ္စည်းက တစ်ခုတည်း၊ လိုချင်တဲ့ သူတွေက များနေရင် ဘာလုပ်ရသလဲ'

'မဲနှိုက်ရတာပေါ့ကွာ'

'ဘယ်ကလာ ဟုတ်ရမှာလဲ၊ တစ်ယောက်နဲ့ တစ်ယောက် အပြိုင်အဆိုင် ဈေးပိုပေးရတာကွ၊ ခုဟာကျတော့ ပစ္စည်းက နှစ်ခုရှိတယ်၊ ဝယ်ချင်တဲ့လူက တစ်ယောက်တည်း၊ ဒီတော့ ရောင်းချင်တဲ့လူတွေက အပြိုင်အဆိုင် ဈေးလျှော့ပေး ရမှာပေါ့၊ ဒီလိုဖြစ်အောင် လုပ်ရမယ်'

သူ ဦးနှောက်စားတော့မည်ဖြစ်ကြောင်း သိလိုက်ရ၏။

ဟုတ်လည်း ဟုတ်သည်။ ပထမဦးစွာ အကြီးမအပျိုကြီးဆီ ဝင်၏။ ခြံရောင်းမယ်ဆိုလို့ ဟု မေးသောအခါ . .

'ရောင်းမယ်'

'ဘယ်လောက်လဲ'

'သုံးသောင်းခွဲ'

'မများဘူးလား၊ အန်တီရယ်၊ ဟိုဘက်ခြံကတောင် သုံးသောင်းပဲ ခေါ်တာပါ'

Commercial use of this book will be at your own RISK !

'ဘာ ဟိုဘက်ခြံ၊ သူက ရောင်းမလို့တဲ့လား'

'ဟုတ်ကဲ့ခင်ဗျ၊ သုံးသောင်းလို့ ပြောတယ်'

'အို . . . သူ့ခြံက ကောင်းမှ မကောင်းဘဲ၊ မြေက နိမ့်လျှောကြီး၊ သီးပင်စားပင်လည်း မစုံဘူး၊ အန်တီ့ခြံက အုန်းပင်၊ သရက်၊ ပိန္နဲ၊ မာလကာ စုံနေတာပဲ'

'ဟုတ်ပါတယ်၊ ကျွန်တော်ကလဲ အန်တီ့ခြံကိုသာ ကြိုက်တယ်၊ ဒါကြောင့်လဲ ဟိုဘက်မှာ စကားမလွန်သေးဘဲ လာတာပေါ့၊ ဒါပေမယ့် သုံးခွဲတော့ ကျွန်တော် မနိုင်ဘူး အန်တီရဲ့၊ ဟိုဘက်က သုံးသောင်းဆိုတာ ခေါ်ဈေးပဲ ရှိသေးတယ်၊ အလျှော့အတင်း ရှိနိုင်သေးတယ်'

'အို . . ဟိုဘက်က မြေကြမ်းကြီးကို စိတ်ကူးထဲ ထည့်မနေစမ်းပါနဲ့၊ အန်တီ့ခြံလိုချင်ရင် သုံးဆယ့်သုံးနဲ့ယူ'

'ကျွန်တော်က သုံးထိပဲ တတ်နိုင်တာ'

'ကဲ . . ကဲ'

ဒီလိုနှင့် သုံးသောင်းနှင့် အရောင်းအဝယ် တည့်သည်။ စိန်ကြောင်က စရန်ငါးထောင်ပေးပြီး အပိုင်ချုပ်ထားခဲ့၏။ ပြီးတော့ အငယ်မအပျိုကြီး ခြံကို ဆက်ဝင်သည်။

ထိုအပျိုကြီးကလည်း သူ့အစ်မခြံ သုံးသောင်းခွဲခေါ်ထားတာ ကြားပြီးဖြစ်၍ သူလည်း ဒီအတိုင်းခေါ်ထားသည်။ စိန်ကြောင်ကလည်း အကြီးမဆီမှာ ပြောခဲ့သည့်အတိုင်း ပြောသည်။

'အလိုတော် . . . သူ့ခြံက ဘာမက်စရာရှိလဲ၊ မြေချင်းတူတူ၊ အိမ်ကျတော့ သူ့အိမ်က သစ်ရိုင်းတွေ ရောနှောပြီး ဆောက်ထားတာ၊ အန်တီ့အိမ်က ကျွန်းနဲ့ ပျဉ်းကတိုးချည်းပဲ'

'ဟုတ်ပါတယ်၊ ကျွန်တော်လည်း အိမ်ကို မြင်ကတည်းက ကြိုက်ပြီးသားပါ၊ ဒါပေမယ့် ကျွန်တော့်မှာ သုံးသောင်းပြည့်အောင် ရှိတာမဟုတ်ဘူး၊ ဟိုဘက်က သုံးနဲ့ ပေးမယ်ဆိုတော့'

'သူ့ခြံ သုံးပေးမလား ငါ့တူရဲ့၊ အန်တီ့ခြံယူဖြစ်မယ် ဆိုရင် . . . '

ဤနည်းအားဖြင့် နှစ်ခြံစလုံးကို သုံးသောင်းစီနှင့် ဝယ်ဖြစ်သွားတော့သည်။

Commercial use of this book will be at your OWN RISK!

## အခန်း ( ၁၆ )

စိန်ကြောင်တို့အိမ်ဘက် မရောက်တာ ကြာသွားသဖြင့် ဒီကောင် ဘာတွေများ လုပ်နေသလဲဟု သိချင်လာ၏။ ထို့ကြောင့် သူတို့အိမ်ဘက် ထွက်လာခဲ့သည်။ အိမ်ထဲဝင်လိုက်သောအခါ သူ့အဖေ ဦးအေးမောင်က စိန်ကြောင့်ကို ဆူနေတာ တွေ့ရ၏။

စိန်ကြောင်က ကျွန်တော့်ကိုတွေ့တော့ ဝမ်းသာသွားသည်။ ကျွန်တော် ရောက်လာသဖြင့် သူ့အဖေ အာရုံပြောင်းပြီး အဆူရပ်သွားမည်ဟု မျှော်လင့်ပုံရ၏။

'လာ . . ညဏ်ကြီး၊ ထိုင်ကွာ'

ဟု ခရီးဦးကြိုပြီး ခုံဆွဲပေးသည်။ သို့ရာတွင် အဘိုးကြီးက . .

'အတော်ပဲကွ၊ မင်းလဲ နားထောင်၊ ဒီကောင့်လုပ်ပုံ ကောင်းသလား၊ မကောင်းဘူးလား ဆိုတာ ဆုံးဖြတ်စမ်း'

စိန်ကြောင်သည် သူ့အကြံ မအောင်သဖြင့် မျက်နှာငယ်လေးနှင့် ပြန်ဖြစ်သွား၏။ အဘိုးကြီးက ကျွန်တော့်ကို မေးသည်။

'ဒီကောင် ဘာတွေလုပ်နေတယ်ဆိုတာ မင်းကို ပြောသေးလား'

'ကျွန်တော်တို့ မတွေ့တာ နည်းနည်းကြာသွားပြီ ဦးလေး၊ ဒါကြောင့် ကျွန်တော် မသိဘူး'

'အေး . . . မသိရင်ပြောပြမယ်၊ ဒီကောင် စက်ရုံတစ်ခုကို ကုန်ကြမ်းသွင်းဖို့ တင်ဒါတစ်ခုရတာ မင်းသိလား'

Commercial use of this book will be at your OWN RISK !

'မသိဘူးခင်ဗျ'

'အေး . . မသိရင် ပြောပြမယ်၊ ဒီကောင်က အဲဒီလို ကုန်ကြမ်းတွေ သွင်းတဲ့အခါမှာ ဘာလုပ်တယ်မှတ်သလဲ၊ ကုန်ကြမ်းတွေကို သတ်မှတ်ထားတဲ့ အရည်အသွေးအတိုင်း မလုပ်ဘူး၊ စံချိန်မမီ အရည်အသွေး ညံ့တာတွေ သွင်းတယ်၊ ဒါလုပ်ကောင်းသလား'

ကျွန်တော်က မပြောဘဲ နေသဖြင့် . . .

'ပြောပါကွ'

'မလုပ်ကောင်းပါဘူး ဦးလေး'

စိန်ကြောင်က စားပွဲအောက်မှနေ၍ ကျွန်တော့် ခြေထောက်ကို ကန်သည်။ အဘိုးကြီးက ဆက်၍ . . .

'မလုပ်ကောင်းတာကို ဒီကောင်လုပ်တယ်၊ မင်းတို့အမြင်မှာတော့ ကုန်ကြမ်း အရည်အသွေး မကောင်းရင် ကုန်ချောမှာပါ ညံ့သွားမယ် ဆိုတာလောက်ပဲ မြင်မယ်၊ ဒါတစ်ချက်ပဲ ရှိသေးတယ်၊ နောက်တစ်ဆင့် ထပ်ပြောပြမယ်၊ အကျင့်ပျက် ဝန်ထမ်းအချို့က အဲ့ဒီအရည်အသွေးညံ့တဲ့ ကုန်ကြမ်းကိုပဲ အပြည့် အဝမသုံးဘဲ အပြင်ကို ပြန်ထုတ်ရောင်းကြသေးတယ်၊ အဲဒီထုတ်ရောင်းတာကို ဘယ်သူက ဝယ်တယ်ထင်သလဲ'

ကျွန်တော်က မသိဘူး ဆိုသည့်သဘော ခေါင်းခါပြသည်။

'ဘယ်သူ ရှိဦးမလဲ၊ ဒီကောင်ကပဲ လျှော့ဈေးနဲ့ ပြန်ဝယ်တာပေါ့'

ကျွန်တော် စိန်ကြောင့်ကို လှည့်ကြည့်တော့ သူက သွားဖြဲပြ၏။

'ဝယ်တယ်ဆိုတာက သဘောအဖြစ် ပြောတာနော်၊ ပစ္စည်းကို တကယ်ပြန် ယူတာ မဟုတ်ဘူး၊ ဘယ်လောက် ဝယ်တယ်ဆိုပြီး သူက ပိုက်ဆံပေးလိုက်တာ၊ ပြီးတော့ အဲဒီအရေအတွက်အတိုင်း စက်ရုံကို ပြန်သွင်းတယ်ဆိုပြီး စာရင်းပြောင်း လိုက်ရုံပဲ၊ လျှော့ဈေးနဲ့ဝယ်ပြီး ပုံမှန်ဈေးနဲ့ ပြန်သွင်းပြီး အမြတ်ယူတဲ့သဘော၊ ဒါ့အပြင် ပစ္စည်းကို သယ်ပို့စရာ မလိုတော့ ကားခလဲ သက်သာသွားသေးတယ်၊ ဒီတော့ ဘယ်သူက နာသလဲ'

'စက်ရုံက နာတာပေါ့'

'မဟုတ်ဘူး၊ ကုန်ကြမ်းကို အပြည့်အဝ မသုံးတဲ့အတွက် အရည်အသွေး မမီတဲ့ ပစ္စည်းတွေ ထွက်လာတယ်၊ ဒီတော့ ကုန်ပစ္စည်းရှားပါးပြီး အပြင်မှာ ဈေးတွေ တက်ကုန်ရော၊ ဟုတ်တယ် မဟုတ်လား'

'ဟုတ်ပါတယ်'

Commercial use of this book will be at your OWN RISK !

'မင်း စဉ်းစားကြည့်စမ်း၊ လူထုမှာ ဘယ်လောက် နစ်နာသလဲ၊ အရည်အသွေးညံ့တဲ့ ကုန်ကြမ်းကို ဈေးတင်ပြီးသွင်းတော့ တစ်ခါနစ်နာတယ်၊ ဒါကိုပဲ အပြည့်အဝမသုံးလို့ နှစ်ခါနစ်နာတယ်၊ အပြင်မှာဈေးကြီးပေးဝယ်သုံးရလို့ သုံးခါ နစ်နာတယ်၊ ပစ္စည်းကလဲ အရည်အသွေးစံချိန်မမီလို့ လေးခါ နစ်နာတယ်၊ ကဲ မဟုတ်လား'

'ဟုတ်ပါတယ် . . ဦးလေး'

'ဒါကြောင့် ဒီကောင့်ကို ငါဆူနေတာ၊ ကိုယ်က တစ်ကျပ်တန်ပစ္စည်းကို ငါးမတ်နဲ့ရောင်းပြီး အမြတ်ယူတာမျိုး ငါလက်ခံနိုင်တယ်၊ တစ်ကျပ်တန်ပစ္စည်းကို တစ်မတ်အမြတ်ယူပါတယ်ဆိုပြီး တကယ်တန်းကျတော့ သုံးမတ်တန်ပဲ ပေးတာမျိုးကျတော့ အမြတ်ကြီး စားတာကွ'

'ကျွန်တော် ပြောပါရစေဦး'

ဆိုပြီး တစ်ချိန်လုံး ဝင်မပြောဘဲနေသော စိန်ကြောင် စကားစသည်။

'သူများတွေလည်း ဒီလိုပဲ လုပ်နေကြတာပဲ အဖေရ'

'သူများလုပ်ပေမယ့် မင်းမလုပ်ရဘူးကွ၊ ကိုယ့်ဦးနှောက်သုံးပြီး ရိုးရိုးအမြတ်စားတာကို ငါကျေနပ်တယ်၊ ခုလို ကလိန်ကကျစ်လုပ်ပြီး ရတဲ့ငွေကျတော့ ငါ မသတီဘူး'

'အဖေက အဲ့ဒါခက်တာပဲ၊ ကျွန်တော် မလုပ်တော့ရော ဘာထူးသလဲ၊ ကျွန်တော့်အစား တခြားလူတစ်ယောက်က ဝင်လုပ်သွားမှာပေါ့၊ ကျွန်တော့် ပိုက်ဆံမရလိုက်တာပဲ ရှိမယ်'

'သူများလုပ်တာတော့ ငါ မတတ်နိုင်ဘူး၊ မင်း မလုပ်ဖို့သာ ငါပြောတာ'

'ဒီလိုရှိတယ် အဖေရ၊ ကျွန်တော်က တော်သေးတယ်၊ သူများတွေလုပ်ရင် ကျွန်တော့်ထက်ဆိုးတယ်၊ ဒီတော့ ကျွန်တော် ဝင်လုပ်တဲ့ အတွက် နည်းနည်း ပိုသက်သာသွားတယ်လို့ မဆိုနိုင်ဘူးလား၊ အဖေပြောသလိုပဲ ကျွန်တော်က သုံးမတ်တန်ပေးတယ်၊ သူများဆိုရင် ပြားခြောက်ဆယ်တန်လောက်ပဲ ပေးမှာ၊ ကျွန်တော့်ကိုတောင် ကျေးဇူးတင်ဖို့ ကောင်းသေးတယ်'

သူ့အဖေက မျက်လုံးပြူးပြီး ကြည့်နေ၏။ ဘာဆက်ပြောရမှန်း မသိ ဖြစ်နေဟန်တူသည်။

တကယ်တော့ သူ့အဖေပြောတာ မှန်သည်။ ကျွန်တော့်အနေဖြင့် သူ့အဖေစကားကို ထောက်ခံခဲ့ခြင်းမှာ ဒီကောင့်ကို သက်သက်မခံချင်အောင် စနေခြင်း မဟုတ်။ သူလုပ်ပုံတွေကို ကျွန်တော်လည်း သဘောမကျသောကြောင့်ဖြစ်၏။

Commercial use of this book will be at your OWN RISK!

ခုနောက်ပိုင်းတွင် စိန်ကြောင် အတော် သောင်းကျန်းလာသည်။ အရင်က ဆိုလျှင် အပင်ပန်းခံ အလုပ်လုပ်ခြင်း၊ လာဘ်မြင်ခြင်း၊ ဦးနှောက်ကို အသုံးပြု ခြင်းတို့ဖြင့်သာ အမြတ်ငွေပိုရအောင် လုပ်သည်။ မတရား လုပ်လေ့မရှိ။

ခုနောက်ပိုင်းကျတော့ ပညာက စုံလာသည်။ ငွေအချောင်ရသည့် နည်းလမ်း တွေ သိလာသည်။ လုပ်အားကို ရင်းတာထက် ငွေကိုရင်းတာက အမြတ်ပိုကျန် ကြောင်း တွက်တတ်လာသည်။

သို့ရာတွင် ရိုးရိုး လုပ်တတ်ကိုင်တတ်သော လုပ်ငန်းရှင် တစ်ယောက်လို ငွေများများရင်းပြီး သင့်တင့်သော အမြတ်ကို ယူခြင်းမျိုးမဟုတ်။ ငွေနည်းနည်း ရင်းပြီး အမြတ်များများ လိုချင်ခြင်းဖြစ်၏။

ထို့ကြောင့် အကြံအဖန်မျိုးစုံကို သုံးလာ၏။ လောဘဇောတက်လာသဖြင့် စည်းမစောင့်ချင်တော့။ ဘယ်လိုလူမျိုးကို လိမ်ရမည်။ မည်သို့သော လူမျိုးကို ရှောင်ရမည်ဟူ၍ မခွဲခြားတော့။ အချင်းချင်းကိုပင် လိမ်ချင် ရိတ်ချင်လာသည်။

ဒါကို သူ့အဖေက လုံးဝမကြိုက်။ သို့ရာတွင် သူ့လက်သူ့ခြေဖြင့် အောင်မြင်မှုရနေသော စိန်ကြောင့်ကို မထိန်းချုပ်နိုင်တော့။

'မင်းတို့ သူငယ်ချင်းကိုလဲ ကြည့်ပြောဦး'

ဟု ကျွန်တော်တို့ကို စစ်ကူခေါ်သည်။

သို့ရာတွင် စိန်ကြောင်ကား သူငယ်ချင်းတွေ စကားကိုလည်း နားမဝင် တော့။ သူငယ်ချင်းတွေက သူ့လောက်မတတ်။ သူ့လောက်မတော် ဟု ထင်လာ သည်။ သူငယ်ချင်းတွေ စီးပွားရေး အဆင်မပြေတာ၊ အလုပ်အကိုင် အပေါက် အလမ်း မတည့်တာတွေမှာ ညံ့ဖျင်းလို့၊ အလုပ်ကို လက်ကြောတင်းအောင် မလုပ်ချင်လို့ ဟု သူကယူဆသည်။

ပိုဆိုးတာက သူသည် ဘဝင်ကိုင်တတ် လာခြင်းပင်ဖြစ်၏။ သူ၏ စီးပွားရေး သောင်းကျန်းမှုများကို ရှုတ်ချပြောဆိုသော သူငယ်ချင်းများကို အဖက် မတန်သလို ဆက်ဆံချင်လာသည်။

သူသည် ဘတ်စ်ကားကို လုံးဝမစီးတော့။ သူငှားထားသော နန်းကြင်၏ ကားကိုသာ စီးသည်။ နောက်တော့ နန်းကြင်နှင့်လည်း မပြေမလည် ဖြစ်လာ သည်။ နန်းကြင်က ပိုက်ဆံချေးငှားပြီး စိန်ကြောင့်ဆီက ယူထားသည့် စပေါ် ပြန်အမ်းလိုက်သည်။ ဒီကောင်နှင့် အလုပ်ဆက်လုပ်လို့ မဖြစ်နိုင်တော့ကြောင်းကို နန်းကြင်က ပြောသည်။

Commercial use of this book will beat your OWN RISK !

‘ဒီကောင် တဖြည်းဖြည်း အချိုးပြောင်းလာတာကွ၊ ငါ့ကို သူငယ်ချင်းလို မဆက်ဆံဘဲ သူ့အလုပ်သမား၊ သူ့ဒရိုင်ဘာလို ဆက်ဆံလာတယ်၊ စက္ကူထုပ်တွေ ဘာတွေ တင်စရာချစရာရှိရင် ငါက သယ်ရတယ်၊ ဒီကောင်က အခန့်သား ရပ်ကြည့်နေတာပဲ၊ နောက်ပြီး တစ်ခါတစ်လေ ဧည့်သည်တွေဘာတွေ ပါလာလို့ လက်ဖက်ရည် ဆင်းသောက်တဲ့အခါ ငါ့ကို မခေါ်တော့ဘူး၊ ဒရိုင်ဘာမို့ ခေါ်စရာမလိုဘူး ဆိုတဲ့ အပေါက်မျိုးပေါ့ . . .

ထားပါတော့ . . ဒါကို ငါသည်းခံနိုင်ပါတယ်၊ ငါမကြိုက်တာက ကားနဲ့ သွားတုန်း သူငယ်ချင်းမိတ်ဆွေ တစ်ယောက်ယောက် ဘတ်စ်ကားမှတ်တိုင်မှာ စောင့်နေတာတွေ့ရင် မမြင်ချင်ယောင် ဆောင်တတ်တယ်ကွ၊ ဒါမှမဟုတ်လဲ ကားပေါ်ကနေ မိန့်မိန့်ကြီးပြုံးပြီး လက်ပြရုံလောက်ပဲ၊ တကယ်ဆိုရင် ကားရပ်ပြီး ဘယ်သွားမလို့လဲ မေး၊ လမ်းကြုံရင် တင်ခေါ်သွားသင့်တာပဲ၊ ဒါကို ဒီကောင်က မကြိုက်ဘူးကွ၊ ရှုပ်တယ် ဘာညာ ပြောလာတယ်၊ ဒီကောင့် သောက်ချိုးတွေ မကြိုက်တာနဲ့ သူ့စပေါ် ပြန်အပ်ပြီး ဒီကောင်နဲ့ အဆက်ဖြတ်လိုက်တာပဲ’

နန်းကြင်လိုပင် တခြား သူငယ်ချင်းတွေကလည်း ပြောကြသည်။ ဆင်းရဲသည့် သူငယ်ချင်းတစ်ယောက်က ငွေသွားချေးရာတွင် မင်းတို့လို လက်ကြော တင်းအောင် မလုပ်ချင်တဲ့ကောင်တွေ တစ်သက်လုံး လူမွဲတောင် ပြောင်မှာ မဟုတ်ဘူးဟု ပြောလွှတ်လိုက်သည်ဟု ဆိုသည်။ နောက်တစ်ယောက်ကျတော့ အင်္ကျီခပ်စုတ်စုတ် ဝတ်ထားတာ ကြည့်ပြီး မင်းအင်္ကျီ ချွတ်ထားခဲ့ကွာ၊ ငါ့စက်သုတ်စရာ အဝတ်စုတ်မရှိလို့ ဟု ပြောသည်တဲ့။

ငယ်ငယ်က ဘတ်စ်ကား ငါးပြားလမ်းကို အမြဲခိုးစီးသည်။ စပယ်ယာ မမြင်အောင် လူကြားထဲ ဝင်ပုန်းနေတတ်သည်။ စပယ်ယာမိသွား၍ နားရင်း အအုပ်ခံရတာလည်း အကြိမ်ကြိမ်။ ခုတော့ ဖန်မလီယာကားပေါ်က မဆင်းတော့။

ဒီကားကလည်း စပေါ်တင်ပြီး ငှားထားခြင်း ဖြစ်၏။ သူလည်းစီး၊ ပရိုက်ဗိတ်တက်စီ အဖြစ်လည်းဆွဲ၊ ဓာတ်ဆီလည်း ထုတ်ရောင်း ဆိုသလို အသုံးပြုနေခြင်းပင်။ သူ့အနေဖြင့် ကားဝယ်စီးမည် ဆိုလျှင် စီးနိုင်သည်။ အမြတ်ခွန်ကို ကြောက်၍ မဝယ်သေးခြင်းဖြစ်၏။

ငယ်ငယ်က ဆံပင်ညှပ်လျှင် ဆယ်ပြားသက်သာအောင် နို့ကုလားတွေ ညှပ်သည့် ပြားလေးဆယ်ဆိုင်မှာ ညှပ်သည်။ ခုကျတော့ အအေးခန်း ဂရိတ်ဆံသ ကလွဲလျှင် မညှပ်ဘူးဟု ဆိုလာသည်။

Commercial use of this book will be at your OWN RISK!

အရင် လေးပိုင်း စပ်ထားသော (ကျွန်တော်တို့အခေါ် လေးကွက်ကျား) စွပ်ကျယ် ဝတ်ခဲ့သူက အခု သုံးလေးရာတန် စပို့ရှပ် ခါးကမချတော့။ အိမ်နေရင်း မှာပင်လျှင် အင်ဒီးယားစွပ်ကျယ် အချောစားမှ ဝတ်သည်။ ပုဆိုးဆိုလျှင်လည်း ခရုပလေကတ် အစစ်မှ။

ရာဘာဖိနပ်မြီးတို၊ သို့မဟုတ် အောက်ခြေအစား သက်သာအောင် သံမှိုရိုက်ထားသော ခုံဖိနပ်စီးခဲ့သူက ခုကျတော့ ကတ္တီပါဖိနပ်ကို သဲကြိုးနည်းနည်း ပွန်းလျှင် သူ့စက်သမားကို ပေးပစ်လိုက်သည်ဟု ဆိုလာ၏။

သူ့ဘာသာ ပိုက်ဆံရှိလာလို့ အနေအထိုင် ပြောင်းလာတာကို ဘာမှပြောစရာ မရှိသော်လည်း သူငယ်ချင်းတွေအပေါ် ခပ်ကျော့ကျော့ ဆက်ဆံလာတာကိုတော့ သည်းမခံနိုင်ကြ။

စိန်ကြောင်ကလည်း ဒါကို သဘောမပေါက်။ သူအောင်မြင်တာ၊ သုံးစွဲနိုင်တာကို မနာလိုလို့ဟူ၍ပင် စွပ်စွဲချင်လာ၏။ ထို့ကြောင့် သူငယ်ချင်းတွေနှင့် တဖြည်းဖြည်း ကင်းကွာလာသည်။ သူ့ကို ဝိုင်းပယ်ထားကြသည်။

သူကလည်း ဂရုမစိုက်။

နောက်ဆုံး ကျွန်တော်နှင့် ပြဿနာတက်သည်။ ကျွန်တော်နှင့် ပတ်သက်ပြီး စိန်ကြောင်နှင့် သိခဲ့သော မိတ်ဆွေတစ်ယောက်နှင့် ပတ်သက်၏။ ထိုမိတ်ဆွေနှင့် စိန်ကြောင်တို့ အလုပ်စပ်တူ လုပ်ကြ၏။ ထိုသူက ငွေစိုက်ထုတ်ရသည်။ အမှန်တော့ စိန်ကြောင်သည် သူ့မှာ ငွေအခက်အခဲဖြစ်နေတုန်း မိတ်ဆွေ၏ငွေကို လှည့်သုံးလိုက်ခြင်းသာ ဖြစ်၏။

ထိုလုပ်ငန်းမှာလည်း တကယ်လုပ်ဖြစ်သလား၊ မလုပ်ဖြစ်သလား မသိ။ နောက်ပိုင်းကျတော့ ရှုံးတယ်ဆိုပြီး ဟိုလူထည့်ထားသည့် ငွေ သုံးသောင်းမှ နှစ်သောင်းသာ ပြန်ပေးသည်။ ထိုမိတ်ဆွေက ကျွန်တော့်ကို လာပြောသဖြင့် စိန်ကြောင့်ကို မေးကြည့်သည်။

'အေးလေကွာ၊ ငါလဲ အဆင်ပြေမယ်ထင်တာ၊ ကံမလိုက်ဘူးပဲ ဆိုကြပါစို့.'

'ဘာလုပ်ငန်းမို့လဲ'

ဟု ကျွန်တော်က မေးသောအခါ . .

'စက္ကူပေါ့ကွာ၊ အဲ . . . စက္ကူတွေ ဝယ်လှောင်တာ ဆိုပါတော့'

ကျွန်တော့်စိတ်ထဲ တစ်မျိုးဖြစ်သွား၏။ ဆိုပါတော့ ဟူသော စကားက မသေချာ မရေရာသည့်သဘော။ တခြား သူ့လုပ်ငန်းတစ်ခုခုမှာ ထည့်လိုက်တာ ဖြစ်ကောင်းဖြစ်မည်။

Commercial use of this book will be at your OWN RISK !

'မင်းလုပ်တဲ့အလုပ်က ရှုံးတယ်ဆိုတာ ငါတော့ တစ်ခါမှ မကြားဖူးသေးဘူး'

'ဘာလဲ . . . မင်းက ငါ့ကို မယုံလို့လား'

'ဘာပဲဖြစ်ဖြစ်လေ၊ စာရင်းနဲ့ တိတိကျကျ လုပ်သင့်တာပေါ့'

'သူ့ကို ငါက မြတ်ပါစေ့မယ်လို့ အာမခံခဲ့တာမှ မဟုတ်ဘဲ၊ စီးပွားရေး လုပ်တယ်ဆိုတာ ရှုံးတဲ့အခါလည်း ရှိတာပဲ'

ကျွန်တော်က စက္ကူ ဘာအမျိုးအစားလဲ၊ ဘယ်ဈေးနဲ့ ဝယ်တာလဲ၊ အခု ဘယ်ဈေးပေါက်နေလို့လဲ၊ ဘာကြောင့် အရှုံးခံ ရောင်းရတာလဲ စသည်ဖြင့် စစ်စစ်ပေါက်ပေါက် မေးသောအခါ သူ ဒေါကန်လာသည်။

'စကားမရှည်နဲ့ကွာ၊ သူ့ငွေတစ်သောင်း ငါပြန်ပေးမယ်'

'ဘယ်တော့ ပေးမလဲ'

'ဒါတော့ မပြောနိုင်ဘူး၊ အဆင်ပြေတဲ့အခါ ပေးမယ်၊ ဒါမှ မကျေနပ်လဲ မတတ်နိုင်ဘူး၊ ငါက စိုက်ပေးရမှာ'

'မင်းလား ငွေတစ်သောင်းကို စိုက်ပေးမယ့်ကောင်၊ မင်းအသုံးလွန်ထားရင် လွန်ထားတယ်ပြော၊ ခုလို လုည့်ပတ်မနေနဲ့'

ဟု ပြောရာကအစ စကားများကြသည်။ နောက်တော့ ခုကိစ္စနဲ့ မဆိုင်သည့် အကြောင်းတွေပါ ပါလာသည်။ သူက . . .

'မင်းလိုကောင်ကို လုံးဝ သောက်ဂရုမစိုက်ဘူး၊ မင်းဝတ္ထုတစ်ပုဒ် ရေးလို့ရတဲ့ ငွေက ငါ့ဖိနပ် တစ်ရန်ဖိုးတောင် မရှိဘူး'

ဟု ပြောသဖြင့် ကျွန်တော်က . . .

'ဩ . . . ဟုတ်လား၊ မင်းဘယ်တုန်းက ဖိနပ်စစီးဖူးတာလဲ၊ မင်းရဲ့ လက်ဝါးတံဆိပ် ရာဘာဖိနပ်မြီးတိုကို ငါ့ကတ္တီပါဖိနပ်နဲ့ လာလဲသွားတုန်းကမှ မင်းကတ္တီပါဖိနပ် စစီးဖူတာမဟုတ်လား'

ငယ်ကျိုးငယ်နာတွေ ဖော်ပြီး ရင့်ရင့်သီးသီးပြောကြသည်။ ထိုအခါမှစ၍ သူနှင့် အဆက်ပြတ်သွားခြင်းပင်ဖြစ်၏။

× × × × × × ×

Commercial use of this book will beat your OWN RISK !

## အခန်း ( ၁၇ )

စိန်ကြောင်နှင့် အဆက်ပြတ်နေသဖြင့် သူဘာတွေလုပ်နေမှန်း မသိရ။ နောက်ပိုင်းကျမှ ပြန်သိရခြင်းဖြစ်၏။

သူသည် အကွက်ကောင်းတစ်ခု တွေ့ထား၏။ အဆင်ပြေလျှင် အမြတ်အစွန်း အများအပြားရမည့်ကိစ္စ။ ကန်ထရိုက်လုပ်ငန်းတစ်ခု ဖြစ်၏။ သို့ရာတွင် ကန်ထရိုက်ကို ချပေးနိုင်သည့် ဌာနအကြီးအကဲက အမျိုးသမီးတစ်ဦး ဖြစ်နေသည်။

အသက် လေးဆယ်ကျော်လောက် ရှိသည့် အပျိုကြီးတစ်ဦး။ ရုပ်ကတော်တော်ဆိုးသည်။ အပေါက်လည်း ဆိုးသည်။ စည်းကမ်းလည်း ကြီးသဖြင့် စိန်ကြောင့်အဖို့ ဝင်မလွယ်ဘဲ ဖြစ်နေ၏။

အလုပ်ကိစ္စအတွက် ဆက်ဆံရမည့်သူမှာ မိန်းမဖြစ်နေလျှင် စိန်ကြောင် အလွန်စိတ်ညစ်သည်။ မိန်းမများကို ချဉ်းကပ်ရတာ မလွယ်။ ယောကျ်ားတွေကျတော့ ရှင်းသည်။ ဘာကြိုက်တတ်လဲ မေးလိုက်ရုံပင်။

မိန်းမတွေကား ချဉ်းကပ်ရခက်သည်။ သူတို့ ဘာကြိုက်သလဲ သိဖို့မလွယ်။ သိတယ်ထားဦး၊ ပေးတာကြိုက်ချင်မှ ကြိုက်သည်။ တချို့က လက်ဆောင်ပေးတာကို စော်ကားသည်ဟု ထင်ချင် ထင်တတ်သည်။ လက်ဆောင်ယူတတ်သည့်တိုင် အဆင်သင့်ချင်မှ သင့်သည်။

တစ်ခါက သူကြုံဖူးသည်။ အင်ဒိုနီးရှားပါတိတ် ကြိုက်တယ်ဆို၍ ထောင်ကျော်တန် ဝမ်းဆက်တစ်အုပ် ဝယ်ပေးသည်။ မယူဘဲ ပြန်ပေးလိုက်၏။ နောက်မှ သိရသည်။ ဗေဒင်ဆရာက အနီရောင်အဝတ်အထည် အဝင်မခံနှင့်၊ အသက်အန္တရာယ်ရှိသည်ဟု ဟောထားလို့တဲ့။ စိန်ကြောင်ပေးသည့် အစကအနီဆင်ကြီး ဖြစ်နေသောကြောင့်ပင်။

Commercial use of this book will be at your OWN RISK !

ခုဟာကျတော့ ပိုဆိုးသည်။ အပျိုကြီး ဖြစ်နေသည့်အပြင် စည်းကမ်းကလည်း ကြီးသေးသည်။ ဝင်ဖို့မလွယ်။ သို့ရာတွင် စိန်ကြောင်က မြင်တတ်သည်။ ထိုအမျိုးသမီးကြီး၏ စားပွဲပေါ်မှာ စိပ်ပုတီးတစ်ကုံး အမြဲတွေ့တတ်သဖြင့် နံ့သာဖြူပုတီးတစ်ကုံး လက်ဆောင် ပေးကြည့်သည်။ အခြေအနေ တိုးတက်လာ၏။

နောက်တော့ ဒီလိုမိန်းမမျိုးကြီးတွေ ကြိုက်တတ်သော လိပ်ခွံဘီး အစစ်ရှာပြီးပေးသည်။ သူ ကပ်ပေါင်းထားသော စာရေးမလေး၏ သတင်းပေးချက်အရ ဒက္ခိဏသာခါ ဘုရားတစ်ဆူ ထုပေးလိုက်သည်။

စိန်ကြောင့်အပေါ် ဆက်ဆံရေး ပျော့ပြောင်းလာ၏။ သို့ရာတွင် သူလိုချင်သည့် အခွင့်အရေးတော့ မရသေး။ ထို့ကြောင့် တစ်မျိုး ထပ်ကြံသည်။ အပျိုကြီးကို အတွဲရှာပေးဖို့ပင် ဖြစ်၏။

သူနှင့် လုပ်ဖော်ကိုင်ဖက် အရာရှိ လူပျိုကြီးတစ်ယောက် ရှိသည်။ မိန်းမတွေကို စိတ်မဝင်စားလို့ လူပျိုကြီးလုပ်နေခြင်း မဟုတ်ကြောင်း သူကောင်းကောင်းသိသည်။ လူပျိုကြီးကို အပျိုကြီးအကြောင်း စကားစပ်ကြည့်သည်။ စိတ်ဝင်စားဟန်ပြ၏။

သို့နှင့် တစ်ရက်တွင် အကြောင်းတစ်ခုရှာပြီး အပျိုကြီး၏ ရုံးသို့ ခေါ်သွားသည်။ အပြန်ကျတော့ ဘယ်လို သဘောရသလဲ မေးကြည့်၏။ လူပျိုကြီးက ရှုံ့ရှုံ့မဲ့မဲ့ ပြောသည်။

'ခင်ဗျားနယ်ဗျာ၊ ဒီလောက် အရုပ်ဆိုးတာကြီးကိုများ ကျုပ်နဲ့ အောင်သွယ်ပေးဖို့ စိတ်ကူးရက်ပလေတယ်၊ သူ့အခန်းဝက စားပွဲက စာရေးမလေးဆိုဟုတ်သေးတယ်'

အေပေးကြီး . . တော်တော်ကြိုက်တတ်တယ် ဟု စိန်ကြောင် စိတ်ထဲက ပြောမိ၏။ သေသေချာချာ စဉ်းစားကြည့်လျှင် ဟုတ်တော့လည်း ဟုတ်သား။ ဒီလို ရုပ်ဆိုးဆိုးကြီးကို ဘယ်သူက ကြိုက်ချင်မလဲ။ ဒီလိုစဉ်းစားမိတော့ သူ့ခေါင်းထဲ ဖျတ်ခနဲ တစ်ချက် လက်သွား၏။

ဒီမိန်းမကြီး အပျိုကြီးဖြစ်နေတာ အာသဝေါကုန်ခမ်းနေလို့ မဖြစ်နိုင်။ အရုပ်ဆိုးလို့ ကြိုက်မယ့်လူ မရှိတာပဲ ဖြစ်ရမည်။ ခုနေခါ သူ့ကို ကြိုက်မယ့်လူ ရှိလာလျှင် . . .။ မမနှင့်မောင်လေး ဇာတ်လမ်းမျိုး ဖန်တီးကြည့်လျှင် ဖြစ်နိုင်စရာ အကြောင်းရှိသည်။ နောက် ကိုယ့်ကိစ္စ အဆင်ပြေတော့ ရှောင်နေလိုက်ရုံပေါ့။

Commercial use of this book will beat your OWN RISK !

ဒီလိုအချိန်မှာပင် တိုက်တိုက်ဆိုင်ဆိုင် ထိုအမျိုးသမီးကြီးသည် မိန်းမရောဂါနှင့် ဆေးရုံတက်ရ လေတော့သည်။

စိန်ကြောင်က ထိုအခွင့်ကောင်းကို လက်လွှတ်မခံဘဲ ဆေးရုံသို့ နေ့တိုင်းသွားသည်။ အားပေးစကား ပြောသည်။ လိုအပ်သည့် ဆေးဝါးများရအောင် ရှာပေးသည်။ ကြင်နာယုယဟန်ပြသည်။

ဤသို့ဖြင့် သူတို့နှစ်ယောက် သံယောဇဉ် ငြိတွယ်ခဲ့ကြလေသည်။

ထို့အပြင် အရင်က မသိခဲ့ရသော အချက်နှစ်ချက်ကိုလည်း ထပ်မံသိရှိခဲ့ရ၏။ ပထမအချက်က ထိုအစ်မကြီးသည် သူထင်သလို အပျိုကြီးမဟုတ်၊ မုဆိုးမဖြစ်သည်။ ကလေးတစ်ယောက် ရှိသည်။ ဒုတိယအချက်က ချမ်းသာ ကြွယ်ဝသည်။ မြို့လယ်မှာ တိုက်ခန်းတစ်ခန်းရှိသည်။ ဘဏ်မှာ ငွေအတော်များများအပ်ထားသည်။ အတွင်းပစ္စည်းတွေလည်း မခန့်မှန်းနိုင်အောင် ရှိသေးသည်။

စိန်ကြောင်သည် ကန်ထရိုက်လုပ်ငန်းရဖို့ စိတ်ကူးကို စွန့်လွှတ်လိုက်ရသည်။ အစ်မကြီးသည် ဘယ်လောက် လှူချင်း ရင်းနှီးပါစေ၊ အလုပ်ကိုတော့ စည်းကမ်းအတိုင်းသာ လုပ်တတ်ကြောင်း သိလာသောကြောင့်ပင်ဖြစ်၏။

ကန်ထရိုက်လုပ်ငန်းကို စွန့်လွှတ်လိုက်ရသော်လည်း . . .

× × × × × × ×

Commercial use of this book will be at your OWN RISK !

## အခန်း ( ၁၈ )

စိန်ကြောင် လက်ထပ်တော့မည် ဆိုသဖြင့် အားလုံး အံ့သြကြရသည်။ ကျွန်တော်တို့အမြင်မှာ ဒီကောင် ဒီတစ်သက် မိန်းမရတော့မည်ဟု မထင်ခဲ့။ သူကလည်း . . .

'မိန်းမတစ်ယောက် ယူမယ့်အစား ပုံနှိပ်စက် အသစ်တစ်လုံး ထပ်ဝယ်လိုက်မှာပေါ့ကွ၊ ပုံနှိပ်စက်က နားပူနားဆာလည်း မလုပ်ဘူး၊ စိန်နားကပ် ပန်ချင်တယ်လည်း မပြောဘူး၊ ဝင်ငွေတောင် ရသေးတယ်'

ဟု ပြောခဲ့ဖူး၏။ ပို၍ အံ့သြဖို့ကောင်းတာက သူနှင့်လက်ထပ်မည့်သူမှာ အသက်ကြီးကြီး အရုပ်ဆိုးဆိုး မုဆိုးမတစ်ယောက် ဖြစ်နေခြင်းပင်။

သူ့အမေက လုံးဝသဘောမတူ။ သွေးတွေတက်ပြီး မူးမေ့သွားသဖြင့် အတော်ကုယူရသည်။ သူ့အဖေကတော့ ခပ်အေးအေးပင် . . .

'တစ်နေ့ ဒီကောင် မိန်းမယူဖို့ စိတ်ကူးတဲ့အခါ တစ်ခုလပ်ဖြစ်ဖြစ် မုဆိုးမဖြစ်ဖြစ် တစ်ယောက်ယောက်ကိုပဲ ရမှာပဲလို့ ငါ့အစောကြီးကတည်းက တွက်ထားပြီးသားပါ' ဟု ပြော၏။

ကျွန်တော်တို့ သူငယ်ချင်းတွေထဲမှာလည်း ဝိဝါဒကွဲကြသည်။ တချို့က ဟိုမိန်းမကြီးက ချမ်းသာလို့ သိုက်တူးတာပါဟု ဆိုသည်။ တချို့ကျတော့ စိန်ကြောင်သည် မိန်းမနှင့် ပတ်သက်၍ အတွေ့အကြုံ လုံးဝမရှိသဖြင့် ဒါကြီးကိုပင် အရူးအမူး ဖြစ်သွားတာဟု ထင်သည်။

စိန်ကြောင်က သူ့မင်္ဂလာဧည့်ခံပွဲသို့ သူငယ်ချင်းတွေကို ဖိတ်သည်။ သူ့အပေါ် အခဲမကျေတာတွေ ရှိနေသဖြင့် သူ့မင်္ဂလာပွဲကို မသွားဘဲ သပိတ်မှောက်မည်ဟု ပြောကြသည်။

Commercial use of this book will be at your OWN RISK !

ကျွန်တော်က ဖျောင်းဖျရ၏။ သူက တကယ်လာစေချင်လို့ သတိတရ ဖိတ်တာပဲ၊ အများကြီးလည်း မဖိတ်ဘူး၊ အရင်းနှီးဆုံး လူတွေပဲ ဖိတ်တယ်လို့ ပြောသွားတယ် ဟု ဆိုမှ သွားဖို့ သဘောတူကြ၏။ လက်ဖွဲ့အတွက်ကျတော့ ကျွန်တော်လည်း သူတို့နှင့် တစ်သဘောတည်းရှိသည်။ ဒီကောင် ကျွန်တော်တို့ကို ဒုက္ခပေးပေါင်းများပြီ။ ဒီတစ်ခါ ပညာပေးရမည်ဟု ယူဆကြပြီး လက်ဖွဲ့ဘူးထဲတွင် စိပ်ပုတီး၊ ဆံပင်ဆိုးဆေး၊ ယောဂီတဘက် စသည်တို့ ထည့်ပေးကြသည်။

သူ့မင်္ဂလာဧည့်ခံပွဲက အကျဉ်းချုံး၍ ပြုလုပ်သည်။ စားသောက်ဆိုင်တစ်ခုမှာ ရင်းနှီးသူ လူသုံးဆယ်ကျော်လောက်ကို ကျွေးမွေးခြင်းဖြစ်၏။ ဧည့်ခံပွဲကို သူ့အမေက မလာ။ သူ့အဖေကတော့ မျက်နှာ လာပြသွားသည်။

ညဘက်ကျတော့ ကျွန်တော်တို့ သူငယ်ချင်းအုပ်စုကို ရွှေကိန္နရီ စားသောက်ဆိုင်တစ်ခုမှာ အရက်တိုက်သည်။ စားသောက်ကြရင်း သူ့ကို အမျိုးမျိုး ဝေဖန်တိုက်ခိုက်ကြ၏။ တစ်ချို့က . . .

'မင်းဟာ ဘချလာနိုက်တာ မဟုတ်ဘူး၊ ဘာလချောင်နိုက်ပဲ'

ဟု ဆိုသည်။ တချို့က ယုတ်ယုတ်မာမာတွေ ပြောကြသည်။

'မင်းဟာ မြစကြာရဲ့ ဝတ္ထုတွေထဲက သိုက်ဆရာတွေထက်တောင် အစွမ်းထက်သေးတယ်' ဟု မြှောက်ဆော်သည်။

သူသည် အံ့သြစရာကောင်းလောက်အောင် သည်းခံနေ၏။ ဒါတင်မက သူကတောင် ပြန်ပြီး ဝန်ချတောင်းပန်နေသေးသည်။

'ငါ့ကို မင်းတို့ အရင်က ဝေဖန်ခဲ့တာတွေ မှန်တယ်ကွာ၊ အစကတော့ မင်းတို့နဲ့ မပေါင်းဘဲလဲ နေနိုင်တယ်လို့ ထင်ခဲ့တယ်၊ ဒါပေမယ့် မဟုတ်ဘူးကွ၊ စီးပွားရေးလောကထဲမှာ ပေါင်းသင်းနေရတဲ့ လူတွေဟာ တစ်ယောက်မှ စိတ်မချရဘူး၊ အခွင့်အရေးရရင် လစ်ရင် လှီးမယ့် ခုတ်မယ့် လူတွေချည်းပဲ၊ ဒါကြောင့် အမြဲသတိထားနေရတယ်၊ ကြာတော့ ယုံယုံကြည်ကြည်နဲ့ ပွင့်ပွင့်လင်းလင်း ပြောဆိုဆက်ဆံလို့ရတဲ့ မင်းတို့ကို သိပ်သတိရလာတယ်၊ ငါ မင်းတို့နဲ့ ကင်းကွာပြီး နေလို့မရဘူးဆိုတာ သိလာပါပြီကွာ'

ဆက်လက်၍ ကျွန်တော်တို့ အံ့သြရသော ကိစ္စတစ်ခုကို ပြောပြန်သည်။

'ငါအခု အကြံအဖန် စီးပွားရေးလောကကို ကျောခိုင်းလိုက်ပြီ၊ ဒါတွေ ဆက်လုပ်နေရင် တစ်နေ့နေ့ အန္တရာယ်နဲ့တွေ့ပြီး ဒုက္ခရောက်မယ်လို့ ငါ့အစ်မကြီးကလဲ ပြောတယ်ကွ၊ ဒါကြောင့် ငါအခု အော့ဖ်ဆက်ပုံနှိပ်စက် အကြီးတစ်လုံး၊

Commercial use of this book will be at your OWN RISK !

အသေးတစ်လုံးဝယ်ပြီး အတည်တကျ လုပ်တော့မယ်၊ ရှေ့လျှောက်ပြီး မင်းတို့ဖြစ်စေချင်တဲ့ ပုံစံအတိုင်း ငါနေသွားမှာပါကွာ' ဟု ပြောသည်။

ဝိုင်းသိမ်းကြတော့ လူစုခွဲပြီး ပြန်ကြရာ နောက်ဆုံး စိန်ကြောင်နှင့် ကျွန်တော် နှစ်ယောက်ပဲ ကျန်သည်။

သူက . . .

'ငါ့အိမ် လိုက်ခဲ့ဦးကွာ၊ ပြီးတော့ မင်းကို ကားနဲ့ ပြန်ပို့ပေးပါ့မယ်'

ဟု ဆိုသဖြင့် လိုက်သွားသည်။

တစ်လမ်းလုံး စကားမပြောဖြစ်ကြ။ သူတို့နေသည့် တိုက်ခန်းရှိရာ လမ်းထဲဝင်လာသောအခါ ကျွန်တော် မနေနိုင်တော့သဖြင့် တစ်ခုမေးလိုက်၏။

'မင်း ဒီအစ်မကြီးကို ဘာကြောင့်ယူတာလဲ'

သူက ပြုံးသည်။

'သူဟာ အရုပ်ဆိုးပေမယ့် သဘောထားပြည့်ဝတယ်၊ ဆွဲဆောင်မှုရှိတယ်၊ ငါ့အနေနဲ့ သူ့ကို တကယ်ချစ်တာလို့ပြောရင် ဘယ်သူမှ ယုံမှာ မဟုတ်ဘူး၊ သူ့ပစ္စည်းတွေကို မက်မောတာကို ကာကွယ်ချင်လို့ ဒီလိုပြောတာပဲလို့ ထင်ကြမှာပဲ၊ ဒါကြောင့် မပြောတာ အကောင်းဆုံးဖြစ်မယ် ထင်တယ်'

တိုက်ခန်းရှေ့ရောက်တော့ သူက တံခါးကို လှုပ်လိုက်သည်။ အစ်မကြီး ချက်ချင်းထွက်လာပြီး တံခါးဖွင့်ပေး၏။ ကျွန်တော့်ကို မြင်ပြီး . . .

'ဧည့်သည်လဲ ပါတာကိုး၊ ဝင်ပါ'

ဟု ပျူငှာစွာ ခရီးဦးကြိုပြု၏။ စိန်ကြောင့်ကိုလည်း . . .

'ကားယူသွားပါလို့ ပြောတာ၊ ဘာဖြစ်လို့ မယူတာလဲ' မေးသည်။

'နီးနီးလေးပဲ၊ ဒီကောင့်ကို ပြန်ပို့မှ ယူသွားတော့မယ်'

'သံပုရာရည် သောက်မလား၊ လန်းဆန်းသွားအောင်'

'ဟင့်အင်း . . . ဘလက်ကော်ဖီနဲ့ သံပုရာသီးပဲ လုပ်ပါ'

အစ်မကြီးက နောက်ဘက်ဝင်ပြီး ချက်ချင်း ပြန်ထွက်လာသည်။ ရေမွှေး မျက်နှာသုတ်ပုဝါ အိတ်ကလေးတွေ လာပေးခြင်းဖြစ်၏။ ရေခဲသေတ္တာထဲက ထုတ်လာခြင်းဖြစ်၍ အေးမြနေသည်။ အိတ်ကိုဖောက်ပြီး မျက်နှာသုတ်လိုက်သောအခါ လန်းဆန်းသွား၏။

ကျွန်တော်သည် ဧည့်ခန်းထဲ မျက်စိကစားကြည့်လိုက်ရာ အခန်းထောင့်မှာ ထောင်ထားသော စက်ဘီးတစ်စီးကို မြင်ရ၏။ ဒီစက်ဘီးကို ကျွန်တော် ကောင်းကောင်း မှတ်မိသည်။

Commercial use of this book will be at your OWN RISK !

စိန်ကြောင်ငယ်ငယ်က နွားနို့ပို့ခဲ့သည့် စက်ဘီးဖြစ်၏။ ဒီစက်ဘီးကို ရအောင် ဒီကောင် ဘယ်လို ကြံစည်ခဲ့ကြောင်းကိုလည်း သတိရလိုက်၏။

သူက . . .

'ဒီစက်ဘီးလေးဟာ ငါ့ဘဝကို အများကြီး အထောက်အကူ ပြုခဲ့တဲ့ ကျေးဇူးရှင်ပဲ၊ ဒါကြောင့် ငါအမှတ်တရအနေနဲ့ ငါအမြတ်တနိုး သိမ်းထားတာ'

ဒီကောင် ဘဝမမေ့ပါလား ဟု ကျေနပ်စွာ တွေးလိုက်၏။ သူ့ကိုလည်း ချီးကျူးသည့်အနေနှင့် ကြည့်လိုက်သည်။

ထိုစဉ် နောက်ဘက်အခန်းမှ မိန်းကလေးတစ်ယောက် ထွက်လာ၏။ ကော်ဖီကြမ်းပန်းကန်များကို စားပွဲပေါ် လာတင်ပေးသည်။

စိန်ကြောင်က . . .

'ဒါ . . အစ်မကြီးရဲ့သမီးလေ'

ဟု မိတ်ဆက်ပေးသည်။ ကောင်မလေးက ပြုံးပြ၏။ ကျွန်တော် အံ့အား သင့်သွားရသည်။ အစ်မကြီးမှာ သမီးလေးတစ်ယောက် ရှိကြောင်းကိုတော့ သိခဲ့၏။ ဒီလောက် အရွယ် ရှိနေလိမ့်မည်ဟူ၍ မထင်ခဲ့။ ကောင်မလေးသည် အသက်ဆယ့်ခြောက်နှစ်၊ ဆယ့်ခုနစ်နှစ်လောက် ရှိမည်။

ပိုပြီး အံ့သြသွားရတာက အစ်မကြီးက ရုပ်ဆိုးသလောက် သူ့သမီးက တော်တော် လှနေခြင်းပင်ဖြစ်၏။ အပျိုဖြစ်ခါစ ဆိုသည့်တိုင် ကိုယ်ခန္ဓာက အတော်ဖွံ့ထွားနေပြီ။ နောက်တစ်နှစ်နှစ်နှစ် ဆိုလျှင် . . .

ကျွန်တော် စိန်ကြောင့်ကို လှမ်းကြည့်လိုက်သည်။ သူက အသိရခက်သော အပြုံးနှင့် ကျွန်တော့်ကို ပြန်ကြည့်ရင်း ဖျတ်ခနဲ မျက်စိတစ်ဖက် မှိတ်ပြလိုက်၏။

'မအေ . . .'

ကျွန်တော် အသံမထွက်ဘဲ ပါးစပ်လှုပ်၍ တစ်ခွန်းဆဲလိုက်မိ၏။

× × × × × × ×

Commercial use of this book will be at your OWN RISK !

ထိုညက ကျွန်တော် အိပ်မက်မက်သည်။ အိပ်မက်မှာ အောက်ပါအတိုင်းဖြစ်၏။

နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၌ ကမ္ဘာကြီးကို လေလံတင်သည့် အခမ်းအနား ပြုလုပ်သည်။ အမေရိကန်၊ ဆိုဗီယက်၊ ဗြိတိန်၊ ပြင်သစ်၊ တရုတ် စသော နိုင်ငံကြီးများမှ ခေါင်းဆောင်များသည် သူ့ထက်ငါ အပြိုင်အဆိုင် ဆွဲယူရန် ရောက်ရှိနေကြသည်။

ခဏအကြာတွင် စိန်ကြောင်နှင့် အတွင်းရေးမှူးချုပ်တို့ တစ်ယောက်လည်ပင်း တစ်ယောက်ဖက်လျက် ခန်းမထဲ ဝင်လာသည်ကို တွေ့ကြရလေတော့သည်။

*မင်းလူ*
*၂၁-၃-၉၀*

www.myanmarcupid.net

ကျွန်တော်တို့ သူငယ်ချင်းတွေကြားတွင်
ပြောစမှတ်ပြုရသည့် အချက်တစ်ချက်ရှိသည်။
အကယ်၍ တစ်စုံတစ်ယောက်သည်
ချစ်သူရည်းစားတစ်ယောက် ပြီဆိုပါစို့၊
သူ ပထမဆုံး ပြောရမည့်ကိစ္စမှာ
'စိန်ကြောင်' အကြောင်းပင်ဖြစ်၏ ...

www.myanmarcupid.net

Commercial use of this book will be at your OWN RISK !



နတ်သမီး စာအုပ်တိုက်

မြန်မာ့မျှားနတ်မောင်